
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | – | ၅၀၀၈၃၂၀၅၀၆ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – | ၅၀၀၈၂၇၀၅၀၇ |
| ထုတ်ဝေသည့်လ | – | ၂၀၀၅–ခုနှစ်၊ စက်တင်ဘာ၊ အောက်တိုဘာလ |
| ပုံနှိပ်ခြင်း | – | (ပထမအကြိမ်) |
| တန်ဖိုး | – | ၅၀၀ ကျပ် |
| အုပ်ရေ | – | ၅၀၀ |
| အတွင်း+အဖုံးပုံနှိပ် | – | ဒေါ်ခင်စန်းမြင့် (၀၅၃၄၉) ဟသ်ာပုံနှိပ်တိုက် ၁၁/၁၂၅–လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | – | ဦးနှင်းဆွေ (၀၉၈၃) ၅၁၆/၁၊ ပုလဲ–၄လမ်း၊ ၅–ရပ်ကွက်၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ |


# အိမ်းကြာသိုက်

# မနုသီဟကျောက်စိမ်း


စဆုံးလုံးချင်း
အသစ်စက်စက်


www.burmeseclassic.com

www.burmeseclassic.com

မပေါ့မလေး၊ မနေးမလျင်
ရွှေချိန်ခွင်သို့၊ မတင်မလျော့
လေ့ဟောင်ဖော့သို့
မလျော့ပညာ၊ တံငါလှုလင်
မျှားကြိုးငင်သို့
ပညာရှိမှ အခွင့်သိသည်၊
လိမ္မာမှစကားတတ်သည်၊
သူကျေးရှူးသိမှစည်းစိမ်တည်သည်။

သြဝါဒမေတ္တာစာ
ကန်တော်မင်းကျောင်းဆရာတော်



## ရင်ဆိုင်တွေ့လျက် အပြေး

"ဒါ ကိုအောင်တင့် အိမ်လား၊ရှင့်"

အသက်နှစ်ဆယ်ဝန်းကျင်ရှိ မိန်းမပျိုတစ်ဦးသည် ရာဇဝတ်အုပ်ကလေး ဦးအောင်တင့်၏အိမ်ရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာ၏။

"ဟာ ဟုတ်ပါတယ်၊ လာပါ သူဇာလှိုင် မတွေ့တာလဲ ကြာနေပါပကော"

ရာဇဝတ်အုပ်ကလေး ဦးအောင်တင့်မှာ မထင်မှတ်ဘဲ တွေ့လိုက်ရသောကြောင့် သူဇာလှိုင်ဆိုသော မိန်းမပျိုကို အံ့အားသင့်စွာ ကြည့်နေလေသည်။ သူဇာလှိုင်နှင့် ဦးအောင်တင့်သည် ကျောင်းနေဖက် သူငယ်ချင်းများဖြစ်၍ ရင်းနှီးကြသည်။

"ကိုအောင်တင့် ရှင်ကတော့ ရာဇဝတ်မှုအမျိုးမျိုးကို ရင်ဆိုင်ဖြေရှင်းဖူးတဲ့သူဆိုတော့ အတွေ့အကြုံများမှာပဲ၊ ဒီစာလေးကို ဖတ်ကြည့်စမ်းပါရှင်"

ညှော်ခန်းသို့ရောက်သည်နှင့် သူမ၏ တဘော်လီအိတ်ထဲတွင် ထည့်ထားသော စာခေါက်ကလေးကို ထုတ်ကာ ရာဇဝတ်အုပ်လေး ဦးအောင်တင့်ကို ပေးလိုက်သည်။ စာမှာ ဝိုင်းစက်ညီညာသော စာလုံးများဖြင့် ရေးသားထားပြီး၊ ခေါင်းစဉ်မှာ ဂဏန်းသင်္ချာဖြင့် ရေးသားထားသည်ကို တွေ့မြင်ရလေသည်။

ညှော်ခန်းထဲတွင် ထိုင်မိကြပြီးနောက် သူဇာလှိုင်က သူဇာဘော်လီထဲမှ ထုတ်ပြသော စာရွက်မှာ အောက်ပါအတိုင်းဖြစ်နေလေသည်။

၁၃ ၆၇ ၄ ၂ ၃
ပစ္စည်းပစ္စယများပြီးစွာ
မိုးပေါ်မြန်သူ့ဂေဟ

www.burmeseclassic.com



လိုက်ဖမ်းသူမှာ ဘယ်မရ
မြင်လိုက်ကြရင်
ငြိမ်းသတ်မှ
အေးချမ်းမည့်စိတ်ချ။

ခေါင်းစဉ်မှာ ဂဏန်းသချာဖြင့် ရေးသားထားသောကြောင့် ရာဇဝတ်အုပ်ကလေး ဦးအောင်တင့်မှာ မဝဲဦးထားတတ်အောင် ဖြစ်နေလေသည်။

"တစ်ခုတော့ ရှိတယ်။ ကျွန်တော့်မိတ်ဆွေ သိုက်ကျော် ကတော့ ရှေးဟောင်းစာပေတွေ ဂန္ထဝင်တွေကို လေ့လာတာ ဝါသနာပါတယ်။ သူဆိုရင်တော့ ဒီစာရဲ့အဓိပ္ပာယ်ကို ဖော်နိုင်လိမ့်မယ် ထင်တယ်"

"ဒါဆိုရင်လည်း လုပ်ပါရှင်၊ ကျွန်မတို့အိမ်မှာ ထိတ်လန့်ကြောက်ရွံ့စရာ ကောင်းတဲ့ ဖြစ်ရပ်တွေ တစ်ခုပြီးတစ်ခု ဖြစ်နေလို့ပါ"

သူဇာလှိုင်က ကြောက်ရွံ့သော မျက်နှာပေးဖြင့် ပြောလိုက်သည်။

"ဘာတွေဖြစ်နေလို့လဲ"

"ပထမဆုံး ကျွန်မတို့အိမ်ရဲ့ ညဦး ခန်းစားပွဲပေါ်မှာ ကြောက်စရာကောင်းတဲ့ မြွေပွေးတစ်ကောင် ရောက်နေပါတယ်။ ဒါဟာ သူ့အလိုလိုရောက်နေတာတော့ မဟုတ်ဘူးရှင့်၊ တစ်ယောက်ယောက်က လာထားတာပဲ။ ကျွန်မရဲ့အစ်ကိုကြီးဟာ အဲဒီမြွေပွေးထည့်ထားတဲ့ အဝတ်အိတ်ကိုတွေ့တော့ ဖြူဖပ်ဖြူလျော် ဖြစ်သွားတယ်"

ရာဇဝတ်အုပ်လေးဦးအောင်တင့်သည် သူ၏သူငယ်ချင်းမလေးအား ကန်တော်ကြီးနှင့် မျက်နှာချင်းဆိုင် နတ်မောက်လမ်းရှိ မောင်သိုက်၏အိမ်သို့ ကားလေးဖြင့် ခေါ်ဆောင်လာခဲ့လေသည်။

ထိုအချိန်တွင် နတ်မောက်လမ်းထိပ်ရှိ ခြံကျယ်ကြီးထဲတွင် မောင်သိုက်ကျော်သည် တောထဲမှယူလာသော ဂမုန်းပင် တစ်ပင်ကို နေရောင်အောက်တွင်ထားကာ ကြည့်ရှုနေလေ၏။ ထိုဂမုန်းပင်လေးမှာ သစ်မင်းဂမုန်းကဲ့သို့ ချွန်ရှည်သော အရွက်များရှိသော်လည်း ထိုအရွက်များမှာ ဆိုက်ကားစက်ဘီးစမှတ်ကဲ့သို့ပင် အလွန်သေးငယ်၍ ချွန်နေသည်ကို တွေ့ရှိနိုင်ပေသည်။

အရွက်၏ထိပ်တွင် အဖြူရောင် အလုံးလေးရှိနေပြီး အရွက်တိုင်းတွင်ရှိသော အလုံးလေးများသည် နေရောင်ခြည် တိုက်ရိုက်ရရှိသည်နှင့် ခွက်ကလေးများကဲ့သို့ ပြန့်လာသည်ကို တွေ့ရသည်။ သိပ်တော့မကြီး





လှ။ လက်သန်းထိပ်လောက် ခွက်ကလေးများသည် နေကြာပန်းကဲ့သို့ပင် နေရောင်ခြည်လာရာဘက်သို့ လှည့်ကာနေကြသည်ကို တွေ့ရသည်။

မျက်စိလျှင်သော မောင်သိုက်ကျော်သည် ခြံဝမှ ကားတစ်စီးဝင်လာသည်ကို တွေ့သည်နှင့် လှည့်ကြည့်ရင်း...

"ဩော်...ကိုအောင်တင့် အရေးကြီးလို့လား၊ အိမ်ထဲက ခဏစောင့်နေကြပါဗျာ"

သူ၏ အိမ်ထဲသို့ မောင်သိုက်ကျော်၏စကားအတိုင်း ဝင်လာသောအခါ မောင်သိုက်ကျော်၏ တပည့်ရာဂျာသည် ဧည့်သည်များအတွက် ကော်ဖီဖျော်ကာ ချထားပေးသည်ကို တွေ့ရ၏။

"ရာဂျာ ပင်းဆရာ ဘာလုပ်နေတာလဲ" "ဆရာနေစုပ်ဂမုန်းကို လေ့လာနေတာပါ ခင်ဗျာ၊ နေရောင်ခြည်တွေကို သူ့ရဲ့အရိုးတွေ အမြစ်တွေထဲကို ဘယ်လိုစုပ်ယူသလဲဆိုတာ သိချင်လို့ လေ့လာနေတာပါပဲ"

ရာဇဝတ်အုပ်ကလေး ကိုအောင်တင့်သည် သူဇာလှိုင်အား အဓိပ္ပာယ်ပါပါ သည့်ကြည့်ရင်း နံရံပေါ်မှ ရှေးဟောင်းပန်းချီကားများကို ပြသလျက်ရှိလေသည်။

"ဒီပန်းချီကားတွေက နန်းတွင်းပန်းချီဆရာ ဆရာဖြူရဲ့ကားတွေပဲ။ ကျုပ် အမြတ်တနိုး ချိတ်ဆွဲထားတာပါဗျာ"

***

စကားဆံနှင့်အတူ အရပ်မြောက်ပေနီးပါး ကျစ်လျစ်တွားကျိုင်းသော ကိုယ်ခန္ဓာ၊ မြန်မာဆန်သော မျက်နှာပေါက်နှင့် မောင်သိုက်ကျော် ဝင်လာသည်။ မောင်သိုက်ကျော်မှာ မြန်မာဆန်သည်ဆိုသော်လည်း မျက်ခုံးနှင့်မျက်လုံးက သိသာကွဲပြားစွာ တစ်ဖက်သားကို ဆွဲဆောင်မှုရှိသူဟု ဆိုရပေမည်။

"ကိုအောင်တင့် ကျွန်တော့်ဆီလာတာ ကိစ္စရှိလို့လားဗျ"

"ဆိုပါတော့ဗျာ၊ ဒီအမျိုးသမီးက ကျွန်တော့်သူငယ်ချင်း၊ သူဇာလှိုင်ဆိုတာပါ"

မောင်သိုက်ကျော်က သူဇာလှိုင်ကို မျှတ်ခနဲကြည့်လိုက်လျက်...

"မသူဇာလှိုင်က သိုးမွေးဆွယ်တာတွေ ထိုးတာကြာပြီလား"

ဟု မေးလိုက်လေသည်။

"ဟုတ်ကဲ့ရှင့် ကျွန်မ ဆယ်သုံးနှစ်လောက်ကတည်းက ထိုးလာတာ ခုနစ်နှစ်



www.burmeseclassic.com

www.burmeseclassic.com



လောက်တော့ ရှိပြီဆိုပါတော့။ ရှင် ဘယ်ရိုလုပ်သိသလဲ"

"မသူဇာလှိုင် စိတ်မရှိပါနဲ့နော်။ လူတွေရဲ့ ကိုယ်နေဟန်ထားက သူတို့လုပ်နေကျ အလုပ်အတိုင်း နေတတ်ထိုင်တတ်တာများတယ်။ ဥပမာဗျာ မသူဇာလှိုင်ဆိုရင် သိုးမွေးအွယ်တား၊ နိုင်လွန်အွယ်တာတွေ ထိုးသလိုပဲ ခြေတစ်ဖက်ပေါ် ဘယ်လက်ကိုတင် လက်ညှိုးပေါ်မှာ လက်မချထားတာကို။ ညာလက်ကတော့ အုပ်ကိုင်တဲ့ပုံ၊ မကိုင်ရင်လည်း ကိုင်ရင် အဆင်သင့်ဖြစ်အောင် မှောက်ထားတာကိုးဗျ"

မောင်သိုက်ကျော်က အထောက်အထားနှင့် ရှင်းပြလိုက်သောကြောင့် ရာဇဝတ်အုပ်လေး ဦးအောင်တင်က . . .

"အဲဒါသာ ကြည့်တော့ သူဇာလှိုင်ရေ။ ကိုသိုက်ကျော်ကတော့ ဘယ်လောက်မျက်စိစူးတယ်ဆိုတာ အဲဒါသာ ကြည့်ပေတော့။ ကဲ စောစောက ကျွန်တော့်ပြတဲ့ စာရွက်လေး ကိုသိုက်ကျော် ပြလိုက်ပါ"

ဟု ပြောလိုက်သည်။

သူဇာလှိုင်က သူမ၏စာရွက်လေးကို ထုတ်ကာ မောင်သိုက်ကျော်ကို ပေးလိုက်လေသည်။ မောင်သိုက်ကျော်က ခေါင်းစဉ်က အစ သေချာကြည့်ပြီး . . .

"အင်း၊ ဒါဟာ သင်္ကေတပေးတဲ့စာပဲဗျ။ သူ့ဆီက ယူထားတဲ့ပစ္စည်းကို ပြန်ပေးလိုက်ပါဗျာ။ သူဟာ ခု ရန်ကုန်ကိုရောက်နေပြီ"

ဟု ပြောလိုက်တော့၏။

"ဘာပစ္စည်းလဲရှင့်၊ ကျွန်မက ဘာမှ မသိရပါလား"

"ကဲ . . . မသူဇာလှိုင် ခင်ဗျားမှာ ညီအစ်ကိုမောင်နှမ ဘယ်နှစ်ယောက် ရှိသလဲ"

မောင်သိုက်ကျော်က မေးသောကြောင့် သူဇာလှိုင်က . . .

"လေးယောက်ရှိတယ်ရှင့်။ မိဘတွေကတော့ မရှိကြတော့ပါဘူး။ ဖါပေမဲ့ မိဘတွေ မသေခင်တော့ ကနုတ်ပန်းတွေ ထွင်းထားတဲ့ သေတ္တာတစ်ခုကို ထားခဲ့ပါတယ်။ အဲဒီသေတ္တာကို ပထမတော့ ကျွန်မ အဖေက ဘယ်သူမှ မပြခဲ့ပါဘူး"

သူဇာလှိုင်က သက်ပြင်းချလိုက်လေသည်။ ရာဇဝတ်အုပ်လေး ဦးအောင်တင်လည်း စိတ်ဝင်စားစွာ နားစိုက်ထောင်နေသည်။

"နောက်တော့ အစ်ကိုအကြီးဆုံးကို အဖေက သေကာနီးမှာ ပေးခဲ့တယ်။





မောင်နှမ ဒီပစ္စည်းကို လုံခြုံအောင် မင်းသိမ်းပါ။ ဘယ်လိုအခွင့်ရာယ်မျိုး ကြုံကြုံ၊ မပျောက်မပျက်ပါစေနဲ့လို့ မှာသွားတယ်"

သူဇာလှိုင်က စကားကို ရပ်နားကာ မောင်သိုက်ကျော်ကို ကြည့်လိုက်သည်။

"မသူဇာလှိုင်ရဲ့အဖေက ခရီးတွေ ဘာတွေ သွားတတ်သလား"

"ဟုတ်ကဲ့၊ မကြာခဏ သွားတတ်ပါတယ်။ သွားရင်လည်း လွယ်အိတ်ကြီးတစ်လုံးနဲ့ သွားလေ့ရှိပြီးတော့၊ တိုင်းရင်းဆေးပညာတွေ ဘာတွေလည်း တတ်ပါတယ်ရှင့်။ ကျွန်မ ထင်တာတော့ ကျေးလက်ဒေသတွေမှာ ဆေးကုတယ်ထင်ပါရဲ့"

သူမဖခင်နှင့်ပတ်သက်၍ သူဇာလှိုင်က ထင်မြင်သည့်အတိုင်း ပြောပြလိုက်လေသည်။

"ဖြစ်နိုင်ပါတယ်၊ ကြည့်ရတာက ဒီသေတ္တာထဲမှာ ရှားပါးပစ္စည်းတစ်ခုခု၊ ဒါမှမဟုတ်ရင်လည်း ဆေးဝါးနဲ့ပတ်သက်တဲ့ ရှာဖွေရခက်တဲ့ ပစ္စည်းတစ်ခုခုကို သိမ်းဆည်းထားပုံရတယ်၊ အခု အဲဒီ[illegible]ည်းရော"

"အစ်ကိုလတ် ကိုဝင်းနောင်က ဒီသေတ္တာကို ယူသွားတယ်လို့ထင်ပါတယ်။ သူယူသွားတာကလည်း ယူချင်လို့ ယူသွားရတာ မဟုတ်ဘူး။ သူ့သူငယ်ချင်း မြမင်းဆွေ ဆိုတဲ့လူက နယ်စပ်ဒေသကို သွားဖို့ သူ့ကို ခွယ်တယ်လို့ထင်ရပါတယ်"

"အင်း . . . မသူဇာလှိုင် ပြောသလိုဆိုရင်တော့ အခြေအနေက မလွယ်ဘူး။ ဒီကနုတ်ပန်းဖော်ထားတဲ့ သေတ္တာထဲက ပစ္စည်းရဲ့နောက်မှာ အရှုပ်အထွေးတွေ တော်တော်များများ ရှိနေပုံရတယ်"

"စာက ဘာရေးထားလို့လဲ"

"စာကတော့ သူ့ပစ္စည်းပြန်မရရင် သတ်မယ် လို့ ရေးထားတာပဲ။ ကျွန်တော် အဓိပ္ပာယ်ဖော်ပြမယ်၊ ပထမဆုံး ခေါင်းစဉ် ဂဏန်းသင်္ချာကို ကြည့်လိုက် (၁ ၃ ၆၇ ၄ ၂ ၃) လို့ ရေးထားတယ်မို့လား။ (၁) ဆိုတာက ပထမစာကြောင်းရဲ့ ရှေ့ဆုံးစာလုံး။ (၃) ဆိုတာက ဒုတိယစာကြောင်းရဲ့ တတိယစာလုံး၊ ၆၇ ဆိုတာက တတိယစာကြောင်းရဲ့ (ဆဋ္ဌမနဲ့သတ္တမ) နှစ်လုံးတွဲကို ပြောတာ၊ ဒီနည်းနဲ့စာကြောင်းထဲမှာ သင်္ချာနဲ့ ညွှန်းထားတဲ့ စာလုံးတွေကို ရှာဖွေဖော်ထုတ်ကြည့်မယ်ဆိုရင် . . .

ပစ္စည်းပစ္စယ်များပြီးစွာ

မိုးပေါ်ပြန်သွားမှာ

www.burmeseclassic.com



လိုက်ဖမ်းသူမှာ ဘယ်မရ
မြင်လိုက်ကြရင်
ငြိမ်းသတ်မှ
အေးချမ်းမည့်စိတ်ချ။
လို့တွေ့ရမယ်။ ဆက်ကြည့်ရင် ပစ္စည်း မြန် မရ ရင် သတ် မည် လို့ ဖြစ်နေတယ်မို့လား"

"ဟုတ်ပါရဲ့ရှင် ဒုက္ခပါပဲ"

သူဇာလှိုင်က မောင်သိုက်ကျော် စကားကြောင့် ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေသည်။

"ကဲ...ကျုန်တဲ့ခင်ပွားညီအစ်ကို မောင်နှမတွေအကြောင်း ပြောပါဦး"

* * *



## လူမသိအောင်လျှို့ဝှက်သူ

"ကျွန်မအစ်ကိုလတ်က ကိုဝင်းနောင်၊ သူက မြန်မာပြည်မြောက်ပိုင်းဘက်ကို သွားတတ်လေ့ရှိတယ်။ ကျွန်မအစ်ကိုကြီးကတော့ လပွတ္တာတို့ မိန်းမလှကျွန်းတို့ဘက်ကို သွားတတ်တယ်။ သူကလည်း အရောင်းအဝယ်သမားပါပဲ"

"သူ့နာမည်က ကိုဦးနောင်လား"

"ရှင် ကိုသိုက်ကျော်က ကျွန်မအစ်ကိုကြီးနဲ့ သိလို့လား"

"မသိပါဘူး...မုဒ္ဓဟူးသားက ညီဖြစ်နိုင်မယ်ထင်လို့ မေးကြည့်တာပါ။ အကိုသားဆိုရင် ကိုစိုးနောင်လို့ပဲ မှည့်မယ်လို့လေ။ ကြာသပတေးဆို ကိုနိုးနောင်လို့ မှည့်မှာ မဟုတ်လား။ ဒါက ဆန်းတာမှ မဟုတ်ဘဲဗျာ"

"ကျွန်မ ညီမလေးနာမည်ကတော့ မြူပြာနိုင်ပါ"

"အင်း...မြူပြာနိုင်ကိုတော့ ပစ္စည်းလိုချင်တဲ့သူက မသတ်နိုင်ပါဘူး"

"ဘာဖြစ်လို့လဲရှင်"

"ဒီလူဟာ သိပ်လျှို့ဝှက်ပြီးတော့ သူလုပ်ချင်တဲ့ဆန္ဒတွေကို အောင်မြင်အောင် လုပ်တတ်သူမျိုး ဖြစ်ထိမ့်မယ် မသူတလိုင်။

www.burmeseclassic.com



တကယ်လို့ သူဟာ ရက်စက်ကြမ်းတမ်းတဲ့ သူဖြစ်ခဲ့ရင် အခုလို အဖော်ရခက်တဲ့ တမျိုးနဲ့ သတိပေးနေမှာ မဟုတ်ဘူး"

"ဒါလည်း ဟုတ်တာပဲရှင့်"

"အဲဒါကြောင့်ပြောတာပေါ့ ဇီတာကို ဘယ်အချိန်က ရသလဲ"

"ဒီနေ့ မနက်စောစော ကျွန်မ တံမြက်စည်း ထလှည်းတုန်းမှာ ဧည့်ခန်း စားပွဲပေါ်က တွေ့တာပါ။ ကျွန်မတို့အိမ်က တရွက်မဟုတ်မှန်းကိုသိတာနဲ့ ကျွန်မ ဖွင့်ပြီးဖတ်မိတာပါပဲ"

ရာဝဝတ်အုပ်ကလေး ဦးအောင်တင်က . . .

"အမှန်တော့ သူတာက တကို အရင်ဖတ်ရမှာမဟုတ်ဘူး။ စာကိုတွေ့တာနဲ့ အိမ်ခြံထဲကို အရင်ဖျတ်ခနဲ ကြည့်ရမှာ"

ဟု ပြောလိုက်၏။

"ဒီလိုလဲ ဘယ်သတိရပါ့မလဲ ကိုအောင်တင့်ရယ်။ သူက ခင်ဗျားလို ဆတ်ကျောင်းတက်ဖူးတာမှ မဟုတ်ဘဲ။ အခု ခင်ဗျား၊ အစ်ကိုနှစ်ယောက်ရော"

"နှစ်ယောက်လုံး ခရီးထွက်သွားတယ်ရှင့်။ အစ်ကိုလတ်ကတော့ မြစ်ကြီးနားကတစ်ဆင့် ဆေးမြစ်ရှာဖို့ မြန်မာပြည်မြောက်ပိုင်းကို သွားတယ်ထင်တယ်"

"ဟင် ဟုတ်လား။ ကဲ ကော်ဖီလေးဘာလေး သောက်ကြပါဦး။ ပြဿနာဆိုတာ ဇီလိုပါပဲ အစကတည်းက ရှိတာမှ မဟုတ်တာ။ တကယ်လို့ ပြဿနာဖြစ်လာရင်လည်း အချိန်တန်တော့ ပြေလည်သွားမှာပေါ့"

သူဇာလှိုင်မှာ မိန်းမပျိုတစ်ဦးဖြစ်သောကြောင့် အိမ်ပြန်ဖို့ကိုပင် ကြောက်ရွံ့ထိတ်လန့်နေသည်။ မောင်သိုက်ကျော်၏ အိမ်မှ သူတို့နှစ်ဦးသည် ကော်ဖီနှင့်ကိတ်မုန့်တစ်ချပ်စီ စားကာ ထွက်ခဲ့လာကြသည်။ မောင်သိုက်ကျော်နှင့် စကားပြောခဲ့ရခြင်းကို သူဇာလှိုင်သည် စိတ်မကျေနပ်ပေ။

"ရှင့်သူငယ်ချင်းက တစ်မျိုးပဲ ကိုအောင်တင့်"

"ဘာဖြစ်လို့လဲ သူဇာလှိုင်"

"သူက စကားကို အကုန်မပြောဘူးရှင့်။ ကျွန်မတို့ကိုလည်း မယုံသလိုလို ဘာလိုလိုနဲ့ ဒါကတော့ သူလည်း လေ့လာနေဆဲမို့လို့ဖြစ်မှာပါ သူဇာလှိုင်ရယ်။ ဘာမှ မပူနဲ့ မောင်သိုက်ကျော်က ကူညီမယ်ဆိုရင် အစအဆုံး ကူညီမယ့်လူမျိုး။ ငွေရေးကြေးရေးတွေဘာတွေ ကြည့်တွက်တာမဟုတ်ဘူး။ အခုဒီကိစ္စကို သူစိတ်ဝင်စားသွားပြီ"





"စိတ်ဝင်စားသွားတော့ ဘာထူးမှာလဲ ကိုအောင်တင့်"

"မောင်သိုက်ကျော်က သိပ်မထူးဆန်းတဲ့ကိစ္စတွေကို စိတ်မဝင်စားဘူး သူဇာလှိုင်ရဲ့။ သူစိတ်ဝင်စားလို့ တို့တွေရဲ့ အဓိပ္ပာယ်ကို သိရပြီမို့လား။ ဒီစာမျိုးကို ဘယ်သူရေးသလဲ၊ ဘာကြောင့်ရေးသလဲ၊ သူတို့လိုချင်နေတဲ့ ပစ္စည်းဟာ ဘာလဲဆိုတာကို မောင်သိုက်ကျော် ဆက်ပြီးတော့ စုံစမ်းပါလိမ့်မယ်။ မှမ်းနေပါနဲ့"

"ကျွန်မတစ်ယောက်တည်း အိမ်မှာ နေရတာလည်း ကြောက်တယ်။ ကျွမ်းသွားတဲ့ ညီမလေးလည်း ပြန်မလာသေးဘူး ထင်တယ် ကိုအောင်တင့်"

ရာဝဝတ်အုပ်လေး ဦးအောင်တင့်မှာ သူဇာလှိုင်ကို မသိမသာ သံယောဇဉ်ဖြစ်နေသောကြောင့် သူ့ဘာနမှ ပုလိပ်(ရဲ) နှစ်ဦးကို သူဇာလှိုင်တို့အိမ်နှင့် မလှမ်းမကမ်းမှ အစောင့်ချထားပေးမည်ဖြစ်ကြောင်း ပြောပြသည်။

"ကျွန်မတော့ ဒီရက်တွေအတွင်းမှာ သိပ်အားငယ်တာပဲ။ ကိုဦးနောင်လား ကိုဝင်းနောင်လား မသိဘူး။ ကိုယ့်ပြဿနာ ကိုယ်လာရှင်းဖို့ကောင်းတယ်"

သူဇာလှိုင်က ခပ်ညည်းညည်းလေး ပြောလိုက်ရာ . . .

"သူတို့မှာလည်း ဘာအခက်အခဲ ရှိမှန်းမှ မသိတာ။ မောင်သိုက်ကျော်ရှာတော့ ကိုယ့်ကိစ္စဆို ပစ်ထားမှာမဟုတ်ပါဘူး၊ သူဇာလှိုင်"

ဟု အားပေးစကားပြောလိုက်လေတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ပစ္စည်းနှင့်လူ လဲမည့်သူများ

ညသည် မှောင်မည်းတိတ်ဆိတ်နေ၏။

လမ်းမီးတိုင်များက ပျက်နေသောကြောင့် လရောင်ဖြင့် ယိမ်းထိုးနေသော သစ်ပင်များမှာ မကောင်းဆိုးရွားများ ယိမ်းထိုးကခုန်နေသည်နှင့်ပင် တူသေးတော့သည်။

"ဆူ. ဝူ ဝူ ဝူ"

ဘူတာသံလမ်းဘက်မှ အလိုက်သော ခွေးသံကြောင့် ချောက်ချားဖွယ်ကောင်းသောညမှာ ပို၍ပင် ထိတ်လန့်စရာလို့ ထင်မှတ်ရသည်။

ဘူတာသံလမ်းပေါ်တွင် မီးရထားမပြေးတော့ပေ။ သမိုင်းနှင့်အုတ်ကျင်းဘူတာကြားရှိ သံလမ်းပေါ်တွင် လူတစ်ယောက်သည် ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လှမ်းလာနေသည်။

သူသည် သူ့နောက်သို့ မကြာမကြာ လှည့်ကြည့်ပြီးနောက် နောက်မှ လိုက်ပါလာသူ မရှိဟု သေချာသည်နှင့် ညာဘက်သို့ ချိုးကွေ့လိုက်သည်။ ထိုအခါတွင် အုတ်ကျင်းဘူတာထံမှ လူတစ်ယောက်သည် လှစ်ခနဲ ထွက်ကာ သံလမ်းကို ဖြတ်ကူးလိုက်လေတော့သည်။

အုတ်ကျင်းသံလမ်းကို ဖြတ်ဝင်လျှင် အနီးဆုံးဖြစ်သော လမ်းထဲရှိ နှစ်အိမ်သုံးအိမ်ကျော်မှ ဆံပင်ညှပ်ဆိုင်တံခါးကို ခပ်အုပ်အုပ် ထုလိုက်သည်။

"ဒေဝိန်"

"ဒေဝိန်"





မြည်သည့်ဆိုရဲ့ ထုလိုက်သော မျဉ်ချပ်များထုသံကို အတွင်းမှ လူသည် ကြားပုံရ၏။

"ငါ ရှိပါတယ် ကျော်ရှိန်။ တအား ခေါ်မနေနဲ့"

"ရှိရင်လည်း မီးလေး ဘာလေး ဖွင့်မပေါ့ကွ"

အတွင်းမှ ဆယ်ဝိုင်းဖားမီးလုံး ရောင်လေး လင်းလာသည်။

"ဘယ်လိုလဲကျော်ရှိန်။ မင်း ရှာနေတဲ့လူ တွေ့ပြီလား"

"တွေ့တော့တွေ့ပြီကွ။ ဒါပေမဲ့ အဲဒီအိမ်မှာ ပစ္စည်းက ရှိပုံမရဘူး ဒေဝိန်"

"ပစ္စည်းက အဲဒီမှာမရှိလို့ ဘယ်ရောက်ရမှာလဲကွာ"

"ငါထင်တာတော့ ဦးနေအောင်က တစ်နေရာရာမှာ ဝှက်ခဲ့တယ်ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့သမီးတစ်ယောက်က ငါထားတဲ့စာကို တွေ့ပြီး ပုလိပ်ဌာနကို တန်းသွားတယ်"

"ပုလိပ်ကဘာရောဘာသိမှာလဲ ကျော်ရှိန်ရာ"

"အေး… မင်းရဲ့ဆရာကြီး အကြံကောင်းပေလို့ပဲပေါ့။ ဒါပေမဲ့ ဦးနေအောင်ရဲ့သားတွေသာ စာဖတ်ရရင် သူတို့က ဘာပြောတယ်ဆိုတာ သိမှာပဲဆို"

"ဒါကတော့ ဆရာကြီးဝင်းလှရဲ့ အစီအစဉ်ပဲ၊ ပစ္စည်းမရရင် လူသတ်ဖို့ သူက အစီအစဉ်ချခဲ့တယ်မို့လား"

"အဲဒါကို မင်းစဉ်းစားလေ။ အင်းစိန်စီအိုင်ဒီရော၊ ရန်ကုန်မှာရှိတဲ့ ပုလိပ်ဌာနတွေကရော လူသတ်မှုဆိုရင် အလွတ်ပေးမှာလား။ နာမည်ကြီးလမ်းမတော်ဖိုးတုတ်တို့ ဗိုလ်တထောင်ငမိုးတို့တောင်မှ မိသွားပြီဆိုတာ မင်းသိတဲ့အတိုင်းပဲ"

"ဘာပဲဖြစ်ဖြစ်ကွာ၊ ဆရာဝင်းလှ ခိုင်းတာကို တို့မလုပ်ရင်တော့ အပြစ်ပေးတာ ခံရမှာပဲ"

ဆံပင်ညှပ်ဆိုင်လေးထဲသို့ သူ ရောက်သွားသည်။

"ခု ဘာတွေညွှန်ကြားထားသေးလဲ"

"ဒီမှာ ဂမုန်းဆေးတစ်မျိုး ပေးထားတယ်"

"ဒီဆေးက… ဘာလုပ်ရမှာလဲ ဒေဝိန်"

"ဒါက သောလောဆယ်ပစ္စည်း သေတ္တာကို ပြန်မရရင် သူတို့မိသားစုထဲက တစ်ယောက်ယောက်ကို ဖမ်းခေါ်လေ၊ တဲ့"

"ဟာ"

"မိန်းကလေးဆိုရင် ပိုကောင်းတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ရှိန်၏မျက်နှာမှာ ထိတ်လန့်သွားလေသည်။

"ဟာကွာ . . ဒီတာဝန်ကတော့ မလွယ်ဘူး။ ဒီတာဝန်ကို ငါမယူနိုင်ဘူး"

"ကျော်ရှိန် မင်း ဒီကိုဏ်းကို ဝင်တုန်းက ဘာဓာတ်စေနပေးလေ။ ယူပါမယ်ဆိုပြီး ဝင်လာတာ မဟုတ်လား။ အခုလို ညအချိန်မှာ မိန်းကလေးတစ်ယောက်ကို ဖမ်းရတာ ဘာခက်သလဲကွာ"

"ဟာ မင်းက တောထဲမှာတစ်ယောက်တည်းနေတာ မဟုတ်ဘူးကွ။ မြို့လယ်ခေါင်မှာနေတာ။ မင်းအဖေဘပုလိပ်တွေကလည်း ရှိသေးတယ်"

"ရပါတယ်ကွာ။ ကဲ ခု ဘယ်နှစ်နာရီရှိပြီလဲ"

"ခု ဆယ့်နှစ်နာရီထိုးနေပြီ။ မင်း ဘာလုပ်မလို့လဲ"

"လာ ငါမှာစက်ဘီးရှိတယ်။ ပတ်တရောင်နဲ့တွေ့ရင် နေမကောင်းတဲ့သူရှိလို့ ဆေးဆရာလိုက်ရှာတာလို့ပြော"

"ကြည့်လုပ်ပါ ဒေဝိန်ရာ"

x x x

ကန်တော်ကြီးစောင်းတွင် စက်ဘီးကို ရပ်လိုက်လေသည်။ ပတ်တရောင်ပုလိပ် (ရဲ)နှစ်ဦးက ကန်တော်ကြီးကို ပတ်လာနေသည်။

"ဟော့ကောင် ဟိုမှာ မင်းအဖေတွေ"

ဒေဝိန်က လက်ညှိုးထိုးပြ၍ သူတို့သည် မိန်ကျည်းပင်ကြီးအောက်တွင် စက်ဘီးကိုလှဲထားကာ ဝပ်၍ပုန်းနေကြသည်။

"ခြောက်ကောင်ဂျင်က မလွယ်ဘူးကွ"

အသက်ကြီးကြီး ပုလိပ်တစ်ဦးက အော်၍ ပြောသည်။

"မင်း တရုတ်တန်းရောက်ခဲ့ပြန်ပြီထင်တယ်"

"ဟုတ်တယ်"

"ဘယ်လွယ်မလဲကွ၊ သူက ကဲထိုက်သည်၊ အဲဒီလို ခြောက်တက်လုံးမှာ ဝက်တို့ ကြက်တို့ ရေးထားတာ။ ခြောက်ခုတစ်ခု ယှဉ်ပြိုင်ရတာ ရှုံးဖို့က ငါးဘက်နိုင်ဖို့က တစ်ဘက်ပဲ"

"အေးကွာ . . ငါကလည်း ဟိုဘက်က ရုထားတာလေးတွေ ဒီဘက်ပေးသလိုဖြစ်နေတယ်။ မျက်စိလျှင်လျှင်နဲ့ ကြည့်ပေးဒီဘက်မှာ မဟုတ်တာတွေ လာတတ်တယ်"

ကိုလိုနီခေတ် ပုလိပ်များဖြစ်သောကြောင့် သူတို့၏စားပေါက်ကို ရှာကာ





ကန်တော်ကြီး ပတ်လမ်းအတိုင်း ထွက်သွားကြသည်။ သည်တော့မှပင် ဒေဝိန်နှင့် ကျော်ရှိန်တို့သည် သက်ပြင်းချကာ ထလာကြသည်။

ဘိုးတော်ဘုရားပိုင်ဖြစ်သော နတ်မောက်လမ်းထိပ်မှ ခြံကျယ်ကြီးထဲသို့ဝင်ကာ ဦးနော်အောင်၏ သမီးတစ်ဦးဦးကို ဖမ်းဆီးနိုင်ရန် ဒေဝိန်နှင့် ကျော်ရှိန်တို့ နှစ်ဦးမှာ ကြံစည်လျက်ရှိနေကြ၏။ အပေါ်ထပ် ဆင်ဝင်တွင် မီးရောင်ကို မြင်နေရသည်။

စက်ဘီးကို ခြံပေါက်ဝရှိ မုန့်ဖက်ပင်များကြားသို့ ထိုးကာ မှောင်ရိပ်ကျသော ခြံအောက်ဘောက်ပင်ပေါ်မှ ခြံထဲသို့ ခုန်ချလိုက်လေသည်။

ထိုအချိန်မှာပင် ညငှက်တစ်ကောင်၏ အော်ဟစ်သံကို ကြားလိုက်ရလေတော့သည်။

"ကွက် . . ကွက်"

ညငှက်အော်သံကြောင့် ဒေဝိန်ရော ကျော်ရှိန်ပါ ငက်များပုသွားသည်။ သူတို့သည် ခြံထဲသို့ ရောက်မှ အသင့်ပါလာသော မျက်နှာဖုံးစွပ်ကို ခေါင်းမှစွပ်ချလိုက်လေသည်။

ထိုအခါ မျက်လုံးပေါက်နှစ်ပေါက်မှလွဲ၍ မျက်နှာရော ကိုယ်အပေါ်ပိုင်းပါ မည်းနေသော လူတစ်ယောက်ဖြစ်သွားလေတော့သည်။ အောက်ထပ်တွင်ကား သံဘာဂျာတံခါးကြီးပိတ်ထားရာ သူတို့ဝင်၍ မလွယ်ပေ။ ထို့ကြောင့် ဆင်ဝင်ပေါ်တိုင်ကိုလှမ်းထားသော တိုင်မှ တွယ်တက်ကာ ဆင်ဝင်ပေါ်သို့ ခုန်ချလိုက်လေတော့သည်။

"ဘုတ်"

"ဟင်"

မှန်ပြတင်းတံခါးမှ အိပ်ပျော်သော သူဇာလှိုင်သည် ခေါင်းရင်းဘက်သို့ ကြည့်လိုက်၏။ ခေါင်းရင်းဘက်တွင် သစ်ပင်များကို လေတိုက်သည်မှလွဲ၍ မည်သည့်အသံမျှ မကြားရ မမြင်ရ။ သူ့ညီမအခန်းထဲများလားဟု သံသယဖြစ်ကာ တံခါးကို လိုက်သည်။ ထိုအခါတွင်မှ အခန်းဝ ရောက်နေသော ဒေဝိန်သည် မေ့ဆေး အဝတ်ဖြင့် အုပ်လိုက်လေတော့သည်။

"အ"

ခပ်အုပ်အုပ်အသံတစ်ချက်သာ ထွက်၍ သူဇာလှိုင် ပျော့ခွေကျသွားလေတော့သည်။ ဒေဝိန်နှင့် ကျော်ရှိန်တို့သည် ခွေကျသွားသော သူဇာလှိုင်ကို သယ်ယူကာ အောက်ထပ်သို့ ဆင်းလာသည်။ ပြီးနောက် ပခုံးပေါ်တွင် ထမ်းကာ ကျော်ရှိန်ကို လမ်းပြနိုင်း၍ ဒေဝိန်က ထမ်းလာသည်။



www.burmeseclassic.com

တတ်နိုင်တိုင်းတစ်တိုင်းမျှ ကျော် ရှိန်က ကြိုးသွားရသည်။ ပတ်တရောင် မှလိပ် လှည့်ကာင်းရှင်းမှ နောက်သို့ပြန်၍ လက်ပြရသည်။ ထိုအခါတွင်မှ လမ်းချိုးထဲမှ ဒေဝိန်က ထွက်လာသည်။

လမ်းထိပ်သို့ ရောက်သောအခါ နံနက်စောစော ဈေးပို့သော ဆိုက်ကား တစ်စီးကို တွေ့သည်နှင့် ပုဇွန်တောင်ဆိပ် ကမ်းသို့ ငှားရမ်းကာ သူတို့နှင့် အဆက် အသွယ်ရှိသော အညာဆန်လှေကြီးတစ် စင်းပေါ်သို့ တင်လိုက်လေတော့သည်။ ထို အညာဆန်လှေကြီး၏ စက်ခန်းထဲတွင်ကား ကာဝဝတ်အာမီကလေးအောင်တင့်နှင့် မောင် ကိုကျော်တို့မှာ အလုပ်သမားအဖြစ်နှင့် နစ်ကပ်ရှိနေခဲ့ကြလေပြီ။

"သိုက်ကျော်ရေ . . . ငါကတော့ စိတ်မရှည်ဘူးကွာ။ အခုတောင် သူတို့ကို ဖမ်းပစ်လိုက်ချင်သေးတယ်"

"အခု ဖမ်းလိုက်ရင်တော့ ဒီလူ နှစ်ယောက်ကိုပဲ မိမှာပဲ။ သူတို့ဘယ်လိုလူ တွေနဲ့ ဆက်သွယ်ပြီး ဘာတွေလုပ်နေသလဲ ဆိုတာ သိရအောင် သည်းခံမှပေါ့ ကို အောင်တင့်ရာ"

ရာဝဝတ်အုပ်ကလေးကိုအောင် တင့်မှာ သတ္တိနည်းလှသူ မဟုတ်။ သို့သော် ယခုကဲ့သို့ အညာဆန်လှေကြီးပေါ်တွင် မိန်းမ ပျိုတစ်ဦး ဖမ်းလာသည်ကို သူတို့က ချက်ချင်း မကယ်တင်ဘဲလိုက်လံကြည့်ရှု နေရသည်ကို စိတ်မရှည်သလို ဖြစ်နေ သည်။

***

## အကြေပြန်သွားသောရွှေပျံလွှား

မောင်သိုက်ကျော်မှာ မော်တော် အင်ဂျင်ကိုလည်း နားလည်၍ အညာဆန် လှေကြီးတွင် တပ်ဆင်ထားသော မြင်း ကောင်ရေတစ်ကောင်ခွဲအား အင်ဂျင်စက် ကို ကောင်းစွာဖြင့်ဆင်တတ်လေသည်။ စက်မောင်းသမား ဦးစောကြည်ကို သူသည် ယခုတိုင်ရှိ အသနားခံကာ အလုပ်တောင်း ထားခြင်း ဖြစ်၏။

ဦးစောကြည်မှာ ရန်ကုန်အရှေ့ ပိုင်းတွင်နေ၍ သော်မဆင်ရှိ ခြံတစ်ခြံထဲ တွင်နေသော မောင်သိုက်ကျော်ကို ကောင်း စွာ သိသည်။ လှေကြီး၏ဦးခန်းထဲတွင်ကား သူတာလှိုင်ကို ထည့်သွင်းပြီးနောက် တံနင့် သောက်ကာ ဒေဝိန်က သတိပေးထား၏။

"နင် အသက်ရှင်လျက်နဲ့ ဒီလှေ ပေါ်က ပြန်ဆင်းချင်တယ်ဆိုရင် မအော်နဲ့ နော်။ နင့်အသက်ဟာ တို့လက်ထဲမှာ ရှိ တယ် ဒါပဲ"

"ကျွန်မကို ဘယ်ခေါ်သွားမလို့လဲ"

"နင့်အစ်ကိုက တို့ဆရာကို ချိန်း ဆိုထားတဲ့နေရာကို ခေါ်သွားမှာပေါ့။ ဟို ကျရင် နင့်အစ်ကိုက နင့်အသက်ကို ဘယ် လောက်တန်ဖိုးထားသလဲဆိုတာ သိရမှာ ပေါ့"

ဒေဝိန်က အခန်းထဲမှ ခုတင်တိုင် တွင် သူတာလှိုင်ကို ကြိုးနှင့်တုပ်နှောင်ထား ရင်းမှ ပြောလိုက်လေသည်။

"ကျွန်မအစ်ကိုနဲ့ ပတ်သက်တဲ့ ကိစ္စက ကျွန်မနဲ့ဘာဆိုင်လို့လဲ။ ကျွန်မ မရှိရင် မြူပြာနိုင်တစ်ယောက်တည်း ဒီမှာ ဘယ်လိုလုပ်နေမှာလဲ။ မြူပြာနိုင်က မှလိပ်ရွာနကို တိုင်မှာပေါ့"

ဒေဝိန်က ခေါင်းခါလိုက်လေသည်။

"မြူပြာနိုင်က ကျောင်းဆောင် ကျောင်းစာ နေတာပဲ။ ဒီခြောက်လအတွင်း မှာ ဘာမှ မသိနိုင်ပါဘူး"

www.burmeseclassic.com



မြပြာနိုင်မှာ စိန်ဖလိုမီနာကျောင်း၊ တွင် ကျောင်းအိပ်ကျောင်းစားနေသည်က အစ ဒေဝီနှင့်တို့အဖွဲ့က သိရှိနေသည်။ ဒေဝိန်က သူဇာလှိုင်၏အခြေအနေကို အကဲခတ်နေလေသည်။

"သူဇာလှိုင် မင်းအသက်တော့ ရှင်ချင်သေးတယ်မို့လား"

"လူပဲ အသက်ရှင်ချင်တာပေါ့"

"ခု ရန်ကုန်ကနေ ဆန်တက်ပြီး၊ တွံတေးတူးမြောင်းကို လှေကြီးရောက်နေပြီ။

ဒီတော့ မင်းမဖော်ဘူးဆိုရင် ဒီလှေပေါ်မှာ မင်းကို လွတ်လွတ်လပ်လပ် နေခွင့်ပေးမယ်"

"ကျွန်မ ရှင်တို့အကြောင်း ဘယ်သူ့မှမပြောဘူးရှင်။ ရှင်တို့ဖမ်းလာတယ် ဆိုတာလည်း မပြောဘူး။ ကျွန်မကို အစား အသောက်တွေ ဘာတွေတော့ ကျွေးနော်"

သူဇာလှိုင်က သူမရှေ့ရေးအတွက် စိုးရိမ်သောကြောင့် ပြောလိုက်သည်။

"စိတ်ချ တို့စားသလိုတော့ မင်းစားရမှာပဲ"

ဒေဝိန်က ကတိပေးသွားသည်။ အညာဆန်လှေမှာ ကုန်တင်လှေဖြစ်သော ကြောင့် အောက်ပြည်မှ ရသော အထည် အလိပ်၊ အသားဘူး၊ ငါးခြောက်နှင့် မုန့် သေတ္တာများ ပါလာလေသည်။

အခန်းတံခါးကိုတော့ အပြင်က ပိတ်ထားခဲ့လေသည်။ စက်ခန်းထဲမှ လှမ်း ကြည့်လျှင် သူဇာလှိုင်ကို ဖမ်းထားသော ကုန်းပတ်ပေါ်မှ အခန်းကို မြင်နေရသည်။

"ဘယ်လိုလဲ ကိုသိုက်ကျော်၊ တော်ကြာ မိန်းမပျိုလေးကို အခန်းထဲမှာ မတော်မတရားလုပ်ရင် ဘယ်လိုလုပ်မလဲ"

"ဟာ ဘယ်တော့မှ ဒီလူတွေက ဒီလိုမလုပ်ဘူး ကိုအောင်တင်။ သူတို့က သူတို့ဆီက ပါသွားတဲ့ပစ္စည်းကိုလိုချင်တာ။ ဒီပစ္စည်းဟာ ရှားပါးပြီး တော်တော်အဖိုးတန် တဲ့ ပစ္စည်းဖြစ်လိမ့်မယ်ထင်တယ်"

"ခင်ဗျား ပြောလို့သာ ကျွန်တော် က ယုံကြည်စိတ်ချပြီးတော့ ကြည့်နေရ တာ။ အသာနေပါဗျာ။ ခု ဘယ်ရောက်သာ ပြီလဲ"

တွံတေးတူးမြောင်းကို ကျော်လွန် လာကာ အညာဆန်လှေကြီးသည် ပါလာ သော ကုန်များကို ရောင်းချရန်အတွက် မအူပင်မြို့တွင် ခေတ္တဆိုက်ကပ်လေသည်။ ကုန်းပတ်ပေါ်မှ လူများဆွက်ရပ်ကြသည်။

စက်ဆီများပေကာ_ စက်မောင်း သမားလို ဆောင်းဘီတို့နှင့် ဦးထုပ်ခပ်စုတ်





စုတ် ဆောင်းထားသော မောင်သိုက်ကျော် တို့သည် ကုန်းပတ်ပေါ်သို့ ကိုအောင်တင် နှင့်အတူ တက်လာလေသည်။ သူတို့သည် လှေကြီးပေါ်မှ အခန်းများကို လိုက်လံစစ် ဆေးသည့်အနေဖြင့် ကြည့်ကြရာ တံခါး ဖွင့်ထားသော သူဇာလှိုင်၏ အခန်းကို မြင် လိုက်ရသည်။

သူဇာလှိုင်မှာ ခုတင်ပေါ်တွင် ထိုင် နေပြီး ခုတင်ဘေး ဝါးပက်လက်ကုလားထိုင် တွင် ဒေဝိန်က ထိုင်နေလေသည်။

xxx



www.burmeseclassic.com

ရွှေပုံလွှာအမည်ရှိ အညာဆန် လှေကြီးမှာ မအှုပင်မြို့တွင် နာရီဝက်ခန့် ရပ်နားမည်ဖြစ်သောကြောင့် အရက်နှင့် တားစရာများ ဝယ်ရန် ကျော်ရှိန်သည် အောက်သို့ဆင်းသွားလေသည်။ ကျော်ရှိန် ဆင်းသွားသည်ကို တွေ့သည်နှင့် မောင်သိုက်ကျော်သည်လည်း လှေကြီးပေါ်မှဆင်း၍ လိုက်ပါသွားလေတော့သည်။

ကျော်ရှိန်သည် ရပ်ရှင်ရုံနားမှာ ရှိသော တားသောက်ဆိုင် (အရက်ဆိုင်)လေး ထဲသို့ဝင်ကာ အရက်နှင့်အမြည်းများဝယ်ရာ မောင်သိုက်ကျော်ကလည်း . . .

"ကျွန်တော့်ကိုလည်း အရက်တစ်လုံးနဲ့ ကြာဇံကြော်တစ်ပွဲ" ဟု အော်လိုက်သည်။

ကျော်ရှိန်က သူ့ကိုလှည့်ကြည့်သည်။

"မင်း ဒီလှေပေါ်ကလား"

"ဟုတ်တယ်၊ ခင်ဗျားရော"

"ငါတို့က တောင်နီတောင်သွားမလို့၊ ညီမလေးတစ်ယောက်ပါလာတယ်"

"ကြည့်. . . လှေပေါ်ကို လာတုန်းက အိပ်ပျော်နေလို့ ထမ်းလာတာ ခင်ဗျားညီမလား"

"ဟုတ်ပါ . . . ဒီကောင်မလေးက တော်တော်အအိပ်ကြီးတဲ့ ကောင်မလေးပဲ"

"အေးဗျာ . . . ခရီးသွားစရာ ရှိတာတောင် ဒီလောက်အိပ်ရတယ်လို့"

"ဟား ဟား ဟား သူက ဒီအတိုင်းပဲ။ ကဲ ဒီမှာ နည်းနည်းသောက်ကြ





ရအောင်"

ကျော်ရှိန်က စတင်ဖိတ်ခေါ်သော ကြောင့် မောင်သိုက်ကျော်နှင့် ရင်းနှီးသွားသည်။ ကျော်ရှိန်မှာ အလုပ်ကို လက်ကြောတင်းတင်း မလုပ်ချင်ဘဲ သောက်စား ပျော်ပါးနေချင်သောသူ ဖြစ်ကြောင်း သိသာလှပေသည်။

"တူ"

"ဟော . . . လှေကတောင် ဥသြဆွဲနေပြီ"

မော်တော်အသေးစားလေးလို ကြီးမားသော လှေဖြစ်သောကြောင့် အချက်ပေးသော ဥသြပါနေလေသည်။ ထိုဥသြကို မှတ်လိုက်ရာ သူတို့နှစ်ဦးလုံး ခေါက်ဆွဲထုပ်၊ ကြာဇံထုပ်ဆွဲကာ ပြန်သွားကြလေသည်။

"ဘယ်လိုနေလဲ"

ဇက်ခန်းထဲအရောက်တွင် ကိုအောင်တင့်က မေးသည်။

ကိုအောင်တင့်က အရက်ကြိုက်သည်။ မောင်သိုက်ကျော်ကတော့ အရက်ကို လုံးဝမသောက်။

"ကိုသိုက်ကျော် နည်းနည်းမြည်းပါလား"

"မမြည်းပါဘူးဗျာ။ လိုအပ်လို့သာ ခုစရိုက်သမားတွေနဲ့ ဟန်ဆောင်သောက် ချင်သောက်ရတာ ဇိမ်ခံပြီးတော့ ကျွန်တော် မသောက်တတ်တာပါ"

"ကဲ ဘာတွေသိခဲ့ရလဲ"

"သိခဲ့ရတာတော့ . . . သူတို့က မယ်ဇလီကျွန်းကတစ်ဆင့်သွားရတဲ့ တောင်နီတောင်ကို သွားကြမှာပဲ။ အဲဒီမှာ သူတို့ ဆက်စောင့်နေတယ်"

"တောင်နီတောင် ဟုတ်လား"

"ဟုတ်တယ်"

"တောင်နီတောင်က ပေလေးထောင်ကျော်လောက် မြင့်တာပဲ။ ဒါပေမဲ့ သံတွဲချောင်းက အဲဒီတောင်နီတောင်ပေါ်မှာ မြစ်ဖျားခံတာ ကိုသိုက်ကျော်"

"ဒါဆိုရင် ဟုတ်ပြီ။ ဒီကောင်တွေရဲ့ ခေါင်းဆောင်ရော၊ သူ့တပည့်ရဲ့ အစ်ကို ကိုစိုးနောင်ရော်ပဲ အဲဒီသံတွဲချောင်းကနေ ပင်လယ်ဘက်ကို ထွက်ကြလိမ့်မယ်။ ကြည့်ရတာ စီးဖြူကျွန်းကနေ သူတို့ မြို့တွင်းကို သွားလိမ့်မယ်။ မြို့တွင်းရောက်မှ လှေပေါ်က ဆင်းပြီးတော့ မယ်ဇလီကျွန်းကို သွားလိမ့်မယ်"

"မယ်ဇလီကျွန်းရောက်ရင် တောင်နီတောင်နဲ့ နီးပြီလား"

"နီးပြီပေါ့ ကိုအောင်တင့်"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

အများလူတို့သည် မခံနိုင်သောအရာကို
သည်းခံနိုင်မှ အကြီးအကဲပီသသည်။
သည်းခံခြင်းဟူသော စွမ်းအားကို
ကျော်လွန်နိုင်သည့်စွမ်းအားမရှိတော့ချေ။

ဘိုးရာဇာ

မှောင်ပြီးသောအခါတွင် အညာဆန်လှေကြီးသည် ညောင်တုန်းတွင် ကပ်လေသည်။ မောင်သိုက်ကျော်ကား လှေကြီးထဲတွင် စက်ဆရာအဖြစ်လိုက်လာရာ မော်တော်နီးနီးကြီးမား လှသော အညာဆန်လှေကြီး၏ ကုန်းပတ်ပေါ်တွင် ခရီးသည်များ လိုက်ပါလာသည်ကိုလည်းကောင်း၊ သူ့ဇာလှိုင်ကို ကုန်းပတ်ပေါ်ရှိ အခန်းလေးခန်းရှိရာမှ အလယ်ခန်းတွင် ဒေဝိန်က စောင့်နေသည်ကိုလည်းကောင်း၊ သိရှိရလေသည်။

စက်ခန်းထဲတွင် မောင်သိုက်ကျော်ရော ရာဇဝတ်အုပ်ကလေးအောင်တင့်ပါ ရှိနေသည်ကို အမှတ်မထင် မြင်တွေ့ရသော သူ့ဇာလှိုင်မှာ သတိရကာစကကဲ့သို့ မထိတ်လန့်တော့ပေ။ သူမသည် ဖခင်ဦးနော





ဆောင်က ဆေးဗေဒင်၊ အရိုးရိုက်၊ ပန်းပု အစရှိသော မြန်မာမှုများကို ကျွမ်းကျင်သူ တစ်ဦးဖြစ်သကဲ့သို့ ဉာဏ်ပညာဖြင့် မည်သည့်အရာမဆို နှိုင်းချိန်နိုင်ရန် ပေများ၊ ပုရပိုက်များကိုလေ့လာထားသော မိန်းကလေး တစ်ဦးသာဖြစ်သဖြင့် ရန်သူတို့သည် သူမကို အဘယ်ကြောင့်ဖမ်းသည်ကို သိရှိလိုစိတ် ဖြစ်ပေါ်မိသည်။

ရာဇဝတ်အုပ်ကလေးအောင်တင့်မှာ ရန်ကုန်တွင်သာမက ဟင်္သာတ၊ ပုသိမ်၊ မုတ္တမ၊ လပွတ္တာအစရှိသော နယ်များတွင် ထွက်ပြေးတိမ်းရှောင်နေသော ဒုစရိုက်သမားများကို လိုက်လံဖမ်းဆီးရာ၌ မောင်သိုက်ကျော်၏ အကူအညီရသောကြောင့် သတင်းစာများတွင် ဟိုးလေးတကျော်နာမည် ထင်ရှားခဲ့သူဖြစ်သည်။

သို့သော် မောင်သိုက်ကျော်၏ အကြံပေးမှုအရ ရာဇဝတ်အုပ်ကလေး ဦးအောင်တင့်သည် သူ၏ဓာတ်ပုံကိုသော်လည်းကောင်း၊ မောင်သိုက်ကျော်၏အမည်ကိုသော်လည်းကောင်း၊ လူထုသတင်းစာ၊ ရန်ကုန်သတင်းစာတို့တွင် ဖော်ပြခြင်းမခံရအောင် အထူးဂရုစိုက်၍ နေခဲ့ရလေသည်။

မောင်သိုက်ကျော်ကား ရာဇဝတ်တရားခံကို ဖမ်းဆီးရမိသည်နှင့် ရာဇဝတ်အုပ် ဦးအောင်တင့်၏ လက်သို့လွှဲအပ်ကာ သူ့နာမည်ဖော်ပြခြင်း မခံရအောင် ရှောင်တိမ်း၍သွားတတ်သည်။ ရာဇဝတ်အုပ်လေး ဦးအောင်တင့်မှာကား အမြဲတစေ ရှောင်တိမ်း၍ မရနိုင်ဘဲ တတ်နိုင်သမျှ တသင်(ဆာဂျင်) မောင်ပြုံးနှင့်လွှဲသည်ကများသဖြင့် ဆာဂျင်မောင်ပြုံးမှာ အလိုလိုနေရင်း နာမည်ကျော်၍နေလေသည်။

ယခုလည်း ဆာဂျင်မောင်ပြုံး အဆက်အသွယ်ဖြင့် ဦးစိုးကြည်၏လှေကြီးကို ဆက်သွယ်မိပြီး၊ ဒေဝိန်နှင့် ကျော်ရှိန်တို့က ပုဇွန်တောင်ကမ်းနားတွင် ငွေများများ ပေးကာ စောင့်ထားနိုင်းကြောင်း၊ သိရသည်နှင့် မောင်သိုက်ကျော်နှင့် ဦးအောင်တင့်တို့သည် စက်ပြင်နှင့် စက်မောင်း၊ စက်ခန်း အလုပ်သမားအဖြစ် ဆောင်ရွက်ခဲ့ပြီး တသင်မောင်ပြုံးကိုလည်း တက်မချောင်တာဝန်ယူသူအဖြစ် ထားရှိခဲ့သည်။

စင်စစ် မောင်ပြုံးသည် ရေကြောင်းကိစ္စတွင် မည်သို့မျှနားမလည်။ သူ၏ တာဝန်မှာ မောင်သိုက်ကျော်နှင့် ဦးအောင်တင့်တို့၏ အခက်အခဲကို ကူညီသလို လိုက်လာခြင်းသာဖြစ်၍ တက်မကိုင်သူအဖြစ် ကိုစန်းဆိုသူမှာ ရှိပြီးသားပင် ဖြစ်သည်။

www.burmeseclassic.com



လွန်ခဲ့သောနှစ်က အင်းယားလမ်း လူသတ်မှု ဖြစ်ခဲ့သည်။ လူသတ်တရားခံမှာ အလွန်လျှင်မြန်ဖျတ်လတ်ပြီး ခွန်အားဗလကြီးမားသော အရပ်မြင့်မြင့် လူတစ်ဦးဟူသာ သိရှိခဲ့ရသည်။ လူသတ်မှုဖြစ်ပွားရာအရပ်တွင် လိုက်လံစုံစမ်းသော်လည်း တရားခံကို ရာဇဝတ်အုပ်လေး ဦးအောင်တင့် မမိ။

မောင်သိုက်ကျော်ကရတော့ . . .

"ဒီမှာ ကိုအောင်တင့်ရဲ့ . . လူတစ်ယောက်ကို ဓားနဲ့ထိုးဖို့ဆိုတာ သာမန်လူ ရိုးရိုးအတွက် မစဉ်းစားရဲတဲ့အလုပ်။ ခု သူက ဓားနဲ့ထိုးပြီးမှ ရင်ဝကနေ ဆီးစပ်အထိ ခွဲချတာယ်ဆိုတာအတော် လက်ယဉ်နေတဲ့ လူဆိုးဓားပြပဲ"

ဟူသာ ခန့်မှန်းနိုင်ခဲ့လေသည်။ ပုလိပ်မင်းကြီးက ထိုလူသတ်မှုအတွက်လည်း သူ့ကို ကြိမ်းဝါးနေခဲ့သည်။

***



တစ်ခါကလည်း ရန်ကုန်ထောင်ကို ဖောက်၍ထွက်ပြေးလာသော ကျားကြီး အတိုက်ဆိုသော လူတစ်ယောက်ကို ရာဇဝတ်အုပ်လေးဦးအောင်တင့် လိုက်ဖမ်းရသည်။ ရန်ကုန်အနောက်ပိုင်းရှိ ဖဲဝိုင်း တစ်ဝိုင်းတွင်ရှိကြောင်း သတင်းရသည်နှင့် ဦးအောင်တင့်က သူ့တပည့်ပုလိပ်လေးယောက်နှင့် ဖမ်းဆီးရန် တိတ်တဆိတ်သွားခဲ့သည်။

မောင်သိုက်ကျော်က ဖဲဝိုင်းတွင်သွား၍ မဖမ်းရန် သတိပေးထားသည်။ လူအင်အားနှင့်ဖမ်းဆီးရန်အတွက် ရာဇဝတ်အုပ်လေးဦးအောင်တင့်၏ ပုလိပ်များ အရပ်ဝတ်အရပ်စားနှင့် ရောက်လာသည့်အချိန်တွင် ကျားကြီးအတိုက်သည် မရှိတော့။ ဖဲဝိုင်းလုပ်သော အိမ်မှာလည်း ဘုရားကိုးဆူ ကပ်လျှက်ရှိကာ ဗိတ်ကြားထားသော ဂုဏ်သရေရှိလူကြီးများထဲမှ ရဲဝန်ထောက်တစ်ဦးနှင့်တွေ့ကာ ခပ်ကုပ်ကုပ် ပြန်လာခဲ့ရဖူးလေသည်။ ရန်ကုန်မြို့ မြေအောက်ဓစရိုက်သမားများနှင့် ပတ်သက်သော မှတ်တမ်းများကို မောင်သိုက်ကျော်က မှတ်တမ်းရေးသားထားရာ ဗိုလ်တထောင်ငမိုးနှင့် ပတ်သက်၍ သိလိုသောအကြောင်းအရာများကို ရာဇဝတ်အုပ်လေးဦးအောင်တင့်သည် မောင်သိုက်ကျော်ထံမှ သိရလေသည်။

မူလက မောင်သိုက်ကျော်ကို အသက်နှစ်ဆယ်ဝန်းကျင်အရွယ် ယောက်ျားပီသ၍ တိုက်ခိုက်မှုလှုပ်ရှားမှုတို့၌ ဝါသနာပါသော လူငယ်တစ်ဦးဟူသာ ထင်ခဲ့၏။

www.burmeseclassic.com



ပုလိပ်မင်းကြီးက ဗိုလ်တ တောင်ငမိုးနှင့် မိတ်သက်၍ -

"မောင်သိုက်ကျော် ဗိုလ်တတောင်ငမိုးဆိုတာ သိသလား"

ဟု မေးမှသည်။

"သိတာပေါ့ဗျာ။ ငမိုးရဲ့အမေက ငမိုးကို ခြင်ထောင်တန်းက ရုပ်သေးပွဲမှာ ကြည့်ရင်း ဗိုက်နာလို့ အိမ်ပြန်မွေးခဲ့တာပဲ။ ငမိုးက စနေသား။ သူမွေးတဲ့နှစ်က ၁၂၄၆ ခုနှစ်ပေါ့"

တီတီကျကျ အဖြေပေးသော ကြောင့် ရာဇဝတ်အုပ်လေးဦးအောင်တင် သည် သဘောကျသွားသည်။

"သူ့အမေရဲ့အမည်က "

"မြန်မာလူမျိုးဗျ။ မမုံလုံတဲ့။ သူ့ မွေးပြီးတော့ သူ့အမေနဲ့ အမေက ကွဲကြတာပဲ"

"သားဦးစနေ မီးလို့မွှေဆိုတဲ့ သဘောပေါ့"

ဦးအောင်တင်က ထောက်ပေး လိုက်သည်။

"ဒီလို ကိုအောင်တင့်ရဲ့ ရုပ်သေး ပွဲကလည်း မိုးလိုပ်ဇာတ်က ကောင်းနေတဲ့ အချိန်။ ဆဲဒီအချိန်မှာ မင်းသား မင်းသမီး စကားပြောသံကထွက်လာတယ်။ မင်းသား က မောင်ကြီးရဲ့နာမည်က ဗိုလ်တတောင် ခြင်ထောင်တန်းက ကျောက်ကုန်သည် မောင်မိုးပါ။ နှမလေးရဲ့လို့ ပြောတာကြားလို့ မမုံလုံယောက်ျားက သူ့သားကို ငမိုး လို့ နာမည်ပေးခဲ့တာပဲ ကိုအောင်တင့်ရေ။ ငမိုး မွေးပြီးတာနဲ့ ကိုဘိုးခင်နဲ့ မမုံလုံလည်း လင် မယားချင်း ကွဲသွားသတဲ့ဗျ"

သူ သိလိုသမျှ ဗိုလ်တတောင် ငမိုးအကြောင်းကို မောင်သိုက်ကျော်က အစ အဆုံး တီတီကျကျပြောပြနိုင်သည်။ ထို အခါမှအစပြုကာ မောင်သိုက်ကျော်ကို ဦး အောင်တင်က ရင်းနှီးခင်မင်သွားခဲ့ခြင်း ဖြစ် ၏။

သည့်နောက်တော့ ရန်ကုန် ဒုစရိုက်လောကမှ ဒုစရိုက်သမားများအား ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းအလုပ်ကို မောင် သိုက်ကျော်သည် ကိုယ်ထိလက်ရောက် ဝင် ရောက်ကူညီလေ့ရှိလေသည်။

ကျားကြီးဘထိုက်ကို ဖမ်းဆီးရန် သုံးလေးကြိမ် ကြိုးစားခဲ့သော်လည်း ရာဇ ဝတ်အုပ်လေးဦးအောင်တင်မှာ အဆင်မပြေ ဖြစ်နေလေသည်။ တစ်နေ့တွင် မောင်သိုက် ကျော်သည် သူ၏အသိမိတ်ဆွေထံမှ ဘုရား ကိုးဆူ အလှူပွဲတစ်ခုကို လိုက်ခဲ့ပါရန် ဦး အောင်တင်ကို လာ၍ခေါ်သည်။





"ဟာ . . မောင်သိုက်ကျော်ရာ မလိုက်ချင်ပါဘူး။ ဒီမှာ စိတ်ပျက်ရတဲ့အထဲ"

"ဘာလို့စိတ်ပျက်ရတာလဲဗျ"

"ဟာ ကျားကြီးဘထိုက်ဆိုတဲ့ ဗ နိုင်လောင်းကစားပြီး ဘိန်းရောင်းနေတဲ့ ရာဇဝတ်ကောင်ကို ဖမ်းမမိလို့ ပုလိပ်မင်း ကြီးက ကျုပ်ကို ကြိမ်းနေလို့ပေါ့"

"စိတ်ကို ပေါ့ပေါ့ထားပါဗျာ။ စိတ် ကို ပေါ့ပေါ့ဖျော့ဖျော့ထားတဲ့သူဟာ အရာရာ အောင်မြင်သတဲ့ဗျ"

ရာဇဝတ်အုပ်လေး ဦးအောင် တင့်မှာ မောင်သိုက်ကျော်၏ စကားကို စိတ် မရှည်ချင်သလို ဖြစ်လာသည်။

"ကဲ သွားစရာရှိတာ သွားပါဗျာ။ ကျားကြီးဘထိုက်ကို ဘယ်လိုဖမ်းရမလဲလို့ ကျုပ်အကြံထုတ်နေတာ မနှောင့်ယှက်ပါနဲ့"

"ကဲ ဦးအောင်တင့် အခွင့်ကောင်း တစ်ခုဆိုတာ လက်မလွှတ်သင့်ဘူးဗျ။ လာ လာ အကျိုးရှိလို့ပါဗျာ။ ခင်ဗျား စိတ်ချမ်းသာ ရမယ်လို့ အာမခံပါတယ်။ ဆာသင်(ဆာ ဂျင်) မောင်ပြူးကိုတော့ အရပ်ဝတ်နဲ့ ခြံ နောက်ပေါက်က စောင့်နိုင်းထား။ လာ . . အချိန်မရှိဘူး"

ကြေးစည်သံကို အဝေးမှပင် ကြား ရသည်။ ဘုရားကိုးဆူဆရာက ဖြူပတ်ကြီး ရစ်လုံးကို ပင့်ကာ ဟာစ်အော်၍ ရှိခိုးပသ နေသည်။ အိမ်ရှေ့မှ ရာဇဝတ်အုပ်လေး ဦးအောင်တင့် တက်လာသည်ကိုကြည့်ရင်း ဝတ်မြူခင်ကြမ်းနှင့် ကြေးစည်ထုကာ ဘုရား ကိုးဆူပူဇော်နေသော ဆရာသည် အိမ် နောက်ပေါက်မှ သုတ်ခနဲ ဆင်းပြေးလေ သည်။

အိမ်နောက်ခြံပေါက်ဝမှ ဆာသင် မောင်ပြူးက မောင်သိုက်ကျော်မှာကြားထား သည့်အတိုင်း စောင့်ကြိုဖမ်းဆီးကာ လက် ထိပ်ခတ်လိုက်သောကြောင့် ဘုရားကိုးဆူ ဆရာယောင်ဆောင်ထားသည့် ကျားကြီး ဘထိုက်ကို ဖမ်းမိခြင်းဖြစ်သည်။ ထိုအခါမှ အစပြုလျက် ဦးအောင်တင်သည် မောင် သိုက်ကျော်ကို ယုံကြည်သွားလေတော့၏။

***



www.burmeseclassic.com

www.burmeseclassic.com

တက်မထေစကားကို
နားမထောင်သောလှေသည်
ကျောက် ဆောင်ထိစကားကို
နားထောင်ရမည်

"ကျုပ်တို့လိုက်လာတာကတော့ ဟုတ်ပါပြီ မောင်သိုက်ကျော်။ သူတို့နယ်ထဲကို သူဇာလှိုင်ရောက်သွားရင် တတ်နိုင်ပါ့မလား"

ရာဇဝတ်အုပ်လေး ဦးအောင်တင့်က သူ့ စိုးရိမ်သည်ကို မေးလိုက်၏။

"ဒီလိုမြို့ပေါ်မှာ တက်ပြီးတော့ လူတစ်ယောက်ကို ဖမ်းဖို့အမိန့်ပေးတာရယ်။ သူ့အမိန့်ကို လိုက်နာပြီး မိန်းမပျိုလေး တစ်ယောက်ကို ဖမ်းတာရယ်ဟာ အတော်အရေးကြီးတဲ့ကိစ္စရှိလိမ့်မယ် ဦးအောင်တင့်။ ဦးနော်အောင်ဆိုတာကို ဦးအောင်တင့် သိသလား"

ဦးအောင်တင့်မှာ မောင်သိုက်ကျော်လို လူတို့၏နောက်ကြောင်းရာဇဝင်ကို စိတ်ဝင်စားတတ်သူ မဟုတ်ပေ။ လက်ရှိ ဖြစ်ပေါ်လာသောမှုခင်းကိစ္စရပ်များကိုသာ ပုလိပ်မင်းကြီးက အရေးတကြီး တရားခံကို ထုတ်ဖော်ဖမ်းဆီးနိုင်းမှ ဖမ်းဆီးရသောသူမျိုးဖြစ်လေသည်။

"ဦးနော်အောင်ဆိုတာ ကြားတော့ ကြားဖူးတယ်။ အရင်ကတော့ ကချင်ပြည်နယ်တို့ မိုးကုတ်တို့က ရွာနေတွေကို ရှမ်းကုန်နဲ့ မြန်မာပြည်အောက်ပိုင်း မော်လမြိုင်တို့ ထားဝယ်တို့ကို သွားရောင်းနေတဲ့ ရတနာကုန်သည်ပဲ"





"ဦးနော်အောင် ဘယ်ရောက်သွားတာလဲ၊ သေသွားတာလား"

မောင်သိုက်ကျော်က မေးလိုက်သည်။

"သူဇာလှိုင်တို့ ဖြူပြာနိုင်တို့ ပြောတာတော့ မြန်မာပြည်မြောက်ပိုင်းက မိုင်းခွန်တို့ တနိုင်းတို့ တရိတ်တို့ဘက်မှာပဲ ပျောက်သွားသလိုလို၊ ဟူးကောင်းချိုင့်ဝှမ်းမှာပဲ သေဆုံးသွားသလိုလို ပြောကြတာပဲ"

စက်ခန်းထဲမှ စက်သံပြည်နေသောကြောင့် သူတို့နှစ်ဦး၏စကားပြောဆိုနေသည်ကို ကုန်းပတ်ပေါ်ရှိ အခန်းများမှ မကြားနိုင်ပေ။ မောင်သိုက်ကျော်သည် အညာသန်လှေကြီးမှာ ခတ်အားရော၊ ရွက်အားဖြင့်ပါ ဆန်တက်နေသောကြောင့် ရေစီးကို သတိထား၍ ကြည့်လိုက်သည်။

"ဆကာကြီး" တွင် လှေကြီးသည် ခေတ္တဆိုက်ကပ်ကာ ရန်ကုန်မှပါလာသော ကုန်အချို့ကို ချလေသည်။ နာရီဝက်အတွင်း မှာပင် လှေကြီးသည် ပြန်ထွက်မည်ဖြစ်ကြောင်း၊ ဆာသင်မောင်ပြူးက မဲ့ဝင်မှ အချက်ပေးထား၍ စက်ပြန်နှိုးလိုက်ရတော့သည်။

"ကလင် ကလင် ကလင်"

စက်ခန်းထဲမှ ဘဲလ်ကြိုးပြည်သံနှင့်အတူ စက်မောင်းသမားအဖြစ် တာဝန်ယူထားသော မောင်သိုက်ကျော်က ဆီချေးပေးနေသော အကျီစုတ်ဖြင့် လှေကြီး၏ မြင်းကောင်ရေတစ်ကောင်ခွဲရှိသော မော်တာစက်မှ လက်လှည့်ဝါက်တံကို ဆွဲကာ စက်နှိုးလိုက်လေတော့သည်။

"ဝူး . . . ဖူး ဖူး ဖူး"

မော်တာစက်သံနှင့်အတူ လှေကြီးမှာ တုန်ခါလာသည်။ ကုန်းပတ်ပေါ်မှ ကြိုးချည်ကြိုးဖြုတ်အလုပ်သမားများက ကြိုးကို ဖြုတ်ကာ အပေါ်သို့ပစ်တင်ပေးလိုက်လေသည်။

ကမ်းမှခွာကာ လှေကြီးသည် ရေဝတီမြစ်ရိုးအတိုင်း အထက်သို့ဆန်တက်လာသည်။ ဟသ်ာတသို့ရောက်လျှင် ရာပြည့်ပွဲရုံရှိ ကိုကျော်လွင်စန်းထံမှ ပဲများကို တင်စရာရှိသဖြင့် တစ်နာရီကျော်ကျော်လောက် ရပ်နားထားမည် ဖြစ်လေသည်။

ဒေဝီနံသည် မိန်းကလေးတစ်ယောက်ကို အနီးကပ်စောင့်ကြည့်နေရသူဖြစ်သောကြောင့် အစစအရာရာ သတိထားနေရသည်။ ဒေဝီနံမှာ သူ့ခေါင်းဆောင်၏ အမိန့်ကို အာဏာသည်ကာအာဝ နားထောင်မည့်သူမျိုးဖြစ်ရာ သူ့မိုက်နှာလာသည်နှင့် ကျော်ရှိန်ကို တံခါးဖွင့်ကာ လှမ်းခေါ်လိုက်၏။

www.burmeseclassic.com



"ရှူး ရှူး"

"ဘာလဲ"

"လာပါဦး"

မျက်နှာရှုံ့မဲ့ကာ ဒေဝိန်က ကျော်ရှိန်ကို ခေါ်လိုက်သည်။

"ငါ အပြင်က ကြည့်နေပါတယ်"

"မဟုတ်ဘူး။ ငါ ဗိုက်သိပ်နာနေလို့"

လှေကြီးပေါ်ရှိ အိမ်သာမှာပဲ့ပိုင်းတွင် ဖြစ်လေသည်။

"ဟုတ်လား . . . သွားလေ ငါ စောင့်နေလိုက်မယ်"

ကျော်ရှိန်က အခန်းပြင်ဝ၌မိုကာ စောင့်နေလိုက်လေသည်။ သူ့ဗိုက်ထဲမှလည်း ရစ်၍နာလာပြန်တော့သည်။

"ဟာ ငါလည်း ဗိုက်နာလာပါပြီ ထား"

မနေ့ညနေက အရက်သောက်သောကြောင့် ဒေဝိန်ရော ကျော်ရှိန်ပါ ထမင်းစားနောက်ကျကြလေသည်။ ပဲ့စင်တွင်ရှိသော မြူးသည် သူ့တို့ ထမင်းစားနေသော ချဉ်ရည်ဟင်းထဲတွင် ကနန်ခိုမှုန့်များကို ဖြူးထည့်လိုက်သည်။ သူတို့ ဝင်လာချိန်တွင် သစ်သီးရဲ့ချဉ်ဟင်းက အငွေ့တထောင်းထောင်းထွက်နေ၏။

ကျော်ရှိန်က ချဉ်ရည်ဟင်းကို အားရပါးရ စားသကဲ့သို့ သူတို့နှစ်ယောက်အတွက် ဟင်းဖေသာက်ပန်းကန်တစ်လုံးသာရသော ချဉ်ရည်ဟင်းကို ဒေဝိန်ကလည်း အားကျမခံ အလုအယက်စားသည်။

ဤသို့ဖြင့် နှစ်ဦးလုံး ညသန်းခေါင်ကျော်တွင် ဗိုက်နာကာ လှေကြီး၏ ပဲ့ပိုင်းရှိ အိမ်သာသို့ ပြေးကြရတော့သည်။

* * *

ညအမှောင်ထဲ၌ ပဲ့ပိုင်းတွင် ရှိသော အိမ်သာသို့ဒေဝိန်နှင့် ကျော်ရှိန်တို့ ရောက်နေချိန်မှာပင် ရာဇဝတ်အုပ်လေး ဦးအောင်တင့်သည် ကုန်းပတ်ပေါ်မှ ခပ်ဟဟ ဖွင့်ထားသော တံခါးအတွင်းသို့ ဝင်လိုက်ရာ အိပ်ရာပေါ်တွင် ထိုင်နေသော သူ ဇာလှိုင်ကို တွေ့လိုက်ရတော့၏။

"ကိုအောင်တင့် ကျွန်မကို လာခေါ်တာလား"

"မဟုတ်သေးဘူး သူဇာ။ တို့ဧက်ခန်းထဲမှာ ရှိတယ်။ ဟိုလျှို့ဝှက်စာက ပြောတဲ့အတိုင်းပဲ ပစ္စည်းမရရင် သတ်မယ်တဲ့တော့၊ သူတို့ ဘာပစ္စည်းကို လိုချင်တာလဲ သူဇာအဖေနဲ့ပတ်သက်နေသလား။ သူဇာ့ အဖေကိုရော ကယ်နိုင်မလားသိချင်လို့"

"ဒေဝိန်"

"ဘာလဲကွ"

"မြန်မြန်လုပ်ကွာ"

"မင်းလည်း ဗိုက်နာနေပြီလား"

"အေး"

"ဟာ မင်းကောင်မလေးကို တစ်ယောက်တည်း ထားခဲ့ရလား"

"ဒီလောက် ညသန်းခေါင် ကြီးမှောင်မည်းနေတဲ့ မြစ်ထဲကို ဒီကောင်မလေး ခုန်မချရဲပါဘူးကွာ"

"ဘာပဲဖြစ်ဖြစ် သိပ်လက်လွှတ်စပယ်တော့ မထားခဲ့သင့်ဘူး"

"မြန်မြန်လုပ်စမ်းပါ ကြက်သီးတွေ ထောင် ထလာပြီ"

"နေပါဦးကွာ ဒီမှာကလည်း အား"



www.burmeseclassic.com

www.burmeseclassic.com



သူဇာလှိုင်က ဆံပင်များကို ဖွဲ့၊ ပေါ်မှမကာ နောက်ကျောတွင် စည်းနှောင်ရင်း . . .

"မေမေ့သောင်းကိုလည်း ဘာမှ မကြားရဘူး။ ကိုအောင်တင့်တို့ ဒီရောက်နဲ့ ပါလာတာတွေရတော့ သူဇာ သိပ်မကြောက်တော့ပါဘူး။ သတိရကာစကတော့ ကြောက်တယ်။ သူဇာ့ကို သူတို့ မေ့ဆေးနဲ့ အုပ်ပြီးတော့ ဖမ်းလာကြတာ"

"ဟုတ်တယ် မောင်သိုက်ကျော်က နတ်မောက်အိမ်ကနေ ဘယ်လိုသွားမလဲ စဉ်းစားပြီး စုံစမ်းတော့ ဦးစိုးကြည်ဆိုတဲ့ လူရဲ့ယောက်ကို လူနစ်ယောက်က ပုစွန်တောင် ဆိပ်ကမ်းကနေ စောင့်နေဖို့ ငွေတော်တော် များများ ပေးထားတယ်။ လှေလာပြီး ခရီးစဉ်မေးတဲ့သူက ညာမျက်နှံးထိပ်မှာ လက်သည်းခွံလောက် အမာရွတ်နဲ့လို့ ပြောတာနဲ့ ဒေဝိန်ဆိုတာ သိရတယ်"

"ဒါဆို ကိုသိုက်ကျော်လည်း ပါတာပေါ့"

"ပါတယ် သူဇာ၊ သူက စက်ခန်းထဲမှာ စက်ဆရာလုပ်နေတယ်။ ဦးစိုးကြည်ဆိုတာက ရန်ကုန်ဆိပ်ကမ်းက သူ့ဆရာရဲ့ တပည့်လေ"

သူဇာလှိုင်၏ မျက်နှာက ဝင်းလက်သွားလေတော့သည်။

"ကျွန်မကလည်း စွန့်စားတာပါသနာပါပဲဟာယ်။ မေမေ့ကို ကျွန်မကိုယ်တိုင် လိုက်ပြီး ရှာဖွေချင်တာပါပဲ။ ဒါပေမဲ့ ကျွန်မ ဘယ်လိုလုပ် ခရီးထွက်ရမှန်း မသိဖြစ်နေတာ။ ကိုသိုက်ကျော်က ဘာမှာလိုက်သေးလဲ"

"ဒီအဝတ်စလေးတွေ ပေးလိုက်တယ်။ သူဇာ ခရီးဆိုရင်တော့ နောက်က မြင်သာအောင် တို့က ကပ်လိုက်လို့မရဘူး။ သူဇာ့ရဲ့အကူအညီတွေ အများကြီးယူရမယ်။ ဒီအဝတ်စအနီလေးတွေကို လမ်းမှာ ချွေတို့ နပ်တို့ ညှစ်သလိုလိုနဲ့ ချပစ်ခဲ့နော်"

"ဟုတ်ပြီ၊ ခုကာတည်းက ကျွန်မ ခရီးဆောင်အိတ်လေးတစ်ခုလုပ်ပြီး ထည့်ထားရမယ်"

သူဇာလှိုင်မှာ ဉာဏ်ကောင်းသော မိန်းကလေးဖြစ်သည်။ မောင်သိုက်ကျော် မှာလိုက်သောစကားများကို ပြောပြီးသည်နှင့် ရာဇဝတ်အုပ်လေး ဦးအောင်တင့်သည် သူဇာလှိုင်၏ အခန်းထဲမှ ပြန်ထွက်လာသည်။

သူဇာလှိုင်ကို ဖမ်းဆီးခေါ်ဆောင်လာသော ဒေဝိန်နှင့် ကျော်ရှိန်တို့နှစ်ဦးကို ဝမ်းလျှောကာ အကြောအားယုတ်လျော့အောင် ကနန်းနှင့် အကြောအားယုတ်ဆေး





များ၊ ဟင်းထဲသို့ မောင်ပြုံးအား၊ တိတ်တဆိတ် ထည့်နိုင်ရခြင်းမှာ မောင်သိုက်ကျော်တွင် နိုင်လှသော အစီအစဉ်ရှိလေသည်။

ညအိပ် ညနေ လှေကြီးဖြင့် သွားရသော ခရီးလမ်းတွင် အသက်လေးဆယ်ကျော် ယောက်ျားကြီးနှစ်ဦးက မိန်းမပျိုတစ်ဦးအား အခန်းထဲတွင် တိတ်တဆိတ် ဖမ်းဆီးကာ ခေါ်ဆောင်လာခဲ့သည်။ ခေါ်ဆောင်လာသော မိန်းမပျိုမှာလည်း

"မရည်းစားထင်၊ ဖြတ်ခြည်းမြင်က နတ်ပင်ပျိုးမှာ။ ဝိုးဝိုးကွေးညွတ် စိတ်လုံးညွတ်သည်၊
ဘုံထွတ်နန်းဆောင်နေတို့လော"

ဟုဆိုလောက်သည့် ဝါဝင်းသော အသားအရေ ဝင်းရော် တောင်မျက်နှံနှင့် နှင်းဆီငုံနှုတ်ခမ်းပိုင်ရှင် မိန်းကလေးဖြစ်သည်။

ဦးအောင်တင့်ကတော့ ငယ်စဉ်ကတည်းက သူငယ်ချင်းဖြစ်သူ၏ သမီးဖြို သူဇာလှိုင်၏အလှကို ထွေထွေးကဲကဲကြီးဟု မထင်မိ။ သို့သော် မောင်သိုက်ကျော်ကမူ သူတွေ့ဖူးသမျှသော မိန်းမပျိုတို့တွင် သူဇာလှိုင်သည် ကိုယ်ဟန် ကျစ်လျစ်လျက် အကွေးအကောက် အဖုအထစ် အရှိုက်အဝန်းများနှင့် ကြည့်မဝအောင် လှပသူ ဟု ထင်မြင်မိခဲ့လေသည်။

**



www.burmeseclassic.com

www.burmeseclassic.com



ဘုံညအိပ်ကျော်သောအခါတွင် ဝမ်းသွားခြင်း၊ လှေကြီးဆိုက်ကပ်ပေါ်တွင် အနေအထိုင် မသက်သာခြင်းတို့ကြောင့် ဒေဝိန်နှင့် ကျော်ရှိန်တို့မှာ အတော်ပင် ခွန်အား နည်းနေကြသည်။ ယောက်ျားတို့၏ စိတ်အားအင်အားနည်းပါး၍ မိမိကိုယ်ကို အနိုင်နိုင်သယ်နေရသောအခါတွင် ကိလေသာ စိတ်တို့ လျော့ပါးလျက် မလှုပ်ချင်မရှားချင်ဖြစ်နေသည်။

ဒေဝိန်သည် ပုဝိုင်ရှိခရီးသည်များ ထမင်းစားသည့် အဆောင်သို့ပင် အနိုင်နိုင်လှမ်းလျှောက်နေရသည်။

"ဦးလေး ကျွန်မဒီလောက်ထိ ရောက်လာမှ ထွက်လည်း မပြောတော့ပါဘူး။ ဦးလေးတို့နှစ်ဦးကို ကြည့်ရတာ တော်တော် အားနည်းနေတဲ့ပုံပဲ။ ဒီအခန်းထဲမှာပဲ စားပါလား။ ကျွန်မ ထမင်းနဲ့ဟင်းတွေ သွားသယ်ပေးပါ့မယ်"

"အင်း...မင်းကို တို့က ဖမ်းလာတာ။ ခုတော့ မင်းက ပြန်ပြီးတော့ တို့ကို ကူညီနေရပြီ"

"ကျွန်မကို ဦးလေးတို့က ဖမ်းချင်လို့ ဖမ်းရတာ မဟုတ်ပါဘူး။ တစ်ယောက်ယောက်က ဖမ်းခိုင်းလို့မဟုတ်လား"

"ဒါတွေပြောမနေပါနဲ့ တူမရယ်။ လှေပေါ်က လူတွေသိသွားရင် မကောင်းပါဘူး။ ကဲ ဦးလေးတို့က ဒီနေ့တော့ အဖျား ကလည်း တက်နေတော့ ထိုတွမပဲ ဆန်ပြုတ် မှာပေးပါနော်"

"ရတယ် ဦးလေး ကျွန်မထွက် မပြောဘူးလို့ ကတိပေးပြီးပြီပဲ"

ဒေဝိန်တို့မှာ အဖျားတက်ကာ ကိုက်ခဲနေသောကြောင့် သူဇာလှိုင်က ယူလာပေးသော ဆန်ပြုတ်ကို သောက်ကာ ငန်းနီကျော်သောက်၍ စောင်ခြုံကာ အခန်းထဲတွင် အိပ်နေကြလေသည်။

ထိုအချိန် စက်ခန်းထဲမှ တက်လာသော ဦးအောင်တင့်နှင့် မောင်သိုက်ကျော်တို့ကို တွေ့ခွင့်ရနေလေသည်။

"ကိုသိုက်ကျော် ကျွန်မနောက်ကို လိုက်လာနိုင်အောင် ရှင် စီစဉ်တာဆို"

"ဟုတ်တယ် သူဇာ။ ကျွန်တော်က ဦးနော်အောင်ဟာ ဘာဖြစ်လို့ သူဇာ တို့နေတဲ့ နတ်မောက်အိမ်ကို ပြန်မလာ သလဲဆိုတာ သိချင်တယ်"

"ကျွန်မလည်း ဖေဖေသေပြီလို့ ဆိုတာ မယုံဘူး"

"ဦးနော်အောင် သေပြီလို့ ဘယ်သူက ပြောတာလဲ"

"လူတစ်ယောက်ပဲ။ ကျွန်မတို့အိမ်ကို ကြေးနန်းလာပို့တယ်။ ကြေးနန်းကတော့ ဟမ္ဗလင်း က ရိုက်တဲ့ကြေးနန်းပဲ"

သူဇာလှိုင်က ရှင်းပြသည်။ ညအမှောင်ထဲတွင် လှေကြီးက ရောဝတီ မြစ်ရိုးအတိုင်း တအိအိ သွားနေလေသည်။

"ကျွန်မတို့ရဲ့ အမေက ငယ်ငယ်ကတည်းက ဆုံးတော့ ဖေဖေက စီးပွားရှာပြီး ကျွေးနေခဲ့တာပဲ။ ဖေဖေ့ရဲ့မျက်နှာကို မနှစ်က သီတင်းကျွတ်မှာ နောက်ဆုံး မြင်လိုက်ရတာပဲ"

"သူဇာတို့က ဟမ္ဗလင်းကို လိုက်မသွားကြဘူးလား"

"ကြေးနန်းမှာက ဦးနော်အောင်ဆုံး သင်္ဂြိုဟ်ပြီး လို့ ပါနေတော့ လိုက်သွားလို့လည်း အမိုပဲလေ။ ညီအစ်မနှစ်ယောက် ဖက်ငိုကြရတာပေါ့။ ဒါပေမဲ့ ကျွန်မ ဖေဖေ စီစဉ်ပေးခဲ့ထားအတိုင်း မကိုလမ်းမှာ ပန်းမုန်ဆိုင်လေးရှိတယ်လေ၊ အဲဒီဆိုင်လေးက မြန်မာ့ရှေးဟောင်းရှစ်ထုလက်ရာတွေ၊ ကျောက်စိမ်းပန်းပုလက်ရာတွေ ရောင်းတော့ ဒီကဝင်ငွေနဲ့ ညီမလေးကို စိန့်ဖီလိုမီနာမှာ ကျောင်းအိပ်ကျောင်းစား ထားနိုင်ပါတယ်"

"ခု ဒီကိုပါလာတာ ဖြူပြာနိုင် မသိဘူးပေါ့"

"သူ မသိတာကောင်းပါတယ်။ သူက သိပ်ပြီးတော့ ကြောက်တတ်တယ်"

မျက်ခုံးလေးပင့်ကာ သူဇာလှိုင်က ပြောသည်။ သူဇာလှိုင်သည် သနပ်ခါးရောင် မဒ္ဒဝါပိတ်အင်္ကျီ၊ ပါတိတ်ထမီအညိုဖျော့နှင့် ယဉ်ယဉ်ကလေးလှနေသည်ကို လှေပေါ်မှ မီးအိမ်လေးအောက်တွင် မြင်နေရသည်။ အညာဆန်လှေကြီးပေါ်တွင် လိုက်ပါလာသော ခရီးသည်များသည် ရာသီဥတုသာယာသော ညချမ်းခါဖြစ်သောကြောင့် အိပ်စက်အနားယူနေကြသည်။

"ကဲ သူဇာ တော်ကြာ ဒေဝိန်တို့ နိုးလာဦးမယ်။ သူတို့လည်း ငန်းနီကျော်တွေ တိုက်ထားလို့ အဖျားကျလောက်ရောပေါ့"

မောင်သိုက်ကျော်က သတိပေးလိုက်သည်။

"ကိုအောင်တင့် ကျွန်မ သွားတော့မယ်"

"ကောင်းပါပြီဗျာ"

သူဇာလှိုင်သည် ကုန်းပတ်ပေါ်တွင် သဘော်မီးအိမ်လေး ထွန်းထားသော အခန်းထဲသို့ ဝင်သွားလေတော့သည်။ ပေနှစ်ဆယ်မျှ ကျယ်သောအခန်းထဲတွင် ဒေဝိန်နှင့် ကျော်ရှိန်တို့သည် ဟောက်ကာ အိပ်နေကြသည်ကို တွေ့ရသည်။

* * *







www.burmeseclassic.com

www.burmeseclassic.com

သာရပေါ်တွင် မရှိဘဲ ရွေပုံလွှား လှေကြီးသည် ရေတက်ချိန်ဖြစ်သောကြောင့် ရေပြည့်နေသော ဧရာဝတီမြစ်ကြောင်း အတိုင်း စုန်၍လိုက်ပါလာရာ ပန်းတောင်း မြို့သို့အရောက်တွင် လှေကြီးကို ဆိုက်ကပ် ရန် ကမ်းနားသို့ ကပ်လိုက်လေတော့သည်။

"ချီး"

"ရှိုး"

"ကပ် ကပ်"

ပန်းတောင်းဆိပ်ကမ်းတွင် လှေ ကပ်သည့် အသံကြားသည်နှင့် သတိကောင်း လှသော ဒေဝိန်သည် နိုး၍လာလေတော့ သည်။

အချိန်က ညနေစောင်းပြီဖြစ်လေ သည်။

"ကျော်ရှိန် ကျော်ရှိန်"

"အင်"

"အင်လုပ်မနေနဲ့. ထ. . . ထ"

"ရောက်ပြီလား"

"ရောက်ပြီ"

"သူဇာ. . . သူဇာရော"

သူဇာက ယောကျ်ားကြီးနှစ်ဦးနှင့် တစ်ခန်းတည်းနေရသောကြောင့် မည်သည့် အခါမျှ စိတ်ချလက်ချ မအိပ်ဘဲ နံရံကိုမှီ ကာ အိပ်စက်လေ့ရှိသည်။ အသံများကြား သည်နှင့် သူက နိုးလာသည်။

"ကျွန်မ ဒီမှာ ဘာဖြစ်လို့လဲ"

"ဪ ယူစရာရှိတာတွေ ယူတော့ တို့ပန်းတောင်းမှာ ဆင်းမယ်"

သူတို့ပန်းတောင်းတွင် ဆင်းမည် ဆိုခြင်းကို သူဇာလှိုင်က ကြိုသိပြီး ဖြစ်ပါ





သည်။ တသင်မောင်ပြုံးကလည်း ပန်း တောင်းသို့ ရောက်သည်နှင့် ရွှေပုံလွှား လှေပေါ်တွင် တက်မကိုင်သော ဘတူကို နှုတ်ဆက်လိုက်သည်။

"လှေစီးတဲ့ခရီးကတော့ ဆုံးသွား ပြီ။ တို့ဆရာတွေနဲ့ တောထဲလိုက်ရတော့ မယ် ဘတူ။ တွေ့ကြသေးတာပေါ့"

တစ်လှမ်းလုံးပုံစံပေါ်တွင် အရက် အတူသောက်လာကြသူများဖြစ်သောကြောင့် တစ်ဦးနှင့်တစ်ဦး လက်ဆွဲကာ နှုတ်ဆက် လိုက်ကြသည်။ ပဲ့စင်ပေါ်မှ လှမ်းကြည့် သောအခါ ပန်းတောင်းမှာ သူဇာနှင့်ဒေဝိန် တို့နှစ်ဦး ဆင်းသွားသည်ကို တွေ့ရသည်။

ထိုနေရာတွင် ရခိုင်ရိုးမဘက်သို့ သွားသော တောလမ်းရှိသည်။ တောင်နို တောင်နှင့် မိုးထိတောင်သို့လည်း သွားနိုင် သည်။ သူဇာလှိုင်သည် ပခုံးတွင်လွယ်သော ရွှံ့အိတ်လေးတစ်လုံးကို လှေကြီးပေါ်တွင် ရှိ စဉ်က ဒေဝိန်ထံမှ တောင်းယူထားသည်။

ပိန်းမပျိုတစ်ဦးဖြစ်သောကြောင့် ဆေးဝါးပစ္စည်းမှအစ လက်ကိုင်ပဝါကဲ့သို့ ပစ္စည်းမျိုးသုံးရန် ထည့်စရာရှိဖို့လိုသည်ဟု ဆိုကာ ဒေဝိန်က သူဇာလှိုင်ကို ပခုံးတွင် လွယ်နိုင်သော ရွှံ့အိတ်လေးတစ်ခု ပေးခဲ့ သည်။

"ဟတ် ဟတ်"

"ဟတ်ချိုး"

"ရှိုး"

ပန်းတောင်းဆိပ်ကမ်းတွင် ကပ်၍ လှေပေါ်မှဆင်းသည်နှင့် သူဇာလှိုင်မှာ ချေ ဆတ်လျက် နပ်များကို အဝတ်စအနီလေး ဖြင့် ညှစ်သည်။ ဖြီးနောက် မကြာခဏ နပ်ညှစ်ကာ လမ်းဘေးသို့ နပ်များပေနေ သော ပိတ်စအပြတ်ကို လွှင့်ပစ်သည်။

သူတို့သွားနေသော လမ်းမှာ ပေ ပေါင်း သုံးထောင်ခုနစ်ရာကျော်မြင့်သော မိုးထိတောင် ကြောသို့တက်သည့်လမ်း ဖြစ် သည်။ သစ်ခုတ်သူများ။ မှိုရှာသူများ သွား သော လမ်းမှ သူဇာလှိုင်ကို ဒေဝိန်နှင့် ကျော်ရှိန်တို့က ခေါ်လာကြခြင်း ဖြစ်လေ သည်။

"တော်တော်ဝေးဝေး သွားရဦးမှာ လား ဦးဝိန်"

ဒေဝိန်ကို သူဇာလှိုင်က ဦးဝိန်ဟု ခေါ်လေသည်။

"စခန်းရောက်အောင်တော့ တော် တော် သွားရဦးမှာ သူဇာရဲ့၊ ရေကျချင် လူ ထဲကို ဆင်းရဦးမှာပါ။ ဒါပေမဲ့ အရာက အဲဒီစခန်းမှာရှိမှာ"

တောလမ်းကို လျှောက်ရခြင်းဖြစ် သောကြောင့် ခရီးကမတွင်ပေ။ ညနေ စောင်းအချိန်မှသည် တဖြည်းဖြည်း မှောင်



www.burmeseclassic.com

www.burmeseclassic.com



ရှိသမ်းလာရလေတော့သည်။ မိုးမချုပ်ခင် မိုးထိတောင်ပေါ်ရှိ သူတို့စခန်းသို့ သွားနိုင်ဖို့လိုသည်။ ရှိနိုင်ရှိုးမနှင့်ဆက်နေသော မိုးထိတောင်ကြောပေါ်တွင် သားရဲတိရစ္ဆာန်များ၏ အန္တရာယ်ကလည်း ရှိသေးသည်။

"ဟတ်ချိုး"

"ရှူး"

"သူ့ဟာ အအေးမျှား မိသလား"

ဖေဖိန်က စိုးရိမ်သံဖြင့် မေးသည်။

"နှင်းတွေလို့ နာမွှန်တာထင်ပါရဲ့"

***



ပန်းတောင်ဆိပ်ကမ်းမှ ရှိနိုင်ရှိုးမဘက်သို့ ထွက်သွားသော သူ့ဇာလှိုင်ကို ခေါ်သွားသည့် လူနှစ်ဦး၊ ချုံနွယ်များနောက် ပျောက်ကွယ်သွားမှ ရာဝဝတ်အုပ်လေး ဦးအောင်တင်နှင့် မောင်သိုက်ကျော်တို့သည် တောထဲသို့ ဝင်သည့်လမ်းအတိုင်း လိုက်လာခဲ့ကြသည်။

သူ့ဇာလှိုင်မှာ ဥာဏ်ကောင်းသူဖြစ်သည့်အတိုင်း လမ်းမှာနစ်ချဖြစ်နေသည့် လူသွားလမ်းချိုးထိပ်တွင် သူမကို ခေါ်ဆောင်သွားသည့်လမ်းအား သိရှိစေရန် ချုံနွယ်များပေါ်သို့ ဝိတ်စအနီကို မသိမသာ ချိတ်တင်ပစ်ခဲ့လေသည်။ တောလမ်းမှာ တဖြည်းဖြည်း ကျယ်ဝန်းလာပြီးနောက် မိုးထိတောင်ကြောပေါ်သို့ တက်သည့်လမ်းကို မြင်နေရသည်။ သစ်ပင်များတော့မှ ပုန်းကြည့်လိုက်သောအခါတွင် တဲတန်းကြီးတစ်ခုကို မိုးထိတောင်ပေါ်တွင် ဆောက်လုပ်ထားသည်ကို တွေ့မြင်ရလေတော့သည်။

ဒုတိယကမ္ဘာစစ်မဖြစ်မီကာလဖြစ်သောကြောင့် ရှိုးမပေါ်တွင် ရာဇဝတ်ပြစ်မှုရှိသူများ ခိုအောင်းလျက်ရှိနေရာ အာရှတိုက်တွင်လည်း စစ်ရေးအရိပ်အယောင်များ ရှိနေသောကြောင့် အင်္ဂလိပ်အစိုးရသည် ရှိနိုင်ရှိုးမ တောကြိုအုံကြားသို့ လူဆိုးဓားပြများကို လိုက်လံဖမ်းဆီးနိုင်ခြင်း မရှိတော့ပေ။

ထိုမိုးထိတောင်ပေါ်ရှိ တဲတန်းကြီးထဲတွင်ကား အသက်သုံးဆယ်ဝန်းကျင် အရပ်မြင့်မြင့် အဓော်အသင့်ကြည့်ပျော်ရှုပျော်ရှိသော လူရွယ်တစ်ဦးသည် တောင်အောက်သို့ လှမ်းကြည့်နေ၏။ ထိုသူမှာ ရန်ကုန်မြေအောက်လောကတွင် နာမည်ကြီးလှသော ကျားကြီးဘထိုက် ဆိုသူပင်ဖြစ်သည်။

ပြည်မြို့လက်စွဲတန်းပြီးနှင့်ရန်ကုန်မြို့ရှိ ချမ်းသာကြွယ်ဝသော လယ်ပိုင်ရှင်များ၊ စိန်ရွှေရတနာပိုင်ရှင်များကို သူတပည့်များနှင့် သူကိုယ်တိုင် ဓားပြတိုက်လုယက်ပြီးနောက် ရလာသော ရွှေငွေရတနာများကို နိုင်ငံခြားသားများအား ထိုက်ထိုက်တန်တန်ငွေကြေးရရှိအောင် ရောင်းစားနေသောသူဟုဆိုလျှင်လည်း မမှားပေ။

သူ၏ဖခင်အား အင်္ဂလိပ်အလိုတော်ရိများက နှိပ်စက်ညှဉ်းပန်းသည့်မှစ၍ ဘထိုက်သည် အင်္ဂလိပ်အရာရှိများနှင့် လူမျိုးခြားသူဌေးများကိုပါ မချန်ဘဲ တိုက်ခိုက်ညှဉ်းပန်းနေသူပင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





တောင်အောက်မှ မိန်းမပျိုတစ်ဦးကို ခေါ်ကာတက်လာသည့် ဒေဝိန်နှင့် ကျော်ရှိန်တို့ကို တွေ့သောအခါ ခြောက်လုံးပြူးကို ခါးထိုးလျက် တဲပေါက်ဝမှ ဘထိုက်က ရပ်ကြည့်နေလေသည်။ သူဇာလှိုင်ကလည်း မှုံ့ရှသော မျက်လုံးများနှင့် ပေလေးထောင်နီးပါး တောင်ထိပ်မှ တဲတန်းပေါ်တွင် ရပ်၍ ခါးထောက်နေသူကို မှုံ့ရှသော မျက်လုံးများဖြင့် ကြည့်လိုက်လေသည်။

"ဟား . . . ဟား . . . ဟား . . . ဦးနောအောင်ရဲ့သမီး ပါလာပြီကိုး၊ ဟား . . . ဟား . . . ဟား"

ဒေဝိန်တို့နှစ်ဦးက သူဇာလှိုင်ကို ဖမ်းဆီးခေါ်ဆောင်လာခြင်းအတွက် သဘောကျပုံမျိုးဖြင့် ကျားကြီးဘထိုက်က တဟားဟား ရယ်လိုက်လေသည်။

"ဘယ်လိုလဲဟေ့ အခက်အခဲ တွေ့ရသေးလား ဒေဝိန်"

"မတွေ့ပါဘူးဆရာ၊ ဆရာ စီစဉ်ပေးတဲ့အတိုင်းပါပဲ။ ဇေယျကတော့ ပန်းတောင်းမှာ ရပ်နားနေခဲ့ပါတယ်"

"ကောင်းတယ် ဇေယျမိုင်ရှင်ကို ငါငွေပေးနိုင်ပြီပေါ့ကွ။ ကဲ မင်းတို့လည်း ခရီးပန်းလာတယ် နားကြ၊ အမိက်တော့ ကျုပ်နောက်ကို လိုက်ခဲ့"

***

ကျားကြီးဘထိုက်က သူဇာလှိုင်ကို လှည့်မကြည့်ဘဲ ပြောလိုက်သည်။

"ကျွန်မအဖေနဲ့ ရှင်နဲ့ ရန်ငြိုးရှိ တာနဲ့ ရှင်က ကျွန်မကိုဖမ်းလာတာ တရားသလား"

သူဇာလှိုင်က မိန်းမပီပီ ခွာခနဲ ရန်တွေ့လိုက်မိတော့၏။

"မင်းမေးမယ်ဆိုလည်း မေးစရာပဲ ငါ မင်းကို ရှင်းပြစရာတွေရှိပါတယ်။ စိတ် ငြိမ်ငြိမ်ထားပါဦး။ ငါက ငါ့ကို မတရား ကျူးကျော်မစော်ကားတဲ့ ဘယ်သူ့အသား ကိုမှ ထိတဲ့သူ မဟုတ်ဘူး"

တဲတန်းလျား၏ ထိပ်ဆုံးရှိ တဲ ခန်းမကြီးသို့ ခေါ်သွားသည်။ ထိုခန်းမကြီး တွင် ညှော်စည်များနေရာ၍ တံခါးနှင့် အိပ်ခန်း သုံးခန်းရှိသည်။ အတွင်းမှ တံခါးပိတ်၍လည် ရသည်။

"တစ်ခုပဲ မင်းကို မေ့တွားရမ် စရာရှိတယ်။ တို့ဆီမှာက မိန်းကလေး မ တော့ မင်းအဝတ်လဲစရာတော့ ယောက်ျ လုံချည်တွေနဲ့ ယောကျ်ားအင်္ကျီတွေပဲ ဘယ်"

"ကျွန်မက သူများအဝတ်အစ မဝတ်တတ်ဘူးရှင်"

"အဲဒါ ခက်တာပဲကွာ"

တားပြခေါင်းဆောင် ကျားကြီးဘထိုက် ဆိုသော နာမည်ကို ရန်ကုန်မှာနေစဉ် ကတည်းက သူဇာလှိုင်ကြားဖူးသည်။ ဝရမ်းပြေး၊ အစိုးရက အလိုရှိသူဟုလည်း ကြားသိခဲ့ရဖူးသည်။ သို့သော် ယခုလူကို မြင်တွေ့ရသောအခါတွင်ကား၊ သူတစ်ပါးကို ရက်စက်ကြမ်းကြုတ်သော အသွင်မျိုး မရှိဘဲ ရည်မွန်သော လူရွယ်တစ်ဦးအဖြစ် တွေ့မြင်ရသည်။

ညီခန်းထဲတွင် ဝါးနှင့်ပြုလုပ်ထားသော 'ပက်လက်ကုလားထိုင်များ' ရှိသည်။ ဝါးပိုးဝါးကိုပင် ကြမ်းခင်းအဖြစ် ညီညာအောင် ခင်းထားသည်။ စားပွဲပေါ်တွင် ထမင်းနှင့်ဟင်းများက အသင့်ရှိနေသည်။ ဘထိုက်ကိုကြည့်ရသည်မှာ ချိတ်ဆွဲထားသော မီးအိမ်လေးကိုကြည့်ကာ တစ်စုံတစ်ရာကို စဉ်းစားနေပုံရလေသည်။

"မင်းနာမည် သူဇာလှိုင်နော်"

"ဟုတ်တယ်"

"ထမင်းစားလေ၊ သမင်သတ္တဝါ အပဟာရ္ဓိတိကာ တဲ့ သတ္တဝါတွေရဲ့အသက်ကို အာဟာရက စောင့်တာ မိန်းကလေးရဲ့"

"ကျွန်မ မဆာသေးဘူး"

"ဒီတောထဲမှာက ဆာတယ်တွေ မဆာဘူးတွေ သိပ်ရွေးလို့ မရဘူး။ ရာသီဥတုကောင်းတဲ့အချိန်တွေ၊ ဆင်တွေ၊ ကျားတွေ ကြံ့တွေ၊ အန္တရာယ်ကင်းတဲ့အချိန်တွေမှာ စားရတာ"

"သြော် . . . မေ့နေလို့ ငပလီက ဝယ်လာတဲ့ ငါးပိကြော်တူးရှိတာ မင်းကတော့ ကြိုက်မှာပဲ"

နံရံရှိ ဝါးတန်းပေါ်တွင် တင်ထားသော ငါးပိကြော်ပုလင်းကို ယူကာပေးသည်။ သူဇာလှိုင်သည် ကြိုးတန်းတွင် ချိတ်ဆွဲ





www.burmeseclassic.com

www.burmeseclassic.com



ထားသော ရေနံဆီမီးဓာတ်မီး၏ အရောင်ဖြင့် ဘဆိုက်ကို မသိမသာ အကဲခတ်နေသည်။

ဘဆိုက် စီးကရက်တစ်လိပ်ကို မွှာကာ . . .

"အမှန်တော့ သူဇာလှိုင်ရယ်။ မင်းမှာ တိုက်ရိုက် အပြစ်ရှိနေတာတော့ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မင်း အဖေဟာ ကျန်ခဲ့တဲ့နှစ်က ငါနဲ့အတူ အလုပ် တစ်ခုလုပ်ခဲ့တယ်။ အဲဒီအလုပ်က သိပ် အန္တရာယ်များပြီးတော့ သေဘေးနီးတဲ့ အလုပ်မျိုးပဲ"

သူဇာလှိုင်က ဘဆိုက်ပြောသည်ကို အင်းမလှုပ် အဲမလှုပ် နားထောင်လျက် ရှိနေသည်။ စီးကရက်ကို အားရပါးရ ဖွာကာ မီးခိုးများကို မှုတ်ထုတ်လိုက်လေသည်။

"လောကကြီးမှာ ဘာအရေးကြီးဆုံးလဲ သိလား၊ မိန်းကလေး"

သူဇာက ခေါင်းခါပြလိုက်သည်။

"အပေါင်းအသင်း မိတ်ဆွေက အရေးအကြီးဆုံးပဲကွ။ မင်းလည်း ငါလို မယုံကြည်ရတဲ့သူတွေနဲ့ မပေါင်းသင်းမိဖို့ အရေးကြီးတယ်။ နို့မို့ရင် ငါဟာ ခုလောက်ဆိုရင် နိုင်ငံခြားမှာ သူဌေးတစ်ယောက်လို ကောင်းကောင်းနေလို့ရပြီ"

"ဘယ်လိုဖြစ်လို့လဲရှင်"

ထမင်းကို လက်စသတ်၍ ဝါးကျည်တောက်ထဲမှ ရေနှင့် လက်ကိုဆေးကာ သူဇာလှိုင်က စိတ်ဝင်စားသော မျက်လုံးပြူးကြည့်ရင်း မေးလိုက်လေသည်။

"မင်းအဖေရယ်၊ ငါရယ်၊ ရဲသော့လေး ရွှေပုရယ် တို့သုံးယောက်ဟာ ကံကောင်းထောက်မပြီးတော့ ဟိုရှေးတုန်းက မြှုပ်နှံထားတဲ့ ရတနာလိုဏ်ဂူကြီးတစ်ခု ရှိရာကို ရောက်ခဲ့တယ်"

အတိတ်ကာလသို့ ပြန်ကာရောက်ရှိသွားသော စိတ်ခံစားမှုမျိုးဖြင့် ပက်လက် ဝါးကုလားထိုင်ပေါ်တွင် ခေါင်းတင်ကာ ဝါးကပ်မိုးထားသော အိမ်ခေါင်မိုးကို ကြည့်ရင်း တစ်လုံးချင်း ပြောနေလေသည်။

"အဲဒါ ဒီမြန်မာပြည်ထဲမှာလား"

"ဟုတ်တာပေါ့။ သူဇာလှိုင်လည်း မြန်မာ့သမိုင်းကို ကြားဖူးမှာပေါ့။ ဗုဒ္ဓသာသနာကို စတင်ပြီးတော့ မြန်မာပြည်မှာ ထွန်းကားအောင် ထူထောင်တဲ့ အနော်ရထာမင်းကြီးဟာ သက္ကရာဇ် ၄၁၉ ခုနှစ်မှာ သထုံမနူဟာမင်းကို တိုက်တယ်"

"ဒါကတော့ မြန်မာရာဇဝင်မှာ အထင်အရှားပါနေတာပဲ"

"ဒီအချိန်မှာ သထုံပြည်က ရွှေငွေရတနာတွေ ဝမြောစည်ပင်ပြီး သူဌေး





သူကြွယ်တွေက မြန်မာဘုရင်လက်ထဲကို သူတို့ရဲ့ ရတနာတွေ မပါအောင် ဖွက်ကြသိုကြတယ်။ မကြာခင် မင်းနဲ့တကွ သထုံတစ်ပြည်လုံးကို ဘုရင်အနော်ရထာက သိမ်းတော့မှာကိုး။ ဒီမှာတင် မြသပိတ်တောင်နားမှာ ထုံကျောက်ဂူကြီးတစ်ခုကို ရွေးပြီး နန်းတွင်းက ရတနာတွေကို မြှုပ်နှံဖွက်သိုထားခဲ့ကြတယ်"

×××

www.burmeseclassic.com

သူမိုက်သည် မိမိမိုက်၍နေသည်ကို
သိလျှင် ပညာရှိမည်၏။
မိမိမိုက်၍နေသည်ကို မသိဘဲ
ပညာရှိထင်နေခဲ့သော် သူမိုက်အစစ်ဟု
ခေါ်ဆိုရလေသည်။

အမှောင်ထုသည် ဖုံးလွှမ်းသွားသည်။

တဲတန်းရှည်ကြီးတွင် အခန်းပေါင်းလေးခန်းရှိသည်။ အနောက်ဘက်မှကြည့်လျှင် ဘယ်ဘက်အစွန်ဆုံးအခန်းမှာ ပေသုံးဆယ်အကျယ် ရှေ့နောက် ပေငါးဆယ်ခန့်အရှည်ရှိသောကြောင့် အကျယ်ဆုံး ဖြစ်၏။

ထိုအခန်းမှာ ကျားကြီးဘထိုက်၏အခန်းဖြစ်လေသည်။ ကျားကြီးဘထိုက်၏အခန်းထဲတွင် အိန္ဒိယပြည်ဖြစ် အမွေးရှည်ကော်ဇောကြီးကို ခင်းထားပြီး ဧည့်သည်များအတွက် အခန်းသုံးခန်း လုပ်ထား၏။ ထိုက်ကာ ကာထားသော အခန်းကို လက်ညှိုးထိုးပြလျက် . .

"သူဇာ အဲဒီအခန်းဟာ မင်းနေရမယ့် အခန်းပဲ။ ထမင်းစားပြီးရင် မင်းအနားယူနိုင်တယ်"

မှာ ဘထိုက်က ပြောလိုက်လေသည်။

"ကျွန်မကို ရှင်က ဖမ်းထားတာလား"

သူဇာလှိုင်က လက်သုတ်ပဝါဖြင့် လက်သုတ်ရင်း မေးလိုက်လေသည်။

သူဇာလှိုင်၏ အမေးစကားကြောင့် ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်နေသော ကျားကြီးဘထိုက်က ဝှန်းခနဲ ထလိုက်၏။

"မင်း ပွင့်ပွင့်လင်းလင်း မေးတော့ငါကလည်း ပွင့်ပွင့်လင်းလင်း ဖြေရမှာပေါ့။





တ်တယ်။ မင်းအပေဦးနှောအောင်ဟာ ဝို
ပေးရမယ်ပစ္စည်း။ သူလည်းဆိုင်တာ

ဲ့လေ။ ဒါပေမဲ့ သူတစ်ယောက်တည်း ဒီ
ည်းကိုယူပြီးတော့ တိမ်းရှောင်နေတဲ့
တွက် မင်းကို ဖမ်းရတာပဲ"

"ကျွန်မဟာ ရှင်နဲ့ဘာရန်ငြိုးရန်စ
မရှိတာဘဲ။ ရှင့်ရဲ့အပေါ်မှာလည်း ဘာ
ပြစ်မှု မကျူးလွန်ဘဲ ဖမ်းထားတာဟာ
ရားပါ့မလား"

ကျားကြီးဘထိုက်က တဟားဟား
ယ်လိုက်လေသည်။

"မင်းဘက်က ကြည့်ရင်တော့
တ်တာပေါ့ကွာ။ ဒါပေမဲ့ တစ်နယ်ငင်
စ်ဝင်ပါ ဆိုတဲ့ စကားရှိတယ်မဟုတ်
း။ မင်းတစ်ယောက်တည်းကို ငါ ဖမ်း
ာလာတာကို မင်းကျေးဇူးတင်။ မင်းမှာ
င်မတန်ချစ်စရာကောင်းတဲ့ ညီမလေး
စ်ဦးရှိသေးတယ်လေ။ ဒီကလေးမလေး
တွက် မင်းအနစ်နာခံရတာလို့ သဘော
က်ပါ"

"ဒီမှာရှင့် ရှင်က ဘယ်သူလဲ။
ွန်မအမေနဲ့ ရှင် ဘယ်လိုပတ်သက်နေ
လဲ။ ပြီးတော့ ရှင်က ကျွန်မတို့နေတဲ့
ကို ပစ္စည်းပြန်မရရင် သတ်မယ် ဆို
ဲ့ လျှို့ဝှက်စာကို ပို့ခဲ့တဲ့လူမို့လား"

ကျားကြီးဘထိုက်က ခေါင်းခါလိုက်သည်။

"မဟုတ်ဘူး။ ဘာလဲ မင်းရဲ့အိမ်ကို ဒီလိုစာမျိုးလာသလား"

"ဟုတ်တယ်ရှင့် ဒီမှာ"

သူဇာလှိုင်က စာရွက်ကို ထုတ်ပြလိုက်သည်။ ထိုအခါတွင် ကျားကြီးဘထိုက်မျက်လုံးပြူးသွားလေတော့သည်။ စာမှာ လျှို့ဝှက်သင်္ကေတဖြင့် ရေးသားထားရာ မောင်သိုက်ကျော်က ဖော်ပေးသောကြောင့် လျှို့ဝှက်ထားသည့် စကားများကို ဝိုင်းကာ ဖော်၍ ဖတ်နိုင်ခြင်းပင် ဖြစ်လေသည်။

"အင်း . . ဒါဆိုရင်တော့ မှိုကောင်ရွှေပု မသေဘူး။ ဒီစာကို ရေးလေ့ရှိတာ ရွှေပု လက်ချက်ပဲ။ သူတို့နှစ်ယောက်ပေါင်းနေတယ်လို့ ငါဆင်တယ်။ နတော့ ရွှေပုနဲ့ ဦးနေဝအောင်လည်း ကွဲသွားကြပုံပေါ့"

"ဟင် ရှင် ဘာတွေပြောနေတာလဲ"

"အင်း ရုတ်တရက်တော့ မင်းနားလည်မှာ မဟုတ်ဘူးလေ။ ဒါဟာ တို့ရဲ့ အတိတ်က ကိစ္စတွေပဲ"

တဲတန်းလျားပေါ်တွင် အခြားအခန်းများက ယောက်ျားများ နေထိုင်ကြ၍ ဒေဝိန္ဒနှင့် ကျော်ရှိန်တို့က သူတို့အား လူများနှင့်ဆိုကာ အလယ်ရှိ ကွဲသုံးမထဲတွင်

www.burmeseclassic.com



သူ့တို့ ယူလာသော နိုင်ငံခြားဇိမ်ခံကိရိယာ ကို သူငယ်ချင်းများနှင့်အတူ သောက်လျက် ရှိသည်။

မောင်သက်ကျော်၏ အစီအစဉ် အတိုင်းပင် မိုးထိတောင်၏ တောင်ထိပ် လှိုဏ်ဂူကြီးထဲ၌ ရာဇဝတ်အုပ်လေးဦးအောင်တင့်နှင့် တသင်မောင်ပြုံးတို့သည် ပုန်းကွယ်စောင့်နေခဲ့၏။ စားသောက်စရာအဖြစ် လေယာဉ်ပေါ်တွင် ကြိုတင်ကာ ဝယ်ယူထားခဲ့သော မုန့်ဆန်းကြော်များ၊ ငါးခြောက်မုန့်များနှင့် ရေဘူးဓါတ်ခေါင်းတစ်ခုသာ ရှိလေသည်။

တသင်မောင်ပြုံးကိုခေါ်ကာ မောင်သိုက်ကျော်သည့် ကျားကြီးဘထိုက်၏ တဲတန်းလျားသို့ အမှောင်ထုလွှမ်းမိုးသည်နှင့် ကပ်လာခဲ့ရာ တဲကြီးပေါ်မှ အသံများကို ကောင်းစွာ ကြားနေရလေသည်။

သူတလှိုင်မှာ သူမနောက်မှ မောင်သိုက်ကျော်တို့ ခြေရာခံလိုက်လာသည်ကို သိသည်။ ထို့ကြောင့် ကျားကြီးဘထိုက် ပြောသောစကားများကို ကြားနိုင်စေရန် စကားကို မတိုးမကျယ်ပြောသည်။

"ကျွန်မ သိချင်တာက ရှင်ဟာ တော်ရုံကိစ္စနဲ့တော့ ကျွန်မကို ဒီတောကြီးထဲ ရောက်အောင် ဖမ်းခေါ်လာမှာမဟုတ်ဘူး။ ကျွန်မအဖေဟာ ရှင့်ကို တော်တော်စိတ်ထိခိုက်နစ်နာအောင် လုပ်ထားလို့ပဲ ဖြစ်ရမယ်လို့ ထင်တယ်။ ကျွန်မ ကူညီနိုင်ရင် ကူညီပါ့မယ် ပြောပြပါ"

"မင်းက ဒီလို မေးတော့လည်း ပြောပြရတာပေါ့ကွာ။ တကယ်တော့ မင်းအဖေရယ်၊ ငါရယ်၊ ရွှေပုရယ် သုံးယောက်ဟာ မပျော်လင့်ဘဲ ချမ်းသာဖို့နည်းလမ်း တစ်ခုရခဲ့ကြတယ်။ သုံးယောက်ထဲပဲ တစ်ယောက်နဲ့တစ်ယောက် သစ္စာရှိရှိနဲ့ ရှေ့ခရီးကို ဆက်လျှောက်ဖို့ သဘောတူခဲ့ကြတယ်။ အဲဖြစ်ကတော့ မန္တလေးမြို့ကို ကာနယ်စလေဒင်က သိမ်းစောက စပြောရမှာပဲ"

***

မြန်မာသက္ကရာဇ် ၁၂၄၅ ခု တန်ဆောင်မုန်းလသို့ ရောက်သောအခါ မြန်မာနန်းတွင်းရေးအခြေအနေမှာ မကောင်းတော့ပေ။ မြန်မာမင်းနှင့် မိဖုရားတို့၏အမိန့်ကြေညာသည်မှာလည်း၊ နန်းတော်ထဲတွင် မတည်သလိုဖြစ်လာသည်။

"မျက်နှာဖြူအင်္ဂလိပ်တွေ မန္တလေးကို တက်လာလိမ့်မယ်"

"မြန်မာတွေတော့ မကြာခင် ဒုက္ခရောက်မှာ သေချာတယ်။ နန်းတော်ကိုသည်း ဖျက်သိမ်းရလိမ့်မယ်"

ကောလဟာလစကားများလည်း၊ အမျိုးမျိုးထွက်ပေါ်လာရာ မှူးမတ်သေနာပတိများသည် သီပေါမင်းကြီး၏ ညီလာခံတွင် အစုံအညီမတက်ရောက်ကြတော့။

မင်းတုန်းမင်းလက်ထက်ကပင် အင်္ဂလိပ်သံအရာရှိနှင့် နိုင်ငံခြားအမှုထမ်းများ မန္တလေးနန်းတော်တွင်းတွင် ရှိနေရာ နန်းတွင်းသူများသည် နန်းစဉ်ရတနာများနှင့် မိမိတို့၏ပစ္စည်းများကို သယ်ဆောင်သိမ်းဆည်းနေကြသည်။

နန်းတော်ထဲ၌ လူတို့သည် ဟိုနေရာ စုစု သည်နေရာ စုစုနှင့် တီးတိုးနှုတ်ကြားပြောဆိုနေသည်ကိုလည်း တွေ့မြင်နေကြရလေသည်။ တိုင်းပြည်ဘွင်းမှာလည်း ထိရှမ်းဖွင့်လှစ်ကာ ထိလောင်းနေရကြ၍ ကြည်ကာသော လူတို့သည် ထိရှုများကို ဘုရင်၏အမိန့် ပိတ်လိုက်သည် (၁၂၄၇)





www.burmeseclassic.com

www.burmeseclassic.com



မှစ၍ တိတ်ဆိတ်ခြောက်သွေ့သော ကံကြမ္မာဆိုးကြီးတစ်ခု ကျရောက်တော့မည့်ကဲ့သို့ ထင်မှတ်နေကြလျက်ရှိသည်။

သီပေါမင်းနှင့် အင်္ဂလိပ်အစိုးရတို့ မှာနန်းတက်စအချိန်ကတည်းကပင် မသင့်မတင့်ဖြစ်ခဲ့ရာ ၁၈၇၉ခု (၁၂၄၀) တွင် မန္တလေးမြို့မှ အင်္ဂလိပ်အရေးပိုင်ထွက်ခွာသွားခဲ့လေသည်။

အင်္ဂလိပ်တို့က မြန်မာတို့ကို ပို၍ မကျေနပ်ဖြစ်ရခြင်းမှာ ၁၈၈၅ ခုနှစ်တွင် ပြင်သစ်ပြည်သို့စေလွှတ်သော မြန်မာသံတမန်တို့နှင့် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဖေရှုပေရီတို့ တချုပ်လက်မှတ်ရေးထိုး၍ ပြင်သစ်ပြည် တုံကင်မြို့နှင့် မီးရထားလမ်းဖောက်ရန် မန္တလေးတွင် ပြင်သစ်ဘဏ်တိုက်ဖွင့်ရန် စသည့်အချက်များပါဝင်လေသည်။

အင်္ဂလိပ်က မြန်မာနိုင်ငံအား သိမ်းယူလိုသည့်ကိစ္စကို ကျားကြီးဘထိုက်က ပြောပြသည်ကို နားထောင်ရင်း၊ သူတလိုင်သည် မခံချင်သော ဒေါသဖြစ်လာမိသည်။

“အဲဒီတုန်းကသာ ပြင်သစ်နဲ့တိတိကျကျ အဆက်အသွယ်ရပြီး စစ်ရေး အကူအညီရရင်တော့ အင်္ဂလိပ်လက်အောက်ကို ခုလို ရောက်မှာ မဟုတ်ဘူးရှင့်”

“အင်္ဂလိပ် လက်အောက်ကို မရောက်လည်း ပြင်သစ်လက်အောက်ကို ရောက်မှာပေါ့။ ဒီတုန်းကတည်းက တို့မြန်မာပြည်က နား။ မျက်စိကျဉ်းတယ်။ စစ်ဆေး…ရက်ပမှုည်း တီထွင်မှု ဝယ်ယူမှု သိပ္ပံပညာတိုးတက်လာတာ သတိမမူမိဖို့မှ မတွေးမိဘဲ။ နန်းတော်ကျဉ်းကျဉ်းလေးထဲမှာ မောင်တော်၊ နမတော်၊ သားတော်၊ သမီးတော်တွေလောက်ပဲ ဂရုထားကြတာ မဟုတ်လား။ ပြည်သူပြည်သားအားလုံးအတွက် စဉ်းစားတွေးခေါ်ခဲ့ကြတာမှ မဟုတ်တဲ့”

ကျားကြီးဘထိုက်၏ ဆိုစကားကို ကား၊ မောင်သိုက်ကျော် သဘောတူမိပေသည်။ အင်္ဂလိပ်တို့မှာ စာသိပညာ၊ အတတ်ပညာ မြန်မာများထက် (လောကဓာတ်ဘက်တွင်) စာသည်ဟု ဆိုသော်လည်း တတ်ကားတတ်၏ မပြောင့် ဆိုသောစကားအတိုင်းပင် မြန်မာဘုရင်အပေါ် ကြိုတင်၍ အကောက်ကြံခဲ့လေသည်။

“ဒီစကားကိုတော့ ကျုပ်ကလည်း သဘောတူပါတယ် ကိုဘထိုက်”

ဆိပ်အောက်မှ ပေါ်လာသော အသံကြောင့် ဒေဝိန်နှင့် ကျော်ရှိန်တို့ ထိုင်နေရာတွင် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ ကျားကြီးဘထိုက်ကား ထူးခြားသော





အမူအရာ ပြောင်းလဲမသွားပေ။

“လက်စသတ်တော့ ကျုပ်မိတ်ဆွေ ကိုသိုက်ကျော် ရောက်လာပြီကိုး။ လာပါဗျာ။ ကျုပ်ကလည်း ခင်ဗျားကို ဖိတ်ခေါ်ပါတယ်”

တဲပေါက်ဝသို့ထွက်ရစ်ကာ ကျား ကြီးဘထိုက်က ပြောလိုက်သောကြောင့် မောင်သိုက်ကျော်မှာ ခေါင်းရင်းဘက်တွင် ရှိသော သစ်ပင်အောက်တွင် ရပ်နေရာမှ အလင်းရောင်သို့ ထွက်လာခဲ့လေသည်။

“သူတလိုင်ဆီက သင်္ကေတစာကို သရုပ်ဖော်နားလည်ပြီဆိုကတည်းက ကိုသိုက်ကျော်နဲ့ တစ်နည်းနည်း ပတ်သက်နေတယ်ဆိုတာကို သိပါပြီ။ ဒီနေ့တော့ ဘာများ ထူးခြားတဲ့အကြောင်းရှိလို့ လိုက်လာတာလဲဗျ”

မောင်သိုက်ကျော်လိုက်လာလျှင်ကား၊ ကြီးမားထူးဆန်းသော ပြဿနာရပ်ကြီးတစ်ခုဖြစ်ပွားတော့မည်ကို သိနေသောကြောင့် ကျားကြီးဘထိုက်က မေးလိုက်ခြင်းဖြစ်လေသည်။

ကျားကြီးဘထိုက်မှာ မောင်သိုက်ကျော်နှင့် ယှဉ်လိုက်တော့မှပင် ရင့်ရော်ကာ ခန္ဓာကိုယ်က အနည်းငယ်ဝနေသယောင် ထင်မှတ်ရတော့၏။

“ကျုပ်မိတ်ဝင်စားတာ တစ်ခုရှိတယ်။ စောစောက ခင်ဗျားစကား၊ ဆက်ပါဦး။ တောင်ငူက ဘုံဘေဘားမားသစ်ကုမ္ပဏီနဲ့ပတ်သက်ပြီး အင်္ဂလိပ်အစိုးရက မြန်မာမင်းအပေါ် မတရားလုပ်တာ မြန်မာပြည်သိမ်းချင်လို့ပဲ မဟုတ်လား”

×××

မောင်သိုက်ကျော်က ကော်တေကြီးခင်းထားသော ကျားကြီးဘထိုက်၏ ဧည့်ခန်းထဲသို့ ဝင်လာကာ အသင့်ချထားသော ဝါးပက်လက်ကုလားထိုင်မှာ ဝင်ထိုင်လိုက်လေသည်။ အခန်းထဲသို့ ကျားကြီးဘထိုက်၏တပည့် ငကြက်ကြီးဆိုသူက တဲကြီး၏ အစွန်ဆုံးတွင် လုပ်ထားသော ဝါးပက်လက်ကုလားထိုင်တစ်လုံးကို သယ်ကာ ချပေးသည်။

ဧည့်ခန်းထဲတွင် ဝါးပက်လက်ကုလားထိုင် သုံးလုံးရှိ၍ သူတို့သုံးဦးရှေ့တွင် သစ်ရစ်ညီညာသော ဝါးစားပွဲလေးတစ်လုံးရှိသည်။

“ပထမတစ်ခါတုန်းက ကျုပ်ကို ထွက်ပေါက်မရှိဘဲ ဖမ်းမိအောင် ကိုသိုက်ကျော်က ရာဇဝတ်အုပ်ကို အကြံပေးခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား"

ဘုရားကိုးဆူဆရာယောင်ဆောင်ကာ ပုလိပ်ဘက်ကို ရှောင်တိမ်း၍ ထွက်ပြေးရန် ကြိုးစားနေစဉ်က အဖမ်းခံရကာ ထောင်ကျခဲ့သော ကျားကြီးဘထိုက်က မေးလိုက်ခြင်းဖြစ်၏။

"ဟုတ်တယ် ကိုဘထိုက်၊ ကျုပ်စိတ်ထဲမှာ လူတစ်ဦးဟာ သိပ်မတရားဘူးလို့ထင်ရင်တော့ ထောင်ထဲကိုပို့ထားချင်တယ်။ အဲဒီတုန်းက ခင်ဗျား၊ ကျောင်းအာစ်မ(မှဆိုးမ)ကြီးဖေါ်ငွေတင်ဆီက စိန်တစ်ဆင်တကို ခိုးပြတိုက်ယူခဲ့တယ် မဟုတ်လား"

မောင်သိုက်ကျော်က ကျားကြီးဘထိုက်၏ မျက်နှာကို စေ့စေ့ကြည့်ကာ မေးလိုက်သည်။ ခေါင်းမိုးတွင် ချိတ်ဆွဲထားသော အဖြူရောင်မီးပုံးလေးများကြောင့် အခန်းထဲတွင် လင်း၍နေလေသည်။

ကျားကြီးဘထိုက်က ခေါင်းငုံ့လိုက်သည်။

"ဟုတ်တယ်။ ဒီတုန်းက ကျုပ်တပည့်တစ်ယောက်ပြောတဲ့စကားကို ယုံပြီးလို့ ခိုးပြတိုက်ပြီးမှ မှားမှန်းသိတယ်။ ဒါပေမဲ့ စိန်တွေကိုရောင်းချပြီးတော့ ကျုပ်လူတွေ ဝေစုခွဲပြီးပြီလေ"

"သိတယ်။ ဒီစိန်တွေကို ရောင်းပြီး ဖေါ်ငွေတင်က ကျောင်းဆောက်လှူဖို့ ရည်ရွယ်ထားတာ။ ဒါကို ဆင်ခြင်စဉ်းစားနိုင်အောင် ခင်ဗျားကို ထောင်ထဲလေးငါးနှစ် ကျုပ်ပို့ခဲ့တာပါပဲဗျာ"

မောင်သိုက်ကျော်က သူ့ကိုယ်သူ တရားသူကြီးတစ်ဦး၏ လေသံကဲ့သို့ ပြောလိုက်လေသည်။

"ခုတော့ ဗုဒ္ဓဘာသာကျောင်းဒါယကာ၊ ဘုရားဒါယကာတွေကို ဘယ်တော့မှ ခိုးပြမတိုက်တော့ဘူးလို့ ကျုပ်သစ္စာဆိုထားလိုက်ပါပြီဗျာ"

"သာဓုပါ သာဓု . . ကိုဘထိုက် ကျုပ် ဆက်ပြောတာ နားထောင်ပါဦး။ အင်္ဂလိပ်က ဘုံဘေဘားမားသစ်ကုမ္ပဏီကိစ္စမှာ မတရားလုပ်ပုံက အချက်လေးချက်တောင်းဆိုတာပဲဗျ။ သစ်ကုမ္ပဏီက တိုင်တာနဲ့ ဘုရင်ခံချုပ် လော့ဒပ်ဖရင် (Lord Dufferen)က သစ်ကုမ္ပဏီကိစ္စစစ်ဆေးဖို့ ဘုရင်ခံချုပ်လွှတ်တဲ့ လူကိုစောင့်ဖို့၊ ပြီးတော့ ချက်ချင်း၊ အမှုကိုကိုယ်စားလှယ် မရောက်ခင်စစ်ဖို့၊ မန္တလေးမြို့မှာ အင်္ဂလိပ်ကိုယ်စားလှယ်ကို လက်နက်အပြည့်အစုံနဲ့ ထားရှိဖို့ ပြီးတော့ မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရေးကို အင်္ဂလိပ်အစိုးရက အုပ်ချုပ်စီမံဖို့ဆိုတာလေ။ ဒါတိုင်းပြည်ကို သိမ်းမယ်လို့ တပ်လှန့်လိုက်တာ မဟုတ်လား"





"ဟုတ်တယ် . . ကျုပ်တို့ရဲ့ ပြဿနာကလည်း အဲဒီအချိန်က စခဲ့တာပဲ ကိုသိုက်ကျော်"

"သိတယ်။ မင်းကြီး မဟာသူရဲ မင်းခေါင်ရဲ့တပည့်တွေဟာ နန်းတွင်းမှာရှိတဲ့ မိဖုရားတွေ၊ အမျိုးတော်တွေရဲ့ ရတနာတွေကို နှစ်စုခွဲပြီးတော့ သိမ်းဆည်းကြတယ်။ တစ်စုကတော့ အင်္ဂလိပ်က မြန်မာနန်းတွင်းကို ဝင်တဲ့အခါ အပ်နှံပြီး၊ ယူဗွီရှိရှိပြဖို့၊ တစ်စုကတော့ မြန်မာနန်းတွင်းရတနာတွေကို အဝေးမြို့မှာ ဝှက်သိုထားနိုင်ဖို့ စီစဉ်တာပဲ"

မောင်သိုက်ကျော်၏ မျက်နှာကို စိုက်ကြည့်ကာ သူတာလှိုင်က နားထောင်လျက်ရှိလေသည်။ မောင်သိုက်ကျော်မှာ ယောက်ျားပီသ၍ မည်သူ့ကိုမှ မကြောက်ရွံ့သော အမူအရာကို ထင်ထင်ရှားရှား တွေ့နေရလေသည်။

"အင်္ဂလိပ်တွေက တိုတိုပြောရရင် ပြေပြေလည်လည် ပြောလို့ရမယ့်အခြေအနေမဟုတ်တော့ဘဲ စစ်တိုက်ကြတာပဲ မဟုတ်လား။ သူတို့ရေးတဲ့ ရာဇဝင်တွေမှာတော့ မြန်မာတွေက တောင်းဆိုချက်ကို မလိုက်နာတဲ့ စစ်ပြင်တယ်လို့ ပြောတာပဲမို့လား"

"အင်္ဂလိပ်တွေဟာ မြန်မာမြေမှာ သယံဇာတတွေ ပေါ်များမှန်းသိလို့ ဗိုချင်ကြတာကတော့ အမှန်ပဲ ကိုဘထိုက်။ သူတို့ဟာ အဲဒီနှစ် နိုဝင်ဘာလမှာ စစ်ဗိုလ်ချုပ်ပရင်ဒါဂတ်ဦးစီးပြီး မန္တလေးမြို့တော်ကို သိမ်းဖို့ ဧရာဝတီမြစ်အတိုင်း ချီတက်လာတယ်။ ဒီမှာ မဟာသူရမင်းခေါင်က သူ့တပည့်တွေကို ကနုတ်ပန်းခက်တွေ ဖော်ထားတဲ့ ကျွန်းသေတ္တာတစ်လုံးထဲမှာ ထည့်ထားတဲ့ နန်းတွင်းက မိဖုရားတွေ၊ မင်းသမီးတွေရဲ့ ရတနာတွေကို သထုံမြို့ကို အရောက်ပို့ခဲ့တယ်မို့လား"

***

"ဪ ကိုသိုက်ကျော်က ဒါတောင် သိနေတာကိုး"

"သိတာပေါ့။ အင်္ဂလိပ်တွေက ဧရာဝတီမြစ်က ဆန်တက်လာတယ်။ လမ်းက ခံတပ်တွေက ဘုရင့်အမိန့်နဲ့ လွှတ်ပေးလိုက်ကြရတယ်။ မြင်းတွေ လှည်းတွေနဲ့ နန်းတွင်းက သစ္စာရှိ လူယုံတွေဟာ စစ်တောင်းမြစ်ရောက်အောင် ဒီကျွန်းသေတ္တာကို ယူဆောင်သွားကြတယ်။ ပြီးတော့ သထုံဘက်မှာ မြေပေါက်ဂူတွေရှိတော့ လူသိအလွန်နည်းတဲ့ မြေပေါက်ဂူတစ်ခုမှာ ဒီ

www.burmeseclassic.com



ကျွန်းသေတ္တာကို လျှို့ဝှက်ထည့်သွင်းထားခဲ့တယ်ဆိုတာလည်း သိခဲ့ရတယ်။ ဒီနောက်တော့ သတင်း၊ အဆက်အသွယ်တွေ မရတော့ဘူး"

မောင်သိုက်ကျော်က သူသိသမျှဖွင့်ဟပြောကြားလိုက်လေသည်။

"ကိုသိုက်ကျော်ပြောတာ မှန်ပါတယ်။ အဲဒီနန်းတွင်းက သစ္စာရှိလူယုံ မဟာသီဟသူရမင်းခေါင် ရဲ့တပည့် ဦးမှတ်ကြီးဆိုတာက ကျွန်တော်ရဲ့အဘိုးပါပဲ"

"ဪ"

"အမေနဲ့အတူ ပါသွားတာကတော့ ယောဒီက သူဇာတို့ရဲ့အဘိုး ဦးအောင်မွှင့်ရယ်။ နောက်တစ်ယောက်ကတော့ ကနောင်မင်းသားရဲ့အိမ်တော်ကျွန် ဦးတုပ်ဆိုတာပဲ"

"ဦးတုပ်ဆိုတာက ကျုပ်အဘိုးပဲ ကိုတာထိုက်"

"ဪ... ဒါကြောင့် ဒီကိစ္စတွေမှာ ကိုသိုက်ကျော်လည်း မကြာ မကြာ ပေါ်လာတာကိုး။ ဒီနောက်ပိုင်းကတော့ ကျုပ်သိပါတယ်"

ကျားကြီးဘထိုက်က ဆက်၍ပြောပြ၏။

×××

လှေကြီးတစ်စီးသည် စစ်တောင်းမြစ်အတိုင်း စုန်၍လာကြရာ သိမ်ဇရပ်သို့ရောက်သည်နှင့် ရပ်လိုက်ကြလေတော့၏။ ကမ်းနားတွင် မြင်းလှည်းတစ်စီးသည် အဆင်သင့်ရပ်နေ၏။ အထက်ပိုင်းတွင် ရှမ်းစော်ဘွားတို့သည် သီပေါမင်းအား ဆန့်ကျင်ကာ သံတမန် (၁၃)ဦးတို့အား သတ်ဖြတ်စီရင်လိုက်သောကြောင့် နန်းတွင်းမှ ဦးမှတ်ကြီး၊ ဦးတုပ်နှင့် ဦးအောင်မွှင့်တို့သည် လူလေးဦးထမ်းလာသော ကျွန်းသေတ္တာတစ်လုံးကို လှေထဲမှ ကုန်းပေါ်သို့ သယ်ယူလာသည်ကို ကြည့်ရှုစစ်ဆေးနေသည်။

မြည်းလှည်းမှာ လှည်းအိမ်ကို သစ်သားနှင့် လုပ်ထားပြီး သိမ်ဇရပ်မြို့စားကြီး စီးသော လှည်းဖြစ်သောကြောင့် လေးဘက်လေးတန်တွင် မိုးအဝါရောင်စိတ်ကို ချထားသည်။

တိုင်းပြည် အခြေအနေကြောင့် သိမ်ဇရပ်မြို့သူကြီးသည် သူ့ထံမှ မြင်းသမားရှစ်ဦးကို သေနတ်(ယမ်းဆောင်းကျည်မီးသေနတ်)များနှင့် လိုက်လံစောင့်ရှောက်ကာ မောင်းနှင်ခေါ်ယူသွားလေသည်။

အဝေးကတ်တော်ဖြင့် အစီအစဉ်ကို ကြိုတင်အကြောင်းကြားထားသည် ဖြစ်သောကြောင့် ကနုတ်ပန်းပါသော သုံးပေ နှစ်ပေရှိသော ကျွန်းသေတ္တာကို သိမ်ဇရပ်မှ မုပ္ပလင်သို့ မောင်းနှင်၍ တစ်ညနားခဲ့ကြသည်။

မုပ္ပလင်ရွာသူကြီးသည် မြင်းလှည်းကြီး သူ့အိမ်ထဲသို့ ဝင်လာသည်နှင့်ပင်...

"ကြွကြွပါ ကြွကြွပါ... မြို့စားကြီးလည်း ပါလာသကိုး"

ဟုဆိုကာ ကြိုဆိုသည်။

မုပ္ပလင်သူကြီး၏ ခြံဝင်းထဲတွင် ဧည့်သည်များအတွက် နေထိုင်စားသောက်ရန် အဆင်သင့်ပြင်ဆင်ထားသည်။

မြင်းစစ်သည်များမှာ သူကြီး၏ ခြံပတ်လည်တွင် နေရာယူလိုက်လေသည်။ အကယ်၍ ရန်သူ ရုတ်တရက်ဝင်ရောက်တိုက်ခိုက်ပါက ကာကွယ်နိုင်ရန် သူကြီးအိမ်ကို ဝိုင်းရံထားခြင်းလည်း ဖြစ်ပေတော့သည်။

သူကြီးဦးမြို့တင်မှာ နှုတ်ခမ်းမွေး ကားကား၊ ဝဝ ဖိုင့်ဖိုင့်နှင့် ခံ့ညားသော လူကြီးတစ်ဦးဖြစ်၏။

"ကျုပ်က ခင်ဗျားတို့ကို မနေ့ကတည်းက မျှော်လင့်နေတာပါ။ ကျုပ်တို့နယ်ထဲရောက်လာပြီဆိုတော့ ကျုပ်တာဝန်ပေါ့ဗျာ" နှစ်ထပ်ခြေတံရှည်လေးပင်ရှည်ကြီးအောက်ထပ်တွင် ချထားရာ မုပ္ပလင်





မြို့စားနှင့် နန်းတွင်းမှပါလာသော ယေကျွန်သုံးဦးတို့သည် စားပွဲဝိုင်းတစ်လုံးတွင် ထိုင်လိုက်ကြ၏။

သူတို့၏ ဘေးတွင်ကား ကနုတ်ပန်းပါသော ရတနာသေတ္တာကို သာမန်လူများတွေ့မြင်လျှင် နန်းတွင်းမှ ပစ္စည်းဟု မသိနိုင်စေရန်အတွက် ခေါ်ကြမ်းကြမ်း ဖျင်အညိုရောင်ဖြင့် ဖုံးလွှမ်းထားလေသည်။

ဦးမှတ်ကြီးမှာ ဤလူသုံးယောက်တွင် ခေါင်းဆောင်ဖြစ်သည့်အတိုင်း၊ ပတ်ဝန်းကျင်ကို အမြဲအကဲခတ်လျက် ရှိလေသည်။

အောက်ထပ်သည် သိပ်မပေါ့မြင့်ပေ။ ခြံဝင်းထဲမှ လှဝင်လာသည်နှင့် ကွပ်ပျစ်ရှိရာသို့ အိမ်မကြီးတံခါးဖွင့်ဖွင့်ချင်း ရောက်နိုင်သည်။ ယခုညတစ်ညကို ဤသူကြီးအိမ်မှာ အိပ်ကြရမည်ဖြစ်သည်။

"ဗျို့ သူကြီး"

"ဗျား"

"ကျုပ်ကတော့ သေတ္တာကြီးကို အပေါ်ထပ်တင်ချင်တယ်ဗျာ"

ဦးမှတ်ကြီးက သူလူများမျက်နှာကို အကဲခတ်၍ ပြောလိုက်သည်။

"ဟုတ်တယ် တစ်ညအိပ်မှာဆိုတော့ အပေါ်ထပ်က ပိုကောင်းမယ်ထင်ပါရဲ့"



www.burmeseclassic.com

ဝါဆိုဖယောင်းတိုင်လို ဖယောင်းမီးတိုင်များ ထွန်းသော မီးပန်းဆိုင်းကြောင့် အောက်ထပ်မှာ လင်းထိန်နေသည်။

"မင်းချင်းတွေကို အရင် ထမင်းကျွေးလိုက်ပါ သူကြီး"

"ဟာ ခင်များတို့က လူကြီးတွေပဲ ခင်များတို့ အရင်စားပါ"

ဦးမုတ်ကြီးမှာ နောက်လိုက်ငယ်သားများကို ဦးစားပေးတတ်သည့်အတိုင်း

"ရပါတယ်များ၊ သူတို့ကို အရင်ကျွေးပါ။ သူတို့က ရောက်ရာအရပ်မှာ ပင်ပန်းနေတာ"

သူကြီးဦးမြို့တင်၏ သမီးမှာ အုပ်လုံးသွင်းစဆံတောက်ကြီးတဖားဖားနှင့် အိမ်နောက်ဘက်တွင် ချက်ပြုတ်ရန် စီစဉ်နေရာ ထိုအချိန်က သူတို့သုံးဦးထဲတွင် အငယ်ဆုံးဖြစ်သော အောင်ပွင့်သည် ထိုမိန်းကလေးကို မျက်စိကျနေမိလေသည်။

အောင်ပွင့်မှာ အသက်သုံးဆယ်ဝန်းကျင်အရွယ်ရှိ၍ နှစ်ထပ်အိမ်ကြီး၏နောက်သို့ ခြေဆေးရန်ထွက်သွားစဉ်မှာပင် သစ်သီးဟင်းအိုးကြီး မွှေနေသော ဦးမြို့တင်၏ သမီး ရွှေတင် ကို တွေ့မြင်မိခြင်းဖြစ်လေသည်။

"ဒီမှာ ခြေဆေးလို့ရသလားကွယ်"

***

သူဇာပေပင်၊ ရှင်ဆင်းမြင်မှု
မြင်လျှင်လွန်ကြူး၊ အံ့မိန်းမူးသည်၊
သောက်ရှူးသော်တာအရောင်လား။

ရှင်တေဇောသာရ

ဟင်းအိုးမွှေနေသော ရွှေတင်က နောက်သို့လှည့်ကြည့်ရာ အောင်ပွင့်ကို မြင်သည်။ အောင်ပွင့်ကလည်း ဝိုင်းစက်သော မျက်လုံးနှင့် ဖျိုနုသန့်စင်သော ရွှေတင်ကို နတ်သမီးလေလားဟုပင် ထင်မှတ်မှားမိသလို၊ အိမ်နောက်နံရံမှ မီးပုံးရောင်ဖြင့် ငိုင်ကာ ကြည့်နေမိသည်။

"ဟိုမှာ ရေတွင်းရှင်၊ ခပ်ပြီးသား စဉ့်အိုးထဲမှာ ရေရှိပါတယ်။ အဲဒီမှာ ခြေဆေးလို့ ရတယ်ရှင့်"

"ခြော် . . ကျေးဇူးတင်ပါတယ်"

ထန်းပင်စုစုအောက်ရှိ ရေတွင်းဘေးတွင် ရာဝင်အိုးသုံးလုံးရှိသည်။ ရေခွက် (ရေမှုတ်) ရှိသော ရာဝင်အိုးထဲမှ ရေကိုခပ်ကာ အောင်ပွင့်သည် ရေချိုးချင်စိတ်ပေါ်လာသည်။ သူသည် ဟင်းအိုးမွှေနေရာသို့ ပြန်လာ၏။

"ညီမ ရေချိုးလို့များ ရမလား"





"အို . . ရပါတယ်ရှင် . . ခဏ ရေလဲယူပေးပါမယ်"

ရွှေတင်မှာ တကယ့်စိတ်ရင်း၊ သဘောရင်းကောင်းသော ကျေးလက်နေ မိန်းမပျိုဖြစ်သည်။ ကိုယ်လုံးကိုယ်ဟန်မှာလည်း တင့်တယ်စေမှု သိကြားထုသို့ ဆိုသည့်အတိုင်းပင် လှပ်ရှားလှုပ်ကိုင်နေသော ကြောင့် ကျစ်လျစ်သွယ်လျကာ လှပနေသည်။

မိန်းမပျိုတစ်ဦးတွင် ရှိသင့် ရှိထိုက်သော ကောက်ကြောင်းပန်းချီဟန်ရေးချီနေသည်ကိုကား၊ အတိုင်းသား၊ မြင်နေရသည်။ ထဘီကို တိုတိုဝတ်ဆင်ထားသော ရွှေတင်သည် အိမ်နောက်ဘက်မှ တက်သော လှေခါးမှ အပေါ်ထပ်ရှိ သူမအဖေ၏ လုံချည်တစ်ထည်ကို ယူလာကာ ရေတွင်းအနီးအထိ လာ၍ပေးသည်။

"ရော့ ကိုယာဝါ ရေလဲ"

"အစ်ကိုနာမည်က အောင်ပွင့်ပါ"

"ခြော် ကျွန်မနာမည်က ရွှေတင်ပါ"

ရေလဲယူပေးရင်းဖြင့် တစ်ဦးနှင့်တစ်ဦး မိတ်ဖွဲ့မိပြီးသား ဖြစ်သွားသည်။ အောင်ပွင့် ရေချိုးနေသည်ကို ဦးမုတ်ကြီးနှင့် ဦးတုပ်တို့သည် လှမ်း၍မြင်နေရလေသည်။

"ဟာ အောင်ပွင့်ရေချိုးနေတယ်ဟေ့။ လာတို့လည်း၊ ဓိသေတ္တာကြီး အပေါ်တင်လိုက်တာပေါ့"

သေတ္တာ၏ခေါင်းနှင့် ဖင်ဘက်တွင် လက်ကိုင်စရာ ကြိုးကွင်းကို တပ်ဆင်ထားသည်။ အတွင်းတွင် နန်းတွင်းသူတို့ဝတ်ဆင်သော ရတနာပစ္စည်းများ (၂၆) မျိုးပါလာသည်။ ထို(၂၆)မျိုး၏ စာရင်းစာရွက်သည်လည်း ကျွန်းသေတ္တာထဲတွင် ရှိနေသည်သာ ဖြစ်လေသည်။

ရေချိုးနေချိန်မှာပင် အိပ်ဘေးမှ လာကူသော မိန်းကလေးများနှင့် ဟင်းအိုးနှစ်အိုးထဲမှ ဟင်းများကို ပန်းကန်နှင့်ထည့်ကာ ပေးနေသည်ကို အောင်ပွင့်သည် ရေချိုးရာမှ လှမ်းမြင်နေရလေသည်။

ရွှေတင်သည် ဓိုးလှကြီးဖြစ်၍ ရှေ့လူ နောက်လူ ဟင်းမျှအောင် ချိန်ဆကာ အိုးထဲမှ ဟင်းများကို ထည့်ပေးနေသည်။

"မြန်မြန်ချိုးနော်။ အိုးထဲမှာ ဟင်းတွေ ကုန်သွားရင် အစ်ကို မစားရဘဲနေမယ်"

အိုးများရှိသောနေရာနှင့် အောင်ပွင့် ရေချိုးသောနေရာမှာ (၁၀)ပေလောက်သာ ဝေး၍ ရွှေတင်က လှမ်းပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တစ်လမ်းလုံး ဖုံတွေ သဲတွေနဲ့ လာရတော့ ရေချိုးလိုက်မှ ထမင်းစား ကောင်းမှာ။ ဟင်းတော့ အစ်ကိုပို့ ချန်ထား နော်"

"ဦးရာလှပဲ . . . လှက များတော့ ကျွန်မစီလိုချန်ထားလို့ မရဘူး"

"မင်းကို ကြည့်ရတာ သဘော ကောင်းပါတယ်။ ကိုယ့်အတွက်ဆို ချန်ထား မှာပါ"

အောင်ပွင့်သည် ရွှေတင်နှင့် အချီ အချစကားပြောရသည်ကို စိတ်ကြည်နူးနေ သောကြောင့် စကားများ ရွှန်းရွှန်းဝေနေ သည်။

ရွှေတင်ကလည်း စကားများကို ရွှန်းရွှန်းဝေအောင် ပြောနေလေသည်။

"ကျွန်မသဘောကောင်းတာ ဘယ် လိုလုပ် သိလဲ"

"အို . . . ရုပ်ချောတဲ့မိန်းကလေး တွေဟာ သဘောကောင်းတတ်တယ်လို့ ပြောကြတာပဲလေ။ ဒီတော့ ရွှေတင်လည်း သဘောကောင်းမှာပေါ့"

"အို . . . ကျွန်မက ရုပ်ချောလို့ လား"

ရွှေတင်က ရက်ရှက်ကာ ခေါင်းငုံ၍ မေးလိုက်လေသည်။

ရွှေတင်နှင့် အောင်ပွင့်တို့ စကား ပြောဆိုနေသည်ကို ဦးမှတ်ကြီးသည် မသိ မသာ အကဲခတ် သတိထားမိနေလေသည်။

ရွှေတင်မှာ အသက်ဆယ့်ရှစ်နှစ် ကျော်ကျော် ဆံတောက်ကြီးဖားဖားနှင့် ချစ် စရာ မိန်းမပျိုဖြစ်ကြောင်း သတိထားမိသည်။

×××

ထိုအခါက နန်းတွင်းမှ သီပေါမင်း ၏ ယုံကြည်စိတ်ချရသော မှူးမတ်တစ်ဦး ဖြစ်သည့် မဟာသီဟသူရမင်းခေါ်သည် သူ လှယုံသုံးဦးနှင့် နန်းတွင်းသူတို့၏ ရတနာ တစ်ဝက်ကို အင်္ဂလိပ်တပ်များ မန္တလေးကို မသိမ်းမီ ခေလွှတ်ဝှက်သိုနိုင်းသည်မှာ မှန် ကန်သည်ဟု ဆိုရပေမည်။

အဘယ်ကြောင့်ဆိုသော် ၁၈၈၅ ခုနှစ် နိဝင်ဘာလတွင်ကား ကာနယ်စလေ သည် မန္တလေးနန်းတော်ကို သိမ်းပိုက်ကာ သီပေါမင်းနှင့် မိဖုရားတို့ကို ဖမ်းဆီးပြီး၊ နန်းတွင်း၌ရှိသမျှရတနာများကို သိမ်းဆည်း လေတော့သည်။

ထိုစဉ်က ရတီ (၈၁) ရှိသော ငမောက်ပတ္တမြားကြီးအပါအဝင် နန်းတွင်း သူတို့ ရတနာ (၂၈)မျိုးကို ရရှိသွားခဲ့လေ





သည်။ ကာနယ်စလေဒင်သည် ထိုအခါက နန်းတွင်းသူတစ်ဦး၏ ပေမှုနှင့် ရေးမှတ် ထားသော ပစ္စည်းစာရင်းဖြင့် ယူသွားခြင်း ပင် ဖြစ်သည်။

သို့သော် နောက်ပိုင်းမှတ်တမ်း များအရ ထိုရတနာများကို ပြန်၍မပေးသည့် ပြင် လေလံပစ်၍ ရောင်းချရာ ပေါင်စတာ လင်ဒွေ ခုနစ်သောင်းကျော်ရကြောင်း၊ အင် ဒိုက်ကလိုဗီးနီးယားပြတိုက်တိကာ တွင် သာ အချက်အလက်တစ်ခုအဖြစ် မြင်တွေ့ ရတော့ကြောင်း၊ ပညာရှင်များအရ ဆိုကြ ၏။

မပွလင်ရှိ သူကြီးဦးမြို့တင်အိမ် တွင် ဦးမှတ်ကြီးတို့ ရတနာကျွန်းသေတ္တာ နှင့်ရောက်သည့်အချိန်မှာပင် မန္တလေး နန်း တော်မှာ အင်္ဂလိပ်လက်အောက်သို့ ကျ ရောက်သွားခဲ့ရပြီ ဖြစ်လေသည်။

နောက်မှ လိုက်လာသော အထောက်တော်နှစ်ဦးက ညတွင်းချင်းပင် ထိုသတင်းကို ပြောပြသည်။

"ဒါဆိုရင် မဖြစ်ဘူးဗျို့ ကျုပ်တို့ ဒီညပဲ ကျိုက်ထိုရောက်အောင် ခရီးထွက် ရမယ်။ ပြီးတော့ သထုံမှာ ကျုပ်တို့စီစဉ် ထားတဲ့ ထို့ဝှက်ဝှရိုရာကို အရောက်သွား ရမယ်"

ဦးမှတ်ကြီးက မန္တလေးမှ ရောက် ရှိလာသော မြင်းသည်တော်၏ သတင်းပေး မှုအရ မကြာမီ အင်္ဂလိပ်စစ်တပ်များသည် မြန်မာပြည်အနှံ့ ခရီးဖြန့်လာတော့မည်ကို သိရသည်။ လောလောဆယ်မှာလည်း ဤ ပတ်ဝန်းကျင်မှာ အင်္ဂလိပ်ပိုင်နက်ပင် ဖြစ် သည်။

သို့သော် အင်္ဂလိပ်သည် မုတ္တမ ပင်လယ်ကွေ့ကို ကျော်မလာဘဲ ရန်ကုန် တွင် သဘောဆိပ်ကာမ်းဖြစ်၍ ဂရုစိုက်နေ သည်ကတစ်ကြောင်း။ မန္တလေးမြို့ကို သိမ်း ကာ သီပေါမင်းကို ရတနာဂီရိသို့ ခေါ် ဆောင်ရန် စီစဉ် နေသည်ကတစ်ကြောင်း၊ တို့ကြောင့် ယခု သထုံဘက်ကို ဂရုမပြုနိုင် ခြင်းပင်ဖြစ်သည်။

အိမ်နောက်ဘက် မန်ကျည်းပင် ကြီးအောက်တွင် မိန်းမပျိုသုံးဦး ရှိနေ သည်။ အလယ်မှ မိန်းမပျိုမှာ သူကြီး ဦး မြို့တင်၏ သမီး ရွှေတင်ဖြစ်သည်။

ရွှေတင်နှင့်မျက်နှာချင်းဆိုင် ရပ် နေသူမှာ အောင်ပွင့်ဖြစ်သည်။

"ဒါဆို အစ်ကို ခရီးထွက်ရတော့ မှာပေါ့နော်"

"ဟုတ်တယ် ညီမလေး တခဏ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရပေမယ့် ညီမကို ဘဝတစ်ခုလုံး မမေ့ပါဘူး"

အောင်ပွင့်က သံယောဇဉ်စကား ပြောနေသောကြောင့် အဖော်မိန်းကလေး နှစ်ဦးမှာ နောက်သို့ မသိမသာဆုတ်သွားသည်။

"တကယ်ပြောတာလား အစ်ကို၊ အစ်ကိုတို့ နန်းတွင်းသူတွေကြားထဲမှာနေတဲ့ လူတစ်ယောက်ကို ကျွန်မ မယုံရဲပါဘူးရှင်"

"အို တကယ်ပြောတာပါ။ သထုံက ပြန်လာရင်လည်း ညီမဆီကို အစ်ကို လာခဲ့ပါဦးမယ်။ အဲဒီကျရင် မသိချင်ယောင်ဆောင်မနေပါနဲ့နော်"

"အို တကယ် လာမှာလား"

"တကယ်ပေါ့"

သူတို့နှစ်ဦး စကားပြောနေစဉ်မှာပင် မောင်းထုသံက ပေါ်လာသည်။

"ဗျို"

ခရီးထွက်ရန် လှုစသော မောင်း ဖြစ်သည်။ အင်္ဂလိပ်စင်ဘာနီများ စစ်တောင်းမြစ်ကို ကူးမလာမီ ရွာနာများကို ခြေရာ လက်ရာဖျောက်ကာ အမိန့်ကို စောင့်လျက် လှုစခဲ့နေကြရန် ဖြစ်လေသည်။

"သွားပြီ"

"သွားတော့ မောင်ကြီးရေ"

မီးတုတ်များ၊ မီးတိုင်များဖြင့် ဦးမှတ်ကြီး၊ အောင်ပွင့်နှင့် ဦးတုပ်တို့အဖွဲ့သည် မြင်းလှည်းတစ်စီးကို အလယ်မှာထားကာ သထုံဘက်သို့ တောလမ်းမှ ဦးတည် ထွက်ခွာလာခဲ့သည်။

ကျိုက်ထိုးပြီးပေါ်မှ မပြတ်တဲ့ ကျိုက်ထီးရိုးဘုရားသွားသော တောင်များကို ပြတ်လျက် ကင်ပွန်းစခန်းမှ ဘီးလင်းဘက်သို့ ဦးတည်လာခဲ့သည်။ ဘီးလင်းရောက်သော အခါ တောလမ်းမှ မီးများငြိမ်းသတ်ကာ နံနက်လင်းအားကြီးအချိန်တွင် ခရီးဆက်လာခဲ့ကြရလေတော့၏။

မြင်းချင်းယှဉ်လာမိသည်နှင့် ဦးမှတ်ကြီးက . . .

"အောင်ပွင့်"

ဟု ခေါ်လိုက်၏။

"ဗျာ"

"မင်း၊ မှုပ္ပလင်သူကြီးရဲ့သမီး ရွှေတင်လေးကို တော်တော်သံယောဇဉ်တွယ်သွားတယ် ထင်တယ်"

"ကလေးမလေးက ချစ်စရာလေးနော်"

အောင်ပွင့်က ရင်ထဲတွင် ရှိ ရှက်ထားတတ်သူမဟုတ်၍ ဖွင့်ဟပြောဆိုလိုက်သည်။





"မင်းနဲ့လည်း လိုက်ပါတယ်။ ဒါပေမဲ့ မှုပ္ပလင်သူကြီးဟာ မြန်မာဘုရင်ပေါ်မှာသာ သစ္စာခံနေပေမယ့် အင်္ဂလိပ်အရေးပိုင်ရဲ့လက်အောက်မှာ အမှုထမ်းနေတယ်ဆိုတာ မမေ့နဲ့နော်"

အောင်ပွင့်မှာ ငယ်ရွယ်သူဖြစ်သောကြောင့် ကြိုတင်ကာ သတိပေးလိုက်ခြင်း ဖြစ်ပေသည်။ မှုပ္ပလင်သူကြီးမှာကား နီးရာတားကို ကြောက်ရသူပင် ဖြစ်လေသည်။ ဦးမှတ်ကြီးတို့လူစု ခရီးထွက်သွားပြီး မကြာမီမှာပင် ဒိန္နိယစစ်သားများဖြင့် ဖွဲ့စည်းထားသော အင်္ဂလိပ်စစ်သားများ ရောက်လာသည်။

စောစောက လာရောက်သောသူများကို မေးမြန်းစစ်ဆေးသည်။ ဦးမြို့တင်က ဆွေမျိုးသားချင်းတော်သူများဖြစ်သောကြောင့် ကျိုက်ထီးရိုးသို့ ဘုရားဖူးသောကြောင်း ပြောပြရာ အဟုတ်မှတ်သွားလေတော့၏။ သို့သော် နောက်ကို ညှပ်သည်ရောက်သည်နှင့် သူ့ထံသို့ လူလွှတ်၍ အကြောင်းကြားရန်ကို အမိန့်ပေးသွားလေသည်။

ဘီးလင်းမှ သီသီလေးလွတ်လာသော ဦးမှတ်ကြီးတို့အဖွဲ့မှာ သထုံ မြသပိတ်တောင်ကို တောထဲမှ ကျော်လာကာ မြေပေါက်ထုံးကျောက်ဂူများရှိရာသို့ ရောက်ရှိလာကြသည်။ ထိုနေရာတွင် တိုင်းရင်းသားများ နေထိုင်ရာ လူစုလူဝေးကို တွေ့သည်နှင့် တောထဲသို့ဝင်ပြေးသွားကြလေတော့သည်။

ဘုရင့်ညီဂူ နှင့် ဂူပေါင်းလေးခုကျော် သော မြေပေါက်ထုံးကျောက် ဂူထဲတွင် ကျွန်းသေတ္တာကြီးကို မြှုပ်နှံကာ ဂူ တံခါးကိုလည်း ကျောက်များကာရံကာ ထိုအနီးများတွင် ဦးတုပ်သည် ယာသမားအဖြစ် နေထိုင်ဖို့ တိုင်ပင်ကြလေသည်။

***



www.burmeseclassic.com

www.burmeseclassic.com

စစ်မြေပြင်၌ ရရှိသောသူကို အလိုရှိကုန်၏။
လျှို့ဝှက်တိုင်ပင်ရာတို့၌ နှုတ်လုံသူကို အလိုရှိ
အပ်ကုန်၏။
အခက်အခဲ ကြုံတွေ့ခဲ့သော် ပညာရှိကို အလိုရှိ
အပ်ကုန်၏။

ဦးမှတ်ကြီးသည် သထုံကိုကျော်ကာ ထုံးကျောက်ဂူများ မြင်တွေ့ရာသို့ ရောက်လာသည်နှင့် သူတို့နှင့်အတူပါလာသူများကို မြသပိတ်တောင်ခြေတွင် ထားရစ်ခဲ့တော့သည်။ ယုံကြည်ရသူဟူ၍ သူတို့သုံးယောက်သာရှိ၍ မဟာသီဟသူရ မင်းခေါင် မှာကြားလိုက်သည့်အတိုင်း နောက်ဆုံးအချိန် ပစ္စည်းလျှို့ဝှက်ရာနေရာသို့ ရောက်ရှိသောအခါ တိုင်းရင်းသား တောင်သူလယ်သမားများအသွင် ရုပ်ဖျက်လိုက်ကြသည်။

ထို့နောက် ရတ်ပြတ်သော အဝတ်နှင့် ပတ်ထားသော ကနုတ်ပန်းများပါသည့် ကျွန်းသေတ္တာကြီးကို ဖွင့်ကာ အတွင်းမှ တစ်ပေခွဲ အရှည်၊ အမြင့် တစ်ပေ၊ အနံ တစ်ပေရှိသော သေတ္တာငယ်လေးကို ထုတ်ယူလိုက်သည်။

ထိုသေတ္တာငယ်လေးမှာ ပိတ်ထားသောနေရာတွင် လက်ကိုင်ရှိပါ၍ ဖျင်မှာ ပေစာထုပ်အဝတ်ကဲ့သို့ အဝတ်ဖြင့် ရစ်ပတ်ထားရာ ပေထုပ်ကို ဆွဲလာပိုက်သာသည်နှင့်ပင် တူလေတော့သည်။

"အောင်ပွင့်"





"မှာ"

"ဒီသေတ္တာကို မင်းယူခဲ့"

ဦးမှတ်ကြီးက အမိန့်ပေးလိုက်သည်။ ထုံးကျောက်ဂူတစ်ခုကို ဦးမှတ်ကြီးကိုယ်တိုင် နဂိုကပင် ရွေးချယ်ထားခဲ့ရာ ရေမှ ချုံများကို တိုးလျှက် သေတ္တာပိုက်ထားသော အောင်ပွင့်ကို အလယ်တွင်ထားကာ ဦးတုပ်က နောက်မှ လိုက်ပါလာခဲ့လေတော့သည်။

ဤဒေသတွင် တိုင်းရင်းသားလူမျိုးများ အနေများပြီး ရိုးသားသောတောင်သူ ယာသမားများက များလေသည်။ သူတို့ဖြတ်သန်းသွားသည်ကို ယာခင်းထဲတွင် အလုပ်လုပ်နေသူများက လှမ်းကြည့်လိုက်သည်။ သို့သော် လူကိုမြင်လျှင် ဆေးလိပ် လက်ပံ့ချေများသောဟု ကြောက်ရွံ့တတ်သူများဖြစ်သောကြောင့် ယာခင်းထဲရှိ တဲစင်လေးများအောက်တွင် ပုန်းကွယ်ကာ နေလိုက်ကြလေသည်

မကြာမီ ဘုရင့်ညီနောင် ဂူထဲ မြေပေါက်ဂူများ၊ ထုံးကျောက်ဂူများကို တွေ့လာရသည်။ ထုံးကျောက်ဂူများမှာ ကြမ်းခင်းပေါ်တွင် မညီညာသော သစ်တုံးများချထားသကဲ့သို့ ဟိုနေရာ တစ်ဂူ၊ သည်နေရာ တစ်ဂူရှိနေသည်ကို တွေ့မြင်နေကြရသည်။

"ဒီမှာ အောင်ပွင့်နဲ့ ဦးတုပ် ဟိုဘက်က တောင်တန်းကို သေချာကြည့်"

ဦးမှတ်ကြီးက ဒေါနတောင်တန်းကြီးကို ပြလိုက်သည်။ ဇွဲကပင်တောင်ကြီးမှာ ထီးထီးမားမား မိုးပေါ်သို့ မြင့်တက်နေသည်ကို တွေ့ရ၏။

"ဒါ ဒေါနတောင်တန်းကြီးမို့လား"

"ဟုတ်တယ် ဒေါနတောင်တန်းရဲ့ အမြင့်ဆုံးတောင်ထိပ်ကို မြင်နေရတဲ့နေရာနဲ့ ဇွဲကပင်တောင်ရဲ့ကြား မြသပိတ်တောင်ဘက်က လာရင် ထုံးကျောက်ဂူလေးခု မြောက်မှာ တတိယမြောက် အမြင့်ဆုံး ထုံးကျောက်ဂူပဲ"

တည်နေရာနှင့်ပတ်သက်၍ ဦးမှတ်ကြီးက သေချာရှင်းပြသည်။

အောင်ပွင့်နှင့် ဦးတုပ်တို့ကလည်း ယာခင်းများ၊ ချုံနွယ်နှင့် ထန်းပင်များကြားမှ သေချာရပ်ကာ ကြည့်နေသည်။ နံနက်နေအရောင်မှာ ဒေါနတောင်တန်းပေါ်မှ ဖြာကျလျက်ရှိသည်ကို တွေ့မြင်နေရသည်။ သစ်ပင်များကြားမှ အလင်းတန်းဖြာကာ ထွက်နေသော နေရောင်ခြည်များကြောင့် နေရောင်ကြားတွင် နှင်းမြူများသည် အုံ့ဆိုင်းမှိုင်းကာ ကြည်နူးစရာ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



နှင်းမြူများကြားတွင် အောင်ပွင့်သည် ရွှေတောင်၏မျက်နှာကို မြင်တွေ့နေရလေသည်။ ပါးချိုင့်လေးနှင့် မေးများတွင် စိမ်းပြာပြာမှည့်လေးပါသော ရွှေတောင်၏ မျက်နှာလေးမှာ တသသစွဲမက်စရာ ကောင်းနေသည်။

"တို့လဲ ဒီ ယုန်နားရွက်ဂူနားကနေ လမ်းခွဲကြရမှာပဲ။ အားလုံးဟာ ဒီရတနာတွေကို တစ်နေ့မှာ မဟာသီဟသူရမင်းခေါင်ရည်ရွယ်သလို သာသနာရေးနဲ့ တိုင်းသူပြည်သားတွေရဲ့ အကျိုးစီးပွားဆောင်ရွက်နိုင်အောင် စီစဉ်ရမှာပဲ"

ဦးတုပ်က ရည်ရွယ်ကာထားသည့်အတိုင်း ဆောင်ရွက်ဖို့ ပြောလိုက်သည်။ ဦးမှတ်ကြီးက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်. . . ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးတို့ အကျိုးကို ဆောင်ရွက်နိုင်မယ်ဆိုရင် မင်းကြီးရဲ့ စေတနာ၊ မင်းကြီးရဲ့ ဆန္ဒပြည့်ပြီပေါ့"

မန္တလေးနေပြည်တော်တွင်ကား ထင်တိုင်းကျဲကာ နန်းတော်တွင်း၌ အင်္ဂလိပ်နယ်ချဲ့စစ်သည်များ ကြီးနိုးလုယက်လျက် မြန်မာ့အမွေဖြစ်သော ပေစာ၊ ပုရပိုက်စာ၊ လက်ရေးစာများ၊ မြင်မကောင်းအောင် ပြန့်ကျဲနေစဉ် နန်းတွင်းသားကြီးသုံးဦးမှာကား နန်းစဉ်ရတနာများကို လုံခြုံအောင်ထိန်းသိမ်းသို့ဂုက်ထားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိနေကြသည်။

"အောင်ပွင့်"

"ခင်ဗျာ ဦးကြီး"

"မင်း၊ ငါပြောနေတဲ့စကားတွေကြားရဲ့လားကွာ။ ဘယ်ကို ငေးနေတာလဲ"

"ဒေါ်နတောင်ကြီးကို ငေးကြည့်နေမိတာပါဗျာ"

***

ဆားနုစ်ဖက်ဆောင်ကာ အလယ်က ချိုင့်လျက်ရှိသော ယုန်နားရွက်ဂူကြီးထဲတွင် ဝင်ကာ မှောင်မည်းလှသည့် မြေအောက်သို့ဆင်းလျက် ပါလာသော သံတူရွင်းပြြင့် တူးဆွလိုက်သည်။ အောင်ပွင့် တူးနေသည့်အချိန်တွင် ပြင်ပမှ လူစိမ်းတစ်စုံတစ်ဦး မတွေ့စေရန်အတွက် ထုံးကျောက်ဂူပေါင်ဝမှ စောင့်နေသည်။

ထိုထုံးကျောက်ဂူမှာ သဘာဝအလျှောက် ဘုရင့်ညီနောင်ဂူကဲ့သို့ပင် အဝင်အဝ၌ ထုံးကျောက်ရောက်နှင့်ရှိပြီး ဘုရင့်ညီဂူကဲ့သို့ ပွဲကား အငွေ့ထွက်၍ မနေပေ။ ရိုးရိုးသဘာဝကျောက်သားဖြစ်၍ အခုအအေးမှာ ပြင်ပရေနှင့်ပင် တူညီလေသည်။





ဂူတွင်းသို့ဝင်သောလမ်းမှာ မြေလှမ်းသုံးဆယ်ခန့်တွင် ဘယ်သို့တစ်ဆစ်ချိုးပြီး အောက်သို့ဆင်းစရာ လမ်းမြောင်သုံးခုကို တွေ့ရသည်။ အတွင်းပိုင်းတွင် တောင်ဆိတ်နှင့်၊ ဖရယ်များ၊ တစ်ခါတစ်ရံဝင်၍ နေတတ်သည်။

တောကောင်များ။ ကြောင်များနှင့် လင်းယုန်များလည်း ဝင်၍နေတတ်သော ကြောင့် လူသူ့အရောက်အပေါက်နည်းသော ဂူတစ်ခုဖြစ်ကြောင်းမှာ ထင်ရှားနေပေတော့သည်။

"ချွမ်"

"ထောင်"

လူတစ်ရပ်စာလောက် ငါးပေကျော်ကျော်ကို တူးကာ အဝတ်အထပ်ထပ် ပတ်ထားသော သေတ္တာလေးကို တွင်းထဲသို့လေးဖက်ညီညာစွာ ချလိုက်သည်။ သည့်နောက် ဦးမှတ်ကြီး စီစဉ်ယူဆောင်လာခဲ့သည့်အတိုင်း မြွေဆိပ်နှင့် စုပ်ထားသော တောင်သလဲဆူးလေးများကို အပေါ်တွင်ထောင်ကာ မြှုပ်ထားလိုက်သည်။

တောင်သလဲဆူးဆိုသည်မှာ ဗိကျောင်းကွမ်းယတ်ပင်ကဲ့သို့ ထောက်ခနဲ့ ထိပ်ကို ထိလျှင် ကွဲတတ်သော အသီးမာမျိုးလေးများဖြစ်၍ ဆန်စေ့လေးစေ့ (စပါးလုံးလေးလုံး) ဆက်ထားသည့်အရွယ်လောက်ရှိလေသည်။

အကြံအစည်ကို စနစ်တကျလုပ်တတ်သော မဟာသီဟသူရမင်းခေါင်သည် ရေနံချောင်း၊ ချောက် အစရှိသည့်ဒေသများမှ ရရှိသော မြေမွေး၊ မြေပေါက်အဆိပ်များကို ပုလင်းများထဲတွင် ထည့်ကာ စိမ်ထားခဲ့သည့် တောင်သလဲဆူးများသည် ထိပ်ချွန်လေးများပါသောကြောင့် . . .

"မောင်မင်းတို့ သေတ္တာကို မြှုပ်ပြီးလို့ ဆူးတွေမြှုပ်ရင် ပုလင်းဖင်ကကိုင်ပြီးတော့ ကြဲချနော်။ ပတ်ပတ်လည်နဲ့ သေတ္တာအပေါ်တည့်တည့်မှာ မြှုပ်ခဲ့။ ဒါမှ နိုးဂုက်ယူငင်လိုတဲ့လူ အဲဒီနေရာမှာပဲ မြွေဆိပ်သင့်ပြီး သေလိမ့်မယ်"

ဟု မှာကြားခဲ့သည်။

သေတ္တာကို နေရာချကာ တောင်သလဲဆူးပုလင်း၊ သုံးလင်းကို မြှုပ်ရန်အတွက် ဘေးနားမှ ဝါးဆစ်ခေါင်းကို အောင်ပွင့် ခေါက်လိုက်တော့၏။

"တောက်. . တောက်. . တောက်"

ထိုဝါးဆစ်မှာ သူတို့သုံးဦး၏ တိတ်တဆိတ် ဆက်သွယ်မှု ဘာသာစကား (သင်္ကေတ) ပင် ဖြစ်လေသည်။ ခုံးချက် ခေါက်လျှင် သုံးယောက်ပေါင်း၍ အလုပ်တစ်ခုခု လုပ်ရန်ကိစ္စအတွက် အချက်ပေးခြင်းပင် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



တံတောင်ဆစ်ချိုးတွေ့မှာ သုံး လောနရှိသောနေရာ ထုံးကျောက်ဂူဖြစ်သော ကြောင့် ဝါးဆစ်ဝါးမခါက်သံကို အပေါက်ဝ တွင်ရှိသော ဦးမှတ်ကြီးရော၊ အလယ်ရှိ ချောင်ထဲတွင် အဲခြေအနေကို ဓားတစ် ချောင်းကိုင်ကာ အကဲခတ်ကြည့်ရှုနေသော ဦးတုပ်ပါ ကြားကြရသည်။

ဝါးချွန်ခေါင်းခေါက်သံကြောင့် သူ တို့နှစ်ဦးလုံး ရတနာသေတ္တာ မြှုပ်နှံရာ အောက်ဘက် ပေသုံးလေးဆယ်အနက် မှောင်မည်းသောနေရာသို့ ရောက်လာကြ သည်။

"အောင်မွှင့်"

"ရှိတယ်"

"ငါ ဘာမှမမြင်ရဘူး"

"ခဏလေး မီးခတ်ရှိတယ်။ မီး ခတ်ခတ်ပြီး ဆီမီးခွက်ထွန်းပေးမယ်။ ရှေ့ ဆက်တိုးမလာနဲ့ဦး"

ဦးမှတ်ကြီးကို အောင်မွှင့်က ပြော ကာ သွေးလွယ်အိတ်ထဲမှ မီးခတ်ကို ယူကာ ခတ်လိုက်သည်။ ထပ်ခနဲမြည်ကာ ဝါးဂွမ်းလေးမီးစွဲလာသည်နှင့် ဆီမီးတိုင်လေး တွင် ထွန်းညှိလိုက်ရာ အောင်မွှင့် ရပ်နေ သော နေရာမှာ လင်းချင်သွားလေသည်။

သူတို့သုံးဦးသည် ကျောက်တုံးပေါ် တွင် တင်ထားသော ဆီမီးခွက်ရောင်ကြောင့် ထုံးကျောက်ဂူထဲမှ သေတ္တာမြှုပ်ထားသည့် မြေတွင်းကို ထင်ရှားစွာ မြင်ရသည်။ ဦး မှတ်ကြီးက ပတ်ဝန်းကျင်ကို လေ့လာကာ ရတနာသေတ္တာကို ဖွင့်၍ကြည့်လိုက်၏။

ထိုအခါ မနုသီဟကျောက်စိမ်း ရုပ်ထုကို ဖန်ရဲကာ စိန်၊ ပတ္တမြား၊ မြ နီလာ အစရှိသော ကျောက်မျက်ရတနာ များကို ရွှေဖြင့်ကွပ်ကာ တွဲကာ ပြုလုပ် ထားသော နားကပ်၊ ဘယက်၊ လက်ကောက် လက်ကြပ်၊ ခြေကျင်းများကို ဝင်းလက် တောက်ပစွာ တွေ့မြင်လိုက်ရတော့သည်။

"အောင်မွှင့် မင်းကို ငါမယုံလို့ ပဟုတ်ဘူး။ ဒါဟာ ငါ့တာဝန်ပဲ"

"ကျုပ် နားလည်ပါတယ်ဗျာ"

ပုလင်းသုံးလုံးထဲမှ တောင်ယလ် ဆူးများကို သေတ္တာပေါ်တွင် ဖြည့်ကာ သေတ္တာဖုံးကို ပိတ်လိုက်၏။ အဖုံးပေါ်တွင် လည်း ထပ်ဖြူးလိုက်ပြန်သည်။

* * *

ကျောချွန်နှ တောင်သလဲဆူးများကို ရတနာသေတ္တာ မြှုပ်နှံထားသည့် ထုံး ကျောက်ဂူထဲတွင် သင်္ကေတများနှင့် ထား ခဲ့ပြီ။ ထိုသင်္ကေတတို့ကို ပန်းချီဆရာတစ်ဦး လည်းဖြစ်၊ နန်းတွင်းပန်းပုပန်းချီအကဲဖြစ်





လည်းဖြစ်သော ဦးတုပ်က ရေးဆွဲမှတ်သား ခဲ့သည်။ ထုံးကျောက်ဂူထဲသို့ အကြောင်း သိသော လူတစ်ဦးတစ်ယောက် ဝင်လာ သည်နှင့်ပင် အန္တရာယ်ပေးသောနည်း ကြံနိုင် လေသည်။

ပေတာရှက်တစ်ချပ်ပေါ်တွင် ကညစ် နှင့် ဝင်လမ်းနေရာ၌ မြွေဆိပ်ဆူး (တောင် သလဲဆူး) ရှိသော နေရာများကို ဦးတုပ် က ရေးဆွဲမှတ်တမ်းတင်ခဲ့သည်။ နန်းတွင်း န်းချီဆရာမြ အသုံးပြုခဲ့သော ဆီဆေးဘူး တစ်ဘူးကို ယူဆောင်လာခဲ့သည်။

ထိုဆီဆေးဘူးမှာ အနီရောင်နှင့် အနက်ရောင် ဖြစ်သည်။ ဆေးများမှာ ကျောက်သားပြင်ပေါ်တွင် ရာသီဥတုဒဏ် နိုင်အောင် ဖော်စပ်ထားသော ဆေးမျိုးလု သည့် ပင်လယ်ရေအောက် သန္တာကျောက် က်စေးကို အသုံးပြုထားရာ အနက်ရောင် ာ နှစ်ကာလပေါင်းများစွာ ခံနိုင်လေသည်။

ဦးတုပ်သည် ယုန်နားရွက်ဂူအပြင် ို ရောက်သည်နှင့် ဆေးဘူးနှင့် စုတ်တံ ို ထုတ်ကာ ညီညာသည့် ထုံးကျောက်ဂူ ဝင်ခေါင်းပေါ်တွင် ဆေးနက်နှင့် လူခေါင်း နှင့် လက်နှစ်ဖက်ပုံ ရေးခြစ်လိုက်သည်။ နောက် အောင်မွှင့်ထံမှ သံတူရွင်းယူကာ နေရာများကို ထွင်းကာ ပါလာသော ဆေး က်များကို လောင်းထည့်လိုက်လေတော့ သည်။

မာကျော၍ မိုးရေဒဏ်ကြောင့် ပျော်နိုင်သော်လည်း နှစ်ကာလများစွာ ခံ နိုင်သည့် ထုံးကျောက်ဂူမျိုးဖြစ်သောကြောင့် လူ့ရိုးနှစ်ဖက်ကြားမှ လူခေါင်းပုံကြီးမှာ ထုံး ကျောက်ဂူဝတွင် ထင်ရှားနေလေသည်။

"ကြာကြာခံပါ့မလား ဦးလေး"

အောင်မွှင့်က မေးသည်။

"ဗိသုကာပညာအရတော့ ရေ ဆင်းကို ကြည့်ပြီးတော့ ထုထွင်းထားတာဆို တော့ အောင်မွှင့်ရာ နှစ်လေးငါးဆယ်ကတော့ ဘယ်ပျက်မလဲ"

"ဘာဖြစ်လို့လဲ"

"အပေါ်မှာ မိုးလေကြီးရင် ရေစက် ရေမှုန်မစင်အောင် အကာရှိတယ်။ မိုးသက် လေပြင်းကျရင်လည်း ဒီအရုပ်လုံးနေရာက လုံတယ်လေ။ မြန်မာပြည်မှာက အနောက် တောင်လေနဲ့ အောင်လေ မိုးတွင်းမှာ တိုက် တယ်။ ဆောင်းတွင်းဘက်မှာ မြောက်လေ တိုက်တယ်။ ဒီလေနှစ်ခုလုံးက အနောက် ဘက်လှည့်ပြီး အပေါ်က အမိုးတစ်ထပ် အုပ် ကျနေတဲ့ ဒီရုပ်လုံးနေရာကို ဖျက်ဆီးဖို့ မလွယ်ဘူး"

သူတို့သုံးဦးထဲတွင် ဦးမှတ်ကြီးမှာ သတ္တိ ဗျူဟာရှိ၍ တိုက်ရဲခိုက်ရဲသူဖြစ်သကဲ့ သို့ ဦးတုပ်မှာ ပန်းချီပန်းပုနှင့် ရှေးမြန်မာ မှု အနုပညာများကို တတ်ကျွမ်းသူဖြစ်သည်။

www.burmeseclassic.com



အောင်ပွင့်ကတော့ ဖျတ်လတ်သည်။ သွက်လက်သည်။ နန်းတွင်း၌ လူငယ်တစ်ဦးပင်ဖြစ်သော်လည်း၊ ကနောင်မင်းသား၊ မကွေးရာမင်းသားတို့ထံမှပင် လောကဓာတ်ပညာတို့ကို ချဉ်းကပ်သင်ယူခဲ့ဖူးသည်။ ဆင်ဖြူမရှင်၏ အရေးပေါ်လာကာ မင်းညီမင်းသားများကို ဖမ်းဆီးကာ နန်းတွင်းတွင် သုတ်သင်သောအခါ အောင်ပွင့်မှာ အသက် (၁၆)နှစ်အရွယ်သာရှိသေးသောကြောင့် ရေနံချောင်းမင်းကြီးအိမ်တွင် အမှုထမ်းရွက်နေခဲ့ရလေသည်။

ယာခင်းများထဲမှ သူတို့ဖြတ်လာသောအခါတွင် တစ်စုတစ်ဦးနှင့် ပြန်ဆက်သွယ်ကာ ရတနာသေတ္တာကိုဖော်လျက် နန်းတွင်းနှင့် ဆက်သွယ်ဆောင်ရွက်ရန်ရှိလျှင် သူ့ရှေ့ ကိုယ့်လူသိနိုင်ရန်အတွက် ဦးမှတ်ကြီးက ယွန်းတံဆိပ်ပါသော လဝန်းပုံကနကမာ ဆွဲကြိုးလေးတစ်ခုစီကို အောင်ပွင့်နှင့် ဦးတုပ်တို့အား ပေးအပ်ခဲ့လေသည်။

သူတို့သုံးယောက် ထွက်ခွာလာခဲ့သည့် တောအုပ်နောက်ဘက်တွင် ရပ်ကြည့်နေသူတစ်ဦးကိုကား သုံးဦးလုံး သတိမထားမိကြပေ။ ထိုသူမှာ မုပ္ပလင်သူကြီး ဦးမြို့တင်အိမ်မှာကတည်းက သူတို့နောက်သို့ ခြေရာခံကာ လိုက်လာသော **သံမဏိ စိုးမင်း** ဆိုသူပင် ဖြစ်လေသည်။

သံမဏိစိုးမင်းဆိုသော အမည်ကို ဒေါနတောင်တန်းနှင့် မော်လမြိုင်မနဲ့ဘက်တွင် ရခဲ့သောနာမည်ဖြစ်သည်။ သံမဏိစိုးမင်းသည် မြန်မာလက်ဝှေ့ကို ကောင်းကောင်းထိုးသတ်နိုင်၍ စိုင်ဘာ၊ အောင်ဘုန်းအစရှိသော ပြိုင်ဘက်များကို လက်ဝှေ့ထိုးသတ်အနိုင်ယူခဲ့ရာ မြိတ်တွင် တာဝန်ထမ်းဆောင်နေသော **မောရစ်ကောလင်**က သံမဏိစိုးမင်းကို သဘောကျသွားသည်။

အိန္ဒိယကျွန်းသဘော်မှ လာသော အင်္ဂလိပ်လက်ဝှေ့တတ်သည့် အရှေ့အိန္ဒိယကုမ္ပဏီမှ လက်ဝှေ့သမား **အဗ္ဗဒူလာ** နှင့် ယှဉ်ပြိုင်ထိုးသတ်ခိုင်ရာ ပင်းဝိတ်တန်းလောက်သာ ထိုးခဲ့ဖူးသော အဗ္ဗဒူလာမှာ ခြေဖျား၊ တံတောင်နှင့် ဒူးချက်များ လျှင်မြန်စွာ သုံးတတ်သည့် သံမဏိစိုးမင်းကို ပထမအချီမှာပင် သတိလစ်၍ မှောက်လဲကာ အရှုံးပေးခဲ့ရလေသည်။

ထိုအခါမှစ၍ မောရစ်ကောလင်သည် သံမဏိစိုးမင်းကို သဘောကျသွားခဲ့လေသည်။

×××

အင်္ဂလိပ်တို့ ပထမအင်္ဂလိပ်မြန်မာစစ်ပွဲတွင် သိမ်းယူခဲ့သော နယ်နိမိတ်များတွင် တနင်္သာရီကမ်းမြောင်ဒေသလည်း ပါဝင်ခဲ့ရာ လူသူအရောက်အပေါက်နည်းသော



လည်း သထုံနှင့် ဘားအံကြားရှိ တောင်ယာများ။ ဖုန်ဆိုးတောများကြားရှိ ထုံးကျောက်ဂူတစ်ခုတွင် မန္တလေးနန်းတွင်းမှ ရတနာအချို့ကို မပဲ့ဘာသီဟသူရမင်းခေါင်က ဝှက်သိုထားရန် အစီအစဉ်ချခဲ့သည်မှာ အန္တရာယ်များသည်ဟုလည်း ဆိုနိုင်၏။

အင်္ဂလိပ်မှာထိုစဉ်အခါက အိန္ဒိယမှတစ်ဆင့် မြန်မာတစ်ပြည်လုံးကို သိမ်းယူဖို့ လုပ်ဆောင်ခဲ့ရာ မြန်မာ့ရေမြေအနှံ့အပြားကိုတော့ ကျွမ်းကျင်ကြေညက်လှပြီဟု မဆိုနိုင်သေးပေ။

သို့သော် **စပါးကိုဖျက်တာ စပါးထဲကပိုး၊** ဟူသော အဆိုအတိုင်း မြန်မာလူမျိုး အင်္ဂလိပ်အလိုတော်ရိများ၏ သစ္စာဖောက်မှုကြောင့် အင်္ဂလိပ်စစ်ဘာရီများသည် စနစ်တကျ မြေပုံဆွဲကာ မြန်မာတစ်ပြည်လုံးကို ခေတ်မီအတတ်ပညာဖြင့် စိုးမိုးအုပ်ချုပ်ရန်အတွက် ဖွဲ့စည်းဆောင်ရွက်လေတော့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြန်မာတစ်နိုင်ငံလုံးကို **ခရိုင်ရှစ်ခုခွဲ** လိုက်သည်။

တစ်ခရိုင်လျှင် **ဝန်ရှင်တော်မင်းကြီးတစ်ဦး** ။

ဝန်ရှင်တော်မင်းကြီးတစ်ဦး ရှိသော ခရိုင်တစ်ခုတွင် **စီရင်စုလေးခု ငါးခု** စီခွဲကာ၊ **စီရင်စုတစ်ခုကို နယ်သုံးနယ် နှစ်နယ်** ခွဲကာ၊ နယ်တစ်နယ်လျှင် **နယ်ပိုင်ဝန်ထောက်တစ်ယောက်** ထားရှိသည်။

ထိုနယ်ပိုင်ဝန်ထောက်အောက်တွင် မြို့နယ်များထပ်ခွဲကာ၊ မြို့တစ်မြို့လျှင် မြို့ပိုင်တစ်ယောက် ခန့်ထားကာ အုပ်ချုပ်စေ၏။

မြို့ပိုင် ပိုင်သောမြို့အောက်တွင်လည်း သူကြီးများထားသောကြောင့် ခရိုင် (၈)ခုအတွင်းမှ မြန်မာလူမျိုးများကို မလှုပ်နိုင်အောင် အုပ်ချုပ်နိုင်သည့်အုပ်ချုပ်ရေးမျိုးဟု သိမြင်နိုင်သည်။

မုပ္ပလင်ရှိ ရွာသူကြီးအိမ်တွင် လူဝင် လူထွက်များသည်နှင့် မုပ္ပလင်ရွာသူကြီး ဦးမြို့တင်ကို ခေါ်ကာ မြို့ပိုင်က စစ်ဆေးမေးမြန်းတော့၏။

“မောင်မင်းရွာမှာ လူတွေ ဝင်လာတာ များတယ်။ သူတို့ဘယ်သူတွေလဲ”

မြို့ပိုင်အင်္ဂလိပ်က မေးမြန်းရာ ဦးမြို့တင်မှာ လက်အုပ်ချီလျက်. . .

“ကျွန်တော်မျိုးရဲ့ အမျိုးတွေပါဘုရား”

ဟု ဖြေလေသည်။

“ကျွန်ုပ်လူတွေက ယသက်ကွာ။ ကျွန်ုပ်လူတွေက ပုန်ကန်တဲ့လူတွေပါနိုင်တယ်လို့ ပြောတယ်။ မောင်မင်း အဲဒီလူတွေ ခေါ်ခဲ့ပါ”၊



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ သထုံဘက်ကို ထွက်သွားပါပြီဘုရား"

အင်္ဂလိပ်ခေတ်က မြို့ပိုင်ကို ဘုရားထူးရသည်။ မြို့ပိုင်သည် ထိုင်နေရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။

"မောင်းမင်းလိုက်ခေါ်ဘာ။ ကျွန်ုပ်ကို နယ်ပိုင်က ဒီလူတွေကို သေချာမေးဘာ ပြောဒယ်"

"ကောင်းပါပြီ သခင်"

ဦးမြို့တင်မှာ မြန်မာဘုရင် ရတနာ ဂိရိသို့ပါသွားပြီဖြစ်ကြောင်း သတင်းကြားပြီး ခဲ့ပြီဖြစ်၏။ အားကိုးစရာမရှိတော့။ အင်္ဂလိပ်တို့၏ အုပ်ချုပ်မှုရှည်ကြာဦးမည်ဆိုသည်ကိုလည်း သူသည် နားလည်သဘောပေါက်မိလေသည်။

"မောင်းမင်း ရက်သတ္တတစ်ပတ်အတွင်း အဲဒီလူတစ်ယောက် ဖမ်းမဟုတ်နှစ်ယောက် ခေါ်လာခဲ့ပါ"

သထုံမြို့ရှိ မြသပိတ်တောင်ခြေမှ ပင် သူတို့လူစု လမ်းခွဲကြရာ စစ်ချီလာသော အိန္ဒိယစစ်ဘာရီတပ်စိတ်တစ်စိတ်ကို တွေ့လိုက်ရသည်။ သို့သော် သူတို့၏အဝတ်အစားများမှာ တိုင်းရင်းသားအဝတ်အစားများနှင့် ရောနှောနေသောကြောင့် ရွာထဲသို့ တစ်ဦးစီ ဝင်ကာ ကိုယ်ရောင်ဖျောက်လိုက်ကြသည်နှင့် စစ်ဘာရီများမှာ ရှာဖွေ၍မလွယ်တော့ပေ။

သို့သော် မုပ္ပလင်သူကြီးအနေရာယ်ပေါ်လာပါက ဖြေရှင်းပေးနိုင်ရန် ကတိပြုထားခဲ့၍ ခါင်ရေသောက်သော မိတ်ဆွေတစ်ဦးနှင့်တွေ့ရာမှ မုပ္ပလင်ရွာသူကြီးသည် ဒဟာတ်တော ရွာသို့ ရောက်နေကြောင်း သိလိုက်ရသည်။

ယခုလောဏ်ဆိုလျှင် ရွှေတင်မှာ တော်တော်ပင် ခံစားနေရမည်ဟု အောင်ပွင့်သည် သိလိုက်ရသည်။ ဦးမှတ်ကြီးက မြိတ်ကျွန်းစုများဘက်သို့ ထွက်ခွာသွားပြီး ဦးတုပ်ကတော့ မော်လမြိုင်ကျွန်း ဘိုလေးဟူသော ပင်လယ်ဘက်သို့ လှေကြီးတစ်စီးဖြင့်လိုက်ပါသွားခဲ့ပြီ ဖြစ်လေသည်။

×××

ဒဟာတ်တောရွာရှိ ထန်းတောထဲသို့ ဝင်လိုက်သည်နှင့် မိန့်မိန့်ကြီး ထိုင်နေသော ဦးမြို့တင်ကို တွေ့လိုက်ရလေသည်။ ထန်းတက်သမားကဲ့သို့ ပုဆိုးတိုတိုကို ခါးတောင်းကျိုက်ကာ ထားသော အောင်ပွင့်ကို တွေ့သည်နှင့် ဦးမြို့တင်က အံ့အားသင့်သွားသည်။

ထန်းရည်အိုးများကို ထမ်းပိုးဖြင့် ထမ်းကာ ထန်းတဲသို့ယူလာခဲ့သည်။ ထို





အချိန်တွင် ထန်းတဲ၌ သံမဏိစိုးမင်းထိုင်လျက်ရှိသည်။ သံမဏိစိုးမင်းမှာ သူတာပည့် ညိုကြီးနှင့် မြအုန်းတို့ခေါ်ကာ ထန်းရည်သောက်နေခြင်းဖြစ်၏။

သံမဏိစိုးမင်း ဤဒဟာတ်တောရွာ ထန်းတဲသို့ ရောက်လာရခြင်းမှာ ဤရွာများဘက်တွင် သထုံဘက်၌ သူတွေ့လိုက်ရသော မသင်္ကာစရာ လူသုံးယောက် ရှိနေနိုင်သည်ဟု ထင်ကာ လာခဲ့ခြင်းဖြစ်၏။

မော်လမြိုင်မြို့ပိုင်ကတော့ မန္တလေးသတင်းကို ရထားသည်။ နန်းတွင်း ရတနာအချို့ စစ်တောင်းမြစ်ဘက်သို့ သယ်ယူသွားကြသည်ဟူသော သတင်း။ ထိုစဉ်က မန္တလေးကို ဆန်လာသော ဂျင်နရယ် ပရင်ဒါဂတ် က ညောင်ရမ်းမင်းကို နန်းစောင်မည်ဟူသော လုည်ဖျားမှုမျိုးဖြင့် ဆန်လာရာ ရတနာသေတ္တာကို သယ်ယူသွားသူများကို ဂရုမစိုက်နိုင်ချေ။

သူစေလွှတ်ထားသော အထောက်တော်များက သီပေါမင်း၊ ထိပ်စုဖုရားနှင့် အနီးဝန်းကျင်ရှိ ရတနာဝတ်ဆင်ထားသော အပျိုတော်များကို စောင့်ကြပ်နေ၍ စိတ်ချမှုလည်း တစ်ပိုင်းပါပေလိမ့်မည်။

မျက်လုံးချင်း အချက်ပြကာ အောင်ပွင့်ကို သူကြီးဦးမြို့တင်က ထန်းတဲနောက်ရှိ ချုံတောထဲသို့ မျက်ရိပ်ပြလိုက်သောကြောင့် အောင်ပွင့်က လိုက်ပါလာသည်။ ထိုအချိန်တွင် သံမဏိစိုးမင်းက မျက်ခနဲ လှမ်းကာ တစ်ချက်ကြည့်လိုက်သည်။

"ညိုကြီး"

"ဗျာ"

"မင်း ဟိုမြူအိုးတွေထမ်းသွားတဲ့ကောင်ကို တွေ့မှုလား"

ညိုကြီးနှင့်မြအုန်းမှာ ရွာခံဖြစ်သည်။ ညိုကြီးက ထန်းရည်အိုးထဲမှ ထန်းရည်များကို ဝါးကျည်တောက်ထဲသို့ လောင်းထည့်နေရာမှ

"မသိဘူးဗျ။ ဒီကောင် ထန်းပင်တက်တာတော့ တော်တော်ကျွမ်းကျင်တယ်နော်။ ကျုပ်တို့ ခါတိုင်း ဒီအချိန်ထန်းရည်မရသေးဘူး။ သူကသောက်တဲ့သူ မြင်တာနဲ့ သုံးလေးအိုး အရန်တက်ထားတယ်"

ဟု ပြောလိုက်သည်။

"ဆရာစိုးမင်းရာ မြန်မာပြည်မှာ ဒီလိုကောင်မျိုးတွေ အများကြီးပါဗျာ။ သိပ်တွေးမနေပါနဲ့။ ရှက်မှာပုံကြည့်ရတာ အညာသားထင်ပါတယ်"

မြအုန်းက မူးစပြုနေပြီဖြစ်သော ကြောင့် သူထင်ရာ ဝင်ပြောလိုက်သည်။

"ငါက အညာသားမှုလို့ စိတ်ဝင်စားတာပဲဟေ့။ ဒီကောင် ဘယ်သူလဲ ထန်း



www.burmeseclassic.com

www.burmeseclassic.com



တဲပိုင်ရှင် ဦးဆောင်းကို မေးကြည့်စမ်း"

ထန်းတဲပိုင်ရှင်ဦးဆောင်းက မြို့ပိုင်နယ်ပိုင်တို့အထိ ပေါက်ရောက်သော လူ ငယ်လေးဟုဆိုကာ သံမဏိစိုးမင်းကို အထင်ကြီး လေးစားသည်။ သံမဏိစိုးမင်းကလည်း မြို့ပိုင် ရာဗတ္တင်ဇီ ထံ မောရစ်ကောလစ်က ထောက်ခံပေးပို့ထားသည့်အတိုင်း လူဆိုး လူမိုက်များကို နှိမ်နှင်းရာတွင် ပုလိပ် အဖွဲ့နှင့်အလားတူ အသုံးတည့်သောလူတစ်ဦး ဖြစ်နေခဲ့သည်။

"ဦးဆောင်းမရှိဘူး။ သူ ပြန်လာရင် ထန်းတက်တဲ့အကောင်ကို ဆရာ့ရှေ့ခေါ် ဖူးတောက်နိုင်းပါ့မယ်"

"အေး ကောင်းပြီ။ အဲဒါ မြဲမြဲမှတ်ထား"

ထန်းတဲနောက်ဘက်ရှိ ချောင်းစပ်တွင်ကား ဦးမြို့တင်နှင့် အောင်ပွင့်တို့ ဆုံမိသွားသည်။

"ဦးလေး ဒဟတ်တောရွာကို လာတာ ကိစ္စရှိသလား"

ဦးမြို့တင်က အားနာနေသည်။

"ပြောပါ ဦးလေးကြည့်ရတာ တစ်ခုခု အားနာနေသလိုပဲ"

မော်လမြိုင်မြို့ပိုင်က သူ့အား ခေါ်ကာ ပြောခဲ့သည့်ကိစ္စကို ဖွင့်ဟပြောကြားလိုက်ရာ

"ဟာ . . . ကျွန်တော်လိုက်ခဲ့မှာပေါ့။ ဦးလေး။ စိတ်ချ လှပါတယ်မို့လား။ ဟို မှာလည်း ဘာကောင်တွေလဲ မသိဘူး"

ဟု ပြောလိုက်၏။

"အဲဒါ နာမည်ကြီး၊ အိန္ဒိယ လက်ဝှေ့သမားကို နိုင်ခဲ့တဲ့ သံမဏိစိုးမင်း ဆိုတဲ့ကောင်ပဲ။ သူက အင်္ဂလိပ်အလိုတော်ရိ မင်းမလိုက်ပါနဲ့။ တခြားလူတွေ ဘယ်နေရာမှာ ရှိတယ်ဆိုတာသာ ပြောပါ"

အောင်ပွင့်ကို အသက်ငယ်ငယ် ရွယ်ရွယ် ရုပ်ရည်သနားကမားဖြစ်၍ ဦးမြို့တင်က ကရုဏာသက်ကာ ခေါ်မသွားလိုပေ။

***

အောင်ပွင့်က ဦးမြို့တင်တို့ မိသားစုကိုပါ အင်္ဂလိပ်မြို့ပိုင်နှင့် နယ်ပိုင်တို့က အန္တရာယ်ပေးနိုင်ကြောင်း သိရှိသွား၍ လိုက်ပါခြင်းဖြစ်သည်။ ရွှေတင်လို မိန်းမချောလေးတစ်ဦး၏ မိဘများကို သူတို့အား ပုန်ကန်ဆန့်ကျင်သူနှင့်ပေါင်းပါက အင်္ဂလိပ်အစိုးရက ခွင့်လွှတ်မည်မဟုတ်ပေ။

မြန်မာပြည်ကို သိမ်းပြီးကာစက ပုန်ကန်သော မြို့သူကြီး ရွာသူကြီးတို့ကို အင်္ဂလိပ်တို့က သတ်ဖြတ်၍ ထိတ်လန့်ကြောက်ရွံ့အောင်ပင် ပြုလုပ်လေ့ရှိကြရာ ဇာတိမာန်ထက်မြက်သော မြန်မာလူမျိုး





တို့ပင် အလွန်လျို့ဝှက်ကာ အဆောက်အသွယ် လုပ်၍ တိုက်ခိုက်နေရသော ကာလလည်း ဖြစ်လေသည်။

ရေလှမြင့်လိုက်ပါလာသော အောင်ပွင့်သည် ပင်လယ်ကမ်းစပ်ရှိ ဦးမြို့တင်၏ မုပွလင်မှ မိသဘော်သင်္ဘော်တော်ကို ရောက်သောအခါတွင် တပေါင်းလပြည့်ဖြစ်၍ လ ရောင်သာယာသည်နှင့် ကမ်းခြေရှုခင်းများကို ကြည့်ရင်း လိုက်ပါလာခဲ့လေသည်။

"ဦးလေးသဘောကတော့ လိုက်လာရမှာတော့ မတွေ့တော့ဘူး။ မြိတ်ဘက်ကို ထွက်သွားပြီလို့ မြို့ပိုင်ကို ပြောလိုက်ရတာပဲ မဟုတ်လား"

"ဟုတ်တယ်။ ဒီလိုပြောလိုက်တော့ ရတယ်။ ဒါပေမဲ့ ရွာမတွေ့လို့ အရေးယူ မယူဆိုတာကို တိတိကျကျ သိရရင်တော့ ကောင်းတာပေါ့"

အောင်ပွင့်က မော်တော်သံတန်းကို မှီကာ မြစ်ကမ်းစပ်ကို ကြည့်ရင်း ပြောလိုက်သည်။ ရွာသူကြီး၏ မော်တော်ဖြစ်သောကြောင့်လမ်းတွင်ရပ်နားသော ရွာများမှ အကောက်တော်ရိတ်များက လွှတ်ပေးလိုက်ကြလေသည်။

"ဒီလိုတော့ ဘယ်ပြောလို့ရပါ့မလဲ။ ဘာပဲဖြစ်ဖြစ် ရောက်ရောက်ချင်းတော့ မြို့ပိုင် ရာမတ္တင်ဇီဆီကို တန်းမသွားသင့်ဘူး"

"ကျွန်တော်ကလည်း စောင့်ကြည့်ဖို့ လိုက်လာတာပါပဲ ဦးလေးရာ။ အခြေအနေပေါ်မှာ ကြည့်ပြီးတော့ စီစဉ်ဆောင်ရွက်ကြရမှာပေါ့"

"အေးလေကွာ . . . နစ်ယောက်တည်းမို့လို့ ငါပြောရဦးမယ်။ ဒီကောင်တွေ မြန်မာပြည်ထဲကို ကုလားတွေခေါ်လာတာ စစ်ဘာရီတွေက မြန်မာတောသူတောင်သားတွေကို ဘုရားထူးနိုင်းတာ ဖမ်းပြီး နှိပ်စက်တာ နည်းနည်းမှ မကျေနပ်ဘူး"

"ဒီလိုချည့်ပေါ့ ဦးလေးရေ။ မြန်မာသွေးက နီပါတယ်။ တစ်နေ့ ဒီကောင်တွေ မြန်မာအကြောင်း၊ ကောင်းကောင်းသိရမှာပေါ့"

သူတို့မော်တော်သည် လမ်းတွင် တစ်ညအိပ်ပြီးနောက် မုပွလင်မြို့ရှိ သူကြီး ဦးမြို့တင်တို့ ရွာသို့ ဆယ်အိမ်ခေါင်းဦးမောင် လေးနှင့်အတူလျှောက်လှမ်းလာခဲ့ကြသည်။

ပျဉ်ထောင်နှစ်ထပ်အိမ်ကြီး အပေါ်ထပ်မှ ဝရံတာတွင် ရပ်ကာ ကြည့်နေသော မိန်းမပျိုလေး ရွှေတင်သည် အောင်ပွင့်ပါလာသည်ကို တွေ့ရသောကြောင့် အထူးပင် ကြည်လင်ရွှင်ပျသွားသည်။

သို့သော် သူ၏မျက်နှာလေးမှာ ချက်ချင်းပင် စိုးရိမ်သောကများ ဖုံးလွှမ်းသွားသည်။ အောင်ပွင့်၏မျက်နှာကို သူမ



www.burmeseclassic.com

www.burmeseclassic.com



မြင်တွေ့၍ ပြုံးရွှင်ကြည်သာမှု ဖြစ်ပေါ်သော်လည်း၊ ယခုလိုအခါမျိုးတွင် အောင်ပွင့်မလာသည်က အကောင်းဆုံးဟု တွေးမိသည်။

တဘက်ကလေးကို ခြုံကာ ရွှေတင်သည် အောက်ထပ်သို့ ဆင်းလာခဲ့၏။ ဆယ်အိမ်မှူးမောင်လေးမှာ အသက် သုံးဆယ်ကျော်အရွယ်ရှိပြီး ပြုံးရွှင်သော မျက်နှာဖြင့် ဆင်းလာသော ရွှေတင်၏အရိပ်အကဲကို သတိထားမိသည်။

"အင်း… ဒီကောင်မလေး မန္တလေးကလာတဲ့ နန်းတွင်းသားကို သဘောကျနေပါလား"

ဟု ကြိတ်၍တွေးမိသည်။

"အမေနဲ့ ကိုအောင်ပွင့်နဲ့ ဘယ်မှာ တွေ့လာလဲ"

"တိုက်ဆိုင်တာပါ သမီးရာ။ ဒဟတ်တောရွာမှာ သူက ထန်းသမား လုပ်နေတာ"

အောင်ပွင့်က ရွှေတင်ကို ပြုံး၍ ကြည့်လိုက်သည်။ ရွှေတင်က မျက်နှာသုတ်ပဝါလေး ပခုံးတင်ကာ…

"ရေချိုးမယ် မဟုတ်လား။ ခုနတင် ကျွန်မ အိုးတွေထဲ ရေဖြည့်ထားတယ်"

ဟု ပြောသည်။

လဆုတ်ဆယ့်လေးရက် ဆယ့်သုံးရက်တွင် လရောင်မှာ ကျေးလက်တောရွာများတွင် သဘာဝအလင်းရောင်အဖြစ် ထွန်းပနေတတ်သည်။ အိမ်ခန်းတွင်း၌သာ ရေနံဆီ ကညင်ဆီမီးခွက်ထွန်းကာ အလင်းရောင်ရအောင် လုပ်ကြလေ့ရှိပြီး အိမ်ပြင်တွင်ကား လရောင်အောက်မှာပင် ခပ်အေးအေး နေထိုင်လေ့ရှိကြ၏။

လူကြီးဖြစ်သော ဦးမြို့တင်ကတော့ မောမောဖြင့် ကွပ်ပျစ်ပေါ်တွင်ထိုင်ကာ ဆယ်အိမ်ခေါင်းမောင်လေးနှင့် ၊ စကားပြောနေသည်။

"သူ့ကိုခေါ်လာတာတော့ ဟုတ်ပါရဲ့ သူကြီးရာ။ ကျုပ်တို့ကြောင့် သူတစ်ခုခုဖြစ်သွားရင်လည်း စိတ်မကောင်းစရာပဲ"

"သူက လိုက်မယ်ဆိုလို့ ခေါ်လာတာပါကွာ။ ဒါပေမဲ့ ပိုဘက်က မီးကို ဝါသတိကြည့်ပါဦးမယ်။ ပိုဘက်က မီးသေသွားတော့လည်း သူ့ကိုသေးကင်းရာ လွှတ်ရမှာပေါ့"

"ဒီညတော့ ကျုပ်အိမ်လွှတ်ပြီးတော့ သိပ်ပါ။ မနက်ကို စစ်ဘာရီတွေက သူကြီးဆီ ဝင်ချင်ဝင်မှာ သိမ်ဝရပ်ရောက်နေကြတယ် ကြားတယ်"

"ဟေ ဟုတ်လား"





"ဟုတ်တယ် သူကြီးရ။ ရန်ကုန်မှာ ပုလိပ်မင်းကြီးနဲ့ ဝန်ရှင်တော်မင်းကြီးထားချားလ်စ်ဘားနာဒ် တို့တွေဖို့ရှိလို့ ရာမကျွင်ဗီ တောင် ရန်ကုန်ထွက်သွားပြီလို့ သတင်းရတယ်"

"ဒါဆိုရင်တော့ လောလောဆယ်သူတို့ ဘာကိစ္စရပ်ပေါ်သလဲ မသိဘူး။ အောင်ပွင့် ကံကောင်းတာပေါ့ကွာ"

×××

လရောင်က သူကြီးဦးမြို့တင်အိမ်နောက် မန်ကျည်းပင်ပေါ်မှ ဖြာကျနေသည်။ မန်ကျည်းပင်အောက်ရှိ လရောင်အောက်တွင် အောင်ပွင့်က ရာဝင်အိုးထဲက ရေကို ခပ်၍ ရေချိုးနေလေသည်။

"ကိုအောင်ပွင့်"

"ပြော ရွှေတင်"

"ကိုအောင်ပွင့် ဘယ်တွေရောက်ခဲ့လဲဟင်"

"ဟို၊ သထုံတို့၊ ဘားအံနားတို့ဘက်အထိ ရောက်တာပေါ့"

"ကိုအောင်ပွင့်တို့ကိစ္စတွေ ပြီးပြီလား"

"ပြီးပြီ မရွှေတင်ရဲ့"

"ဒါဆို အောင်မြင်သွားပြီပေါ့နော်။ ဒါပေမဲ့ ကိုအောင်ပွင့် ဒီရွာကိုလိုက်မလာသင့်ဘူး"

"လိုက်မလာရင် မြို့ပိုင်တွေက ရွှေတင်တို့ မိသားစုကို ဒုက္ခပေးမှာစိုးလို့"

"ကိုအောင်ပွင့်ကို ဖမ်းမိရင်ရော သက်သာမယ်ထင်သလား"

"မသက်သာလည်း ရင်နှတ်စိတ်နေလိုက်မှာပေါ့ မရွှေတင်ရဲ့"

"မရဘူးနော် ကိုအောင်ပွင့်။ ကျွန်မ သိပ်စိုးရိမ်တာပဲ။ ဒီည ရှင်ဒီအိမ်မှာ အိပ်ဖို့လည်း စိတ်မကျနဲ့"

ရွှေတင်က စိုးရိမ်သံဖြင့် ပြောကြားလိုက်လေသည်။

"ဘာလဲ မရွှေတင်က အစ်ကိုကို ညသည့်အဖြစ် လက်မခံချင်တော့ဘူးပေါ့"

"ဒီလို မပြောပါနဲ့ အစ်ကို။ ရွှေတင်က အစ်ကို့အတွက် စိုးရိမ်လို့ပါ။ မနက်ဖြန်ကို သိမ်ဝရပ်က စစ်ကြောင်းတွေက လာလိမ့်မယ်"

ထိုခေတ်အခါက အင်္ဂလိပ်လူမျိုးများက ရောက်ရာဒေသတွင် မြန်မာပိန်းမျိုးချောချော အိမ်ထောင်မရှိသူများ တွေ့လျှင် စိတ်မချရ။ မိဘနှင့်ပဒေဝန်းကျင် ကောင်းမှသာ သိက္ခာထိန်း၍ ရှောင်တတ်သူမျိုးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက လိုက်လျောလျှင်တော့ ရေတိမ်နစ်ဖို့ သေချာပေတော့သည်။ ရွှေတင်သည်လည်း အင်္ဂလိပ်စစ်ဘာရိ (အိန္ဒိယလူမျိုးများသည်) များလာလျှင် ရွာထဲမှ အိမ်တွင်သာ ပုန်း၍ အိပ်ရတတ်သည်။ ထိုညက အောင်ပွင့်ရေချိုးပြီးသည်နှင့် ရွှေတင်က မျက်နှာသုပ်ပဝါကို ပေးလိုက်သည်မျက်နှာသုပ်၍ ခပ်ကောင်းကောင်း အဝတ်ကို လဲကာ...

"လာ ကိုအောင်ပွင့် အိပ်ရေး မတွက်နဲ့တော့။ အိမ်ရှေ့မှာ ဘယ်ကရွာသားတွေလည်း မသိဘူး ရောက်နေတယ်"

ဟုပြောကာ လက်ဆွဲ၍ အိမ်နောက်ဘက် သစ်ပင်များကြားသို့ ခေါ်ခဲ့သည်။

"ကျုပ်ကို ညာလို့မရဘူး၊ ဦးမြို့တင်။ ဟောဟိုတောက ထန်းတောမှာ အလုပ်လုပ်နေတဲ့ကောင်ဟာ ခင်ဗျားတို့ မီးသေတ်(မော်တော်)နဲ့ ပါသွားတယ်ပြောတယ်"

သံမဏိစိုးမင်း၏ အသံကို ကျယ်လောင်စွာ ကြားလိုက်ရသည်။ အောင်ပွင့်ကို စိုးရိမ်သော ရွှေတင်မှာလည်း လက်ကိုဆွဲကာ ရွာနောက်ဘက်သို့ထွက်သော လမ်းအတိုင်း ခေါ်လာခဲ့သည်။

"ရွှေတင်"

"ရှင်"

"ဒီကောင်ကြည့်ရတာ သိပ်မဟန်ဘူး။ အစ်ကို ဦးလေးကိုနိဝက်မှာ စိုးရတယ်"

"အစ်ကိုကို လာရှာတာ"

"သိတယ်"

ရွှေတင်၏လက်ကို ဖြုတ်ချကာ သူကြီးအိမ်နောက်ပေါက်က ဝင်လာသည်။ ထိုအချိန်မှာပင် သူကြီးကို သံမဏိစိုးမင်းက လက်ပြန်ကြိုက်လိုက်သည်ကို တွေ့မြင်ရလေသည်။

"ကျုပ်က လိမ်လို့ရတဲ့သူ မဟုတ်ဘူးဗျ"

"မှောင်း"

***



ဂျာဘဝ၌

လူတစ်ဦး၏အစွန်းဆွန်းဆုံးအပြစ်သည်

"သေခြင်းတရား" နှင့်တွေ့ဆုံခြင်းပင်ဖြစ်၏။

သေခြင်းကိုမကြောက်သူသည်

တရားမျှတသောမည်သည့်အရာကိုမဆို

ရင်ဆိုင်ရန်ကြောက်လိမ့်မည်မဟုတ်ပေ။

ထန်းတောထဲတွင် တွေ့ခဲ့ကတည်းက ဆောင့်ကြွားကြွားမျက်နှာထားတင်းမာသော သံမဏိစိုးမင်းဆိုသူကို အောင်ပွင့်သည် မှတ်မိခဲ့၏။ လရောင်အောက်တွင် ပုလိပ်ဘောင်းဘီတိုနှင့် ဦးမြို့တင်ကို လက်ပြန်ကြိုက်လိုက်သည့် သူ့အမူအရာကို တွေ့သည်နှင့်...

"ဟေ့ကောင် ခွေးမသား မင်းက ဘာကောင်မို့ သူကြီးကို အိမ်ထဲဝင်ပြီး စော်ကားရတာလဲကွ"

ဟု အောင်ပွင့်က မေးလိုက်တော့သည်။

သူ့ကို ဤကဲ့သို့ မာမာကျောကျော ပြောရဲသူမျိုးကို မော်လမြိုင်၊ ထားဝယ်နှင့် ကော့သောင်းထိ တနင်္သာရီကမ်းမြောင်အေသ တွင် မတွေ့ဖူးချေ။

အောင်ပွင့်ကို စစ်ဘာရီများက ရောက်ရှိကာ ဖမ်းမိသွားမည်ကို စိုးသောကြောင့် သူကြီးဦးမြို့တင်နှင့် သမီးရွှေတင်တို့ ကပုန်းရှောင်နေစေချင်သည်။ သူကြီးကတော် ဒေါ်ရွှေမိဆိုလျှင် ဘုရားခန်းထဲမှ ပင် မထွက်။ လက်တုန်ခြေတုန်နှင့် ပုတီးစိပ်နေသည်။

သူမအနားတွင် သူကြီး၏တူမ မမြအေးလည်း ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သွား၊ သွား၊ နင်တို့မပနူလားကို သွားခါ ဖြဲထဲမဆင်းစေနဲ့"

မြူအောက် အောက်ထ ၀ိသို့ ဆင်း လာပြီး ရှေ့သို့ဆက်၍မတိုးရဲ။ လှေကားရင်း မှာသာ ရပ်နေသည်။ အိမ်ရှေ့မှုတ္တာကွယ် မှ ပုန်းကာ ရှေ့တင်က လရောင်ထိန်ထိန် သာနေသော ဖြဲထဲသို့ ကြည့်နေလေသည်။

"မင်းကလေး၊ ငါ့ကိုဆဲတာ ရှေ့ကို ထွက်ခဲ့စမ်း"

အောင်ပွင့်သည်လည်း၊ ခပ်တည် တည်ပင် ရှေ့တိုးလာခဲ့လေသည်။

"ဦးလေး နောက်ဆုတ်လိုက်။ ဒီ ကောင်နဲ့ ကျွန်တော်တွေ့ကြသေးတာပေါ့"

အောင်ပွင့်က ပုဆိုးကိုတိုတို ဝတ် ကာ ရှေ့သို့တိုးလာသောကြောင့် သံမဏိ စိုးမင်းက ခြေဆုံးခေါင်းဆုံး အကဲခတ်လိုက် သည်။

သံမဏိစိုးမင်းသည် ထန်းရည်မူး နေသော သူ့အဖော်နှစ်ယောက်ကို ဖော် တော်ပေါ်တွင် ထားခဲ့ကာ တစ်ဦးတည်း ဆင်းလာခဲ့ခြင်းဖြစ်၏။ ဆယ်အိမ်ခေါင်း မောင်လှေကာ ရန်ပွဲကြီးဖြစ်မည်စိုး၍ . . .

"သည်းခံပါသခင် . . . သူက ညီသည်ပါ။ သူပုန်မဟုတ်ပါဘူး"

ဟု သံမဏိစိုးမင်းကို ဝင်ရောက် ကာ တောင်းပန်လိုက်လေသည်။

"သွားစမ်းကွာ။ မင်းဘာမှ ဝင် မပြောနဲ့"

ဒူးထောက်တောင်းပန်သော ဆယ် အိမ်ခေါင်းမောင်လှေကို စိုးမင်းက ခြေနှင့် ကန်လိုက်သည်။ မောင်လှေ လဲကျသွားကာ ကြောက်ကြောက်နှင့် နောက်သို့ဆုတ်သွား တော့၏။

"ဒူးထောက်စမ်း၊ ဟေ့ကောင်"

သံမဏိစိုးမင်းက သူ့ရှေ့တွင် ခပ် ကားကားရပ်နေသော အောင်ပွင့်ကို ဒူး ထောက်ခိုင်းလိုက်၏။ အောင်ပွင့်က တံတွေး တစ်ချက်ထွေးလိုက်သည်။

"ထွီ မင်းကလေးကွ ငါ့ကို ဒူး ထောက်ခိုင်းတာ။ ကျုလားဖြူကျွန်ရဲ့ရှေ့မှာ ဒူးထောက်မယ့်လူ့စားမျိုးထဲ ငါ မပါဘူးကွ။ မင်းသာ ကုလားဖြူကျွန်။ ကုလားဖြူတွေရဲ့ ဒူးထောက်တဲ့ကောင်"

မျက်နှာကို လက်ညှိုးထိုးကာ ပြတ် ပြတ်သားသား ပြောလိုက်သော အောင်ပွင့် ၏ စကားကြောင့် သံမဏိစိုးမင်း ရင်ထဲ တွင် ကျွံဝင်ခတ်သကဲ့သို့ ခံစားလိုက်ရလေ သည်။

"မင်းက ဗေလမင်းသား၏ ဘုန်း တော်ကို စော်ကားနေတာကို။ မင်းကို မစွတာမဏ္ဍာ လက်ထဲ အပ်ပြီး ကြိုးစင် ကို ပို့ရမယ်"





သံမဏိစိုးမင်း၏ စကားကြောင့် သူကြီးခြံဖြင့်မှ ချောင်းကြည့်နေသူများမှာ နောက်သို့ပင် ခ၀ိရိရိ ဖြစ်သွားလေသည်။

"မင်း ကြိုးစင်ကို မမြင်ခင် သူငှာ မောက်တွေထွားရမယ့်လမ်းကိုလည်း ကြည့် ထားဦး"

အောင်ပွင့်က သူ့အကျႌလက် မောင်းကို ပင့်တင်ကာ လက်သီးနှစ်ဖက်ကို ဆုပ်လိုက်သည်။ မြန်မာ့လက်ရွေ့ဖြင့် ကုလား တစ်ဦးကို နိုင်မှုသော သံမဏိစိုးမင်းက လည်း လက်ခံမောင်းခတ်လိုက်ကာ . . .

"မင်းက ငါ့အကြောင်း၊ ကောင်း ကောင်း မသိဘူးထင်တယ်။ ဒီမှာသူကြီး သူ့နဲ့ ကျုပ် အခုတစ်ယောက်ချင်း လက်ရွေ့ သတ်တယ်။ ဘယ်သူလဲလဲ ဝင်မဆွဲနဲ့။ တစ် ယောက်နဲ့ တစ်ယောက် သတ်မေ့ပြီး မထ နိုင်အောင် သတ်ကြေး။ သဘောကျလား"

ဟု အောင်ပွင့်ကို မေးလိုက်၏။

အောင်ပွင့်ကလည်း၊ တမျှောင်း မျှောင်းလက်ခမောင်းခတ်ရင်း . . .

"မင်းက အောက်ပြည်အောက်ရွာ က လက်ရွေ့ရေလေး နည်းနည်းတတ်လို့ စိတ်ကြီးဝင်နေတာကို။ ဒီမှာ ငစိုးမင်း၊ ငါ တို့ နန်းတွင်းလက်ရွေ့ပညာကို မင်း ယှဉ် ကြည့်ပါဦး"

ဟု ပြောကာ သူ့တယ်ထက်ဆုံ ကို ညာလက်ဖြင့် ရိုက်လိုက်သေးလည်း။

"မျှောင်း၊ မျှောင်း၊ မျှောင်း"

အောင်ပွင့်၏နှားထဲတွင် နန်းတွင်း၌ မဟာသီဟသူရမင်းခေါင်က လက်ရွေ့ ကျော်ကြီးများဖြင့် ရှာစားကို ဆိုင်းတီးကာ သင်ကြားပေးခဲ့သည့် ဆိုင်းသံကို ကြား ယောင်ကာ ညာဒူး၊ တယ်ဒူး၊ ကြွလျက် လက်ရွေ့ရေး ပြလိုက်သည်

သံမဏိစိုးမင်းမှာလည်း၊ သူ လိုက် လံရှာဖွေနေသူမှာ နန်းတော်မှ လက်ရွေ့ ရေးတတ်သူပဲ သို့၍ သတိထားကာ စတင် ထိုးသတ်လေတော့သည်။

သံမဏိစိုးမင်း၏ ခြေဖျား။ တံ တောင်နှင့် ဖူးတို့ကို အောင်ပွင့်က ပါးနပ် စွာ ရှောင်တိမ်းလိုက်သည်။

***

မြန်မာနိုင်ငံ တိုင်းတစ်ပါးလက် အောက် ရောက်ကာလ ကိုယ့်တိုင်းကိုယ့်ပြည် လူမျိုးချစ်မြတ်နိုးသည့် စိတ်ကို ရင်ထဲတွင် သိုဝှက်ထားရသည် မြန်မာလူမျိုးများသည် သံမဏိစိုးမင်းနှင့် အောင်ပွင့်တို့၏ထိုးကွက် တို့ကို ရင်တခုန်ခုန်ဖြင့် ကြည့်နေကြလေ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖောင်း"

"ဖျောင်း ဖျောင်း"

အောင်ပွင့်ထဲ သူ့ကို ဖူးနင့်တိုက်ရင်း၊ အရှိန်လွန်သွားသော သံမဏိစိုးမင်းကို ခြေဖျားနှင့် ပေါ့ပါးစွာ လှမ်းခတ်လိုက်သည်။

ဓရိဖျားက လက်သီးကိုဆုပ်ကာ ကားထားသည့် နံကြားသို့ နစ်ချက်ဆင့်ဝင်သွားသည်။

သာမန်လူတစ်ဦးသာဆိုလျှင် ဤနေရာတွင် ပုံလျက်သေကျသွားမည်ဖြစ်သော်လည်း၊ သံမဏိစိုးမင်းမှာ လုံးကျစ်သန်မာသော ကိုယ်ဟန်ရှိခြင်း၊ အားလျှင် ကြံ့ရာဓာသတို့၌ ပြိုင်ဘက်လက်ရွေးသမားများ ရှာဖွေကာ သတ်ဖြတ်လေ့ရှိခြင်းကြောင့် နောက်သို့ ခုန်ဆုတ်ကာ မျက်နှာရှုံ့မဲ့သွား၏။

ကောင်းကင်ယံတွင်လည်း ငွေသော်တာလမင်းမှာ တိမ်မြူကင်းစင်စွာ ကြည်ကြည်လင်လင်ပင် ထွန်းပလျက်ရှိနေလေသည်။ မပွဲလင်မြို့ရှိ သူကြီးဦးမြို့တင်၏ ခြံဝင်းထဲတွင်လည်း လက်ရွေးပွဲမှာ ရွာသားများ ဖုံကာကြည့်ရှုနေကြလေပြီ။

နံကြားကို နစ်ချက်တိတိ အကန်ခံလိုက်ရသောကြောင့် နောက်သို့ ဆုတ်သွားသော သံမဏိစိုးမင်းသည် ဘယ်ခြေညာခြေပြောင်းကာ အောင်ပွင့်ကို အကွက်ကောင်းဖြင့် တိုက်နိုက်နိုင်ရန် ကြံစည်လျက်ရှိသည်။

ခြေဖျားကို ပါးနပ်လျှင်မြန်စွာ အသုံးပြုတတ်သော အောင်ပွင့်၏ လက်ရွေပညာကို သတိထားမိသော သံမဏိစိုးမင်းသည် အောင်ပွင့်၏ ညာခြေကို လက်နှင့်မကာ လှမ်းဆွဲနိုင်ရန် သူ့နံကြားကို စောကလိုပင် ဖွင့်ပေးလိုက်၏။

အောင်ပွင့်သည် နံကြားကို ခတ်မည့်ဟန်ပြလိုက်ရာ သံမဏိစိုးမင်းက လှည့်ကာ လက်နှင့်မဲ၍လှန်မည့်ဟန်ပေါ်သွားသေသည်။ အောင်ပွင့်သည် ခြေဖျားကို အသုံးမပြုတော့ဘဲ လွတ်နေသည့်ဘယ်ခြေကို သူ၏ ညာခြေခွင်ဖြင့် တအားကန်လိုက်တော့၏။

"အုန်း"

"အား"

ညာခြေခွင်၏ ကန်ချက်ကား သံမဏိစိုးမင်း၏ ဘယ်ဒူးဆစ်ကို မိမိရရ ကန်မိသွားသောကြောင့် ခွေခနဲလဲကျမလို ဖြစ်သွားသည်။

"ဟာ"

"ဟယ်"

မပွဲလင်ရွာဝန်းကျင်မှ လူများမှာ မြန်မာ့လက်ရွေ့ကို လေ့လာလိုက်စားသူများ





များသောကြောင့် အပေါ်ဘက်ကို ဟန်ပြကာ ခြေကို ပြန်မရုပ်ဘဲ အောက်ဘက်ကို ထိအောင်ကန်လိုက်သည့် အောင်ပွင့်၏ တိုက်ကွက်ကို အံ့အားသင့်သွားကြလေ၏။

အောင်ပွင့်က ခြေသွတ်သွားသည့်နှင့် နောက်သို့ ဇရပ်ခုန်ခုန်ကာ ဆုတ်၍ စောင့်ကြည့်လိုက်သည်။

သံမဏိစိုးမင်းမှာ နာလိုခံခက် အမျက်ထွက်ဆိုသကဲ့သို့ ဖြစ်သွားသည်။

"တောက်"

"သတ္တိရှိရင် နောက်တစ်ချက် ကန်ကြည့်စမ်း"

မှုန်ရှိုသတ်ကို ဟန်လုပ်ကာ သံမဏိစိုးမင်းက လက်ဖြင့် သူ့မျက်နှာဘက်ကို ကွေးကာ ခေါ်လိုက်သည်။

မည်သူသည် တစ်ဘက်ပြိုင်ဘက်သမား သိပြီးသော လက်ရွေ့ထိုးသတ်ကွက်မျိုးကို နောက်ထပ်တစ်ကြိမ် ထပ်၍ တိုက်နိုက်ပါမည်နည်း။

သံမဏိစိုးမင်း ဒေါသထွက်လာသည်။

လက်ရွေ့သမားတစ်ဦး ဒေါသထွက်လာခြင်းမှာ မှားကွက်ကို နင်းဖို့ ပထမခြေလှမ်းလှမ်းလိုက်ခြင်းပင် ဖြစ်လေတော့သည်။

"ဟိုင်း"

"ဖောင်း"

"ဟား"

လက်သီးကို တအားကုန်ထိုးကာ ခြေထောက်ကို တအားကုန် ကန်သည်။ အောင်ပွင့်က တစ်ဘက်လူ၏ ဟာကွက်ကို ရိပ်မိနေပြီဖြစ်သည်။ အပေါ်ပိုင်းကို လုံအောင် ကာနိုင်သော်လည်း ဝင်စစ် သံမဏိစိုးမင်းသည် အောက်ပိုင်းကို မလုံ။ ထို့ကြောင့် လေထဲတွင် အထိန်းအကွပ်မဲ့စွာ သူမေးများကို ပင့်ကန်လိုက်သည့် ဘယ်ခြေကို နောက်မှဆင့်ကာ ညာခြေဖြင့် ပထမ တန်ချက်သည့် ဖူးခေါက်ခွက်နေရာကိုပင် ခပ်ပြင်းပြင်း၊ ကန်လိုက်သည်။

"ဗုန်း"

"အား"

ထိုသပြင်းပြင်းနင့်အတူ သံမဏိစိုးမင်း၏ကိုယ် တစ်ပတ်လည်သွားကာ နောက်မှ အောင်ပွင့်ဝင်တိုက်မည်ကို တွေးမိ၍ ချက်ချင်းလှည့်ကာ လက်သီးကို ထောင်၍ ညာလက်သီးက ခါးဘေးတွင် ကပ်ကာ ကြည့်လိုက်သည်။

"ဘယ်လိုလဲကွ မင်း ငါ့ကို တစ်ချက်မှ ထိအောင် မတိုက်နိုင်သေးပါလား။ ဒါနဲ့များ မင်းနာမည်မှာ သံမဏိတဲ့။ ဘာ သံမဏိလဲ လူများထုသမျှ ခံတဲ့ သံမဏိ ဖိုးလား"



www.burmeseclassic.com

www.burmeseclassic.com



အောင်ပွင့်က ထပ်၍ဆွဲပေးလိုက်ပြန်၏။

***

သံမဏိစိုးမင်းမှာ ဘယ်ခြေကို ကောင်းကောင်းမထောက်နိုင်အောင်ပင် မှာနေပြီဖြစ်သည်။ သည်ပွဲတွင် သူနိုင်ဖို့ မလွယ်တော့ဟုသည့်တို့ လှုပ်။စီစီ သံမဏိစိုးမင်းက ရိပ်မိလိုက်၏။ ပြိုင်ပွဲကို သူသည် အပြန်ဆုံးရပ်လိုက်ဖို့လိုသည်ကို သူ ရိပ်မိပြီ။

အောင်ပွင့်ကလည်း သူ့မိုက်ထဲမှ အကြံကို ရိပ်မိပုံရသည်။

"ငစိုးမင်း မင်းပြောတဲ့အတိုင်း တစ်ယောက်နဲ့တစ်ယောက် သတိမေ့အောင် ထိုးသတ်ဖို့ဆိုတာ မမေ့နဲ့နော်"

"ငါက မိန်းမ မဟုတ်ဘူးကွ။ ပြောပြီးတဲ့စကားကို ပြင်မဲ့ကောင်မျိုးလို့များ မင်းက ထင်လို့လား"

"ကဲ မပြင်ရင် လာလေကွာ။ ဒီ တစ်ခါ မင်းတစ်ချက်တိုက်မှ ငါတစ်ချက် တိုက်မယ်"

သူကြီးဦးမြို့ကောင်မှာ ဤအနေအထားတွင် ဝင်ရောက်ဖြန်ဖြေလိုက်ပါက ရန်ငြိုးပိုမကြီးဟု ထင်မှတ်မိသည်။ အောင်ပွင့်ကိုလည်း ပြေးလမ်းဖွင့်ပေးချင်သည်။ သူသည်လည်း တစ်နေရာရာသို့ ရှောင်ရှားသင့်လျှင် ရှောင်ရှားရတော့မည် မဟုတ်ပါလား။

"မောင်အောင်ပွင့် တော်ပါတော့ ဆရာစိုးမင်းလည်း ထန်းရည်မူးနေပါတယ်"

"ဟင်း ကျုပ် ထန်းရည်မူးနေလို့ ပေါ့ဗျာ။ နို့မို့ရင်တော့ ဒီလိုကောင်မျိုး ဘယ်လို ခုံမမယ်ဆိုတာ သူကြီး သိပါတယ်"

"သိပါတယ်၊ မော်တော်ကို ပြန်မယ် မဟုတ်လား။ မောင်လေး လာ ဆရာကိုစိုးမင်းကို လိုက်ပို့လိုက်ကြရအောင်"

သူကြီး၏ဝင်ရောက်ဖြန်ဖြေမှုကို သံမဏိစိုးမင်းသည် ချော်လဲရောယိုင်လိုက်လေသည်။

"သွားမယ်..ကျုပ် ဒီနေ့ ထန်းရည်တော်တော်များသွားလို့ ဒီကောင် ထပန်းသာသွားတယ်။ မင်းနဲ့ငါ တစ်နေ့တွေ့ကြသေးတာပေါ့"

"ရတယ် ငစိုးမင်းရေ့ တစ်ရေးနိုးထတွေ့လည်း ရတယ်"

အောင်ပွင့်က ခါးထောက်ကာ ပြောနေစဉ်မှာပင် သူ၏လက်တစ်ဘက်ကို လာ၍ဆွဲသော နူးညံ့သည့်အထိအတွေ့ကို ခံစားလိုက်ရသည်။





"လာ ကိုအောင်ပွင့် အချိန်သိပ်မရှိတော့ဘူး။ ရှင်ဟာ ကိုယ့်သေတွင်း ကိုယ်တူးနေတာပဲ"

"ဟုတ်တယ် ရွှေတင်..တို့အိမ်နောက်ကို ခေါ်သွား။ အဲဒီမှာ လှေတစ်စင်းရှိတယ်။ လှေနဲ့ ချောင်းထဲကနေ အောင်ပွင့်ကို လှော်ပြီး တစ်နေရာလိုက်ပို့လိုက်တော့ မြန်မြန်သွား။ သံဖြူဝရပ်ကနေ တပ်စိတ်တစ်စိတ်က မှုပွလင်ကို ဖြတ်မယ်ပြောနေတယ်။ သူကြီးအိမ်ကို သူတို့ဝင်ချင်တယ်"

ဆယ်အိမ်ခေါင်း မောင်လေးက အိမ်ပေါက်ဝသို့လာကာ အသံခပ်အုပ်အုပ်ဖြင့် ပြောသည်။

ရွှေတင်သည် အိတ်တစ်လုံးကို မီးဖိုထဲမှယူကာ လွယ်လိုက်သည်။ သူမသည် ထိုအိတ်ထဲတွင် ထောင်းစွန်ဖက်နှင့် ထုပ်ထားသော ထမင်းနှင့်ဟင်းများကိုလည်း အညီကာ ငှက်ပျောဖက်ဖြင့် လုံအောင် ပတ်၍ ယူလာခဲ့၏။

အောင်ပွင့် ထမင်းမစားရသေးကြောင်း ရွှေတင်က သိ၍ သံမဏိစိုးမင်းနှင့် တိုက်နိုက်နေစဉ်မှာပင် အလျှင်အမြန် လုပ်ထားခြင်းဖြစ်၏။ ထိုအထဲတွင် သံမဏိစိုးမင်းကို အောင်ပွင့်က နိုင်မည်ဟု အထင်ကြီး ယုံကြည်မှုကလည်း ကြီးတင်ရှိနေခဲ့ခြင်း ကြောင့်ဟု ဆိုရပေမည်။

"လာ အချိန်သိပ်မရှိတော့ဘူး၊ ကိုအောင်ပွင့်ရဲ့"

လရောင်အောက်တွင် သစ်ပင်ရိပ်များက ကြိုကြားပြီးပြောက်ထင်နေသည်။

ညဉ့်ဦးလေသည် စိမ့်စိမ့်အေးအေး တိုက်ခတ်လျက်ရှိသည်။

ရွှေတင်သည် သူမ၏ပခုံးနှစ်ဖက်ပေါ်တွင် ခြုံသိုင်းစရာ နယ်မိုင်းဝတ်ဘက်ကလေးကို လွှားထားသည်။ နားရွက်နောက်မှ ရှေ့သို့ပြန်ကာ ကုတ်နေသော ဆံပင်ဖစ်ကြောင့် ဖိုင်းဖေက်သောမျက်နှာလေးမှာ လရောင်အောက်တွင် ပို၍ တင့်တယ်လှပနေသည်။

ဆယ်အိမ်ခေါင်း မောင်လေး အိမ်မှာ လမုပင်နှင့် ဓနိပင်များ ပေါက်နေသော ကမ်းစပ်တွင်ရှိသည်။ ထိုနေရာသို့ ရောက်အောင် ရွှေတင်သည် အိတ်ကိုလွယ်လျက် ရှေ့မှ အောင်ပွင့်၏လက်ကိုဆွဲကာ ခေါ်သွားသည်။

သစ်ပင်များအောက် အရောက်တွင် ဆူးခရာမျှားနှင့်မထိရန် ကမ်းဘက်သို့ တိမ်းရယိမ်းရသောကြောင့် ရွှေတင်၏ ကိုယ်နှင့် အောင်ပွင့်၏ကိုယ်တို့ နီးနီးကပ်ကပ်ဖြစ်သွားမိကြသည်။ ထိုအခါ ဂုဏ်မတောင်သနပ်ခါးနံ့သင်းသင်းက အောင်ပွင့်၏ နှာခေါင်းကို လာရောက်တို့ခတ်တိုးဝင်လေ

www.burmeseclassic.com



တော့သည်။

"နေပါဦး ညီမရဲ့"

"ဦးမောင်လေးတို့ အိမ်နားရောက်ကာ နီးပါပြီ။ အစ်ကို မောလို့လား"

"အစ်ကိုက မမောပါဘူး။ ညီမရဲ့ ခြေထောက်ကို ဆူးတွေ ဘာတွေစူးမှာစိုးလို့"

"ညီမက တော်သူပဲ အစ်ကိုရဲ့။ ဆူးမစူးအောင် သွားတတ်ပါတယ်"

***

ချစ်စဖွယ် သွားတက်လေးများ ပေါ်အောင် လှည့်၍ ပြုံးပြရင်း ရွှေတင်က ပြောလိုက်သည်။ လရောင်က သူမမျက်နှာပေါ်သို့ တိုက်ရိုက်ဆိုးကျနေသည်။ မေးဖျားမှ မှည့် စိမ်းမှောင်မှောင်လေးကြောင့် ရွှေတင်၏ မျက်နှာလေးမှာ ပို၍ ယဉ်နေသည်ဟု ထင်ရလေသည်။

"ညီမ ရွှေတင်က အစ်ကိုနဲ့လိုက်ခဲ့မှာလား ဟင်"

ရွှေတင်က ခေါင်းငုံ့ကာ ရှက်ရွံ့နေပုံရလေသည်။

"ဘာလို့မေးတာလဲ အစ်ကို"

"မုပ္ပလင်ရွာမှာက အခြေအနေ ဘာဖြစ်လာမယ်ဆိုတာ ပြောလို့ မရဘူးမို့လား"

"အစ်ကို့အတွက် တာဝန်ဝတ္တရား တစ်ခု ဝိုနေမှာ စိုးပါတယ်"

ရွှေတင်သည် စိတ်လှုပ်ရှားစွာ အသံတုန်တုန်ဖြင့် ပြောလိုက်သည်။ အမှန်တော့ ရွှေတင်တို့ရွာမှ မိန်းမပျိုများသည် အဝေးရှိ လုံခြုံရာနေရာများသို့ ပုန်းအောင်း ထွက်ခွာပြေးနေကြရသည်။

အင်္ဂလိပ်လူမျိုးများက မဟုတ်သော်လည်း။ တစ်ဖိုလ်တစ်မင်း ဖြစ်ထားသော လက်ပါးစေများ၊ သူပုန်တားမြများက ရွာများသို့ဝင်ကာ နမချင်းမစာ ခွဲလွဲတတ်သောကြောင့်ပင် ဖြစ်၏။

"သူကြီးက ဘာပြောသလဲ ညီမ"

"အဖေကလေ ကျွန်မကိုလည်း ကျွန်မရဲ့အဒေါ်တွေနေတဲ့ ဖုံသမိရွာကို သွားစေချင်တယ်။ အစ်ကိုနဲ့တိုင်ပင်ကြည့်။ နှံသိ မြစ်ကမ်းမှာရှိတဲ့ ဖုံသမိရွာကတော့ နယ်ခံ မျက်နှာဖြူတွေရော၊ စစ်ဘာရီတွေပါ သိပ် ပြီး သွားလေ့လာလေ့ မရှိဘူး။ အဲဒီရွာမှာ ရှိတဲ့ မိုးမြဲကျောက်ခက် ဆိုတဲ့ ကျွန်မတို့ ဦးလေးက ရှာပိုင်ကြီးနားကို ဘယ်က သူပုန်တားပြမှ မလာရဲအောင် စောင့်ရှောက်ထားတယ်"

"မိုးမြဲကျောက်ခက် ဟုတ်လား"

"ဟုတ်တယ် အစ်ကိုကြားဖူးလို့လား"





"နန်းတော်ထဲမှာ ဗိုလ်မှူးမဟာ သီဟသူရမဲခေါင် ပြောတာတော့ ကြားဖူးတယ်။ မိုးမြဲလောက် ဘယ်သူမှ တောင်ခံနိုင်မှာ မဟုတ်ဘူးတဲ့"

"ဟင် ဒါဆို အဲဒီသွားကြတာပေါ့။ ကျွန်မ ပြန်မလာဘူးဆိုရင် အဖေက ဟိုဒီ သွားတာကို သိတာပေါ့။ အစ်ကို့ကို ခေါ်လာတဲ့အတွက်လည်း ဦးကြီးက စိတ်ဆိုးမှာ မဟုတ်ပါဘူး"

"ဟုတ်ရဲ့လား ညီမရယ်"

"ဟုတ်တယ်။ အစ်ကို ဘာကြောင့် မုပ္ပလင်ဆိပ်ခံရွာက ထွက်ပြေးလာရသလဲ ဆိုတာ ပြောပြလိုက်ရင် ဦးကြီးမိုးမြဲကျောက်ခက်က သိပ်သဘောကျသွားမှာပဲ"

အင်္ဂလိပ်များကို ဆန့်ကျင်သော မျိုးချစ်သူရဲကောင်းတစ်ဦးနှင့် ထပ်တွေ့ရမည်ဖြစ်သောကြောင့် အင်္ဂလိပ်များက မြန်မာ တစ်နိုင်ငံလုံးကို လွှမ်းမိုးသွားပြီဟု ထင်မှတ်ယုံကြည်မိကာ အလွန်မချမ်းမသာဖြစ်နေသော စိတ်မှာ သက်သာရာရသွားလေသည်။

လရောင်အောက်ရှိ ပိန္နဲပင်နှင့် နွားရှင်းပင်များကြားသို့ ရောက်သောအခါတွင် ရွှေတင်က ခေတ္တရပ်နားလိုက်၏။

"ဘာဖြစ်လို့လဲ ညီမ"

"ဆယ်အိမ်ခေါင်းဦးမောင်လေး အိမ်ရှေ့မှာ လူတွေတွေ့လို့"

ချောင်းကမ်းပါးတွင်ရှိသော ဆယ်အိမ်ခေါင်း ဦးမောင်လေး၏အိမ်မှာ ခြေတံရှည် တစ်ထပ်အိမ်လေးဖြစ်လေသည်။ ခရာဆူးချုံများတွင် သူတို့နှစ်ယောက် အတူ ထိုင်လိုက်သည်။ ရွှေတင်ကို ခရာဆူးများက မူမည်စိုးသောကြောင့် အောင်ပွင့်က သိုင်းဖက်ထားသည်။

လရောင်က မြင်ကွင်းများကို ထင်ရှားစေသောကြောင့် သူတို့နှစ်ဦး တစ်ဦးနှင့် တစ်ဦး ဖက်ကာ ဦးမောင်လေးအိမ်မှ လူများ မမြင်နိုင်အောင် ခေါင်းကို ပုနေရသည်။

"သူတို့ မလာကြသေးဘူးလား"

"မလာသေးပါဘူးရှင်။ ဒီကိုလာမယ် ပြောလို့လား"

ဆယ်အိမ်ခေါင်း ဦးမောင်လေးမိန်းမ ပြန်ပြောသံကို ရွှေတင်ကြားလိုက်ရသည်။

"သူကြီးက ဒီကိုလွှတ်လိုက်တယ်လို့ တိုးတိုးပြောလို့ ကျုပ်တို့က စားစရာတွေ ပေးချင်လို့ပါ"

"ကျုပ်တို့ကတော့ အဝတ်အထည်တွေ စောင်တွေ ပေးချင်တာပါ။ ဒါဆိုလည်း ဒီမှာပဲ ထားခဲ့ပယ်နော်။ လမ်းမှာကြုံဦးမယ် ထင်ပါရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ သူတို့က ရွာထဲက လာမှာတော့ မဟုတ်ဘူး။ ရွာထဲမှာက အင်္ဂလိပ်မျက်နှာဖြူရဲ့ တိတ်တိတ်ဆက်သွယ်စောင့်ကြည့်နေတဲ့သူ ရှိတယ်မို့လား"

"ဟုတ်တယ် အစ်မကြီး စိန်ကြည်ရေ။ လာရန် စကားပြောချင်၊ ဂုဏ်ပြုချင်လို့ ခဏတော့ စောင်းခိုင်းပေးပါနော်"

"အေး အေး"

စောင်မျှ။ အဝတ်အထည်နှင့် စားစရာများကို ဒေါ်စိန်ကြည်၏ အိမ်ကိုပေးကာ သူတို့ပုန်းနေသည့်ချောင်းကမ်းဘက် ထွက်လာကြ၏။

***

"လာနေပြီ"

"ဟုတ်လား"

ခရာပင်များမှာ လှုပ်ခါစောင်းမှု ရှိသောကြောင့် လျှောက်လှမ်းလာသောလူများကို လှမ်းမြင်ရသော ရွှေတင်က သတိပေးလိုက်သည်။ တစ်ဦးနှင့်တစ်ဦး ပိုရှက်စ်အောင် ဖက်သိုင်းကာ ရွှေတင်ကို မအောင်ပွင့်က သူ၏ရင်အုပ်ကျယ်ကြီးထဲတွင် ပိုက်ဖက်ထားလိုက်၏။

ရွှေတင်၏ရင်ခုန်သံမှာ တဒိတ်ဒိတ် မြည်နေသကဲ့သို့ ရင်ဘတ်ကိုပါးနှင့်ကပ်နေသော ရွှေတင်သည်လည်း အောင်ပွင့်၏ရင်ခုန်သံကို တဒိန်းဒိန်းကြားနေရတော့သည်။ လရောင်က ထိန်ထိန်သာနေသော်လည်း ရေညှိလောကြီးနေသော သူများမှာ သူတို့ပုန်းအောင်းနေသော ချောင်းစပ်ဘက်သို့ လှည့်မကြည့်တော့ဘဲ ကျော်လွန်၍သွားကြသည်။

သစ်ပင်ရိပ်များအောက်တွင် သူတို့ကို လာရှာသော ရွာထဲမှ လူလေးငါးယောက် ပျောက်သွားသည်အထိ ရွှေတင်ကို ပိုက်ဖက်ထားသော လက်များကို ဖြေမပေးမိသေးပေ။ ရွှေတင်ကလည်း နွေးထွေးသော အောင်ပွင့်၏ရင်အုပ်ကျယ်ကြီးထဲတွင် ငြိမ်ကာနေမိပြီး ခဏကြာမှ . . .

"ကိုအောင်ပွင့် လူတွေ မရှိတော့ပါဘူး။ ကျွန်မကို လွှတ်ပါဦး"

ဟု ပြောလိုက်၏။

"ဪ"

ထိုအခါမှ သတိဝင်လာသော အောင်ပွင့်က အလန့်တကြား ရွှေတင်၏ကိုယ်ကို ဖက်ထားသော လက်များ ဖြေပေးလိုက်မိတော့သည်။

ရွှေတင်သည် သူမ၏နံ့သာရောင်လက်စက အင်္ကျီကို ဆွဲ၍ဆန့်ရင်း . . .

"ဟင်း အစ်ကိုကလည်း ဖက်ထားလိုက်တာ အသက်ရှူလို့တောင် မရဘူး"

ဟု ပြောလိုက်ပြန်လေသည်။

"စိုးရိမ်စရာမှ ညီမရယ်။ အစ်ကို့ကို စိတ်ဆိုးသွားပြီလားဟင်"

ရွှေတင်က မျက်စောင်းထိုးကာ ကြည့်ရင်း . . .

"အစ်ကိုလုပ်ပုံကလည်း ကောင်းသို့လား"

ဟုပြောကာ စိတ်ကောက်ချင်ယောင်ဆောင်လိုက်ရာ အောင်ပွင့်မှာ ထိတ်သန့်ခိုးရိမ်သွားလေတော့၏။

"အစ်ကိုက ရန်ရှာမယ့်လူတွေဆင်လို့ပါနော်။ ညီမ မကြိုက်ရင် နောက်ဘယ်တော့မှ ဒီလိုမဖြစ်စေရဘူး။ ကိုယ့်ကျူးဒုံးရှင်ကို စော်ကားမိသလိုဖြစ်ပြီ"

အောင်ပွင့်မှာ တကယ်ပင် ကြောက်ရွံ့ရိမ်သဖြင့် ပြောနေသည်။

ရွှေတင်က သူ့ကိုကျောပေးကာ နေသည်ကိုကား လူရိုးကြီးအောင်ပွင့်က သုံးဝ သတိမပြုမိပေ။

"ကဲ ညီမရှေ့ကသွားနော်။ အစ်ကို နောက်ကလိုက်ခဲ့ပါ့မယ်"

ရွှေတင်ကလည်း ဒေါ်စိန်ကြည်တို့အိမ်နားရောက်နေသည်ကို သိသောကြောင့် ရွာချုံထဲမှ လှမ်းကာထွက်၍သွားသည်။





ရွှေတင်၏ နောက်မှ အောင်ပွင့်က ခပ်ခွာခွာလိုက်ပါလာခဲ့သည်။ သူ့စိတ်ထဲတွင်တော့ သူ့ကိုယ်သူ အပြစ်တင်လာမိတော့၏။

"အင်း ငါတော့ မျက်နှာသာပေးရွှေရေပန်းကန်တက် ဆိုသလို ဖြစ်ပြီ။ ဒီကိစ္စကို ကျေနပ်အောင်တောင်းပန်မှ။ နန်းတော်က ငါ့ရဲ့ဗိုလ်မင်းတပ်မင်းတွေ သိရင် ရာဇဝတ်ဘောသင့်တော့မှာပဲ"

စစ်စစ်တွင်ကား မန္တလေးနန်းတော်ထဲမှ ဗိုလ်မင်းတပ်မင်းများသာမက မင်းလှခံတပ်၊ သပြေတန်းခံတပ် အစရှိသော လယ်းခရိုးမှ ခံတပ်များသည်ပင် အင်္ဂလိပ်မျက်နှာဖြူလက်အောက်သို့ ကျရောက်သွားပြီဆိုသည်ကို အောင်ပွင့် မသိရှိသေးပေ။

"ဒေါ်စိန်ကြည် ကျွန်မတို့လာပြီ"

"ဪ . . . လာ . . . လာ . . . သမီး ရွှေတင်"

"စောစောက ရွာထဲကလူတွေ လာသွားတယ်နော်"

"ဟုတ်တယ်။ ဓါးဒီထဲမှာ အင်္ဂလိပ်မျက်နှာဖြူရဲ့ အထောက်တော်ပုန်း(သူလျှို)တစ်ယောက်လည်း ပါတယ်။ ကျန်တဲ့သူတွေကတော့ ရွှေတင်တို့ကို တကယ်စေတနာရှိတဲ့လူတွေပဲ။ နန်းတော်က ရောက်လာတဲ့ ရဲမက်ဆိုတာ ဒီကောင်လေးလား"

"ဟုတ်တယ် ခင်ဗျ"

www.burmeseclassic.com



"လာ…လာ…လှေကို ရေထဲ ဆွဲချရမယ်။ သူတို့လာလို့ ဝှက်ထားရတယ်"

ခရာချုံထဲမှာ ထိုးထားသော လှေကို ချောင်းလေးထဲသို့ ဆွဲတွန်းချကြသည်။ ပြီးနောက် တောင်း၊ အဝတ်အစားနှင့် ငါး ခြောက်၊ ပုဇွန်ခြောက်အပြင် သံပြားခံထား သော ဗိုခနောက်သုံးခုနှင့် မီးဖိုတစ်ခု၊ ထင်း မုံတစ်ပုံနှင့် နစ်ယောက်အိပ်စရာ ပေါင်းမိုး လေးပါရှိလေသည်။ ချောင်းရေတက်ချိန်ဖြစ် ၍ လှေမှာလှော်စရာမလို့ ရေစီးနှင့်ပင် ဒုံ သမိချောင်းရှိရာသို့မျော၍ လိုက်သွားနိုင်ပေ လိမ့်မည်။

×××

မထင်မှတ်ဘဲ အောင်ပွင့်သည် မိန်းမပျိုတစ်ဦးနှင့် လှေတစ်စီးပေါ်ရောက်ရှိ ပြီး လိုက်လာရသည်။ သူ့ဆံပင်မခြင် ဖြူ မှုမှုကြောင့် မိန်းမပျိုက သူ့ကိုဒေါသအမျက် ထွက်နေသည်။ ဤသို့ထင်မှတ်မိသည်။ သို့ သော် စကားတစ်လုံးမျှ မပြောဘဲ မိန်းမပျို လေး ရွှေတင်က ခြေထောက်ဆေးနေသည်။ ပြီးမှ…

"အစ်ကို ခြေထောက်ဆေးလေ။ ကျွန်မ အစ်ကို အနားယူဖို့ လှေပေါ်မှာ ပြင်ထားလိုက်မယ်"

ဟု ပြော၏။

"ဪ…အင်း…နွန်းတွေက ခြေထောက်မှာ ပေနေတာပဲ"

ပုံသားမှုရေထဲသို့ ခြေနှစ်ချောင်း ချကာ ခြေဆေးလိုက်သည်။ ပြီးနောက် ပုံ ပိုင်းထောင့်တွင်ရှိသော ပုဆိုးစုတ်ကို ရွှေ တင်က လက်ညှိုးထိုး၍…

"ဟိုမှာ အစ်ကို ခြေတွေ သုတ် လိုက်"

ဟု ပြောသည်။

ချောင်းရေအတက်တွင် ပေနစ် ဆယ်မျှ ကျယ်သော ချောင်းထဲတွင် ပုံစင် ပေါ်၌ ရွှေတင်က ထိုင်ကာ တက်မကိုင် နေသည်။

"ညီမရွှေတင် သွားနားလေ… အစ်ကိုက တက်မကိုင်ပါမယ်"

အောင်ပွင့်က မရဲတရဲဖြင့် ပြော လိုက်ခြင်းဖြစ်ပေသည်။

"ဗုံသမိမြစ်နဲ့ဆုံတဲ့ချောင်းဝအောင် စုန်ရမှာ နှစ်ယောက်လုံးထနေရင် တစ် ယောက်က ပင်ပန်းနေလိမ့်မယ်။ အစ်ကို က တစ်လှည့်နားဦး။ ဪ စားဖို့သောက် ဖို့က ရှိသေးတာကိုး"

တက်မကို ချိန်ရွယ်ကာစုပြီး ရွှေ တင်က ဆင်းလာသည်။ ပြီးတော့ သူ့ အိတ်ထဲမှ ငှက်ပျောဖက်နှင့် ထုပ်ထားသော ထမင်းနှင့်ဟင်းများကို ထုတ်လိုက်သည်။

"ဟာ ဒီထမင်းတွေ ဟင်းတွေက ဘယ်တုန်းက ထည့်ထားတာလဲ"

"ပထမတစ်ကြိမ် သံမဏိမိုးမင်း ကို အစ်ကို ခြေနဲ့ခတ်လိုက်ကတည်းက အစ်ကိုနိုင်မှာပဲ။ ဒါဆိုပြေးဖို့လုပ်ထားမှဆိုပြီး တော့ သွားပြင်ဆင်ထည့်ထားတာ။ ခုတော့ အတော်ပဲလေ"

"ဪ…ညီမက ဒီအစီအစဉ် ကို အစောကြီးကတည်းက စီစဉ်နေခဲ့တာ ကိုး"

"ဘာလဲ အစ်ကိုက စိတ်ဆိုးလို့ လား"

"မဆိုးပါဘူး။ ညီမသာ စောစော က အစ်ကို့ကို စိတ်ဆိုးတာ မဟုတ်လား"

ကြက်သားကြော်နှင့် ထမင်းများ ကို ရှေ့သို့ထိုးပေးရင်း…

"အစ်ကိုက တိုက်ခိုက်တာတွေ တော်ပေမယ့် ညံ့တဲ့နေရာတော့ ညံ့တာပဲ နော်"

ဟု ပြုံးကာပြောသည်။

"ဘာပြောတယ် ညီမ"

"အစ်ကိုဘာသာ တွေးကြည့်ပေါ့"

ရွှေတင်က ကြက်သားကြော်၊





ဆိတ်သားကြော်နှင့် ထမင်းဖြူကို ဖက်များ နှင့်ထည့်ပေးပြီး ပုံစင်ပေါ်သို့ ထသွားလေ သည်။ ရေစီးက မှန်မှန်တက်နေ၏။ ရွှေ တင်သည် ပုံစင်ပေါ်၌ ကျုံ့ကျုံ့လေးထိုင်ကာ မြစ်ကမ်းစပ်ဘေးကို ငေးမောကာ လာခဲ့ သည်။

ပုံကိုကား ကိုင်စရာမလို မြစ်လယ် တွင် လှေသည် နှရှင်းသောကြောင့် ရှေ့သို့ ဦးတိုက်မှန်မှန် သွားစေရန် ချိန်ထားပြီးပြီ ဖြစ်သည်။ ရွှေတင် ဘာကိုဆိုလိုသည်ကို ထမင်း သုံး,လေးလုတ် စားပြီးတော့မှပင် အောင်ပွင့်က သဘောပေါက်သွားသည်။

ထို့ကြောင့် ထမင်းကို မြန်မြန်စား ကာ လှေဘေးမှ ချောင်းထဲသို့ လက်ဆေး ကာ ရွှေတင်ရှိရာသို့ လာခဲ့လေတော့သည်။

"ညီမ ရွှေတင်"

ရွှေတင်က မထူးဘဲ လှည့်ကြည့် လိုက်လေသည်။

"အစ်ကိုက ညီမ တကယ်စိတ် ဆိုးတယ်လို့ထင်တာ။ ခုတော့မှ ညီမက စ,တာဆိုတာ သိရတော့တယ်"

ရွှေတင်က မည်သို့မျှ စကားမပြန် ဘဲ ခေါင်းငုံ့နေ၏။

"အစ်ကိုအပြစ်ပဲသိလား။ ဖဲဖိုလို ဘာလို့ ဖြစ်ရမလဲဆိုတော့ အစ်ကိုက ရွှေ တင့်ကို မမြင်စကတည်းက ချစ်နေမိလို့"



www.burmeseclassic.com

www.burmeseclassic.com



"အို"

စကားပြောရင်း ရွှေတင့်ပနံကိုပါ လက်တစ်ဖက်က ကိုင်လိုက်၍ ရွှေတင်က ရှိကာ ရှောင်ရင်း . . .

"မီးအပြောမျိုးတွေနဲ့ မိန်းကလေး ဘယ်နှစ်ယောက်ကို ညာခဲ့ပြီးပြီလဲ အစ်ကို"

ဟု မနိုတရို့ ထော်စကို ခြေဖျား ထိ ဆွဲဖုံးကာ ပြောလိုက်သည်။ အောင်ပွင့် ၏ ခေါင်းက ရွှေတင်၏ပခုံးပေါ်သို့ တဖြည်း ဖြည်း နိမ့်ကျလာလေသည်။

* * *

သူတို့ရေတက်တွင် မျှောလိုက် လာသော လှေလေးသည် မိုးသောက်ချိန် မတိုင်မီ နံနက်သေးနာရီတွင် ဖုံသမိမြစ်နှင့် ဆုံသည့်နေရာ ရောက်လာ၏။ ထိုအချိန်မှ စ၍ ရေပြန်ကျတော့မည်ဖြစ်ရာ မြစ်ဆုံ လမ် ပင်အောက်မှ သစ်ပင်ကို ကြိုးနှင့်ချည်ကာ လှေကို ဆိုတ်ကာ နားလိုက်ကြသည်။

လှေတစ်စီးပေါ်မှာ အတူစီးလာ ရင်၊ ငယ်ရွယ်သူတို့သဘာဝ အသုအယ သမုဒယများကြောင့် ချစ်ခင်တွယ်တာသူ များ ဖြစ်သွားကြသည်။ သူတို့နှစ်ဦးသည် လှေပေါ်မှာပင် ချစ်ကြည်နူး၍မဝသော ဘဝ အဖော်များဖြစ်သွားခဲ့ကြသည်။ နေရောင် ထွက်လာစအချိန်တွင် အောင်ပွင့်သည် ပေါင်း မိုးထဲရှိ အိပ်ရာပေါ်တွင် အိပ်ပျော်ကျလျက် ရှိနေသည်။

ဖိုခနောက်သုံးခုနှင့် မီးဖိုလေးတွင် မီးခတ်ဖြင့်မီးမွှေးကာ မြေထမင်းအိုးဖြင့် ဆန် ဆေးကာ ထမင်းတည်လိုက်သည်။ မနေ့က ညကပင် ဘဝပြောင်းသွားသော သူမ၏ ကိုယ်ကို ကြည့်ရင်း စိတ်မလုံဘဲ ရှက်နေမိ သည်။

အောင်ပွင့်ကတော့ အပြစ်မရှိ သော ကလေးတစ်ယောက်လို အိပ်ပျော် နေသည်။ သူမကိုယ် သူမပင် အပြစ်တင် နေမိသည်။

"ငါကိုယ်တိုင်က မဆင်ခြင်လို့ ဖြစ် ခဲ့ကြတာပဲ။ မေမေသာသိရင်တော့ ငါ့ကို ဘာပြောပလဲမသိဘူး။ ဒီလိုထပ်ပြီးမမှားဖို့ ကိုတော့ ဆင်ခြင်ရမှာပဲ"

ဟု နောင်တစိတ်နှင့်တွေးရင်း မီး ပြောင်းဖြင့် မီးမှုတ်နေ၏။

ထမင်းအိုးကို လှေပေါ်မှ အောက် သို့ ငုံချပြီး ငပိအိုးထဲမှ ငပိကို ကျိုးမှိုင်ခြင် ရင်း ထမင်းအိုးကို နှပ်လိုက်သည်။ ငပိနံ့ မွှေးမွှေးလေးကြောင့် ထမင်းပင် ဆာလာ သည်။

လှေပေါ်မှာ ဆယ်အိမ်ခေါင်းဦး မောင်လေး၏ မိန်းမကြီးတင်ကာ ဆီအိုးနှင့်





ငါးခြောက်၊ ဘူးသီးတို့ တင်ထား၍ ငါး ခြောက်နှင့် ဘူးသီးကို ချက်မှိုပြင်လိုက်ပြန် သည်။ ဘူးသီးဟင်းအိုး၊ ဆူသောအခါတွင် အောင်ပွင့် နိုးလာတော့သည်။

"ညီမ ညီမရွှေတင် ဘာလို့ အစောကြီး ထသွားရတာလဲ"

သူ့ဘေးသို့ စမ်းကြည့်ရင်း ရွှေ တင်ကို မတွေ့သောကြောင့် ကလေးလို အော်ခေါ်လိုက်သည်။

"ဟိုမှာနေထွက်နေပြီ။ ရေပြန် တက်ရင် လှေထွက်ရမယ် ကိုရေ ထ ထ"

"လာပါပြီကွာ။ အိပ်ရတာတောင်မှ မဝသေးဘူး"

"ပိုမနေနဲ့ ထ ထ"

နှစ်ဦးလုံး၏ ရင်ထဲတွင် နွေးထွေး နေကြသည်။

ခေါ်၍ခွဲ၍မရတော့ အောင်ပွင့် ထ လာသည်။

"ဒီမှာ ထမင်းတွေရော ဟင်းတွေ ရော ကျက်နေပြီ"

"ဟာ တယ်တော်ပါလား။ ဒါ ကြောင့် ညီမကို အစ်ကိုက လက်ထပ်ထိမ်း မြားချင်တာ"

"တော်ပါပြီ။ တို့ သိပ်ဆိုးတယ်။ ကိုနားတောင် မလာရဲတော့ဘူး။ နောက်ဆို ရင် ဦးကြီးတို့ဆီရောက်မှ မိန်းမတွေ ထပ် ပြီးတော့ မလုပ်နဲ့နော်"

မျက်စောင်းထိုးကာ ရွှေတင်က ပြောလိုက်သည်။

"စိတ်ချပါ။ ကိုယ့်မိန်းမလေးက မကြိုက်ရင် မလုပ်ပါဘူး"

"အို နားရှက်စရာ"

"မဟုတ်လို့လား။ နံ့သမိရွာရောက် ရင် လက်ထပ်ကြတာပေါ့"

"ဟင့်အင်း၊ . . . ရှက်စရာတွေ မပြောနဲ့တော့။ မျက်နှာသစ် ထမင်းစားမယ်"

နံနက်စောစော ထမင်းစားကြ သည်။ သူတို့ ထမင်းစားနေစဉ်မှာပင် ရေ ကျချိန်ကုန်ကာ နံနက်ဆယ်နာရီလောက် တွင် ရေက ပြန်တက်လာလေတော့သည်။ ရေတက်သည်နှင့် လှေကို ကြိုးဖြုတ်ကာ အောင်ပွင့်က ပြန်၍မျှောချလာခဲ့လေတော့ သည်။

နံ့သမိမြစ်မှာ ကျယ်ဝန်း၍ ငါးဖမ်း သော လှေသမ္ဗန်များလည်း များသော ကြောင့် ဂရုစိုက်ကာ ပဲ့ကိုင်၍လာစဉ် ချောင်း လက်တက်လေးတစ်ခုနားသို့ ရောက်သည် နှင့် . . .

"ကိုအောင်ပွင့် လှေကိုပဲ ဒီချောင်း ထဲ ကွေ့ရမှာ"

ဟုပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပွဲကိုင်နေသော အောင်မွှင့်က ချောင်းချိုးလေးထဲသို့ ကွေ့လိုက်သောအခါတွင် အဝေးမှပင် ဆယ်ပေကျော်မြင့်သော သစ်တပ်ကဲ့သို့ ဝင်းကြီးကိုတွေ့လိုက်ရသည်။

အမြင့်ပေ ဆယ့်ငါးပေရှိ၍ ချောင်းထိပ်တွင် ဝင်ပေါက်ကို ပိတ်လျက် အပေါ်ဘက်တွင် မျှော်စင်ကဲ့သို့ အိမ်ကလေး ဆောက်ထားသည်ကို မြင်လိုက်ရတော့သည်။

***

ညဉ့်သည် လရောင်မှကင်းသော မတင့်တယ်။

သမုဒ္ဒရာသည် လှိုင်းတံပိုးမှကင်းသော မတင့်တယ်။

ရေကန်သည် ဟင်္သာမှကင်းသော မတင့်တယ်။

သူရဲကောင်းတို့သည် နောင်ဖွဲ့ကဲ့ခြင်း အသက်ဘေးနှင့် နီးစွာရင်ဆိုင်ခြင်းတို့မှ ကင်းသော မတင့်တယ်။

ဖုံသမိချောင်းလက်တက်၏ အတွင်းသို့ ဝင်မိသော အောင်မွှင့်နှင့် ရွှေတင်တို့၏ ပိန်ကောလှေကြီးမှာ ဆယ့်ငါးပေအမြင့်မှ ချောင်းထဲသို့ပါ တိုင်များချကာ ကာရံ၍ တံခါးပိတ်ထားသော မျှော်စင် ကင်းတဲအောက်တွင် ရပ်သွားသည်။

ကင်းတဲပေါ်မှ ဆံပင်တိုတို မျက်နှာပြည့်ပြည့်နှင့် လူတစ်ဦးက ငုံ့ကြည့်လျက်

"ဘယ်ကလာတဲ့လှေလဲ"

ဟု မာကျောသော အသံနှင့် မေးလိုက်သည်။

"မိုးကျောင်းပြည်က လာတဲ့လှေပါ"

ထိုစကားကို ရွှေတင်က အော်ကာ ပြောလိုက်ခြင်း ဖြစ်သည်။

တံခါးစောင့်ကျသော မျှော်စင်ပေါ်မှ လူဝကြီးသည်။

"မိုးကျောင်းပြည်က လှေဆိုရင် ပုဏ္ဏားကွယ်ပါလာသလား"

ပုဏ္ဏားကွယ်ဆိုသည်မှာ စကားဝှက်ပင်ဖြစ်လေသည်။

*မိုးကျောင်းပြည်မှလှေ* သည် အင်္ဂလိပ်အစိုးရပိုင်နက် မုပ္ပလင်ရွာသူကြီးထံမှ လာသောလှေကို စကားဝှက်အဖြစ် သုံးခြင်းဖြစ်လေသည်။

ပုဏ္ဏားကွယ်ဆိုသည်မှာ အင်္ဂလိပ်မျက်နှာဖြူများနှင့် ရင်ဆိုင်ရာမှ ထွက်ပြေးပုန်းရှောင်ရန်လာရောက်သူပါသလားဟု မေးသော အဓိပ္ပာယ်ပင်ဖြစ်လေသည်။

"ပုဏ္ဏားကွယ်တစ်ခုပါပါတယ် ရှင်"

ရွှေတင်က စကားဝှက်ဖြင့်ပင် လူတစ်ဦး တင်ဆောင်လာခဲ့ကြောင်း ပြန်ပြောလိုက်သည်။





"အမြန်ဝင် ဒီရက်ပိုင်မှ အင်္ဂလိပ်စစ်ဘာရီတွေ ဒီဘက်နယ်ကို တိုက်ခိုက်သိမ်းပိုက်ဖို့ မျက်စောင်းထိုးနေတယ်"

မိမိတို့လူမှန်းအဆက်အသွယ်ရပြီဖြစ်၍ တံခါးစောင့်က အောက်သို့ဆင်းလာကာ တံခါးဖွင့်ပေးရင်း အသံခပ်အုပ်အုပ်ဖြင့် ပြောကာ လှေထဲသို့ကြည့်လိုက်သည်။

ပေါင်းမိုးအောက်တွင် တင်ပလ္လင်ခွေထိုင်နေသော အောင်မွှင့်ကို တွေ့ရ၏။ သို့သော် တံခါးအတွင်းသို့ လှေကြီးဝင်မိသည်နှင့် တံခါးတစ်ထပ် ထပ်ပိတ်ကာ လှေပေါ်သို့ဆင်းကာ မိုးဖြကျောက်ခက်၏ တပ်သားများက ရှာဖွေကြသည်။

လက်နက်အဖြစ် လှေထဲတွင် အလျားလိုက်လှဲထားသည့် ဝှက်ကြီးတောင်ဓားတစ်စင်းကိုပင် တွေ့ကြရာ သူတို့ ခေါင်းဆောင်ကြီး၏ အမိန့်ပြန်ကြားခြင်းမရှိမီ ဓားရှည်ကို ယူထားလိုက်ကြတော့၏။

"ဒီက မိန်းကလေးကိုတော့ ဝင်းမှူးကြီး ဦးရွှေမောင်က သိပါတယ်။ ဒီအမျိုးသားကတော့ လူစိမ်းပဲ"

"ကျွန်တော့်ကို နေပြည်တော်က မဟာသီဟသူရမင်းခေါင်ရဲ့ လူပါလို့ပြောပေးပါ။ မဟာသီဟသူရမင်းခေါင်ရဲ့ အမိအစဉ်နဲ့ ယုန်ရှိရာကို လိပ်ပြာလိုပို့တယ်လို့ ပြောပြပေးပါ"

"ကောင်းပါပြီ"

သစ်လုံးများကို ရှာဝိုင်းအား ပတ်၍ အတွင်း၌တစ်ထပ်ကာထားရာ လှေဆိပ်ဖွင့်၍ ဝင်မိသူသည် ရန်သူဖြစ်နေပါက ပြေး၍ထွက်၍ ရမည်မဟုတ်ပေ။ ထိုစကားကို ပြောနိုင်လိုက်သည်နှင့်ပင် အတွင်းမှ တံခါးကြီးသည် ဖွင့်ဟလာလေတော့သည်။

အမှန်တော့ ထိုနေရာတွင် ဖုံသမိရွာကြီး၏ ခေါင်းဆောင် မိုးဖြကျောက်ခက်က ရောက်ရှိနေခြင်းဖြစ်သည်။ အတွင်းထပ်ရှိ သစ်လုံးဝင်းအကား တံခါးအနီး၌ ခေါင်းဆောင်ကြီးကိုယ်တိုင် ရပ်ကာ ပြင်ပမှ အခြေအနေကို လျှို့ဝှက်နားထောင်နေခြင်း ဖြစ်လေသည်။

ထိုတံခါးမှ ဝင်လိုက်သောအခါတွင် တံခါးဝရှိ တံခါးဖွင့်သူ၏နောက်၌ ရပ်နေသော အသားညိုညိုအရပ်မြင့်မြင့်၊ နှုတ်ခမ်းမွေးကားကားနှင့် လူထွားကြီးတစ်ဦးကို မြင်လိုက်ရသည်။

ထိုလူကြီးမှာ အသက်လေးဆယ်ကျော်အရွယ်မျှရှိပြီး ပုဆိုးကွက်ကျားကြီးကို ခပ်တိုတို ဝတ်ဆင်ကာ ကျောတွင် ဝှက်ကြီးတောင်ဓားတစ်လက်ကို လွယ်လျက် ခါး

www.burmeseclassic.com



ကြား၌ တူမီးသေနတ်ခေါ် ယမ်းထောင်၊ သေနတ်တစ်လက်ကို ထိုးစိုက်ထားသည်။

သေနတ်၏ဖင်ပိုင်းသည် ပေါ်တူဂီစစ်သည်များ၊ ကိုင်သည့်သေနတ်ကဲ့သို့ ကြေးကို ပန်းခက်အသွင်ထုလုပ်ထားကာ သေနတ်မောင်းနောက် ဖင်ပိတ်တွင် ရှိနေ၏။ ရှေးဦးသေနတ်များဖြစ်၍ ဤသေနတ်မျိုးကို မြန်မာလူမျိုးတို့ ကိုင်ခွင့်ရဖို့ပင် မလွယ်သော ခေတ်အခါမျိုး ဖြစ်ပေသည်။

"အင်း- ဒီအထိရောက်အောင် လာနိုင်တာလည်း ကံကောင်းတယ် ပြောရမှာပဲ။ ကုန်းမိုင်းက မြင်းနဲ့သတင်းပို့တဲ့လူက ညကတည်းက ရောက်တယ်။ မပွလင်က ဆိပ်ခံရွာကိုတော့ ညကတည်းက မီးတိုက်လိုက်ပြီတဲ့ သူကြီးနဲ့ဆယ်အိမ်ခေါင်းကိုလည်း ဖမ်းသွားကြပြီ"

"ရှင်"

ရွှေတင်၏မျက်လုံးလေးများ ဝိုင်းသွားသည်။ သူတို့ရွာကြီးကို မီးရှို့သော သတင်းကြားလိုက်ရသောကြောင့် ဖြစ်၏။

***

"ဘာမှ ဝမ်းနည်းမနေပါနဲ့ သမီးရယ်။ လောကဓံတရားဆိုတာ ဒီလိုပဲ သူတို့နိုင်တန်း ညှင်းကြမှာပဲ။ ဖုံလုံတစ်လုံးညှိ ဖါးပျံတစ်လုံးညှိတဲ့"

သူတို့အိမ်ကြီးမှာ နိုင်မာတောင့်တင်းသော သစ်များဖြင့် ဆောက်ကာ ခြံစည်းရိုးကိုလည်း ကောင်းအောင်ကာထားသော အိမ်ကြီးဖြစ်၏။

"ကျွန်မအဖေရဲ့ သတင်းရော ရသလား ဦးကြီး"

"ရွှေတင်ရယ် သမီးအဖေက တရားရှိပြီးသားပဲ။ မပွလင်မြို့က ဘုန်းတော်ကြီးကျောင်းကို လှည်းနဲ့ အိမ်က ကလေးမနဲ့ ထွက်သွားပြီလို့ ပြောတယ်။ ဟုတ်တယ် မဟုတ်လား ညာဏ်မောင်"

ကမ်းစပ်ရှိ သစ်အိမ်ကျယ်ကြီးပေါ်တွင် စားလွယ်ကာ ရပ်နေသော အကျီကျွတ်နှင့် လူတစ်ဦးကို လှမ်းမေးလိုက်သည်။ ထိုလူမှာ ဆံချောင်းကို နောက်တွဲထုံး၍ ပေါင်တွင် ထိုးကွင်းမှင်ကြောင်းများက ထင်ရှားနေသည်။

"ဟုတ်ပါတယ် မြို့စားမင်း။ ကျွန်တော်မျိုးကိုယ်တိုင် ရွာထိပ်အရောက်ပို့ခဲ့ပါတယ်။ လှည်းပေါ်မှာ ပုတီးပါစိပ်သွားပါသေးတယ်"

"ကဲ ကြားတဲ့အတိုင်းပဲ ရွှေတင်"

ရွှေတင်က အားငယ်သည့်အချိန်





ဖြစ်သောကြောင့် မျက်ရည်များကို သူ့သားတွင် ရပ်နေသော အောင်ပွင့်၏ဘယ်ဘက်ပခုံးနှင့်ပွတ်သုတ်နေသည်။ အောင်ပွင့်က ရွှေတင်၏ ပါးကိုလှည့်၍ ပွတ်ကာ...

"ညီမရွှေတင်ရေ ဒုံသမိမြို့စားမင်းဆန္ဒအတိုင်း၊ ဒီမျက်နှာဖြူကောင်တွေကို အစ်ကိုလည်း အသက်စွန့်ပြီး တိုက်ဖို့ စိတ်ကူးထားပါတယ်။ ဘာမှ ပူပင်သောကများ မနေပါနဲ့"

"အဖေ့ကို သူတို့ နှိပ်စက်မှာ တွေးပြီး ကျွန်မ စိတ်မအေးနိုင်လို့ပါ"

"အရှင်နစ်ပါးတောင် ကြက်ငှက်တွေကို ဖမ်းသလို ဖမ်းသွားပြီပဲသမီး။ ဒင်းတို့လက်နက်နဲ့ လာပြီး အနိုင်ကျင့်တဲ့ ဒီဒွိတွေ။ ကမ္ဘာကြေတောင် ဥဒါန်းမကြေဘူးလော့"

"မိုးခြိုကျောက်ခက်" ဟု အမည်ခံယူထားသော ဒုံလမိရွာကြီး၏အကြီးအကဲမှာ သူ့ကိုယ်သူ ဒုံသမိမြို့စားမင်းဟု သတ်မှတ်လျက် အောက်လက်ငယ်သားများ၊ စုဆောင်းကာ ပုန်ကန်ခြားနားနေသူဖြစ်သည်။

အောင်ပွင့်သည်လည်း၊ အခြေအနေကို ရိပ်စားမိသည့်အလျောက် သူ၏ဓားချောင်းကို သပ်လျက် ဓားချောင်ထဲမှ ပေါက်လိပ်ကို ဆုတ်လိုက်သည်။ အကယ်၍ မန္တလေးနေပြည်တော်မှ အရှင်နစ်ပါးသည် မျက်နှာဖြူအစိုးရတို့အား တော်လှန်၍ မိမိနယ်ပယ်များသို့ ပြန်လည်သိမ်းပိုက်နိုင်သည်ရှိသော် ဒုံသမိရွာမှ တိတ်တဆိတ်ပုန်းခိုခြားနားနေသူ မိုးခြိုကျောက်ခက်အား ဒုံသမိမြို့ဟု သတ်မှတ်ကာ မြို့စားပေးမည်ဖြစ်ကြောင်း၊ သဘောတူညီထားသည့် မဟာသီဟမင်းခေါင်၏ လက်ရေးပေးမှုဖြစ်သည်။

"နန်းတွင်ကလည်း ကျုပ်ကို ဒီလို တန်ဖိုးထားတာ သိရတော့ ကျုပ်ကလည်း နန်းတွင်းရေကိစ္စ အသက်စွန့်ဖို့ ဆုံးဖြတ်ထားပါတယ်။ ကဲ နားကြပါဦး။ မောင်အောင်ပွင့်တို့လည်း၊ ခရီးပန်းလာကြတယ်။ ခုက မျက်နှာဖြူတွေ နယ်ပယ်ရှိသမျှ ချဲ့ထွင်ပြီး သူပုန်ရန်နှိမ်နင်းနေတော့ ကျုပ်တို့လည်း သတိနဲ့ မကျွာ နေရတယ်"

"ဟုတ်ပါတယ် မြို့စားမင်း။ သတိဆိုတာ ဓိတယ်လို့ မရှိပါဘူး"

ဒုံသမိရွာထဲသို့ တံခါးဝတွင် တာဝန်ကျသော တံခါးစောင့်များက လိုက်၍ပို့ဆောင်ကြသည်။ ထိုအခါတွင် သစ်သားတစ်ထပ်ပျဉ်ထောင်အိမ်လေးများကို ညီညာစွာ ဆောက်လုပ်ထားရာ ချောင်းကမ်းနားတစ်လျှောက်တွင် ကြည့်၍ကောင်းလှသည်။ ချောင်းကမ်းနစ်ဖက်ကို ကူးခရာ ကုန်းတံတားကို သစ်သားများဖြင့်ပင် လက်ရာမြောက်အောင် ဆောက်လုပ်ထားသည်



www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့မြင်ရသည်။ အိမ်ခြေတစ်ရာကျော်ရှိ၍ ထောင်စုမြို့တစ်မြို့လောက် နီးပါးပင် သတ်မှတ်နိုင်ကြောင်း၊ အောင်ပွင့် ရိပ်မိသည်။

"အစ်ကို"

တိုးလျှသောအသံဖြင့် ရွှေတင်က ခေါ်လိုက်သည်။

သူမသည် အလွန်အားလျော့ ဝမ်းနည်းကာ အောင်ပွင့်၏ ဘယ်လက်မောင်းကို ဖက်တွယ်၍ မျက်ရည်ဝဲကာ လိုက်ပါနေရသည်။

"ညီမ ရွှေတင် ဘယ်လိုခံစားနေရသလဲဆိုတာ အစ်ကို သိပါတယ်"

"ကျွန်မကို တစ်ယောက်တည်း ဘယ်တော့မှ မထားခဲ့ပါနဲ့ အစ်ကိုရယ်"

ရွှေတင်သည် အားကိုးရာမဲ့သူ တစ်ဦးအနေဖြင့် အောင်ပွင့်ကို တွယ်တာမှုကြီးမားသောစိတ်ဖြင့် ပြောလိုက်ခြင်းဖြစ်သည်။ အမှန်တော့ သူကြီးဦးမြို့တင်သည်လည်း၊ မကြာမီပေါ်ပေါက်လာတော့မည့် ကံကြမ္မာကို သိရှိ၍ သူ၏သမီးကို အောင်ပွင့်၏လက်တွင် အပ်နှံလိုက်ခြင်းပင်ဖြစ်ပေတော့သည်။

"အစ်ကို အသက်ရှိသမျှတော့ ရွှေတင်ဆိုတဲ့ မိန်းကလေးနဲ့ ဘယ်တော့မှ မခွဲဘူးလို့ ကတိပေးပါတယ် ညီမရယ်"

ဖုံသမိရွာကြီးတွင် သူတို့နှစ်ဦးအတွက် မင်္ဂလာအထိမ်းအမှတ်အဖြစ် မြို့အားကြီး မိုးမြဲကျောက်ခက်က အကျဉ်းရုံးကာ ပြုလုပ်ပေးသည်။ နန်းတွင်းသား အောင်ပွင့်သည် သူ့အတွက် တပ်မှူးကြီး မဟာသီဟသူရမင်းခေါင်က ပေးသနားခဲ့သည့် ဒေါင်းတံဆိပ်ရွှေဒင်္ဂါးဆွဲပြား လေးကိုရွှေတင်ကို ဆွဲပေးခဲ့သည်။

မိုးမြဲကျောက်ခက်မှာ အရပ်မြင့်မား၍ မျက်ခုံးထူထူ နှုတ်ခမ်းမွေးကားကားဖြင့် တကယ့်သူရဲကောင်းမြို့စားကြီးတစ်ဦးအသွင် တွေ့မြင်ရလေသည်။ အရေးရှိလျှင် ငယ်သားများကိုယ်စား သစ်လုံးတစ်မှ ထွက်ကာ ရန်သူကို ရင်ဆိုင်ဖို့ကြည့်လေ့ရှိသည်။

အားလပ်သည့်အချိန်တွင် ဖုံသမိမြစ်မှ သူတို့ရွာထဲသို့ စီးဝင်လာသော ချောင်းကမ်းပါးတွင် လက်ဝှေ့ရေးအတတ်၊ လက်နက်မဲ့ သိုင်းပညာအတတ်၊ သေနတ်ပစ်ခြင်းအတတ်၊ အဝေးပစ်ဒူးလေး လေင်းလေး၊ လှံအတတ်များကို သင်ကြားပေးလေ့ရှိသည်။ အောင်ပွင့်ရောက်လာသောအခါတွင်ကား မိုးမြဲကျောက်ခက်သည် လက်ဝှေ့ရေးပညာအတွက် သူ့လက်ထောက်တစ်ဦးအဖြစ် ရွာသားများကို သင်ကြားပေးရန် အားကိုးရသူတစ်ဦးအဖြစ် သတ်မှတ်လိုက်သည်။





"မင်းနဲ့ငါနဲ့ တိုက်ကြည့်ရင်တောင် ဘယ်သူနိုင်မယ်ပြောလို့ မရဘူး။ မင်းရဲ့ လက်ဝှေ့ပညာက တော်တော်သိပ်သည်း ကျစ်လျစ်တာပဲ။ ငါနဲ့ရော ပြိုင်ဖို့ စိတ်ကူးရှိသလား။ အားမနာပါနဲ့"

လက်ဝှေ့ရေးသင်တန်းပြနေသည့်အချိန် ရွာသားများရှေ့တွင် ဖုံသမိမြို့စားကြီး မိုးမြဲကျောက်ခက်က ပြောလိုက်ခြင်းဖြစ်သည်။

အမှန်တော့ မိုးမြဲကျောက်ခက် ပြောသကဲ့သို့ ယှဉ်ပြိုင်ကြည့်လျှင် သူနိုင်ကိုယ်နိုင်ကို အောင်ပွင့်ကိုယ်တိုင် မဆုံးဖြတ်နိုင်ပေ။

မိုးမြဲကျောက်ခက်သည် အနိုင်အမာ တည်ဆောက်ထားသော မိုးမြဲကျောက်ခက်၏ သွေးပုန်စခန်းသို့ နောက်မှရောက်ရှိလာခြင်းဖြစ်သည်။ မိုးမြဲကျောက်ခက်၏အရှိန်အဝါကြီးမားသောကြောင့် အောင်ပွင့်သည် ငြိလုံ၍နေရခြင်းဖြစ်၏။ လက်ဝှေ့ပညာအရ နှစ်ဦးယှဉ်ပြိုင်မည်ဆိုလျှင် အောင်ပွင့်နိုင်ပါကလည်း၊ မိုးမြဲကျောက်ခက်ဆိုသော ဖုံသမိမြို့စားမင်းအတွက် စိတ်ကွက်စရာ၊ သိက္ခာကျစရာ ဖြစ်နိုင်သည်။

သို့မဟုတ် အောင်ပွင့် ရှုံးသွားသည်ဆိုပါကလည်း၊ မိုးမြဲကျောက်ခက်အနေဖြင့် အလွန်သိက္ခာတက်စရာမရှိ။ ဖုံသမိရွာကို မြို့ကြီးတွေထောင်ဖို့မိုးမယ့် မြို့စားမင်း၊ ပဲ နိုင်မှာပေါ့ ဟု ရွာသူရွာသားများက ကဲ့ရဲ့စရာဖြစ်နိုင်ပေသည်။

"ကျွန်တော်မျိုး မိမှာနိုလုံခွင့်ရတာပဲ ကျေးဇူးကြီးလှပါပြီ။ အရှင်မြို့စားမင်းကို နိုင်သည်ဖြစ်စေ ရှုံးသည်ဖြစ်စေ ရင်ဆိုင်တိုက်ခိုက်ဝံ့ကြောင်း၊ မရှိပါ"

မိုးမြဲကျောက်ခက်ကို အောင်ပွင့်က ဦးညွှတ်ကာ ပြောလိုက်သည်။ အောင်ပွင့်၏ ကျေးဇူးသိတတ်သော စိတ်သဘောထားကို သိရသောကြောင့် မိုးမြဲကျောက်ခက်မှာ လက်ပိုက်၍ခေါင်းညိတ်လိုက်သည်။

"ဒီလိုမြင့်မြတ်တဲ့ စိတ်သဘောထားရှိတာကို သိရလို့ လေးစားပါတယ်။ ဒါပေမဲ့ အကြီးအကဲမို့ အလျှော့ပေးတဲ့ သဘောထားမျိုးတော့ မထားစေချင်ဘူး မောင်အောင်ပွင့်"

အောင်ပွင့်က ခေါင်းခါပြလိုက်သည်။

"ဒီသဘောမျိုးမဟုတ်ပါ၊ လောကမှာ တစ်ခါတလေ မလုပ်သင့် မလုပ်အပ်တဲ့ ကိစ္စမျိုးရှိတတ်ပါတယ်။ ဒီကိစ္စမျိုးကို လုပ်မိရင် နှစ်ဦးနှစ်ဖက် အကျိုးမဲ့ဖို့လို့ပါ။ မြို့စားမင်းကလည်း သူကြီးပေကွာတော ဝတ်အင်္ဂါနဲ့ညီလို့ အောက်လူကို နိပ်လေ့



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်လုမရှိ။ အောက်လွှတ်တွေကလည်း မြို့စားမင်းကို လေးစားကြည်ညိုလို့ ပြန်လွှတ်မှာမဟုတ်ပြီလေ။ မရှိတာဟာ ကောင်းမြတ်တဲ့လက္ခဏာပါပဲ။ ခုလို တိုင်းတစ်ပါး မိစ္ဆာဒိဋ္ဌိတွေကို တိုက်ခိုက်ဖို့ ပြင်ဆင်နေရတဲ့ကာလမှာ အချင်းချင်းမိုပြီးတော့ မြတ်နိုးချစ်ခင်စည်းလုံးသင့်ပါတယ်"

မြို့စားမင်းဗိုလ်ကြီးကျော်ခက် သည် လေးနက်စွာပင် ခေါင်းညိတ်လိုက်ပြီး . . .

"မောင်ရှုအောင်ပွင့်ရဲ့ စကားတွေဟာ တန်ဖိုးရှိလှပါတယ်။ အားလုံး မောင်အောင်ပွင့်ရဲ့စကားတွေကို ကြားတယ်မို့လား"

"ကြားပါတယ် မြို့စားမင်း"

"ကဲ ကြားရင် စစ်ရေးအတွက် လေ့ကျင့်ကြသလို တစ်ဦးနဲ့တစ်ဦးလည်း ဝိုင်းပြီး ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး နေကြဖို့ မမေ့နဲ့"

"အမိန့်အတိုင်းပါခင်ဗျာ"

×××

မည်သို့ပင်ဖြစ်စေ မြန်မာတစ်ပြည်လုံး တိုင်းတစ်ပါး လက်အောက်ကျရောက်သော ကာလတွင် ဖုံသပိရွာလေးကား လုံခြုံသော ဝင်းတံခါး စည်းရုံးသောအင်အားကြောင့် အင်္ဂလိပ်မျက်နှာဖြူတို့၏ စစ်တာရိမ့်များသည် ဖိစီးတရက် ဝင်ရောက်မသိမ်းပိုက်နိုင်သေးပေ။ ထောက်လှမ်း၍မရအောင်လည်း လုံလုံခြုံခြုံရှိနေခြင်းကပင် အန္တရာယ်ကို တွန်းလှန်ထားခြင်းတစ်မျိုးဟု ဆိုနိုင်ပေသည်။

ခိုက်ကွင်းပြင်ထဲတွင် ဗိန်းမများက တာပင် သီးပင်များ စိုက်ပျိုးကြသကဲ့သို့ ယောက်ျားများကလည်း ဖုံသပိမြစ်သို့ စီးဝင်သော ချောင်းလေးထဲတွင် ငါးများကို ဖမ်းကြသည်။ ဆယ်အိမ်တံစ်စု ငါးဖမ်းသမားတစ်ဦးရှိ၍ အိမ်နှစ်ဆယ်လျှင် တစ်ဦးဝက်မွေးသူတစ်ဦး။ ဆိတ်မွေးသူတစ်ဦး။ ကြက်မွေးသူ တစ်ဦးရှိသည်။

ထို့ကြောင့် ရိက္ခာအတွက်လည်း ဖုံသပိရွာအတွက် ပူစရာမရှိ။ နှစ်ရှည်လများ ထိုရွာမှာပင် ခိုအောင်းနေနိုင်ပေသည်။ ညနေအတော်စောင်းမှပင် လက်ရေးရေး သင်ကြားပေးနေသော အောင်ပွင့်သည် ဖုံသပိချောင်းကမ်းပါးရှိ နှစ်ဦးသားနေထိုင်သော အိမ်လေးသို့ ပြန်လာသည်။

ဖုံသပိချောင်းကမ်းပါး၏ အိမ်ဆောင်တွင် အဝတ်များလှမ်းနေသော ရွှေတင်သည် အောင်ပွင့်ရှိရာသို့ ပြေး၍လာလေသည်။

"အစ်ကို"





"ညီမရွှေတင် မပြောနဲ့လို့ ပြောထားတာလေ မေ့နေပြီလား"

"ဩ ဟုတ်ပါရဲ့ အစ်ကို ပြန်လာတာ မြင်တာနဲ့ဝမ်းသာသွားလို့"

ရွှေတင်က သည်တော့မှ ကိုယ်ကို သတိရလိုက်ကာ သူ့ယောက်ျား အောင်ပွင့်၏ လက်မောင်းကို ဖက်တွယ်လိုက်သည်။

ကံကြမ္မာ၏စေစားရာသို့သာ လိုက်ပါလာသော ရွှေတင်သည် တစ်လနှစ်လအတွင်းမှာပင် အောင်ပွင့် အကြွင်းလင်းမယားဘဝတွင် ပျော်ရွှင်လာလေတော့သည်။ သူမ၏ ဖခင်သည်သာမဟုတ် မြန်မာဘုရင်၏ သြဇာခံသော မြို့စား၊ ရွာစားများကို တစ်ဦးပြီးတစ်ဦး ဖမ်းလျက် မျက်နှာဖြူများက သုတ်သင်နေသည့်သတင်းကိုလည်း ကြားရသည်။

ဖခင်ဖြစ်သူကား သူကြီးဖြစ်သောကြောင့် ကွပ်မျက်ခြင်းမခံရဘဲ တစ်သက်တစ်ကျွန်းခေါ် ရပ်ဝေးဒေသသို့ ပို့လိုက်ပြီဟု သိရ၍ စိတ်သက်သာရာရခဲ့ပြီ ဖြစ်ပေသည်။

"ညီမရယ် ဘာပဲလုပ်လုပ် ဗိုက်ထဲက ကလေးလေးကို သတိထားမှပေါ့"

အောင်ပွင့်က သူ့မိန်းမရွှေတင်ကို သတိပေးစကားပြောကြားလိုက်သည်။ ရွှေတင်က ရှက်ရွံ့သည့်မျက်နှာနှင့် . . .

"မေ့သွားလို့ပါ အစ်ကိုရဲ့ ဒီ အဝတ်တွေတောင် လျှော်ပြီးပြီ"

ဟု ပြောသည်။

အောင်ပွင့်က သားလား သမီးလား မသိရသော သူ့မိန်းမဗိုက်ထဲမှ ကလေးကို မျှော်လင့်နေသူဖြစ်သောကြောင့် . . .

"ငါ့သားကြီးသာဆိုရင်တော့ ငါ အားကိုးရမှာပဲ။ အင်္ဂလိပ်မျက်နှာဖြူတွေကို ငါ့လိုပဲ အန်တုမှာပဲ"

ဟု ပြောလိုက်သည်။

ထိုစကားကို ကြားသောအခါတွင် ရွှေတင်၏မျက်နှာမှာ ညှိုးလျော်သွားသည်။ သူမ မိဘများနှင့်အတူနေရလျှင်လည်း ဗိုက်ထဲမှ ကလေးလေးမွေးလာလျှင် ချစ်ကြမည်သာ ဖြစ်ပေသည်။

" ယခုတော့ ဖခင်က ဘုန်းကြီးကျောင်းမှာ မထင်မရှား တရားအားထုတ်နေ၍ ဖခင်မှာကား တစ်ကျွန်းသို့ အပို့ခံလိုက်ရပြီဖြစ်လေသည်။ ယခုလည်း မျက်နှာဖြူလက်ပါးစေများ ဦးစီးသော စစ်ဘာရိများနှင့် ပုလိပ်အဖွဲ့များက ဖုံသပိရွာကို တိုက်ခိုက်ဖို့ ပြင်နေသည်ဟု ကြားသိနေရသည်။

"အစ်ကိုရယ် . . . ခေတ်ကြီးက မကောင်းတော့ ကျွန်မ ဗိုက်ကလေးကို မွေးရမှာ သိပ်စိတ်လေးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မလေးပါနဲ့ ရွှေတင်ရယ်။ မြို့စားမင်းကြီးက အစီအစဉ် သိပ်ကောင်းတော့ မိန်းကလေးတွေကို ဒီရွာထဲကနေ ထွက်ခွာပြီး ပုန်းအောင်းနေဖို့ စီစဉ်ပေးထားတယ် မဟုတ်လား"

"အဲဒါကြောင့် ကျွန်မ စိတ်လေးနေတာပေါ့။ ကျွန်မ အစ်ကိုနဲ့ခွဲပြီးတော့ ဘယ်မှ မသွားချင်ဘူး"

စကားပြောရင်း စီးကျလာသော မျက်ရည်များကို သုတ်ရင်း ရွှေတင်က ပြောလိုက်သည်။

"ကဲပါ ရွှေတင်ရယ်။ ဒီနေ့ အရေးကြီးတဲ့ကိစ္စတွေပြောစရာရှိတယ်။ ရွှေတင်ရဲ့ မျက်ရည်တွေ သုတ်လိုက်တော့နော်။ ဘာဟင်းချက်ထားလဲဟင်"

သူ့မိန်းမ ရွှေတင် ဝမ်းနည်းကြေကွဲနေသော စိတ်ကို လွှဲပြောင်းရန် စကားလွှဲလိုက်သည်။

"ငါးဖယ်ငါးဆုပ်နဲ့ ရှောက်သီးသုပ်ချက်တယ်လေ"

"ဟာ ညီမရေ ဒီလိုပြောတာတောင် သွားရည်ကျချင်လာပြီ။ ကဲ ထမင်းစားဖို့"

စားပွဲဝိုင်းလေးဖြင့် နှစ်ယောက်သား ထမင်းလက်ဆုံစားကြသည်။ သည့်နောက်တွင်ကား၊ သူလည်ပင်းတွင် ဆွဲထားသော ပိုးကြိုးအနီနှင့် ကနုကမာပြားလေးကို ပေးကာ . . .

"ညီမ ဒီဆွဲကြိုးလေးကို ကိုယ့်သားဖြစ်ဖြစ်၊ သမီးဖြစ်ဖြစ် ကြီးလာရင်ပေးဖို့ သိမ်းထားနော်"

ဟု ပြောလိုက်သည်။

"အစ်ကိုက ဘယ်သွားမှာမို့လဲ"

"အစ်ကိုက ဘယ်မှမသွားဘူး။ ဒီသစ်တစ်ကနေ မျိုးဖျက်တွေကို ချေမှုန်းဖို့ စောင့်ရမှာ"

"ရှင်"

ထိုစကားကို ကြားသည်နှင့်ပင် ရွှေတင်သည် စိတ်ကြေကွဲဝမ်းနည်းမှုဖြစ်ကာ ဆို့တက်၍ သတိလစ်သွားလေတော့သည်။

"ရွှေတင် . . . ရွှေတင်"

ရွှေတင်က ချက်ချင်း သတိပြန်မရရှာပေ။

* * *

ကော့ကဒွပ်၊ သိမ်ဆိပ်နှင့် ဖုပန်းမြို့တို့တွင် ဖျက်နာမြူစစ်ဘာရီများ၏ မယ်တော်ဆိုက်ကပ်လာပြီဖြစ်ကြောင်း၊ သိရှိရသောကြောင့် ဖုံသမိရွာကို သစ်တစ်ကာထားသော မြို့စားကြီး မိုးမြဲကျော်ခက်သည် သူ၏ရွာသားများကို လက်နက်များနှင့်အတူ တပ်လှန့်ထားသည်။



ဓားကိုင် လှံကိုင် လေးမြားကိုင်သူများက လေးငါးခြောက်ရာရှိပြီး သေနတ်ကိုင်သူက ဆယ်ဦးရှိ၍ ယမ်းတောင်းသေနတ်ဆယ်လက်သို့သာ ကိုင်စွဲနိုင်လေသည်။ ရွာထဲရှိ မိန်းမနှင့်ကလေးများကိုကား၊ ဘေးကင်းရာဖြစ်သော ဖုံသမိမြစ်၏ အရှေ့ဘက်ဒေါနတောင်ခြေရှိ ရွာများသို့ လွှဲကာ ပို့လိုက်သည်။ တောခေါင်သော ယခု မြိုင်ကြီးငှခေါ်သည့်နေရာများ (သံလွင်မြစ်တစ်ဘက်ကမ်း) သို့အရောက် ပို့ဆောင်ပေးခဲ့သည်။

သတိရသည့်အချိန်တွင် သံလွင်မြစ်ကမ်းစပ်သို့ ရောက်ရှိနေပြီး အခြားသော မိန်းမနှင့်ကလေးများကိုပါ လှည်းများနှင့် သံလွင်မြစ်ကမ်းစပ်သို့ ရောက်ရှိလာသည်ကို တွေ့ရသောကြောင့် ရွှေတင်မှာ မည်သို့မျှ မပြောနိုင်တော့ပေ။ သူမ၏အဝတ်ဖြင့် ချုပ်ထားသော လွယ်အိတ်လေးအား၊ ချိုင်းကြားတွင်ရှိနေပြီး အိမ်နီးချင်းမမြိုင်က သူမကို ပေါင်ပေါ်တွင် ခေါင်းအုံးကာ လှဲသိပ်ပေးထားသည်ကို တွေ့လိုက်ရသည်။

"ရွှေတင် သတိရပြီလား"

"အို ကျွန်မတို့ ဘယ်ရောက်ထားပြီလဲ"

"ရှင်တို့ ကျွန်မတို့ ခရီးမိုင်တော်တော်ဝေးဝေး ရောက်လာပြီ။ ရွှေခင်းတွေကို ကြည့်ပါဦး မသာယာဘူးလား"

"ကိုအောင်ပွင့်ရောရှင်"

သူမယောက်ျားကို တမ်းတမ်းတတ မေးလိုက်သည်။ မမြိုင်က ဖျော့ပေးရာက

"ကိုအောင်ပွင့်လည်း ကိုမြင့်ကြိုင်တို့လိုပဲ သစ်လုံးခံတပ်ကနေ မျက်နှာဖြူတွေကို တိုက်ဖို့ စောင့်ကြိုနေပြီပေါ့ ရွှေတင်ရယ်"

ဟု ပြောလိုက်သည်။

ရွှေတင်သည် အံကိုတင်းတင်းကိုက်လိုက်သည်။

"တို့ရဲ့နိုင်ငံကို နိုင်စက်အုပ်စိုးနေတဲ့ မျက်နှာဖြူတပ်တွေအားလုံး ကျဆုံးပြီး ကိုအောင်ပွင့်တို့အနိုင်ရပြီး လိုက်လာပါစေ မမြိုင်"

"ရှင်"

"ကိုအောင်ပွင့်တို့က ကျွန်မတို့ နေမယ့်နေရာတွေ သိတယ်မို့လား"

"သိတာပေါ့။ မသိဘဲ ဘယ်နေပါ့မလဲ။ ဒါ မြို့စားမင်း မိုးမြဲကျော်ခက်က စီစဉ်ထားတာပဲ"

မမြိုင်က ရွှေတင် စိတ်သက်သာမှုရစေရန် ပြောဆိုလိုက်သည်။ သူမသည် တိမ်းရှောင်ပုန်းအောင်းဖို့ ထွက်လာသော မိန်းမနှင့် ကလေးများလိုက်ပါလာသည့် လှည်းဆယ်စီးကို သံလွင်မြစ်တစ်ဘက်ကမ်းသို့ ရောက်အောင် ကြိုးပမ်းခေါ်ဆောင်လာရသော အမျိုးသမီးကြီးဖြစ်သည်။ မြစ်ကမ်း

www.burmeseclassic.com

www.burmeseclassic.com



စဝ်တွင် တစ်ဘက်မှ ကြိုတင်မှာကြားထား သော ဗိုက်ခွေက ဝါးလုံးများနှင့် ထိုးကာ ဖောင်တစ်စီးဖြင့် ရောက်လာသည်။

ကမ်းပေါ်တွင် လူရှစ်ဆယ်ကျော် လောက်ရှိနေသောကြောင့် တစ်ဖက်ကမ်းမှ ကူးလာသော လှေကြီးလေးဦးမှာ . . .

"လူက ဒါအကုန်ပဲလားဟေ့"

ဟု မေးလိုက်သည်။

"ဟုတ်တယ်ရှင့်။ ဒါ အကုန်ပါပဲ ဦးကြီး"

"ဒြော် မမြိုင်ပါလာတာကို။ သုံးခု လောက်တော့ ခွဲပြီးကူးရမယ်။ ဖောင်က နည်းနည်းကျဉ်းတယ်"

ကမ်းကို ဖောင်က ကပ်လာသည်။

ရွှေတင်သည် နောက်ဘက်သို့ လှည့်ကြည့်ကာ သူမ၏မိဘများနှင့် လင် ယောက်ျား၊ အောင်ပွင့်တို့ကို ကန်တော့ လိုက်သည်။ သည့်နောက်တွင်ကား သံလွင် မြစ်တစ်ဖက်ကမ်းရှိ ပေပေါင်း(၆၇၀၀) ကျော် မြင့်သည့် ဒေါနတောင်ခြေရှိ ရွာလေးတွင် စိုက်ခင်းစိုက်သူမလေးအဖြစ် နေထိုင်ခဲ့ရ လေသည်။

အောင်ပွင့်သည်ကား အင်္ဂလိပ် မျက်နှာဖြူ စစ်ဘာရီများက လာရောက် ခြေမှုန်းရာတွင် မိုးမြဲကျောက်ခက်နှင့်အတူ ခုခံရင်း ဖုံသပိရွာသားများ၏ သစ်တပ်လဲ ပြို၍ လူအင်အားများလှသော စစ်ဘာရီ များ၏ သေနတ်ပြောင်းအောက်တွင် အသက် ပျောက်ခဲ့ရလေတော့သည်။

သစ်လုံးခံတပ်ကြီး ပိတ်ထားသော ရွာကြီးကိုလည်း မီးတိုက်ပစ်လိုက်ရာ မီး တောက်မီးလျှံများနှင့်အတူ သူရဲကောင်း မိုးမြဲကျောက်ခက်၊ အောင်ပွင့်နှင့် မြန်မာ မျိုးချစ်သူပုန်အများအပြား အသက်စွန့်သွား ကြသည်မှာ ထိုခေတ်အခါက လူများ သိ ရှိပြီးဖြစ်ကြလေတော့သည်။

***

ဦးမုတ်ကြီးသည်ကား မထင်မရှား တံငါသည်တစ်ဦး၊အဖြစ်ဖြင့် သမီးလှကျွန်း သို့ လိုက်ပါသွားကာ လှေတိုးငါးဖမ်းတစ်ဦး အဖြစ် အင်္ဂလိပ်တို့အခြေအနေကို စောင့် ကြည့်နေခဲ့ရာ ထိုကျွန်းပေါ်မှာပင် ခင်မြရီ ဆိုသော အသက်သုံးဆယ်ကျော်အရွယ် မိန်းမသားတစ်ဦးနှင့် အိမ်ထောင်ကျကာ သားတစ်ဦး ဖွားမြင်ခဲ့သည်။

သားကလေး၏အမည်ကို ထင်ဝံ ဟု ဦးမုတ်ကြီးကပေးခဲ့ပြီ။ သူလည်ပင်းမှ ပိုကြိုးအနီနှင့်ဆွဲထားသော ကနုကမာဆွဲ ကြိုးလေးကို ပေးထားခဲ့လေသည်။

ပိုးကြိုးလေးမှာ သုံးလေးပင်ကျစ် ထားသောကြောင့် နီရဲတောက်ပနေသည်။





ဦးမုတ်ကြီးမှာ သူ၏နန်းတွင်းမှ ယူဆောင် လာသော ရတနာများကို သထုံနှင့် ဘားအံ ကြားရှိ ထုံးကျောက်ဂူတစ်ခုတွင် ဝှက်သို ထားကြောင်းကို စကားစပ်မိသောကြောင့် ညတစ်ညတွင် ဇနီးဖြစ်သူ ခင်မြရီအား ပြောပြမိလေသည်။

ခင်မြရီမှာ ကျွန်းပေါ်တွင် ဆင်းရဲ သော တံငါသည်တစ်ဦး၏သမီးမှ မွေးဖွား လာသူဖြစ်ရာ ထိုအကြောင်းကို ကြားရ သောအခါတွင် အံ့လွန်းစိတ်ဝင်စားသွားသည်။

"အစ်ကိုကြီး သထုံ ဟုတ်လား။ ကျွန်မ ရောက်ဖူးတာပေါ့"

"ဒါပေမဲ့ အန္တရာယ်များတယ်။ အဲဒီနေရာက သိပ်ခက်ခဲတယ် မြရီ"

"အစ်ကိုကြီးကိုယ်တိုင် ပါသွား တာ ဘယ်နေရာလဲဆိုတာတော့ အစ်ကိုကြီး သိမှာပေါ့။ အခုကတော့ အင်္ဂလိပ်အစိုးရ ကလည်း တရားဥပဒေနဲ့အညီ အုပ်ချုပ်နေ ပြီပဲ။ ခရီးသွားလို့ရပါတယ်"

ဦးမုတ်ကြီးက အသက်အရွယ် ကြီးရင့်လှပြီဖြစ်သည်။ သူတွင် ယခင်က ရှိခဲ့ဖူးသော သွက်ချာပါဒရောဂါက ပြန်ထ နေရာ တစ်ချက်တစ်ချက်တွင် သတိလစ် ၍ လေငန်းဆွဲတတ်သည်။ အသက်ကြီးမှ ရွှေဒင်္ဂါးအချို့ပါလာ၍ နောက်အိမ်ထောင် ထပ်ရခြင်းဖြစ်ရာ သူ့အသက်ကို သူ သိပ် မရှည်တော့ကြောင်း၊ သိ၏။

"အင်း . . . ခုသားကလည်း ရှိလာ တော့ မြရီကိုပြောပြခဲ့တာ ကောင်းမှာပဲ။ ဘာလို့လဲဆိုရင် တို့အရင်ကညည်ရွယ်သလို ဒီရတနာတွေကို သုံးပြီးတော့ အင်္ဂလိပ် တွေကို ပြန်တိုက်ဖို့ဆိုတာ မလွယ်တော့ ဘူး။ မြန်မာဘုရင်ကလည်း ရတနာဂီရိက ပြန်လာဖို့မလွယ်တဲ့အပြင် အင်္ဂလိပ်စစ် အင်အားကို ကြောက်လို့ ငြိမ်ကုန်ပြီ" ဟု တွေးမိလေသည်။

"ပြောစမ်းပါရှင်။ မြန်မာဘုရင် နန်းတော်ထဲက ရတနာတွေဆိုရင် အပြင် မှာ တန်ဖိုးတယ်သေးပါ့မလဲ။ ရွှေဒင်္ဂါးတွေ ရော မပါဘူးလား"

"ပါတာပေါ့ကွ။ အဲဒီထဲမှာ တန် ဖိုးအရှိဆုံးကတော့ အမြီး ခေါင်း၊ လက် တွေမှာ ရတနာခုနစ်ပါးနဲ့ စီခြယ်ပြီး၊ အမြီး နှစ်ဖက်ရဲ့ အရင်းကအိအများအထိ ရွှေအုပ် ထားတဲ့ မနုသီဟကျောက်စိမ်းရုပ်ပဲ"

"အို . . . ဟုတ်လား။ ပြောစမ်းပါ ရှင်။ အဲဒါကို ဘယ်လိုများ ဝှက်ထားသလဲ ဆိုတာ"

ဦးမုတ်ကြီးက တဲတွေးကို လှေ ဘေးသို့ မွေးလိုက်သည်။

"ထို . . . မင်းဟာ တော်တော် လောဘသတ္တာယရှိတဲ့ မိန်းမပါလား ခင်မြရီ"



www.burmeseclassic.com

www.burmeseclassic.com



ခင်မြရီမှာ အသက်ကြီးသော ယောက်ျားကို ယူထားသော မိန်းမတစ်ဦး ဖြစ်သောကြောင့် ချော့မော့၍ မေးမှရမည် ဟူသော သဘောကို တွေးမိသည်။ ထို့ကြောင့် ဝက်ကလေးကို ပုလိုက်၏။

"ဟိုမှာကြည့်စမ်းပါရှင်။ ရှင့်သား ထွန်းငံ ကျောက်ဆောင်တွေကြားမှာ ခုလိုပဲ ငါးဖမ်းပြီး ဆင်းဆင်းရဲရဲနေတာ ကြည့်ကောင်းနေသလား။ ဒီကလေးဟာ ဒီလိုပဲ ကြီးပြီး ဒီသမီးလှကျွန်းပေါ်မှာပဲ ဆင်းဆင်းရဲရဲ သေရတော့မှာတဲ့လား"

ထိုအချိန်တွင် ဦးမှတ်ကြီး၏ သားလေးအသက်မှာ ရှစ်နှစ်ကိုးနှစ်လောက်သာ ရှိသေးသည်။

"ငါပြောပြပေးမယ့် မင်းသားက ဒီနေရာကို သွားလို့မရဘူးကွ။ သူတို့ သုံးယောက်ဆုံတော့မှ ဒီနေရာကို သွားလို့ရမှာ"

"ဘယ်လိုရှင့်"

"သူ့ရဲ့နှစ်ခြမ်းကာဝ်ထားတဲ့ ကနုကမာခွံကြီးလေးက ကနုကမာကို ဖွင့်လိုက်ရင် မြေပုံရဲ့ သုံးပုံတစ်ပုံပါတယ်"

"နောက်နှစ်ပုံကရော"

"နောက်နှစ်ပုံက ငါတို့ရဲ့ သစ္စာရှိ လူယုံနှစ်ယောက်ဆီမှာပေါ့။ သူတို့မရှိရင်လည်း သူတို့ဟာ သူတို့သားတွေကို မှာခဲ့မှာပဲ။ ခုတော့ ကိုယ့်အမျိုး ကိုယ့်ဘာသာ အတွက် ဒီရတနာတွေကို ထုတ်ဖော်ပြီး အသုံးပြုဖို့ ကောင်းတယ် အဟွတ် ဟွတ်"

စကားပြောရင်းဖြင့် ချောင်းက တဟွတ်ဟွတ်ဆိုးကာ လှေထဲရှိ အိပ်ရာပေါ်သို့ လဲကျသွားလေသည်။

ယခုမှာ မဟာသီဟသူရမင်းခေါင်သည်လည်း အင်္ဂလိပ်မျက်နှာဖြူတို့ ဖမ်းဆီး၍ ဒေါ်ဆောင်ရာနောက်သို့ ပါသွားပြီဟု သိရသည်။

အင်္ဂလိပ်များကို အထင်ကြီးသော ကင်းဝန်မင်းကြီးသည် မူလကတည်းက အင်္ဂလိပ်၏ ဝစ်ဖင်အားအကြောင်းကို ပြောဆိုနေရာ ၁၈၈၅ နှင့် ၁၈၈၇ ခုနှစ်အတွင်းတွင် မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ အုပ်ချုပ်နိုင်ရန် သာယာငြိမ်ဝပ်မှုအတွက် ကူညီဆောင်ရွက်နေသည်ဆိုသောသတင်းကိုလည်း ဦးမှတ်ကြီးကြားရသည်။

ဝိတိုရိယဘုရင်မကြီး၏ နန်းစံ အနှစ်ငါးဆယ်ပြည့် ဂျူဗလီ ပွဲတော်တွင် ကင်းဝန်မင်းကြီး ဦးကောင်းကို **စီအက်(စ်)အိုင် ခေါ်** အင်္ဂလိပ်တို့ သူကောင်းပြုဘွဲ့ ပေးအပ်လိုက်ပြီဟု ကြားရသောအခါတွင် ဦးမှတ်ကြီးအတွက် ပို၍စိတ်ဓာတ်ကျသွားရလေတော့၏။ ဦးမှတ်ကြီးကား၊ သူ့သိသမျှ ခင်မြရီကို ပြောပြရန် စိတ်ဆုံးဖြတ်ခဲ့တော့သည်။

***





ဒေါနတောင်ခြေရှိ မြဝါရုံရွာလေးတွင်ပင် အောင်ပွင့်၏ဇနီး ရွှေတင်သည် သားတစ်ဦးကို ဖွားမြင်ခဲ့သည်။ ဖုံသမိရွာကြီးကို အင်္ဂလိပ်မျက်နှာဖြူများက မီးတိုက်လိုက်ပြီး မိုးဖြဲကျောက်ခက်နှင့် သူ့ပုန်များအားလုံး ချေမှုန်းလိုက်ပြီဟူသော သတင်းကို ကြားရသောအခါ ရွှေတင်မှာ ကိုယ်ဝန်နှင့် အရူးတစ်ပိုင်းဖြစ်ခဲ့ရသည်။

မပြိုင်နှင့်အခြားရွာသူအချို့က သူတို့ ယောကျ်ားများမှာလည်း မျိုးချစ်သူရဲကောင်းများပင်ဖြစ်၍ ထိုတိုက်ပွဲတွင် ပါသွားပါကြောင်းနှင့် မွေးဖွားလာမည့်ကလေးအတွက် အားတင်းထားပါရန် အားပေးကြသည်။ ရက်အတော်ကြာ စိတ်မချမ်းမြေ့စွာနှင့် ရွှေဖာင်မှာ တုံနိဘာဝေ နေထိုင်ခဲ့ပြီး သံဃာရတနာနှင့်ပတ်သက်၍ မြဝါရုံကျောင်းဆရာတော်၏ တရားဒေသနာကို ကြားနာရတော့မှပင် အားတင်းကာ ဗိုက်ထဲမှ ကလေးအတွက် ယူကျုံးမရစိတ်ကို ဖြေဖျောက်ရလေတော့သည်။

ဘုန်းတော်ကြီးကျောင်းတွင် လပြည့်လကွယ် ဥပုသ်စောင့်ရင်းဖြင့် ရွှေတင်သည် အရွယ်ရှိသေးသော်လည်း အိမ်ထောင်ပြုဖို့ စိတ်မကူးတော့။ ဖုံသမိရွာကို ထူထောင်ခဲ့သော မိုးဖြဲကျောက်ခက်၏ အစီအစဉ်ကောင်းမှုကြောင့် သူမသည် တဲကလေးတစ်လုံး၊ ဓိုက်ခင်းကလေးတစ်ကွက် ရှိနေပြီး၊ သူမဓိုက်ခင်းမှ ထွက်သော ရာသီအလိုက် သီးနှံများသည် သူမအတွက် မှလုံ၍ အသားငါးများနှင့်လဲကာ ဆန်နှင့်လဲကာ စားသောက်နေထိုင်နိုင်ခဲ့သည်။

တစ်နှစ်မပြည့်မီပင် မြဝါရုံရွာလေး၌ ရွှေတင်သည် သားလေးတစ်ဦးကို မွေးဖွားခဲ့ရာ အမေနာမည်ပါ ပါအောင် **မောင်နောအောင်** ဟု အမည်ပေးခဲ့လေသည်။

"ကြည့်စမ်း၊ သူ့အဖေရှိရင်တော့ သိပ်ပြီးတော့ ချစ်မှာပဲပေါ့။ ကလေးလေးက အဖေတူလေးပဲ"

ဟုတ်သည် ... မွေးလာသော ကလေးလေးမှာ အောင်ပွင့်၏မျက်ခုံး၊ နှာတံနှင့် နှုတ်ခမ်းပါးတို့ကို မြင်နေရသည်။ အောင်ပွင့်ကို တလွန်ချစ်သော ရွှေတင်သည် သားကလေး၏မျက်နှာကို မြင်ရသည်နှင့် ငုံထားမတတ်ချစ်မြတ်နိုးလေသည်၊ သူမ၏ သားလေးကိုလည်း ချမ်းသာကြီးပွားသော မြို့သားကြီးဖြစ်စေချင်လေသည်။

"ဘာပဲပြောပြော ငါဟာ ကိုအောင်ပွင့် လျှို့ဝှက်ခဲ့တဲ့ ကိစ္စတွေကို သား ကြီးလာရင်တော့ ပြောကို ပြောပြမယ်"

ဟု စိတ်ကူးထားမိတော့၏။

***

www.burmeseclassic.com

www.burmeseclassic.com

မိုက်သောတပည့်ကို ပညာသင်ပေးမိခြင်း၊
ရက်စက်သောသားကို ဥစ္စာအမွေလွှဲခြင်း၊
အဆိပ်ရှိသော ဒူးမင်ကို လမ်းဆုံ၌စိုက်မိခြင်း၊
ကျေးဇူးမသိတတ်သူ၏ အသက်အသခဲကိုကူညီခြင်း
တို့သည်
"ကိုယ့်ဘဝကို ကိုယ်ဖျက်ခြင်း" နှင့်တူ၏။

မျက်နှာဖြူနယ်ချဲ့စစ်ဘာရီများ၊ ကသစ်ဝင်းကာရံကာ အခိုင်အမာနေသော သူတို့၏ ရွာကြီးကို လာရောက်ဝန်းရံတိုက်ခိုက်ရာမှအစပြုလျက် မိုးပြိုကျောက်ခက်နှင့် သူနောက်လိုက်တပ်မှူးများ၊ တပ်သားများသည် အသက်ကိုပမာမထား၊ ရဲဝံ့စွန့်စားစွာ ခုခံကြသည်။ မျက်နှာဖြူစစ်ဘာရီများဘက်မှလည်း ထင်မှတ်ထားသည်ထက်ပင် ဗိုဗို ကျကာ နောက်သို့တစ်ကြိမ်ဆုတ်ခွာရသေးသည်။

သို့သော် လက်နက်အင်အား၊ လူအင်အားနှင့် စနစ်တကျဖြင့် အထပ်ထပ်တိုက်ခိုက်သောအခါ နံ့သမိမြို့စားမင်းဟုဝိဝိကိုယ်ကို ခံယူထားသော ခေါင်းဆောင်မိုးပြိုကျောက်ခက်နှင့် လက်ရုံး များသည် တစ်ဦးပြီးတစ်ဦး ကျဆုံးကုန်ကြတော့သည်။

မန္တလေးရတနာပုံ နေပြည်တော်၏ အမှတ်အသားအလံတော်ကို လွှင့်ထူကာ အသက်သေသည့်တိုင် အလံတိုင်ကို ကိုင်ဆောင်ထားသော သူတို့မှာ ရွာကိုမီးတိုက်တော့မှပင် မီးလောင်သည့်မြေပြင်၌ လဲကျသွားသည်တို့လည်း ရှိသည်။





အောင်ပွဲသည်လည်း ထိုသို့ပင် သစ်လုံးခံတပ်၏ မျှော်စင်ကို မီးလျက် သေနတ်ဖထ်ရာလေးငါးချက် ထိမှန်သည့်တိုင် အလံတိုင်ကို ကိုင်ကာ ယမ်းထောင်၊ သေနတ်နှင့် မျက်နှာဖြူစစ်ခေါင်းဆောင်တစ်ဦးအား ထိမှန်အောင်ပစ်ခတ်သွားခဲ့ပေသေးသည်။

နံ့သမိရွာကြီးကျဆုံးကာ မျက်နှာဖြူများလက်အောက်ကျရောက်သည်နှင့်ပင် တနင်္သာရီကမ်းမြောင်ဒေသမှ အင်္ဂလိပ်အစိုးရကို တော်လှန်ဆန့်ကျင်ရဲသူ မရှိသကဲ့သို့ ဖြစ်သွားသည်။

မြို့ရွာစည်ပင်သာယာမှုအတွက် အင်္ဂလိပ်ကလည်း ရုံးများ၊ ဂါတ်များ၊ တိုက်နယ်များကို စနစ်တကျ ဖွဲ့စည်းကာ အခွန်ဝန်ထောက်၊ သစ်တောဝန်ထောက်၊ နယ်ပိုင်ဝန်ထောက်တို့ကို စေလွှတ်ခန့်ထားလေသည်။ ဓါနတောင်ဘက်တွင် တာဝန်ကျသော သစ်တောဝန်ထောက်ကြီးသည် တစ်သားမွေး၊ တစ်သွေးလုနေသော ရွှေတင်ကို သဘောကျနေလေသည်။

စိုက်ခင်းများ၊ ကြို့ပိုင်းသစ်တောများကို လှည့်လည်ကြည့်ရှုရင်း ဓါနတောင်ခြေရှိ မြဝါးရုံရွာသို့ နယ်ပိုင်ဝန်ထောက်ကြီး ကျွေအဆီပ်(ချ်)စတီဖင် သည် ရောက်ရှိလာ၏။

သူနှင့်အတူ မြန်မာလူမျိုးမြို့ပိုင်ဆာဖိုးကံကြီး ဆိုသူလည်း ပါလာသည်။ ဆာဖိုးကံကြီးမှာ အိုင်စီအက်(စ်)ဘွဲ့ စာမေးပွဲ ရသူထဲတွင် ပါလာသောကြောင့် ဂျေအေ အိပ်(ချ်)စတီဖင်၏ ထောက်ခံချက်ဖြင့် မြို့ပိုင်ဖြစ်လာရသူတစ်ဦးဖြစ်၏။

နယ်ပိုင်ဝန်ထောက်ကြီးသည် အသားဝင်းဝါဝါနှင့် ပြည့်ဖြိုးလှပသော ရွှေတင်ကို စိုက်ခင်းထဲတွင် အမှတ်မထင် မြင်တွေ့မိသွားသည်။

"သူက ဘယ်သူလဲ မောင်မင်း"

မြဝါးရုံရွာသူကြီး ဦးထွေးကို ဆာဖိုးကံကြီးက မေးလိုက်သည်။

"ကျွန်တော်မျိုးတို့ရွာက ကလေးတစ်ယောက်အမေ ရွှေတင်ပါ"

ယောက်ျား သေဆုံးသွားပြီဆိုသော ကိစ္စကို ဦးထွေးကလည်း ထည့်မပြောပေ။ နံ့သမိရွာသူပုန်ကိစ္စမှာ အင်္ဂလိပ်အစိုးရများ၊ အလွန်စိုးရိမ်ကာ ပုလိပ်အဖွဲ့များဖြင့် အမြဲသတင်းစုံစမ်းနေသော ကိစ္စဖြစ်သောကြောင့် ဖြစ်၏။

"ဩော် သူကလေးက အိမ်ထောင်နဲ့ကိုး"

"ဟုတ်ပါတယ် မြို့ပိုင်မင်း၊ ဟိုစိုက်ခင်းဘေးမှာ ဆော့နေတာ သူ့သားလေးပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



တိုစဉ်က ရွှေတင်၏သား မောင်နော်အောင်မှာ သုံးလေးနှစ်သားဖြစ်၍ ယာခင်းဘေးတွင် ပြေးလွှားဆော့ကစားနေလေသည်။

"မေမေ"

"မေမေ"

"ဟော"

"လူ လူကြီး တားဟား ကြောက် ကြောက်"

မောင်နော်အောင်လေးက သူ့အမေ ရွှေတင်ကို ပြေးဖက်ကာ မြို့ဝိုင် ဆာဗိုးကဲကြီးရှိရာကို လက်ညှိုးထိုးပြနေသည်။

ဆာဗိုးကဲကြီးက ဘန်ကောက်လုံချည်ပေါ်တွင် ခါးပတ်ပတ်ကာ သေနတ်အိတ်ကို ချိတ်ထားသည်။ ဘောင်ကျန်းပေါ်တွင် မျက်နှာဖြူမြီး နယ်ပိုင်ဝန်ထောက် ဂျေအေဆိမ်(၅)စတီဖင်က ရပ်နေသည်။ အင်္ဂလိပ်ဝတ်စုံ နက်ကတိုင်နှင့် ထီးကို ပုလိပ်တစ်ဦးက မိုးပေးထားပြီ။ သူ့အနီးတွင် ရာဇဝတ်တစ်ဦးက ပုလိပ်နှစ်ဦးနှင့်အတူရပ်ကာ စိုက်ခင်းစိုက်နေသူများကို ကြည့်ရင်း သေနတ်ကို အဆင်သင့်ကိုင်ထားလေသည်။

မကြာမီ မြို့ဝိုင်သည် သူကြီးဦးထွေးကို နယ်ပိုင်ဝန်ထောက်ကြီးထံသို့ ခေါ်သွားသည်။ ပြီးနောက် နယ်ပိုင်ဝန်ထောက်ကြီးရှေ့မှာပင် သူကြီးကို ရွှေတင်နှင့်ပတ်သက်သော အကြောင်းများကို ထပ်မေးသည်။

ရွှေတင်၏ယောက်ျားမှာ ဗိုးထိ၍ ဆုံးသွားသည်ဟု သူကြီးဦးထွေးက ပြောထားသည်။ ဦးထွေးကို နယ်ပိုင်ကြီး စတီဖင်၏ ရှေ့တွင် မြို့ဝိုင်ဗိုးကဲကြီးက မေးသည်။

"နယ်ပိုင်ကြီးကပြောတယ်။ ဟိုမိန်းကလေးရဲ့ယောက်ျား၊ ဗိုးထိသေတယ်ဆိုတာ ဟုတ်သလားတဲ့"

သူကြီးဦးထွေး မျက်လုံးပြူးသွားသည်။ သူ့ကို မယုံလျှင် ရွာထဲ၌စုံစမ်းမည်ဖြစ်သောကြောင့် စိုးရိမ်မိသွား၏။

***

"ကျွန်မ မသွားချင်ဘူး ဦးလေးရယ်"

"မသွားလို့တော့ မဖြစ်ဘူး တူမရယ်။ သူတို့ကလည်း၊ သတင်းအစအနရထားလို့ ဖြစ်မယ်။ တခြားလူတွေကိုတော့ ဦးလေးပြောပြီးပြီ။ မြို့ဝိုင်နဲ့ နယ်ပိုင်ကြီးကိုတော့ တူမကြီးပြောမှရမယ်"

"ကျွန်မသားလေးက အိပ်ပျော်နေတယ် ဦးလေးရဲ့"

ရွှေတင်မှာ လေးနှစ်ပြည့်သည့်တိုင် နောက်အိမ်ထောင်ပြုဖို့ရန် မစဉ်းစားရက်ပါ။ အောင်ပွင့်နှင့် တူသော သားကလေး မောင်နော်အောင်၏ မျက်နှာကို အရိပ်တကြည့်ကြည့်ဖြင့် နေထိုင်ခဲ့၏။

"ဒီအချိန်မှာ တို့ရွာရော ရွာမှာနေတဲ့လူတွေ ဘယ်လိုလူတွေဆိုတာ တူမကြီး အသိဆုံးပဲ။ သူတို့တွေ မှဆိုးမဖြစ်နေတဲ့ကိစ္စတွေ ဆက်ပြီးဖော်ထုတ်ရင် မြဝါးရုံရွာ၊ သစ်တောင်ရွာ၊ ရွာင်ရွာတွေမှာရှိတဲ့ မိသားစုတွေပါ မီးနိုးကြွက်လျှောက်ဖြစ်နိုင်တယ် တူမ ရွှေတင်"

ရွှေတင်သည် အိပ်ပျော်နေသော သားကလေးကို တဘက်နှင့် ခြင်ခတ်ပေးနေရင်း၊ မျက်ရည်စများကို သုတ်လိုက်သည်။ သူမသည် လူ့လောက လူ့သဘာဝများကို သိပြီးနေသူသာဖြစ်ပါသည်။

"ဦးလေး"

"ပြော တူမ"

"ကျွန်မယောက်ျားကလည်း အများအတွက် အနစ်နာခံသွားတာပဲ။ ကျွန်မကို နယ်ပိုင်ကြီးနဲ့ မြို့ဝိုင်က ဘာလို့ခေါ်တယ်ဆိုတာ ဦးလေး အရိပ်အကဲသိမှာပါ"

"ပြောမကောင်းပါဘူး တူမရယ်"

အင်္ဂလိပ်အလိုတော်ရိများသည် အချို့သော အိမ်ထောင်ပျက်မိန်းမများအား ခြေတော်တင်ရန် လာတတ်ကြသည်ကို ဦးထွေး သိပြီးသားပင်။

မိမိရွာထဲမှာပင် အချို့လည်း၊ ငယ်သူများမို့ အိမ်ထောင်ထပ်ပြုကြသည်။ မိန်းမများသည် အားကိုးရှာတတ်သည်ဟုဆိုသော စကားသည် မှားလည်း၊ မမှား၊ အားကိုးရှာခြင်းမှာလည်း အပြစ်မဟုတ်။ တံခွန်မရှိသော ဘုရားသည် မတင့်တယ်သကဲ့သို့ လင်ယောက်ျားမဲ့သော မိန်းမ. သည်လည်း၊ မတင့်တယ်ဟူသည့်အတိုင်း၊ ရွှေတင်၏ဘဝ သည်လည်း ကြုံရပေပြီ။

ဖေါနတောင်တန်းမှ တိုက်ခတ်လာသော လေသည် ယာခင်းဘေးရှိ ရွှေတင်၏ တဲအိမ်လေးရှိရာသို့ ဝင်ရောက်တိုးခတ်ရာ အိမ်ဘေးမှ ဝါးရုံပင်များ၊ တရှဲရှဲ မြည်သွားသည်။

"ကဲ ရွှေတင် တူမရေ ကလေးကို ချီလာပြီး ဦးလေးအိမ်မှာထားခဲ့တော့ မိုးမချုပ်ခင် မြို့ဝိုင်က တည်းခိုတဲ့အိမ်ကို ရွှေတင် ခေါ်လာခဲ့ရမတဲ့"

ရွှေတင်သည် သူမ၏ကံကြမ္မာကို အံကြိတ်ကာ မျက်ရည်များကို တဘက်နှင့် တို့သုပ်လိုက်၏။ သည်နောက်တော့ အားတင်းကာ သားလေးကို ပွေ့ချီလျက် သူကြီးဦးထွေးနောက်သို့ လိုက်သွားသည်။ ဦးထွေး၏သမီး တင်တင်ဦးနှင့် ဝင်းဝင်းတို့က မောင်နော်အောင်လေးကို ဆီး၍ပွေ့ချီလိုက်ရင်း မိန်းမသားချင်း၊ ကိုယ်ချင်းစာသော မျက်နှာ







www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကြည့်ကာ

"ဒီ အင်္ဂလိပ်တဏှာရူးတွေကို ကျွန်မလည်း သေပါစေလို့ ဆုတောင်းနေပါ မယ် မမရွှေတင်" ဟု တင်တင်ဦးက ပြော၏။

"တင်တင်ရေ မမရဲ့ဘဝကသိုလ် ပေါ့။ ဒါပေမဲ့ မမကြောင့် ရွာထဲက ဒုက္ခ ဆင်းရဲကြုံခဲ့ရတဲ့ မိသားစုတွေကို မာယာ နဲ့ ကာကွယ်နိုင်အောင် ကြိုးစားရမှာပေါ့ ကွယ်"

ဝင်းဝင်းက လက်ကိုဆွဲရင်း

"ကျွန်မ သိပ်ပြီးတော့ ဝမ်းနည်း တယ်။ စိတ်မကောင်းဘူး မမရယ်"

ဟု ရွှေတင်၏ကိုယ်ကို ဖက်ထား သည်

"ဘယ်တတ်နိုင်ပါ့မလဲ ညီမလေး ရယ်။ မောင်လေးကိုသာ စောင့်ရှောက်ထား နော်"

"စိတ်ချပါ မမရယ်။ မမလည်း ကံ ကောင်းပါစေလို့ ဆုတောင်းပါတယ်"

ဝင်းဝင်းက ကလေးကို ပွေ့ချီရင်း ရှိုက်သံဖြင့် ပြောလိုက်သည်။

"ကဲ သွားကြစို့ ဗျာမရေ။ နေညို ချိန်တောင် ရောက်လာပြီ"

သူကြီးဦးထွေးက သတိပေးကာ ခေါ်လိုက်သောကြောင့် ရွှေတင်မှာ တဘက် ကို ရင်ပေါ်သို့ နှစ်ဖက်လွှမ်း၍ ပခုံးတင်ကာ ဆံပင်ကို ပြင်၍ထုံးလိုက်ပြီး လိုက်ပါခဲ့ရ တော့သည်။ နှစ်ဖက်စိုက်ခင်းပြင်မှာ ညီညာ ၍ ဝါနှင့်တားကာထားသောကြောင့် မြေ လမ်းကလေးမှာ သပ်ရပ်နေသည်။

လရောင်က မြင့်မားသော အုန်း ပင်များပေါ်မှ စိုက်ခင်းများပေါ် ကျရောက်၍ ဖြိုးပြောက်ထင်နေသည်။ လေညှင်းက သုတ် ဖြူးလိုက်ရာ အုန်းပင်နှင့် ဝါးပင်များမှာ ယိမ်းကနေသည်နှင့်ပင် တူလေသည်။ ခြေ ထဲရှည်နှ်ထပ်အိမ်ကြီးအောက်ထပ်တွင် ကား အောက်လင်း မီးအိမ်တစ်လုံးကို ထွန်း ညှိလျက် လူတစ်စု ပျော်ပွဲတားနေကြသည်။

ထိုလူစုထဲတွင် နယ်ပိုင်ဝန်ထောက် ဇတီဖင်နှင့် မြို့ပိုင်ဗိုးကံကြီးတို့လည်း ပါလေ သည်။

"နယ်ပိုင်မင်း...မရွှေတင် ရောက် လာပါပြီခင်ဗျ"

သူကြီးက ဦးညွှတ်ကာ ပြော လိုက်သည်။ နယ်ပိုင်ဝန်ထောက် ဇတီဖင် က ရွှေတင်ကို ခြေဆုံးခေါင်းဆုံး ပြင လိုက်လေသည်။

***

အကင်းပါးသော မြို့ပိုင်ဗိုးကံကြီး က ထလကာ...သူကြီး ဦးထွေးကို...



"မရွှေတင်ကို မေးစရာရှိလို့တဲ့ အပေါ်ထပ်ကို လွှတ်လိုက်ပါ။ နယ်ပိုင် ဝန် ထောက်ကြီးက သဘောကောင်းပါတယ်"

ဟု ပြောလိုက်သည်။ ရွှေတင်က တော့ ဆွန်အိုးကြားမှခေါင်းပြူကြည့်သော ကြွက်ကလေးလို ခေါင်းငုံ့လျက် နှာတံပေါ် ပေါ် မေးရိုးကားကားနှင့် အင်္ဂလိပ်လူမျိုး နယ်ပိုင်ကြီးကို မကြည့်ရဲ၍ ခေါင်းငုံ့နေသည်။

"ရွှေတင် လာ နယ်ပိုင်ကြီးက နင့် ကို ဘာမှ မလုပ်ပါဘူး"

မြို့ပိုင် ဗိုးကံကြီးက ရွှေတင်ကို ဦးဆောင်ကာ သစ်လုံးများဖြင့် ဆောက် ထားသော နှစ်ထပ်အိမ်ကြီးပေါ်သို့ ခေါ်သွား သည်။ အပေါ်ထပ်ရှိ အိမ်တံခါးပေါက်များ ကို ကလားခေါက်ထားရာ လရောင်မှာ ထို ကလားပေါက်များမှပင် ထိုးဝင်နေသည်။

"ကျွန်မ ကြောက်တယ်ရှင်။ ကျွန်မ ကို ပြန်ခွင့်ပြုပါ မြို့ပိုင်မင်း"

ရွှေတင်က သူမရင်ဘတ်ကို ညာ လက်နှင့်ဖိကာ ပြောလိုက်သည်။

"ဟဲ့ ပြန်လို့တယ်ရဦးမှာလဲ။ နယ် ပိုင်မင်းက ဘာမှ မပြောရသေးတာ"

"ကျွန်မကို ကယ်ပါဦး မြို့ပိုင်မင်း ရယ်"

မြို့ပိုင်ကြီးက ရွှေတင်၏ပခုံးကို လက်နှင့် အသာအယာဖိထားလိုက်သည်။

"မကြောက်ပါနဲ့ရွှေတင်ရယ်။ ကျုပ် တစ်ယောက်လုံး ရှိပါတယ်။ နယ်ပိုင်ကြီးက ရွှေတင်ကို လက်မှာနဲ့တောင်တို့မှာ မဟုတ် ပါဘူး"

မြို့ပိုင်ဗိုးကံကြီးထံမှ အာမခံချက် ရတော့မှပင် ရွှေတင်မှာ သက်ပြင်းချနိုင် တော့သည်။ မကြာမီ လှေကားမှ တက်လာ သော ခြေသံကြားလိုက်ရသည်။ နယ်ပိုင် ဝန်ထောက်မင်းတက်လာပြီဖြစ်၍ ရွှေတင် က ထိုင်ခုံမှ ထကာ လက်အုပ်ချီလိုက်သည်။

"ထိုင်ဘာ ထိုင်ဘာ"

မြန်မာဘာသာစကားကို မပီမသ တတ်သော နယ်ပိုင်ကြီး ဂျေအောအီဝ်(ဇ်) ဇတီဖင်က လက်နှင့်ပြကာ ထိုင်နိုင်းသည်။ နားသယ်စပ်ပေါ်သို့ ကျနေသော ရွှေတင်၏ ဆံနွယ်များမှာ လေပြေတိုက်ခတ်၍ တလွင့် လွင့်ဖြစ်နေသည်။

ရွှေတင်သည် နယ်ပိုင်ဝန်ထောက် ကြီးရှေ့ရှိ ဖျာပေါ်တွင် ထိုင်လိုက်သည်။ နယ် ပိုင်ဝန်ထောက်ကြီးက ကုလားထိုင်ပေါ်တွင် ထိုင်ကာ ရွှေတင်ကို စိုက်ကြည့်နေ၏။

နယ်ပိုင်ကြီး၏အကြည့်မှာ ညို တစ်ထည် ပြာတစ်ခါ ဝါတစ်ချက် ဖြစ်နေ သည်။

လှေကားမှ မြို့ပိုင်ဗိုးကံကြီးနှင့် ရာဝဝတ်အုပ်တို့ ဖိနပ်သံပြည်၍ ဆင်းသွား



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ အောက်ထပ်မှ လှေကားအဆင်း တံခါးမှာ တွန်း၍ ချိတ်ချိတ်ကာ ပိတ်ရ သော တံခါးဖြစ်သည်။

ထိုတံခါးကို တစ်ယောက်ယောက်က မတွန်းကာ ချိတ်ချိတ်၍ ပိတ်လိုက်လေသည်။ ရွှေတင်သည် တစ်ကိုယ်လုံး ထိတ်လန့် ကြောက်ရွံ့မှုက ကြီးစိုးလာတော့သည်။

ညဥ့်ဖက်လေပြေသည် သစ်ပင်များကို တရှဲရှဲမြည်အောင် တိုးဝှေ့တိုက်ခိုက်နေသည်။ ဝါးပင်များ ဘယ်ညာယိမ်းထိုးနေသည်မှာ လရောင်အောက်တွင် ကခုန်နေသည်နှင့်ပင် တူနေလေသည်။ ဗုန်အိမ်ပေါ်တွင် သံကြိုးကြက်ခြေခတ်ပါသော လသာမီးအိမ်လေးသည် ရေနံဆီလျှော့လိုက်သောကြောင့် မှိန်ကာ ငြိမ်း၍သွားလေသည်။

လှုပ်ရှားသံ ကား တိတ်ဆိတ်လျက်သာ ရှိနေလေသည်။ အောက်ထပ်တွင်ရှိသော ရာဇဝတ်အုပ်နှင့် ပုလိပ်များမှာလည်း စကားပြောသံတိတ်ကာ အမော်ယမကာကို တစ်လှည့်စီသာသောက်လျက် ရှိကြတော့သည်။

ခဏကြာသောအခါ နှစ်ထပ်အိမ်ကြီးပေါ်မှ ခပ်အုပ်အုပ် ရှိုက်သံတစ်ချက် ထွက်ပေါ်လာသည်။ ထိုရှိုက်သံမှာ ရွှေတင်၏ ရှိုက်သံပင်ဖြစ်လေသည်။ ရွှေတင်သည် ဆံပင်များကို သေသပ်အောင် ပြုပြင်၍ ထုံးကာ ထလိုက်ပြီး ခေါင်းရင်းခန်းရှိ ဘုရားစင်သို့ ရည်မှန်းကာ ကန်တော့နေလေသည်။

ခေါင်းအုံးလေးတွင် သူမသည် ဖုံကာ အိပ်ပျော်အောင် ကြိုးစားသော်လည်း အိပ်၍မရတော့ပေ။ သူမ၏ပါးပြင်ပေါ်မှ မျက်ရည်စက်များသည် တတွေတွေ စီးယိုကာ ကျလျက်ရှိသည်။

သူမဘေးမှ ဝန်ထောက်ကြီး၏ အိပ်မောကျသံက တခေါခေါထွက်ပေါ်လာသည်။ သူမသည် အသံမကြားအောင်ပင် ထကာ လှေကားအတက်အဆင်း တံခါးကို ချိတ်ဖြုတ်လိုက်သည်။ ပြီးနောက် အပေါ်သို့ ထောင်ကာကပ်၍ ပြန်ချိတ်ထားပြီး ခြေဖော့ဆင်းလာခဲ့သည်။

သည့်နောက်တွင်ကား မြဝါး၏ ရွာကလေးမှ ရွှေတင်သည် လုံးဝပျောက်ကွယ်သွားလေတော့၏။ ရွှေတင် မည်သည့်နေရာသို့ ရောက်သွားသည်ကိုကား မည်သူမျှ အတိအကျ မပြောနိုင်ပေ။

မောင်နော့အောင်လေးကတော့ ဝင်းဝင်းနှင့် တင်တင်ဦးတို့နှစ်ယောက် မွေးချီကာ ထိန်းရင်း ချော့ရင်း ကြီးပြင်းလာရလေတော့သည်။

xxx



ထိုနေရာသို့ ရောက်သောအခါတွင် သူဇာလှိုင်က ကျားကြီးဘထိုက်ကို

"ဒါဆိုရင်တော့ မရွှေတင် အဲ ဒေါ်ရွှေတင်ပေါ့လေ။ ဒေါ်ရွှေတင်ဟာ နယ်ပိုင်ဝန်ထောက်ရဲ့ မတရားအပြုအမူကို ခံရပြီး မြဝါးရွာကနေ ကိုယ်ရောင်ပျောက်သွားတယ်ဆိုတဲ့သဘောပေါ့ ဦးလေး"

ဟု မေးလိုက်သည်။

"အေး ဦးလေးလည်း အဲဒီလိုပဲ ထင်တာပဲ။ ဒါပေမဲ့ ဒေါ်ရွှေတင်ဟာ မြဝါးရွာကတည်းက တရားဘာဝနာနဲ့ သူ့ကိုယ်သူ စောင့်ရှောက်ခဲ့တာပဲ။ နယ်ပိုင်ဝန်ထောက်ဝတီပင်က ဖျက်ဆီးလိုက်တာနဲ့ ဘဝဆုံးပြီးတော့ အတိဒုက္ခရောက်မသွားဘူး"

"ရှင် ဟုတ်လား"

"ဟုတ်တယ်...ကဲ ကျုပ်ပြောတဲ့ စကားတွေကို နားထောင်နေတဲ့ မောင်သိုက်ကျော်နဲ့ ရာဇဝတ်အုပ်လေး ကိုအောင်တင့်တို့ စာသင်မောင်ပြုံးပါ ဒီတဲပေါ်ကို ခေါ်ခဲ့ပါတော့ဗျာ"

တဲတန်းလျားဘေးတွင် ရပ်ကာ ခရေပင်ရိပ်မှောင်ထဲ၌ နားထောင်နေသော မောင်သိုက်ကျော်မှာ အံ့အားသင့်သွားလေသည်။ မောင်သိုက်ကျော်နှင့် မနီးမဝေး လျှိုအောက်တွင် ဒဿမ ၃၂ ပစ္စတိုနှင့်အတူ ရာဇဝတ်အုပ်လေးအောင်တင့် စာသင်မောင်ပြုံးတို့ရှိနေရာ ခပ်ကျယ်ကျယ်ပြောလိုက်သော ကျားကြီးဘထိုက်အသံကြောင့် အံ့အားသင့်သွားသည်။

လရောင်အောက် တဲရှေ့သို့ ပထမဆုံးထွက်လာသူမှာ ပုဆိုးကွက်တုံးကို ဝတ်ဆင်ထားသော မောင်သိုက်ကျော်ပင် ဖြစ်သည်။

"ကိုဘထိုက် ခင်ဗျား ကျုပ်တို့ ဒီတဲအောက်မှာ ရှိနေတယ်ဆိုတာကို ဘယ်လိုလုပ်ပြီးတော့ သိသလဲဗျ"

ဟု မေးလိုက်သည်။

အရပ်မြင့်မြင့် အသားဖြူဖြူနှင့် စိတ်သဘောထား ကောင်းပုံရသော ကျားကြီးဘထိုက်မှ သေနတ်ကို ဓါးပတ်ဖြင့် ပတ်ကာ ထည့်ထားသည့် အိတ်ဖြင့် ထိုင်နေရာမှ ထလိုက်သည်။

"ဘယ်နည်းနဲ့မဆို ခင်ဗျား ကျုပ်ဆီ ရောက်လာမယ်ဆိုတာ ကျုပ်သိတာပေါ့ မောင်သိုက်ကျော်၊ ပြီးတော့ ရာဇဝတ်အုပ်လေး အောင်တင့်နဲ့ စာသင်မောင်ပြုံးတို့ကို ခေါ်လာလိမ့်မယ်ဆိုတာလည်း ကျုပ်က သိနေတယ်"

"ဘာလို့ သိနေတာလဲ"

သေနတ်အိတ်ကို ချိုင်းကြား လွယ်ကာ အပေါ်မှ ကုတ်အင်္ကျီဝတ်၍ ကက်ဦးထုပ်ဆောင်းထားသော ရာဇဝတ်အုပ်လေး

www.burmeseclassic.com

www.burmeseclassic.com



ဆောင်တင်က အလင်းရောင်ထိုးနေသည့် ပြတင်းပေါက်နှင့် တည့်တည့်တွင် ရပ်ရင်းမှ မေးလိုက်သည်။

"ကဲ ဘာဖြစ်လို့လဲတဲ့ဟာ ဒေဝိန်းရေ့ အောက်ဆင်းခဲ့ပါဦး"

တံတန်းလျားကို သုံးကန့်ကန့်ထားရာ တံခါးပေါက်မှ ညကြည့်မှန်ပြောင်းကို လည်ပင်းတွင် လွယ်ကာ ဒေဝိန်းက ခုန်ဆင်းလာသည်။

"ကျုပ်က တဲပတ်ပတ်လည်ကို ညကြည့်မှန်ပြောင်းနဲ့ ကြည့်နေဖို့ အမြဲမှာထားတယ်လေ။ ဒီမှာတင် ဒေဝိန်းက ညကြည့်မှန်ပြောင်း၊ မိုးထိတောင်ပေါ်ကနေ ကြည့်တော့ မောင်သိုက်ကျော်တို့ သုံးယောက် သူဇာလှိုင်ရဲ့နောက်ကို လိုက်ပါလာတာ ကျုပ်တို့ ဟောဟို အပေါ်က ဝီ့နဲ့ သုံးကြိမ်လှုပ်ပြီးအချက်ပြတာကိုး"

ကျားကြီးဘထိုက်မှာ သူနေသော စခန်းကို လုံခြုံအောင် စီစဉ်ထားသည်ကို သိလိုက်ရ၏။

"ကဲ ရာဝဝတ်အုပ်လေးဆောင်တင်ကိုတော့ ကျုပ်အားနာပါတယ်ဗျာ။ ကျုပ်တို့ ဒီသူဇာလှိုင်ကို ခေါ်လာရတာဟာ သူ့အိမ်မှာ သူ့အဖေဦးနော်အောင် ဖတ်ရအောင် ထားခဲ့တဲ့စာကြောင့်ပါပဲ"

သူဇာလှိုင်မှာ မောင်သိုက်ကျော်က ဖော်ပေးခဲ့၍ ပုန်းရှောင်နေသော သူ့ဖခင်ကြီး ဦးနော်အောင်ကို အန္တရာယ်ပေးနိုင်မည့်စာဖြစ်ကြောင်း သိရှိရလေသည်။

ဦးနော်အောင်မှာ မြဝါးရုံရွာတွင် နေရာမှ အသက်နှစ်ဆယ်ကျော်လာသော အခါတွင် သူ၏မိခင်မှာ တစ်နေရာရာတွင် ရှိနိုင်သည်။ အကြောင်းကိစ္စတစ်ခုကြောင့် ပုန်းကွယ်နေခြင်း ဖြစ်ရသည်ကို ရိပ်မိ သိရှိကာ ရှာဖွေဖို့ စိတ်ကူးခဲ့သည်။

သူကြီးဦးထွေးက...

"မောင်နော်အောင် မင်းရဲ့မေမေဟာ မြို့မိုင်နဲ့ပါ မျက်နှာချင်းမဆိုင်တော့တဲ့ သူမရဲ့ဘဝကို ဇာတ်မြုပ်သွားလိမ့်မယ်" ဟု ပြောခဲ့ကြောင်း သိရှိရသည်။

"ကျားကြီးဘထိုက်ပြောပြသော စကား၊ နားထောင်ကာ ကျွန်တော့်အဖေ ဦးထင်ဝံ့ကလည်း ဦးနော်အောင်နဲ့ တွေ့ချင်နေတာပဲလေ။ ပြီးတော့ သူတို့နှစ်ယောက် တွေ့ရုံနဲ့တင် မပြီးသေးဘူးမို့လား"

"ဟုတ်ပါတယ် ကိုဘထိုက် ကျွန်တော့်အဖေ ဦးစံရွှေနဲ့တောင် တွေ့ဖို့ လိုသေးတယ် မဟုတ်လား"

ဟု မောင်သိုက်ကျော်က မေးမြန်းလိုက်လေသည်။





"အော၊ အဲဒီအကြောင်းကို ပြောချင်တာပါပဲ"

ဟု ကျားကြီးဘထိုက်က ပြောလိုက်၏။

***

မန္တလေးနန်းတော်ကို အင်္ဂလိပ်မျက်နှာဖြူများ မသိမ်းယူမီ သက္ကရာဇ် ၁၈၈၅ နှစ် အစောပိုင်းတွင် တစ်မျိုး မဟာသီဟသူရမင်းခေါင်၏ အစီအစဉ်ဖြင့် ကနုတ်ခန်းပါသော ကျွန်းသေတ္တာငယ်တစ်လုံးကို ပိုးချည်၊ လျှော်ချည်များ ပတ်ကာ သံထုံဘက်တွင် သွားရောက်မြှုပ်နှံ သိုဝှက်ခဲ့သည့် လူသုံးဦးထဲတွင် မျိုးဆက်တစ်ဆက်ကား အနှစ်နှစ်ဆယ်အတွင်းမှာပင် ပြတ်တောက်သွားခဲ့သည်ဟု ဆိုရမည်။

ထိုသူသုံးဦးမှာ ဦးမှတ်ကြီး၊ အောင်ပွင့်နှင့် ဦးတုပ်တို့ဖြစ်သည်။ ဤတွင် ဦးတုပ်အကြောင်းကို ပြောဆိုရန် ကျန်ခဲ့သည်ဟု ဆိုရမည်။ ဦးတုပ်မှာ ထုံးကျောက်ရွာတွင် လုံခြုံစိတ်ချစွာ မြှုပ်နှံပြီးသည်နှင့် မထင်မရှား ပုန်းအောင်းနေထိုင်ရန် သထုံမှ လှေကြီးတစ်စီးတွင် လှေသမားများနှင့် ရောကာ မုတ္တမပင်လယ်ကွေ့ကို ဖြတ်၍ ခရမ်းဘက်သို့ ကူးလာခဲ့သည်။

ဦးတုပ်တွင် လွယ်အိတ်စုတ်တစ်လုံးပါပြီး၊ ထိုလွယ်အိတ်ထဲတွင် မန္တလေးနန်းတော်ကို မျက်နှာဖြူများ သိမ်းပိုက်ပြီးနောက် ရှောင်တိမ်းနေထိုင်ရင်း စားသောက်နေထိုင်ရန် ငွေဒင်္ဂါးနှင့် ရွှေတုံးရွှေစလေး နည်းနည်းပါလာခဲ့သည်။

သို့သော် မျက်နှာသုတ်ပဝါကို ခေါင်းပေါင်းလာသော ဦးတုပ်ကို မည်သူကမျှ နန်းတွင်းမှ ထွက်ပြေးလာသူတစ်ယောက်ဟု မထင်ပေ။ ဖြူစင်ကြည်လင်သော သူ၏အသားအရေကိုလည်း ရွှံ့နွံနှင့် မကြာခဏ သုတ်လိမ်းကာ ခရမ်းမှ သုံးခွသို့လည်းကောင်း၊ သုံးခွမှ သံလျင်သို့ရောက်ရှိလာသည်။

သံလျင်သို့ရောက်သောအခါ မန္တလေးနန်းတော်မှ သတင်းများကို ရရှိလာတော့၏။ အင်္ဂလိပ်မျက်နှာဖြူများက အပြီးအပိုင်သိမ်းပိုက်ကာ ကင်းဝန်မင်းကြီးဦးကောင်းပင် အင်္ဂလိပ်များနှင့်ပေါင်းကာ ခုခံပုန်ကန်သူများ၊ ငြိမ်ဝပ်ရေးကို ကူညီစီစဉ်နေကြောင်း သိရတော့သည်။ ဝမ်းနည်းစရာကောင်းသော သတင်းက သက်တော်ရှည်အမတ်ကြီးဟု မြန်မာ့မင်းမျိုးမင်းနွယ်များက အားကိုးယုံကြည် လေးစားရသည့် ဦးကောင်းသည် ဝိတိုရိယဘုရင်မကြီး၏ နှစ်ငါးဆယ်ပြည့်တွင် ပေးလိုက်သော အင်္ဂလိပ်ဆုတံဆိပ်ကို လက်ခံလိုက်သည် ဆိုခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာလေ့ထုံးသား တံငါများပင် ထိုဖြစ်ရပ်ကိုကား တအံ့တသြ မြေ့ဖြစ်တောက်တောက် ပြောကြသည်။

"တို့နေတဲ့ ပင်လယ်ဘက်က တောင် သာယာဝတီမင်းလက်ထက်မှာ တပ် ချပြီး ဒီအင်္ဂလိပ်တွေကို ခုခံသေးတယ်။ ကျုံးကူလို့ခံတပ်တို့ ထန်းတစ်ပင်ခံတပ်တို့ဆို ပြီး အစ်ဥ်အလာ ရှိပါသေးသကွာ"

"ဟာ ကိုယ့်အကျိုးကိုယ်ကြည့်တဲ့ သူတွေကြောင့် မြန်မာတွေ သူ့ကျွန်ဖြစ်ရတာ ပဲဟေ့။ ဘာမှ ပြောမနေနဲ့"

ဆင်ရဲသားပုဆိုးတိုတိုဝတ်ကာ ကျောပြောင်နှင့် လေ့သမားက မှတ်ချက်ချ လိုက်သည်။

ဦးတုပ်မှာ ထိုသူများနှင့် စိတ် ထားညီကာ ဝင်ရောက်ပြောဆိုလိုသော် လည်း ခုတ်အခြေအနေက အသက်ဘေး နှင့် နီးနေသောကြောင့် သင်္ဘောလျှင်မှ ထွက်ခွာ လာခဲ့ကာ ဗိုလ်ဝေသည့် ပင်လယ်ပိုင်းတွင် ဇာတ်မြှုပ်ကာ နေထိုင်ခြင်းက အကောင်း ဆုံးဟု ယူဆကာ ကုန်တင်လှေနှင့် လိုက် ပါလာခဲ့တော့သည်။

ဤသို့ဖြင့် ဦးတုပ်သည် ပင်လယ် ပိုင်းဟု ပြောရမည်ဖြစ်သော ဘိုလေးမြို့သို့ ရောက်ရှိကာ အခြေစာည်နေထိုင်ခဲ့လေ တော့သည်။ ဦးတုပ် ဘိုလေးမြို့သို့ ရောက် သည့်အချိန်တွင် အသက်လေးဆယ်ဝန်းကျင် သာ ရှိသေးသောကြောင့် ဘိုလေးမြို့သူ မယိန်းဆင့်နှင့် အိမ်ထောင်ကျလေသည်။

မယိန်းဆင့်မှာ သေသဝ်၍ ဝိရိ လှိုက်ထွက်သော ဦးတုပ်ကို သဘောကျလေ သည်။ ဦးတုပ်က မည်သည့်စကားမဆို ဆင်ဆင်ခြင်ခြင် ပြောသည်။ ငေါက်ငမ်း လေ့မရှိ။ ပြုံးပြုံးရွှင်ရွှင်ဖြစ်၏။ ဝန်းမယိန်း ဆင့်ကို ချစ်ခင်ကြင်နာစွာ ပေါင်းသင်းရာ မယိန်းဆင့်မှာလည်း ဗိဗိထက် အသက် အရွယ်အနည်းငယ်ကြီးသော ဦးတုပ်ကို ဘုရားတစ်ဆူ ဂူတစ်လုံး ကိုးကွယ်ခဲ့လေ သည်။

ဘိုလေးမြို့တွင်နေရင်း တစ်နေ့၌ မယိန်းဆင့်သည် ရွှေငွေများ ဝတ်စားလျှား လာနေသော လယ်ပိုင်ရှင် ယာပိုင်ရှင်များ မော်လမြိုင်ကျွန်းမှ ဘိုလေးသို့ အလည် လာသည်ကို တွေ့မြင်ရလေသည်။

"အစ်ကိုကြီး"

(မယိန်းဆင့်က ဦးတုပ်ကို အစ်ကို ကြီးဟု ရိုသေစွာ ခေါ်လေ့ရှိသည်။)

"ဘာလဲ မယိန်းရဲ့"

"ဟိုမှာလေ ဟိုမှာကြည့်ပါဦး"

ရွှေဒင်္ဂါးပါသော ဆွဲကြိုးကို ဆွဲ ထားသည့် မော်လမြိုင်မှာ နေ့သည့်ပွဲရုံ





သူ့ဌေးမကြီး ဒေါ်ဖွားတင်ကို ပြလိုက်ခြင်း ဖြစ်သည်။

"အဲဒီအစ်မကြီးနာမည်ကလေး ဒေါ်ဖွားတင်တဲ့။ ငါးခြောက်ပွဲရုံပိုင်ရှင်ပေါ့။ ဘိုလေးမှာ ရေပြုကန်ဘုရားပွဲ လာကြည့်တာ တဲ့"

"သြော်"

ဦးတုပ်က ငယ်ရွယ်၍ မျက်နှာ အမူအရာချစ်စရာကောင်းတဲ့ သူ့ဇနီးလေး ဘာပြောချင်သည်ကို သိအောင် အကဲခတ် နေသည်။

"သူ့အကျီကလည်း သူနဲ့သိပ်လိုက် တာပဲနော်၊ အစ်ကိုကြီး ပြီးတော့ ဟို ဆွဲ"

စကားကို ဆုံးအောင်မပြောဘဲ နဲ့ မယိန်းဆင့်က ဦးတုပ်ကို ကြောက်၍ ရပ်ထားသည်။

"အစ်ကိုကြီး သိပါပြီ။ အဲဒီ အမျိုး သမီးကြီးရဲ့ လည်ပင်းမှာဆွဲထားတဲ့ ကျော ဘုရင်ခေါင်း ရွှေဒင်္ဂါးပါတဲ့ ဆွဲကြိုးကလည်း လှတယ် မဟုတ်လား မယိန်းရဲ့"

အလှမက်၍ ရွှေငွေရတနာတို့ကို ဆင်ယင်လိုသော ဗိန္ဓမသဘာဝ ခေါင်းငုံ့ ကာ မယိန်းဆင့်က "အင်း" ဟု ရှက်ရှက် နှင့် ပြောခဲ့သည်။ မယိန်းဆင့်၏ဆန္ဒကို သိရသောအခါ ဦးတုပ်ကြီးသည် ဘာမျှ မပြောချေ။ နေရာမှ ထသွားတော့သည်။ အိမ်တွင်းသို့ ခေတ္တဝင်သွား၏။

သေတ္တာမှ့င်သံ ကြားရသည်။

***

www.burmeseclassic.com

www.burmeseclassic.com

လင်ကို ချစ်ကြောက်ရိုသေသော မိန်းမဖြစ်သောကြောင့် အိမ်ခန်းထဲအထိ လိုက်မကြည့်ဝံ့။ သူမ၏ဆန္ဒကို ထုတ်ဖော်ပြောဆိုလိုက်သည်မှာ မှားများမှားသွားပြီလောဟု တွေးကာ တထိတ်ထိတ် ဖြစ်နေသည်။ သေတ္တာထဲမှ လွယ်အိတ်စုတ်ကို လွယ်ကာ ဦးတုပ်က အိမ်ပေါက်ဝမှ သုတ်ခနဲ ဆင်းသွားလေသည်။

ထမင်းစားရန် ဟင်းအိုးတင်ထားသော မသိန်းဆင့်မှာ အိမ်ပေါက်ဝအထိ လိုက်ဆင်းကြည့်လိုက်လေသည်။ သူမ အိမ်ပေါက်ဝတွင် ရပ်နေသည်ကိုပင် ဦးတုပ်သည် လှည့်မကြည့်တော့။ ဈေးတောင်ဘက်လမ်းနှင့် ဘုရားကြီးလမ်းကြားရှိ သမ္ဘာန်ကြီးများ ဆိုက်ကပ်ထားရာ ချောင်းကမ်းကြီးသို့ ဦးတုပ် ဦးတည်သွားနေခြင်းကို တွေ့ရလေသည်။

မသိန်းဆင့်မှာ အလွန်သဘောကောင်းသော ယောကျ်ားကို စိတ်မချမ်းမသာအောင် ပြောဆိုမိပြီလားဟု သူမကိုယ်သူမ တွေးကာ စိတ်မကောင်းဖြစ်သွားသည်။

"ငါမှားပြီထင်တယ်။ အစ်ကိုကြီးဟာ ငါ့ပေါ်မှာ ချစ်ခင်ကြင်နာတာပဲ။ ငါကသာ ငါ့အလိုဆန္ဒကို ထုတ်ပြီးတော့ ပြောမိပြီ။ အစ်ကိုကြီးဟာ စိတ်မချမ်းမသာ ဖြစ်သွားပြီ ထင်ပါရဲ့။ ငါကြောင့် အဲဒါ ငါ့ကြောင့်"

မသိန်းဆင့်သည် သူ့ယောကျ်ား ဦးတုပ်ကြိုက်တတ်သော ငါးဘက်မွှေနှင့် မုန်လာဥချဉ်ဟင်း၊ ငါးသလဲထိုးကြော်တို့ကို ဝကာနှင့်ချက်ကာ မျှော်နေသော်လည်း ဦးတုပ်သည် ထမင်းစားချိန်တွင် ရောက်မလာတော့ပေ။ ဦးတုပ်၏ ထမင်းစားချိန် ရောက်မလာမှုကြောင့် မသိန်းဆင့်မှာ နေမထိုင်မသာဖြစ်နေသည်။





ကျကျနန ဆောက်လုပ်ထားသော နှစ်ထပ်အိမ်ကြီးအောက်ထပ်မှ မသိန်းဆင့် ထွက်လာကာ ခြံချင်းကပ်နေသော ဒေါ်ကြန်ကို လှမ်းခေါ်လိုက်သည်။

"အစ်မကြီးကြန် စားပြီးပြီလား"

"မစားရသေးပါဘူး - - ဘြော် မသိန်းဆင့် ဒီဘက်လာပါဦး"

သူတို့နှစ်အိမ်မှာ ရင်းနှီးချစ်ခင်သူများဖြစ်သောကြောင့် ဒေါ်ကြန်က လှမ်းခေါ်လိုက်သည်နှင့် မသိန်းဆင့်မှာ ကြွေရည်သုတ်ချိုင့်ထဲသို့ ပီးဂို ပေါ်ရှိ မြေအိုးထဲမှ ချဉ်ဟင်းကို ခပ်ကာ ထည့်ပြီး ဆွဲလာခဲ့၏။

အိမ်တံခါးကို စေ့ခဲ့ပြီး ခြံတံခါးကိုလည်း ပိတ်ကာ ကူးလာခဲ့သည်။ အိမ်နီးချင်းအိမ်များသို့ သွားလျှင်ပင် ဦးတုပ်က အိမ်တံခါးကို စေ့ပိတ်၍ သွားဖို့မှာထားသည်။ သူခိုးသူဝှက်ရှိသည့်တိုင် ဝင်ရောက်ခြင်း မပြုနိုင်ရန်အတွက် ဖြစ်ပေသည်။

"ဟော ဘာတွေယူလာပြန်ပြီလဲ"

"မုန်လာဥချဉ်ဟင်းပါ အစ်မကြီးရဲ့"

"ဒီအိမ်မှာလဲ ဘူးသီးနဲ့ကြက်သားရှိပါတယ် မသိန်းဆင့်ရယ်။ ဒါနဲ့ ကိုယ်ဝန်က ၅ ဘယ်လောက်ရှိပြီလဲ"

"ခြောက်လတော့ရှိပြီ ထင်တာပဲ အစ်မကြီးကြန်"

"အင်း၊ ဒီလိုအချိန်မှာ ဂရုစိုက်။ ပြောဖို့မလိုပါဘူး။ ညည်းယောကျ်ားက ကန့်ရောဂါအခ သွားခပ်ပေးနေတဲ့ဟာ"

ထိုအချိန်က ဘိုလေးမြို့တွင် ဖော်လမြိုင်ကျွန်းနှင့်ဆက်ကာ ဖောက်သော ကျွဲခြတူးမြောင်း မဖောက်ရသေးသောကြောင့် ရေငံများ ပတ်လည်ဝိုင်းနေသည်။ ဘိုလေးမြို့ ပတ်ဝန်းကျင်ရှိ ရေငံမှာ ပါးစပ်နှင့်ပင် ငုံ၍မရပေ။

ထို့ကြောင့် မြို့ပေါ်တွင် ရေကန်များတူးထားရသည်။ ထိုရေချိုကန်မှ ရေကို ခပ်ယူကြရာ မသိန်းဆင့်မှာ ကိုယ်ဝန်ရှိသည့်အချိန်မှစ၍ အိမ်ဝင်းထဲရှိ ရာဝင်အိုးသုံးအိုးထဲသို့ ရေပြည့်အောင် သံအိုးဖြင့် ဆွဲသယ်ကာ ဦးတုပ်က ခပ်ပေးရသည်။

ငနီးမယားချောကို အဘယ်မျှ ချစ်သည်ကို ဒေါ်ကြန်တို့က ရိပ်မိပေသည်။

မသိန်းဆင့်က အိမ်ရှေ့ရှိ မန်ကျည်းပင်အောက် ကွပ်ပျစ်တွင် ဝင်ထိုင်ကာ သက်ပြင်းချလိုက်သည်။

"ဟင်း"

ဒေါ်ကြန်က ထိုကွပ်ပျစ်လေးတွင် ပြောင်မှုးဖက် ဆေးလိပ်လိပ်နေ၏။

"အံမယ်. သက်ပြင်းတွေ ဘာတွေ ချလို့ပါလား။ ကိုတုပ်က လွယ်အိတ်တစ်လုံးနဲ့ ဘယ်သွားတာတုန်း"



www.burmeseclassic.com

www.burmeseclassic.com



"မပြောတတ်ပါဘူး၊ အစ်မကြီး ကြန်ရယ်။ ကျွန်မများ စိတ်ဆိုးသွားလား မသိဘူး"

"မဖြစ်နိုင်တာအေ။ ရေခဲတုံးလို နေတဲ့သူက ညည်းစိတ်ဆိုးပါမလား။ ဒီ လောက်စိတ်ကောင်းရှိတဲ့ ကျုပ်မောင်ကို မပြစ်မှားပါနဲ့"

"ပြစ်မှားတာ မဟုတ်ဘူး။ ကျွန်မ က မပြောသင့်တာ ပြောလိုက်မိလို့"

"ယောက်ျားဆိုတာ သည်းခံတိုင်း မလေးမစားမပြောရဘူး။ ဘာပြောမိလို့လဲ"

"ဒီလို အစ်မကြီးကြန်ရဲ့"

မသိန်းဆင့်က မော်လမြိုင်ကျွန်း မှ ငွေကြေးချမ်းသာသူများ အိမ်ရှေ့က ဖြတ် သွားသည်ကို မြင်၍ ပြောမိပုံကို ဖွင့်ပြော လိုက်၏။

×××

ထိုခေတ်အခါက ဘိုလေးမြို့တွင် ဝေလမင်းသားခေါင်း၊ ဂျော့ဘုရင်ခေါင်း ဟူသည့် ရွှေဒင်္ဂါးတစ်ပြားမှ ၁၆ ကျပ်သာ တန်ဖိုးရှိ၍ ဆီတစ်ပုံးတွင် ငွေ ၄ ကျပ် တန်ဖိုးရှိသောအခါဖြစ်၏။ ယနေ့ ဦးတုပ် မော် လမြိုင်ကျွန်းတွင် ဆွဲကြိုးတစ်ကုံးသွားလုပ် စဉ်အခါက ဒင်္ဂါးပိုးရော ဆွဲကြိုးလက်ခပါ ၁၈ ကျပ်မျှသာပေးခဲ့ရသည်။

ညနေ အတော်စောင်းမှပင် ဦး တုပ်သည် ပြန်လာလေသည်။

"မသိန်းရေ အလုပ်များနေတာနဲ့ ငါ တော်တော်ကြာသွားတယ်"

သူ့ဝန်းကို တစ်ဘက်အိမ်ဝင်းထဲ တွင် တွေ့၍ လှမ်းအော်လိုက်သည်။

"ကိုတုပ်ရေ ဒီမှာ ရှင့်မိန်းမက ရှင် မိုးချုပ်လို့မှ မပြန်မလာလို့ကတော့ ကျုပ် တို့ပါ မော်လမြိုင်ကျွန်းလိုက်ပို့ဖို့ ပြောနေ တာ"

"ကျွန်တော်လည်း အလုပ်များ နေတာနဲ့ ကြာသွားတာ မကြန်ရဲ့။ ခုတော့ ပြီးပါပြီ"

တံခါးဝတွင် ရပ်နေသောကြောင့် မကြန်က . . .

"ကဲ ကဲ သွား၊ မသိန်းဆင့်ရေ ဟိုမှာ ညည်းမလာမချင်း စောင့်နေမှာ"

ဟု ပြောလိုက်၏။

ထိုအခါ မသိန်းဆင့်က ရှက်သွား ပြီး "အို အစ်မကြီးကလည်း" ဟု ပြော ကာ ကွပ်ပျစ်ပေါ်မှ ဆင်းလာသည်။





www.burmeseclassic.com

www.burmeseclassic.com



စောစောက လေးလံနေသော သူမစိတ်မှာ ပေါ့ပါးလန်းဆန်းသွား၏။

ဦးတုပ်၏ နောက်မှ မသိန်းဆင် ကလိုက်ကာ ဝင်လာသည်။ တံခါးဖွင့်၍ အိမ်ထဲရောက်တော့မှ

"ဘယ်သွားတာလဲ အစ်ကိုကြီး"

ဟု မေး၏။

"ခဏနေပါဦး။ ထမင်းတောင် မစားရသေးဘူး။ ထမင်းစားပြီးတော့ သိရပါ့မယ်" ဟု ဆို၏။

"ကျွန်မလည်း မစားရသေးဘူး အစ်ကိုကြီး"

"ဟင် ဘာလို့မစားပဲနေရတာလဲ မသိန်းရယ်။ အစ်ကိုကြီးက အလုပ်ရှိလို့ သွားတာ။ စားမှပေါ့။ ပြီးတော့ ဗိုက်ထဲမှာလည်း မပေါ့မပါနဲ့"

"အစ်ကိုကြီး ပြန်မလာတော့ ကျွန်မစိတ်မဖြောင့်တာနဲ့ မစားတာ။ ကျွန်မလည်း ဆာနေပြီ။ ထမင်းထည့်ဖို့ပဲ ကျန်တော့တယ်။ ဟင်းတွေကတော့ အေးကုန်ပြီ"

"ရပါတယ်ကွာ မသိန်းလည်း ဆာနေတာ"

လင်မယားနှစ်ယောက် ထမင်းလက်ဆုံစားကြသည်။ လွယ်အိတ်ကို အိပ်ရာပေါ်က်ဝက စားပွဲနံပေါ် တင်ထားသည်။

ဦးတုပ်က မပြော၍မမေးရဲပေ။ ထမင်းစားပြီး လက်ဆေးရေလုံးနှင့် လက်သုတ်ပဝါပေးပြီးတော့မှ ဦးတုပ်ကို မရဲတရဲ ကြည့်ကာ . . .

"အစ်ကိုကြီး ဘယ်သွားတယ်ဆိုတာ မပြောသေးဘူးနော်"

ဟု မရဲတရဲပြောလိုက်သည်။

"ပြောပါ့မယ် . . . ကလာ ဒီက တောင့်"

ဦးတုပ်က မသိန်းဆင့်ကို လက်ဆွဲခေါ်လာကာ အခန်းထဲမှာ စောင့်နိုင်သည်။ ပြီးတော့ သူ့လွယ်အိတ်ကို ယူလာကာ လွယ်အိတ်ထဲမှ ပစ္စည်းတစ်ခုကို နှိုက်လိုက်ပြန်သည်။

"မျက်လုံးမှိတ်ထား အစ်ကိုကြီးက ဖွင့်ဆိုမှဖွင့်"

"အင်း"

ပြောစကား အမြန်နားထောင်သော မသိန်းဆင့်သည် မျက်လုံးများကို မိတ်ထားကာ ငြိမ်သက်နေသည်။ သူ့လည်တိုင်တွင် အေးစက်စက်အရာ တစ်ခု လာထိသည်။

"ဖွင့်တော့"

မသိန်းဆင့်က မျက်လုံးဖွင့်ကာ သူမရင်ဘတ်ပေါ်မှ ဆွဲပြားကို မကြည့်လိုက်သည်။





"ဟယ် ရွှေဆွဲကြိုးပါလား။ အစ်ကို လေးထွက်လာ၏။ "မသိန်း သတိထား။ တိုး

ကြီး အဲဒါ သွားလုပ်နေတာကိုး" တိုးကွယ်" ဟု ဦးတုပ်က သတိပေးလိုက်

ဟု ရွှင်လန်းတက်ကြွသော အသံ လေတော့၏။

xxx



www.burmeseclassic.com

www.burmeseclassic.com

အနာရောဂါသည်
ခန္ဓာကိုယ်၌ဖြစ်လျက် (သူမှီနေရသော)
ခန္ဓာကိုယ်ကိုပင် အကျိုးမဲ့ကို ပြုတတ်၏။
ဆေးပင်သည်
တော၌ဖြစ်လျက် (သူနှင့်မဆိုင်သော) လူ၏
အကျိုးစီးပွားကို ရွက်ဆောင်တတ်၏။

ဒေါ်ကြွန်သည် မသိန်းဆင့် ဗိုက်နာသောအချိန်တွင် အစောဆုံးရောက်လာသော အိမ်နီးချင်းပင် ဖြစ်လေသည်။ ဦးတုပ်က ဒေါ်ကြွန်ကို အလျင်ပြေးခေါ်ကာ အိမ်တွင် ထားခဲ့ပြီးမှ ဝမ်းဆွဲသည်ဒေါ်ပုကို သွားရှာခေါ်သည်။

"အစ်မကြီး ဒေါ်ကြွန် ကျွတ်ကျွတ်"

မသိန်းဆင်က ဗိုက်ကိုနှိပ်၍ အော်သည်။ ဒေါ်ကြွန်က ဆေးမှုတ်ကာ ပေးမသားရင်း . . .

"တော်တော်နာနေလား ညီမရယ်"

"အင်း ဗိုက်ထဲကတော့ ရစ်ရစ်ပြီးနာတာပါပဲ အစ်မကြီးရယ်။ အင်း . . . အစ်ကိုကြီးရော အစ်ကိုကြီးရော"

"ဦးတုပ် ဝမ်းဆွဲသည် ဒေါ်ပုဆီ သွားနေပြီ။ တော်ကြာပြန်လာလိမ့်မယ်"

ဦးတုပ်သည် လှည်းကို အတင်းမောင်း၍သွားရာ သူတို့ရွာထိပ်လက်ပံပင်အောက် လှည်းလမ်းပေါ်တွင် ချုံလိုလိုအရာတစ်ခုကျနေသည်ကို တွေ့ရသည်။



"ဘာဝါလိမ့်" ဟုဆိုကာ လှည်းပေါ်မှ ဆင်းကာ ကြည့်လိုက်သော်လည်း ဝမ်းဆွဲဒေါ်ပုက အရေးကြီးနေ၍ ထိုချုံမှာ အတွင်းတွင် ဘာရှိမှန်းမသိ၍ လှည့်ဘီးကို ခွကာ လွတ်အောင် မောင်းဝင်ငုံ့ကြည့်မိရာ . . .

"ဩော် . . . အောက်ချင်းငှက်သိုက်ကြီးပါလား"

သစ်ပင်ပေါ်မှ ပြုတ်ကျ၍ ကွဲနေသော ငှက်ဥများနှင့် ငှက်သိုက်ကို တွေ့လိုက်ရသည်။ ထိုအချိန်မှာ ဆွမ်းခံပြန်ချိန်ဖြစ်၍ လှည်းလမ်းမှ ဖြတ်သွားသော ရဟန်းတော်တစ်ပါးကို ဖူးမြော်လိုက်ရသည်။

ဒေါ်ပုအိမ်သို့ ရောက်သောအခါတွင် ဒေါ်ပုက အဆင်သင့်မရှိ။ ရွာတောင်ပိုင်းသို့သွားကာ မှန်ကြိတ်နေသည်ဆို၏။

"အရေးထဲကျမှကွာ ဒီအဒေါ်ကြီးကလည်း မှန်ကြိတ်နေရသေးသလား။ ရှေ့အရေးကြီးလို့ ဦးတုပ်က ခေါ်နိုင်းတယ်လို့ သွားခေါ်ပေးစမ်းပါ"

"ဟုတ်ကဲ့"

ကလေးတစ်ယောက်ကို မုန့်ဖိုးပေးကာ နိုင်းလိုက်ရသေး၏။

ဦးတုပ်ဟုဆိုသည်နှင့် သူမွေးပေးရမည့်ဗိုက်ကြီးသည်မှန်း သိသော ဒေါ်ပုမှာ အချိန်ဆွဲမနေဘဲ လိုက်လာခဲ့သည်။

"ဗိုက်နာနေပြီလား"

"နာပြီပေါ့ဗျာ။ နလောက်ဆိုရင် မွေးတောင်မှ မွေးနေမယ်"

ဦးတုပ်က စိတ်ပူပူဖြင့် ပြောလိုက်၍ ဒေါ်ပုက ရယ်လိုက်သည်။

"အင်း အသက်ကြီးမှ အိမ်ထောင်ကျတဲ့လူတွေများ ဘာမသိ ညာမသိဘဲ"

ဟု ပြောလိုက်၏။

"ဘာသိရမှာလဲ ဗိုက်ကြီးသည် ဗိုက်နာရင် မွေးမှာပေါ့ဗျ။ လှည်းပေါ်တက်"

"နေဦး ယူစရာတွေရှိသေးတယ်"

ဒေါ်ပုက အိမ်ထဲမှ ကြိမ်ခြင်းတစ်လုံးကို ယူဆောင်ကာ ပြန်ထွက်လာခဲ့သည်။ ထိုအထဲတွင် ကလေးတစ်ဦးစီးမွေးရာ၌ အသုံးပြုနေကျ ပစ္စည်းများ ပါဝင်ပုံရပေသည်။

ဒေါ်ပု လှည်းပေါ်ရောက်သည်နှင့် နေ့သည်ကို စိတ်ပူနေသော ဦးတုပ်သည် နွားလှည်းကို ဒုန်းစိုင်းကာ မောင်းလာခဲ့သည်။

"လှည်းကိုလည်း ဖြည်းဖြည်း မောင်းပါ ကိုတုပ်ရဲ့"

ဒေါ်ပုကပင် လှည်းရဲ့တိုင်ကို သက်နှစ်ဖက်နှင့် ကိုင်လျက် ခြင်းတောင်းနှင့်ကာ ပြုတ်မကျအောင် ထိန်းရင်း ပြောသည်။

"မွေးနေမှာစိုးလို့ပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမဆိုတာ မိုက်နာနာချင်၊ မွေးတာ မဟုတ်ပါဘူး။ တချို့တစ်ရက်ကျော် အောင်တောင် နာကြရသေးတယ်"

ဒေါ်ပုပြောလိုက်တော့မှပင် ဦးတုတ်မှာ အနည်းငယ် စိတ်အေးသွားတော့သည်။

"ဒီလိုလားဗျ"

"ဓါကြောင့် ကိုတုပ်ကို ကျွန်မက ဘာမှမသိပါဘူးလို့ ပြောတာပေါ့"

ဦးတုတ်က လှည်းကို အနည်းငယ် အရှိန်လျှော့ချလိုက်၏။ သည့်တော့မှပင် ဒေါ်ပုမှာလည်း၊ လှည်းပေါ်မှ လိုက်လာ၍ အဆင်ပြေတော့သည်။

ယောက်ျားတို့အကြောင်းကို ဒေါ်ပုလောက်သိသူမရှိပေ။ မဆင်ခြင်သည့် နေရာတွင်လည်း၊ သူတို့ပင်ဖြစ်၍ မှုပင် သောကရောက်တတ်သော သူတို့သည် လည်း၊ သူတို့ထက်ပိုဆိုးမည့်သူ မရှိတော့။

ဒေါ်ပုတွေးနေစဉ်မှာပင် အလာ လမ်းက ငုက်သိုက်ကျနေသည့် လှည်းလမ်း ကညင်ပင်အောက်သို့ ရောက်ရှိလာလေ တော့သည်။

"ဟဲ့ ဟဲ့ ဟိုဟာ ဘာလဲ မြွေတွေ ဘာတွေဖြစ်နေပါမယ်"

"မြွေသိုက်မဟုတ်ပါဘူးဗျ။ ငုက် သိုက်ပါ။ အပေါ်မှာ ကညင်ပင်ရှိတာ။ အဲဒီ ကပြုတ်ကျလာတာပေါ့"

ဒေါ်ပုက အတိတ်နိမိတ်ကောက် တတ်သူဖြစ်သောကြောင့် ငှက်သိုက်ကိုကြည့် ကာ "ကိုတုပ်သားကို နာမည်ပေးဖို့ မခက် တော့ဘူး" ဟု ပြောလိုက်၏။

"ဘာလို့လဲ ဒေါ်ပုရဲ့"

"ဝမ်းဆွဲလာခေါ်တဲ့ လမ်းမှာ ငှက် သိုက်ကို လှည်းနဲ့ကျော်ခဲ့ရလို့ ယောက်ျား လေးဆို မောင်သိုက်ကျော်လို့ ခေါ်ပြီး၊ မိန်းကလေးဆိုရင်လည်း၊ မယ်သိုက်ကျော်လို့ နာမည်ပေးပေတော့။"

xxx



ထိုနေ့ညနေမှာပင် ဦးတုပ်ဇနီး၊ မသိန်းဆင့်သည် သားယောက်ျားလေး တစ် ဦးကို မွေးဖွားခဲ့တော့၏။ ဝမ်းဆွဲသည့် ဒေါ် ပုပြောသကဲ့သို့ပင် ဝမ်းဆွဲသွားရောက်ခေါ် ရသော ခရီး၌ အသိုက်တစ်ခုကို ကျော်ခဲ့ ရသောကြောင့် မောင်သိုက်ကျော်ဟု နာမည် ပေးခဲ့လေတော့သည်။

မောင်သိုက်ကျော်က သူမည်သို့ လောကကြီးသို့ ရောက်ရှိလာသည်ကို ပြော ပြလိုက်သောကြောင့် ကျွန်ုပ်ကြီးဘသိုက်က ခေါင်းညိတ်လိုက်ရင်း . . .

"ကျုပ်ကလည်း၊ ကိုသိုက်ကျော် ကို စောင့်ကြည့်နေတာ ကြာပါပြီဗျာ။ ဒါ ပေမဲ့ ကိုသိုက်ကျော်ဟာ ကျုပ်တို့အသိုး တွေရဲ့ သူငယ်ချင်းတွေက မွေးလာတဲ့ သား သမီး တစ်ယောက်ဆိုတာတော့ သတိမထား မိဘူးဗျို့"

ဟု ဝန်ခံပြောဆိုလိုက်လေသည်။

"ကဲ ခုမှတော့ မထူးပါဘူး။ ကို ဘသိုက်ရာ ခင်ဗျားဟာ ဓားခုတ်ရာ လက် ယှိုသလို အင်္ဂလိပ်မျက်နှာဖြူအရာရှိတွေက မြန်မာလူမျိုး ဆင်းရဲသားတွေကို မတရား ပြုမူတိုင်း၊ ဝင်ဝင်ကယ်ရာကနေ ပုန်းရှောင် နေရတဲ့ ဓားမြပြဖြစ်လာရတယ်ဆိုတာသိ တဲ့ ကျုပ်မိတ်ဆွေ အင်္ဂလိပ်အမှုထမ်း တစ်ဦး ရှိပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



မောင်သိုက်ကျော်က သူ ခေါ်လာခဲ့သော ရာဇဝတ်အုပ်လေးအောင်တင့်နှင့် တသင်မောင်မြူတို့ကို သတိရ၍ ပြောလိုက်လေသည်။

"ကျုပ်တို့ကို တစ်ဘက်လှည့်နဲ့ ဖမ်းဆီးဖို့ ခေါ်လာတာတော့ မဟုတ်ပါဘူးနော် ကိုသိုက်ကျော်"

"မဟုတ်ပါဘူးဗျာ။ ကျုပ်ရဲ့ စိတ်သဘောထားကို ခင်ဗျား မသိသေးလို့သာ ဒီလို ပြောတာပါ။ သူဘို့ကလည်း ခင်ဗျားလူတွေက အထင်လွဲပြီး ဆီးကြိုတိုက်ခိုက်မှာ စိုးတာနဲ့ ဒီနေရာကို မလာသေးတာပဲ"

ကျားကြီးဘထိုက်သည် ထရပ်ကာ လမ်းလျှောက်ရင်းမှ . . .

"ခက်တယ် ကိုသိုက်ကျော်။ ကျုပ်က လူတွေအများကြီးကို ကြုံခဲ့ပေါင်းခဲ့ဖူးပါပြီ၊ ဆန့်ကျင်ဘက်အုပ်စု နှစ်ခုဖြစ်တဲ့ အခါ ကိုယ့်လူသူ့ဖက်သားတွေက သိပ်များသားကလား။ ခင်ဗျားက ခင်ဗျားနဲ့ပါလာတဲ့ လူနှစ်ယောက်ကို ဒီတဲပေါ်ကို ခေါ်လာခဲ့ချင်လို့လား"

ယောက်ျားနှစ်ဦး ပြောဆိုနေကြသည်ကို သူဇာလှိုင်က မျက်လုံးအဝိုင်းသားဖြင့် ကြည့်နေလေသည်။

"ဒီည သူတို့တောထဲမှာ အိပ်လို့တော့ ဆင်းရဲဒုက္ခရောက်မှာပေါ့ဗျာ။ ဒါပေမဲ့ ခင်ဗျား သဘောမတူရင်လည်း ကျုပ်ထားခဲ့တဲ့ တောထဲမှာပဲ သူတို့အိပ်ကြရမှာပေါ့။ ခင်ဗျားလူတွေကလည်း သူတို့ကို ကြည့်ပြီး စိုးရိမ်ချင် စိုးရိမ်ကြဦးမှာဆိုတော့ စဉ်းစားလေ"

မောင်သိုက်ကျော်က တည်ငြိမ်အေးဆေးစွာ ပြောနေသော်လည်း အခြေအနေအရပ်ရပ်ကို ထိန်းသိမ်းလို့ လိုအပ်နေသည်ကို နားလည်သော ကျားကြီးဘထိုက်က တဲပေါ်တွင် လက်နောက်ပစ်ကာ လမ်းလျှောက်ရင်း . . .

"သူတို့နောက်မှာ အင်္ဂလိပ်စစ်ဘောရီတွေ ခြေရာခံမလိုက်လာဘူးလို့ ခင်ဗျား အာမခံနိုင်လား"

တဲ့ မေးသည်။

ထိုအချိန်က အိန္ဒိယလူမျိုး ဂေါ်ရာစစ်တပ်များလည်း မြန်မာပြည်တွင် ရှိနေလေရာ ကျားကြီးဘထိုက် စိတ်ပူမည်ဆိုက စိတ်ပူစရာပင် ဖြစ်ပေတော့သည်။

"ကဲ ကျုပ်ကလည်း ဘယ်တော့မှ လူတစ်ဖက်သားကို မတရားအနိုင်ကျင့်တာ မကြိုက်တဲ့သူဆိုတော့ ဒီမှာ ခင်ဗျားတို့နှစ်ယောက်ရှိသေးတယ်။ ခင်ဗျားတို့ နှစ်ယောက်ဟာလည်း ကျုပ်လိုပဲ မနုဿီဟရတနာသိုက်နဲ့ ပတ်သက်ပြီး သက်ဆိုင်တဲ့သူတွေပဲ။ ခင်ဗျားတို့ နှစ်ယောက်ခေါ်လာ





တာဆိုတော့"

"ဒီလိုတော့မပြောပါနဲ့ဗျာ။ ဒီနေရာဟာ ခင်ဗျားနေရာပဲ ကိုဘထိုက်။ ခင်ဗျား သဘောမတူရင် ကျုပ်က ဘာမှ မလုပ်ပါဘူး"

သူဇာလှိုင်မှာ သူမ ဝင်ပြောမှ ဖြစ်တော့မည်ဆိုသည်ကို သဘောပေါက်လာ၏။

"ကိုဘထိုက် ကျွန်မ ကိုအောင်တင့်ကို တာဝန်ယူပါတယ်။ ကိုအောင်တင့်ဟာ ရာဇဝတ်အုပ်လေးဆိုပေမယ့် မြန်မာမျိုးချစ်စိတ်ရှိတဲ့ လူငယ်တစ်ဦးပါပဲ"

"အင်း ဒီလိုပြောလို့ရတာကတော့ ရတာပေါ့ သူဇာလှိုင်။ မျိုးချစ်စိတ်ရှိပါတယ်။ အင်္ဂလိပ်ခေတ်မို့ အင်္ဂလိပ်ဝန်ထမ်း လုပ်နေရတာပါလို့ အင်္ဂလိပ်အလိုတော်ရိတွေက ဒီလိုပဲပြောကြတာပဲ။ ဒါပေမဲ့ ဒီတောက်နဲ့ ဘယ်လုံလောက်ပါ့မလဲ"

"ဒီဟာနဲ့မလုံလောက်ရင် ရှင်က ဘယ်လိုဖြစ်စေချင်လို့လဲ ကိုဘထိုက်"

"ကျုပ်ကတော့ အလုပ်သဘောပဲ။ ဒီည သူတို့ကို ဒီစခန်းမှာ တည်းခိုခွင့် ပေးမယ်။ ညတ ထမင်းကျွေးမယ်။ တစ်ယောက်နဲ့တစ်ယောက် ယုံကြည်ချစ်ခင်စွာနေရဖို့အတွက် သူတို့လက်နက်တွေ ကျုပ်ကို အပ်ထားရလိမ့်မယ်။ ကျုပ်က ကျုပ်တပ်တွေကို လက်နက်ကိုင်ပြီး စောင့်နိုင်းတာ သဘောတူရမယ်"

မောင်သိုက်ကျော်နှင့် သူဇာလှိုင်တို့ တစ်ဦးမျက်နှာ တစ်ဦးကြည့်လိုက်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

"ကိုအောင်တင့်က လက်ခံပါ့မလား၊ သူ့အာရုံ"

မောင်သိုက်ကျော်က မေးလိုက်ခြင်းဖြစ်သည်။

"လက်မခံဘူးဆိုရင်တော့လည်း သူ့ဘာဝနဲ့ သူပေါ့ဗျာ။ ကိုသိုက်ကျော်လည်း ဒီကိစ္စမှာ ဘာမှ အမြင်မရှင်းစရာမရှိတော့ဘူးပေါ့။ ကိုအောင်တင့်ကို သွားပြီး ဆွေးနွေးဖို့ တာဝန်ကိုတော့ ခင်ဗျားယူရလိမ့်မယ်"

"ဒီအတွက်က အခက်အခဲမရှိပါဘူး"

"ကဲ ဒါဆို ညဥ့်မနက်ခင်ပဲ သူ့တို့ကို သွားညှိပေတော့။ ကျုပ်လည်း ကျုပ်လူတွေနဲ့ တွေ့ပြီး ကြိုပြောထားရမယ်"

စကားဆုံးသည်နှင့် ကျားကြီးဘာ ထိုက်သည် တဲပေါက်ဝမှ အော-က်သို့ ဆင်းသွားသည်။ သေနတ်အိတ်ကို ခါးတွင် ပတ်ထားကာ လရောင်အောက်တွင် ရပ်နေသော ကျားကြီးဘထိုက်မှာ အရပ်မြင့်မြင့် လုံးကောင်ထွားထွားမို့ ယောက်ျားပီသသော အသွင် ထင်ရှားနေသည်။

"ဖျောက် ဖျောက် ဖျောက်"

ကျားကြီးဘထိုက်က ခပ်အုပ်အုပ်လက်ခုပ်သံ သုံးချက်တီးလိုက်သောအခါ တဲကြီး၏ ဘေးနှစ်ခန်းရှိ အရက်ထိုင်သောက်နေသူ၊ စကားပြောနေသူများ တဲအောက်သို့ ခုန်ဆင်းလာကြသည်ကို သူတလှိုင် တွေ့လိုက်ရလေသည်။





လရောင်က ထိန်ထိန်သာနေသည်။ တဲရှေ့မြေပြင်တွင် သစ်ပင် မြက်ပင်များ ပြောင်နေအောင် ရှင်းလင်းထားသောကြောင့် တဲပေါ်မှ ခုန်ဆင်းလာသော ဖေဝိန်း၊ ကျော်ရှိန်၊ မြလေး၊ ဖိုးကျွဲတို့ လေးဦးသည် ကျားကြီးဘထိုက်၏ ရှေ့တွင် လက်နောက်ပစ်ကာ ရပ်လိုက်ကြသည်။

သူတို့၏ကိုယ်ပေါ်တွင် ငှက်ကြီးတောင် ဓားတစ်ချောင်းစီ လွယ်ထားပြီး ခါးတွင်လည်း ခြောက်လုံးပြူးခေါ် ဆုံလည်ပြောင်းတိုသေနတ်တစ်လက်စီ ခါးပတ်ဖြင့် ပတ်ထား၏။

ဘန်ကောက်လုံချည်များ ဖြစ်သောကြောင့် သူတို့ခါးပတ်ပတ်ထားသော လုံချည်များမှာ တရှမ်းရှမ်းမြည်နေလေသည်။ နာနတ်လျှော်လို ချည်ပြောင်ကို ရက်လုပ်ထားသော လုံချည်ဖြစ်၍ မီးရောင်မှာပင် ရွှေပလားရောင်တောက်နေရာ လရောင်ထဲတွင် ဖြစ်သောကြောင့်သာ အနည်းငယ် မှိန်နေကြခြင်းဖြစ်သည်။

ထိုသို့ အချက်ပေးခေါ်လိုက်လျှင် ညဘက်အရေးပေါ် ခရီးထွက်စရာကိစ္စရှိသောကြောင့် ကျားကြီးဘထိုက်ခေါ်လေ့ရှိသည်ကို သိထားသောကြောင့် အဆင်သင့်ပင် ခုန်ချလာကြခြင်းဖြစ်၏။

"ခုကိစ္စက ခရီးထွက်ဖို့ မဟုတ်ဘူး"

"မသိပါဘူးဆရာရယ် ဖိုးညတော့ ဗျန်တော်က ရထားတဲ့ တောကြက်လေးသုံးလေးကောင်နဲ့ ညဘက်အရက်နဲ့မြည်းဖို့ စောင့်နေတာ။ ဆရာက အနားယူဖို့ အချက်မပြတာနဲ့ ထိုင်စကားပြောနေရတာ"

လရောင်အောက်တွင် မျက်ခုံးနှင့်သွားကိုသာ မြင်ရသော ဖိုးကျွဲက ကျားကြီးဘထိုက်ကို ပြောလိုက်သည်။

"ဒီစခန်းက ဘယ်မှမသွားပါဘူး။ ဒါပေမဲ့ ဒီစခန်းကို ဧည့်သည်နှစ်ယောက် ထပ်ရောက်လာဦးမယ်"

"ဟာ ဒါဆိုရင် ဒီစခန်းမှာ ဖိုးညအိပ်ကြမယ့် ဧည့်သည်က လေးယောက်ပေါ့"

"ဟုတ်တယ် ဒါပေမဲ့ မင်းတို့ လေးယောက်ထဲက နှစ်ယောက်က အလယ်ခန်းမှာ အိပ်၊ နှစ်ယောက်က အခုနောက်ဆုံးရောက်လာမယ့် ဧည့်သည်နှစ်ယောက်ကို တစ်ယောက်တလဲ လက်နက်နဲ့စောင့်ရလိမ့်မယ်"

"ဗျာ"

မြလေးက ဘာအဓိပ္ပာယ်ကြောင့်မှန်း အံ့အားသင့်ကာ မျက်ခုံးပါ ပင့်သွားသည်။ ... ဖိုးကျွဲ



www.burmeseclassic.com

www.burmeseclassic.com



သူ၏အရပ်မှာ လေးပေ ကျော် ကျော်သာဖြစ်၍ လက်များခြေထောက်များ ကပါ သွယ်ပျောင်းကာ မင်းသားအကက ရာတွင်လည်း ကောင်းလှသူပင် ဖြစ်လေ သည်။ ထိုသော် မြလေးကို အထင်သေး ၍ မိုလ်ကျအနိုင်ကျင့်မည်ဆိုလျှင်ကား ထို သူသည် မီးခဲကို မှား၍ကိုင်မိသော မျက် မမြင်ကဲ့သို့ ဖြစ်သွားပေလိမ့်မည်။ မြလေး ၏ ကိုယ်လက် တံတောင် ဒူးနှင့် ခေါင်းတို့ က ကျောက်သား ကျောက်ဆောင်လို မာ ကျော၍ အလွန်ထွားကျိုင်းသော ရန်သူများ ကိုပင် ဘုန်းဘုန်းလဲအောင် တိုက်ခိုက်နိုင် စွမ်းရှိသူဖြစ်၏။

ထို့ကြောင့် သူကို အကြောင်းသိ များက မီးခဲမြလေး ဟု ခေါ်ကြသည်။

"မီးခဲမြလေး၊ ဘဲဥပင်းတာဝန်ပဲ။ အခုရောက်လာမယ့်လူတွေက ပုလိပ်ဘက် ကပဲ"

"ဟာ ဆရာရယ် ပုလိပ်ဘက်က နှစ်ယောက်တည်း၊ နယ်ကျွံလာရင်လည်း အပြတ်ရှင်းလိုက်တာက ကောင်းပါတယ်။ သူတို့ခနန်းနားကို ရောက်လာရင် ကျွန်တော် တို့ ဘုံပျောက်ပြန်ရော မဟုတ်လား"

"ခုဟာက တို့ကိုဖမ်းဖို့ လာတာ မဟုတ်ဘူး၊ မြလေး။ တို့ဆီကို ဧည့်သည် တွေနဲ့ပါလာခဲ့တာပဲ။ ပြီးတော့ သူတို့က တို့ ကို အမြဲလိုက်ရှာပြီး အန္တရာယ်ပေးနေတဲ့ အင်္ဂလိပ်နဲ့ကုလားပုလိပ်တွေ မဟုတ်ဘူးကွ"

***

သူ့ဆရာကျားကြီးဘထိုက်၏ နောက်ဆုံးဟိန်းဟောက်သံကြောင့် မြလေး မှာ ပါးစပ်ပိတ်သွားရလေတော့သည်၊ သူတို့ ခနန်း၏ပတ်ဝန်းကျင်ကို သူတို့သိသည်။ ခနန်းကို ချဉ်း ကပ်နိုင်သောနေရာမှာ တဲ တန်းရှည်ကြီး၏ နောက်ဘက်ရှိ လှိုဏ်ကြီး အတွင်းမှ တက်လာခြင်းပင် ဖြစ်လေသည်။

ထို့ကြောင့် ထိုလှိုဏ်ကြီးမှ တက်လာ မည့် လမ်းကိုသာလျှင် လသာသောညပိုင်း တွင် ကျားကြီးဘထိုက်သည် ညကြည့်မှန် ပြောင်းဖြင့် ဧဝိန်းတို့ကို ကြည့်နိုင်းတတ် လေ့ရှိလေသည်။ ဧဝိန်းဆိုသော လူထွား ကြီးကို ကျားကြီးဘထိုက်က တော့်သတ္တဝါ တစ်ကောင်ကောင် ဝင်စားသည်ဟု ယူဆ ထားသည်။ ထို့ကြောင့် အင်္ဂလိပ်လူမျိုး တစ်ဦးထံမှ ရောက်လာသည့်ကုန်သည် တစ်ဦးက ပြန်ရောင်းသည့် ညကြည့်မှန် ပြောင်းကို ဧဝိန်းလည်ပင်းတွင် ဆွဲနိုင်းပြီး ညအခါတွင် ကြည့်နိုင်းလေ့ရှိ၏။

မောင်သိုက်ကျော်ကတော့ ရွာဦး ဘုန်းတော်ကြီး "ဦးသုဓန" က . . .

"ဒီကလေးက မွေးကတည်းက သားမွှားဆရာမ သွားခေါ်တော့ ဖကာကြီး ဦးတုပ် ငှက်သိုက်ကိုလှည်းနဲ့ ခွကျော်ခဲ့ရ တာ မဟုတ်လား။ ငှက်သိုက်ဆိုတာ ကောင်း ကင်မှာရှိတာပဲ၊ သူမွေးတဲ့အခါမှာ ကညင် ပင်ပေါ်က အမြင့်မှာနေတဲ့ငှက်သိုက်တောင် အောက်ကို ကျပြီး သားမွှားမယ့် ဒါယိကာမ ကြီးကျော်ဖို့ လမ်းခင်းပေးတယ်ဆိုတော့ အခက်အခဲတွေ ကျော်နိုင်မယ်။ အမြင့်ကို လှမ်းမယ့်ကလေး၊ တပေပညာတတ်အောင် သာ မိဘတွေက အားပေးကြပေတော့"

ဟု ပြောကြားခဲ့၏။

"မင်္ဂလာဘုံ" ကျောင်းတိုက်တွင် ခုနစ်နှစ်အရွယ်၌ ကိုရင်ဝတ်ပေးကာ မောင် သိုက်ကျော်ကို ပရိတ်ကြီး၊ နမက္ကာအစ ဆရာတော်၏ထံတွင် သင်ကြားရာ ဉာဏ် ကောင်းသောကြောင့် ယေဘုယျရွယ်ရွယ်နှင့်





www.burmeseclassic.com

www.burmeseclassic.com



ပင် သဒ္ဒါနှင့်သင်္ဂြိုဟ်များကို တက်ရောက်သင်ကြားနိုင်ခဲ့၏။ သည့်နောက်ဗေဒလောကီ ဆေးကျမ်း၊ ဗေဒင်ကျမ်း၊ နက္ခတ်ကျမ်း၊ လေ့လည်း ဆောက်လုပ်နည်းအတတ်၊ ဗိသုကာအတတ်တို့ကို အရွယ်နှင့်လိုက်ကာ သင်ကြားလာခဲ့ရာ သူ့အသက်ဆယ့်ခြောက်နှစ်ခန့်မှာပင် သူ၏ဖခင် ဦးတုပ်သည် ခရီးထွက်သွားခဲ့၏။

မိခင်ဒေါ်သိန်းဆင့်မှာ ဦးတုပ်ကိုတားမြစ်၍ မရပေ။ မည်သူ့ကိုမျှ အသိမပေးဘဲ အောင်ပွင့်နှင့်မှတ်ကြီးတို့ သတင်းကို လိုက်လံစုံစမ်းရန် ထွက်ခွာသွားခြင်းပင်ဖြစ်လေသည်။

ဤသို့ဖြင့် မိခင်ဒေါ်သိန်းဆင့်သည် သားဖြစ်သူနှင့်အတူ နေထိုင်ရင်း၊ သူ အလွန်ချစ်သော လင်ယောက်ျား ဦးတုပ်ပြန်လာသည့်အချိန်ကိုပင် မစောင့်နိုင်တော့ဘဲ ဦးတုပ်ထွက်ခွာသွားပြီးနောက် သုံးနှစ်အကြာမှာပင် သေဆုံးသွားခဲ့ရာ မောင်သိုက်ကျော်မှာ ဖခင်သတင်းကို လိုက်ကာ စုံစမ်းရပြန်တော့သည်။

သူ၏ဖခင်ထက် ငယ်သော ဦးအောင်ပွင့်ဆိုသူမှာ ဖုံသမိတိုက်ပွဲတွင် ကျဆုံးသွား၍ လမ်းစပျောက်သွားလေတော့သည်။

လမ်းစပျောက်သွားသော်လည်း မောင်သိုက်ကျော်က ဉာဏ်ပညာနှင့် ပြည့်စုံသူဖြစ်သောကြောင့် နောက်ခံအကြောင်းအရာအချို့ကို သူ့အမေထံ မေးမြန်းသိရှိထားခဲ့ရသည်။ ထိုအချက်သည်ကား ပိုးအနီကြီးဖြင့်ဆွဲထားသော သူ့လည်ပင်းမှ ပိုးကြိုးအနီနှင့်ဆွဲထားသော ကန္တကမာအဝိုင်းနှစ်ပက်ဖုံးလေးဖြစ်သည်။

"သား . . အဲဒီအထဲမှာ မင်းမေမေက သူငယ်ငယ်က ပိတ်ဆွေသုံးယောက်နဲ့ ဆက်စပ်ရမယ့် မြေပုံဆိုတာ ရှိသတဲ့။ ရတနာပစ္စည်းရှိတဲ့ နေရာကို ဒီမြေပုံက ဖော်ညွှန်နိုင်တယ်လို့ ပြောတယ်ကွယ်"

ဒေါ်သိန်းဆင့်၏စကားကို ကြားသည်နှင့်ပင် မောင်သိုက်ကျော်သည် မေးစရာရှိသည့်များကို မေးကာ တစ်ရှက်ဖြင့်မှတ်ထားခဲ့သည်။ ဖခင် ပြောပြခဲ့သည့် မုပ္ပလင်မြို့မှ သူကြီးအကြောင်း။ ပြီးတော့ သူကြီးသမီး ရွှေတင်အကြောင်းများ ဖြစ်သည်။

သူသည် မိခင်ဆုံးသောအခါ ငွေကြေး စုဆောင်းကာ လိုက်လံရှာဖွေခဲ့သာရှိသည်။ မည်သည့်ထူးခြားမှုမျှ မဖြစ်ခဲ့။

သို့သော် ကျိုက်ထိုသို့ရောက်သောအခါတွင် သူ့အတွက် ထူးခြားမှုတစ်ခု ဖြစ်





သည်ဟု ဆိုရပေမည်။ ထိုထူးခြားမှုမှာကား ရသေ့မကြီးတစ်ဦးသည် ကျိုက်ထီးရိုးဘုရားသို့ သွားသည့်ရေမြောင်ကြီးဘူတာတွင် ရှိသော လှုရှင်းသည့်ဈေးဆိုင်လေးထဲတွင် ထိုင်လျက်ရှိနေလေသည်။

ရသေ့မကြီးမှာ အသက်အရွယ်အတော်ပင် အိုမင်းရင့်ရော်နေပြီဖြစ်သော်လည်း သူမကျွင်ကြဲအားထုတ်သော တရားကြောင့်ပင်လား မသိ၊ မျက်လုံးမှာ တောက်ပ ကြည်လင်လျက်ရှိသည်။ တောင်ဝေးတစ်ချောင်းကို ကိုင်ထားပြီး၊ သူ့ရှိရာသို့ ထောက်လာကာ သူ၏လည်ပင်းမှ ပိုးနီရောင်ကြိုးလေးကို ကြည့်ကာ . . .

"လူကလေး ဒီပိုးအနီနဲ့ဆွဲထားတဲ့ ကန္တကမာလေးက လူကလေး အမေ့ အမေ ပစ္စည်းလား"

ဟု မေးလေတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



မောင်သိုက်ကျော်သည် ရသေ့မကြီးကို ကြည့်ရသည်မှာ အလွန်ပင် အသက်အရွယ်ကြီးရင့်နေသော အသွင်ရှိနေပြီ။ ခေါင်းပေါ်တွင်လည်း ယောဂီအညိုရောင် တဘက်တစ်ထည်ကို ခေါင်းတွင်ပေါင်းထားသည်။ မျက်နှာက ပြည့်ပြီး၍ အကျင့်သီလရှိသောသူတို့၏မျက်နှာမျိုးဟု ထင်မှတ်ရလေသည်။

ထူးခြားသည်မှာ အရွယ်နှင့်မလိုက်အောင် စူးရှနေသော မျက်လုံးများကို ပိုင်ဆိုင်ထားခြင်း ဖြစ်သည်။ မေးဖျားတွင်ရှိသော မှည့်စိမ်းစိမ်းလေးမှာလည်း ငယ်စဉ်က ချောမောပြေပြစ်သော ဝိုင်းစက်လှပသည့် မျက်နှာကို ထင်ယောင်စေ သည်။

"ဟုတ်ပါတယ် အဘွားရယ်။ ဒီဟာက ကျွန်တော့်အဖေ ဦးတုပ်ကြီးရဲ့ အမွေပေးခဲ့တဲ့ခွေကြိုးလေးပါပဲ"

"အို… ဟုတ်လား။ ဒါဆိုရင်တော့ ငါ့သားနဲ့ အမေ စကားပြောစရာတွေရှိတယ်။ အမေနဲ့လိုက်ခဲ့ပါဦး"

ထူးဆန်းသော ရသေ့မကြီးက မောင်သိုက်ကျော်ကို ရေပြောင်ကြီးမှ မြောက်ဘက်သို့ သွားရသည့် တောလမ်းအတိုင်း ခေါ်လာခဲ့လေတော့သည်။ ရသေ့မကြီးမှာ တောင်ဝှေးနှင့်ထောက်ကာ လျှောက်နေသည်ပင် မှန်သော်လည်း သွက်လက်စွာ သွားနေသောကြောင့် မောင်သိုက်ကျော်မှာ အတော်ပင် လိုက်ပါလာရလေတော့၏။

ထူးဆန်းသော ရသေ့မကြီးမှာ လမ်းလျှောက်သွားရာ၌ မြေကြီးနှင့်မှ ထိပါမည်လားဟုပင် ထင်မှတ်ရရာ သူ ဂရုစိုက်ကြည့်သောအခါတွင်လည်း မြေကြီးနှင့် ခြေဖဝါးမှာ ထိလျက်ပင် သွားနေသည်ကို တွေ့ရပြန်လေသည်။

"အင်း… တော်တော်တော့ ထူးဆန်းတာပဲ။ ငါတောင် ဇော တော်လိုက်ခဲ့ရတာ။ အသက်ရှစ်ဆယ်ကျော်တဲ့ ဒီအဘွားကြီးကို တော်ရုံလူတွေချင်းဆို ဘယ်မီပါ့မလဲ"

ဟု မောင်သိုက်ကျော်တွေးမိလေတော့၏။

အတော်ပင် တောလမ်းထဲမှ ကွေ့ကွေ့ကောက်ကောက် သွားမိသောအခါမှ ကိုကန်းပါးစပ်ဂူကဲ့သို့ အမိုးလေးအောက်မှ ငုံ့ဝင်ရသော ဂူတစ်ခုသို့ ရောက်ရှိလာလေတော့သည်။ ဂူထဲတွင် အညီနံ့တစ်ခုကို ရသောကြောင့်… "ဂူထဲမှာ ဘာများရှိသလဲ အမေ" ဟု မေးလိုက်လေသည်။

"ကြော်… ခုထလေး လူကလေး အမေ့သား ပြန်ရောက်နေတယ်ထင်ပါရဲ့။ သား ဧည့်သည်ပါလာတယ်ပေါ့။ အိပ်စရာ ရှိတာ အိပ်"





ရသေ့မကြီးက ပြောလိုက်သည်နှင့် ဂူထဲမှ သတ္တဝါတစ်ကောင်၏ ဒေါသသံလို "ဂီး" ဟု ကြားရကာ ထိတ်သွားသည်။ ဂူတွင်းသို့ ဝင်လာမိပြီးနောက် အတော်လေး မျက်လုံးအကျင့်ရလာတော့မှပင် သူတို့ ထိုင်နေရာနှင့် မနီးမဝေးတွင် ကြောက်ရွံ့ဖွယ်ရာ ကျားသစ်ကြီးတစ်ကောင် လှဲအိပ်နေသည်ကို တွေ့လိုက်ရလေသည်။

"အမေကြီး"

"ဟော ဘာလဲကွယ့်"

"ဟိုဟိုမှာ ကျားသစ်ကြီးမို့လား"

"ဟုတ်ပါတယ်ကွယ်။ အဲဒါ အမေ့သားကြီးပေါ့။ သူ့ရင်ဘတ်မှာ မုဆိုးက သေနတ်နဲ့ပစ်သွားကတည်းက လဲနေရှာတာ။ ခုတော့ အမေ ဆေးကုပေးထားလို့ ကောင်းနေပါပြီ။ အမေ့စကား နားထောင်ပါတယ်ကွယ်"

"ကျွန်တော် ကြောက်တယ်"

"ကြောက်ရင် ငြိမ်ငြိမ်သာနေပါကွယ်။ သူတို့က ငြိမ်သက်ခြင်းရယ်၊ ငြိမ်သက်ခြင်းကို ပြသူတွေရယ်ကို သဘောကျကြတာ။ အမေကြီးကိုလည်း ဒီနည်းနဲ့ သူတို့ သဘောကျလာတာပေါ့"

သူတို့သဘောကျလာတာဟု ဆိုသောကြောင့် ဤဂူဝန်းကျင်တွင် အခြားသတ္တဝါများရှိနိုင်ကြောင်းကိုလည်း သဘောပေါက်မိလိုက်လေတော့သည်။

"ကျွန်တော် ငြိမ်ငြိမ်နေပါ့မယ် အမေကြီး။ ဘာလုပ်ဖို့ ကျွန်တော့်ကို ခေါ်လာတာလဲ"

"စကားပြောချင်လို့ပေါ့ကွယ်။ မင်းလည်ပင်းက အနီရောင်ပိုးကြိုးနဲ့ ဆွဲထားတဲ့ ကနုကမာလေးကြောင့်ပါပဲ။ ဒီပစ္စည်းဟာ မင်းအဖေရဲ့ ပစ္စည်းဆိုလို့ အမေကြီးမှာ ဧည့်ခံရမယ့် ဝတ္တရားရှိလို့"

ထိုသို့စကားပြောနေစဉ်မှာပင် ဂူဝသို့ မည်းမည်းသတ္တဝါကြီးတစ်ကောင် လာ၍ ရပ်နေလေသည်။

"အို… သားကြီးတောင် ပြန်လာပါပကောလား"

ဂူဝ၌လာရပ်နေသည့် သတ္တဝါမှာ ကျွဲရိုင်းကြီးတစ်ကောင်ဖြစ်၍ သူ၏ချိုတွင် ငှက်ပျောနိုင်ကို ချိတ်ပကာ ခေါင်းမော့၍ လာခဲ့ခြင်းဖြစ်သည်။

"ကဲ သွား… သားကြီး။ ဟိုမှာ ပဲဖတ်တွေ နှမ်းဖတ်တွေ အမေခင်းထားတယ်။ သွားစားပြီး နားတော့ သွား သွား"

ငှက်ပျောနိုင်ကို ဂူဝတွင် ခေါင်းငုံ့ကာ လှပ်ချလိုက်သော ကျွဲနက်ကြီးကို ကြည့်ရင်း မောင်သိုက်ကျော်မှာ အံ့အားသင့်နေပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



 "ဒီအကောင်တွေက လူ့ဘဝနဲ့နီး
ဘဲ့ကောင်တွေ ဆိုပါတော့ကွယ်။ လူ့ဘဝကို
ရတောင့်ရခဲနဲ့ သူတို့လူဖြစ်ခဲ့ကြရပြီ။ အကု
သိုလ်တွေကို မဆင်မခြင်လုပ်မိလို့ တိရစ္ဆာန်
ဘဝရောက်နေကြတာလေ။ ဟိုကောင်ကြီး
က တောမျှော် ပေါ့။ မုဆိုးလုပ်၊ ငှက်ပစ်၊
ကျွဲသတ်၊ ကြက်သတ်၊ သေတော့ သူလည်း
ခင်းခြင်တဲ့အတိုင်းပဲ"

"သူကရော အမေ"

"သူကလည်း လူ့ဘဝတုန်းက နွား
ကျောင်းသား ငရွှေပေါ့။ ရခဲတဲ့လူ့ဘဝ
တာကို ကုသိုလ်နဲ့ လူ့ဘဝမဆုံးရှုံးအောင်
ကျင့်ကြံဘဲ အကုသိုလ်လုပ်လို့ ငရဲတောင်
ကျပြီးမှ အခု ကျားသစ်ဖြစ်ရတာလေ"

"အမေကြီးက တိရစ္ဆာန်တွေတိုင်း
၊ အရင်က ဘဝကို သိတာပဲလား"

"ဒီလိုတော့ မဟုတ်ပါဘူး။ ဘုန်း
ကြီးကျောင်းတွေ ဘာတွေမှာ မင်းတရား
နာဖူးဘူးလား"

"နာဖူးပါတယ် အမေကြီးရဲ့ ဘုံ
ဉ်းတွေ ဘာတွေလည်း သင်ဖူးပါတယ်"

"ဟာ ဒါဆို ပင်္ဂသနေ့ဗိတ်တွေ
သိပြီပေါ့ကွယ်။ ဒါဆိုရင်တော့ ပြောလို့
လွယ်တာပေါ့။ ကာမပင်္ဂသနေ့ တစ်ဆယ်
မှာ "ကုသိုလ်အတိဉာဉ်" ရအောင် ကျင့်
လို့ရတဲ့ "ညာဏသမ္ပယုတ်" ဉာဏ်ယှဉ်တဲ့
"ပင်္ဂသနေ့" ရတဲ့သူဟာ ပုဗ္ဗေနိဝါသာနုဿတိ
ဉာဏ်ရောက်ရင် အရင်ဘဝတွေ သိနိုင်တာ
ဆန်းသလား"

"မဆန်းပါဘူး၊ အမေကြီး။ ဟုတ်
ပါတယ်။ အမေကြီးလို ဘဝနာဇရားမှား
များတဲ့ သူတော်စင်နဲ့တွေ့ရလို့ ကျွန်တော်
သိပ်ကြည်ညိုလေးစားပါတယ်"

မောင်သိုက်ကျော်က လက်အုပ်ချီ
ကန်တော့လိုက်ရသည်။

"အင်း ဝင့်ရှိရင်တော့ ကုသိုလ်
လုပ်နေတဲ့ဘဝမှာလည်း ကိုယ့်ဝင့်ကိုယ်
ဆပ်ရတာပဲသား"

ရသေ့မကြီးအာမေရွှေတင်သည်
သူမ၏ဘဝကို ပြန်ပြောပြခဲ့လေသည်။

x x x



လှိုဏ်ထဲသို့ရောက်လာသည့်အထိ
သူ့ဘဝအကြောင်းကို ပြန်နှဝဦးတားရင်း ဆင်း
သက်လာခဲ့သော မောင်သိုက်ကျော်မှာ လ
ရောင်အောက်တွင် တရွေရွေလျှောက်လှမ်း
နေခဲ့ဖြစ်လေသည်။ လှိုဏ်ကြီးထဲတွင် ပုန်း
အောင်းကာ စောင့်ကြည့်နေကြသော ရာဝ
ဝတ်ချုပ်လေး အောင်တင့်နှင့် တသင်မောင်
မြူတို့သည် လှိုဏ်ပေါ်ရှိ လူဆင်းလမ်းမှဆင်း
လာနေသော လူရိပ်ကို တွေ့မြင်လိုက်ရလေ
သည်။

"ဘယ်သူလဲ ရပ်"

တသင်မောင်မြူက အော်လိုက်
သည်။

"ကျုပ် မောင်သိုက်ကျော်ပါ"

လှိုဏ်ကြီးအပေါ်မှ ဆင်းလာသည်မှာ
မောင်တော်ဝေလာပြီဖြစ်သောကြောင့် မောင်
သိုက်ကျော်က ပြန်၍ အသံပေးလိုက်တော့
သည်။

"ဘယ်လိုလဲ ကိုသိုက်ကျော် ကျုပ်
တို့ ဘာဆက်လုပ်ကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com



မောင်သိုက်ကျော်က သူတို့နှစ်ဦး ထိုင်နေသော သစ်ပင်အောက်ကို ဝင်ထိုင်လိုက်သည်။

"အခြေအနေကတော့ တော်တော်အဆင်ပြေပါပြီ။ ကျွဲကြီးဘထိုက်နဲ့ သူ့တပည့်တွေနဲ့လည်း တွေ့ခဲ့ပြီးပြီ"

"ဟာ ကိုသိုက်ကျော်ကို ဖမ်းမထားဘူးလား"

ရာဇဝတ်အုပ်လေး အောင်တင့်က အံ့ဩသံဖြင့် မေးလိုက်သည်။

"ကိုအောင်တင့်ကတော့ အားနာနာနဲ့ အကူအညီတောင်းရမှာပဲဗျာ"

"ပြောပါ ကိုသိုက်ကျော်။ ဘာဖြစ်ခဲ့သလဲ။ ကျုပ်တို့အားလုံးကို ဝိုင်းထားလိုက်ကြပြီလား"

အတွေးအကြံ့ နည်းသေးသော ရာဇဝတ်အုပ်လေး အောင်တင့်က ထိတ်လန့်သံဖြင့် မေးမြန်းလိုက်လေသည်။

"ဒီလောက်လည်း အခြေအနေမဆိုးသေးပါဘူးဗျာ။ ဒါပေမဲ့ ခင်ဗျား အကူအညီပေးရမယ့် ခရီးကတော့ ဆုံးသွားပြီ"

"ဘာဖြစ်လို့လဲ ကိုသိုက်ကျော်"

"ဒီလိုပါဗျာ။ ကျွဲကြီးဘထိုက် ဆိုတာ ခင်ဗျား သိတယ်မို့လား"

"သိတာပေါ့။ သူက လူဆိုးဓားပြပေါ့ပဲ"

"သူ ဘာဖြစ်လို့တောထဲဝင်ရတာလဲ။ ခင်ဗျား သိသလား ကိုအောင်တင့်"

"သေသေချာချာတော့ မသိဘူး ကိုသိုက်ကျော်"

"ကဲ ဒါဆိုရင်တော့ ကျုပ်ပြောပြမယ်။ သူက ပြည်မြို့နားက ရွှေတောင်မှာ သစ်တောအရေးပိုင်တစ်ယောက်က မြန်မာမိန်းကလေးကို မတရားကြံဖို့ လုပ်နေတာကို သိလို့ ဝင်ကာကွယ်တာ။ လူသတ်မှုတောင်မဟုတ်ဘူး။ အဲဒီမိန်းကလေးကို ပြေးလစ်ဖွင့်အောင် အရေးပိုင်ကို သတိမေ့အောင်ရိုက်ပြီးပြေးခဲ့တာ"

"အို . . ဟုတ်လား"

"ဟုတ်တယ်။ ဒါတွေကို ခင်ဗျား မှလိပ်မင်းကြီးရုံးက ဓားပြစာရင်းဖိုင်တွေ တောင်းပြီးတော့ လေ့လာကြည့်ပေတော့"

ရာဇဝတ်အုပ်လေးအောင်တင့်မှာ မောင်သိုက်ကျော်ကို လေးစားပြီးဖြစ်သည့်အတိုင်း ဆက်ကာ နားထောင်နေလိုက်သည်။

"တိုတိုပြောရရင်တော့ ကျွဲကြီးဘထိုက်ဟာ ကျုပ်နဲ့ပတ်သက်ဆက်နွယ်နေတဲ့သူပဲဗျာ။ ခင်ဗျားမိတ်ဆွေ သူဇာလှိုင်နဲ့လည်း ပတ်သက်တာပဲ။ ဒါတွေက လောလောဆယ် ရှင်းပြလို့မရသေးဘူး"





ရာဇဝတ်အုပ်လေးအောင်တင့်က သက်ပြင်းချလိုက်သည်။ တသင်မောင်ပြူးကတော့ သူ့ဆရာ၏အမိန့်ကို နာခံရမည့်ပင် ဖြစ်နေလေသည်။

"နေ ကိုသိုက်ကျော် ဘာလုပ်ဖို့အစီအစဉ်ရှိသလဲ ပြော"

"ခင်ဗျားတို့ကို ဒီအတိုင်းထားပြီး မနက်ကျမှ ပြန်ဖို့လာပြောရစ်လည်းရတယ်။ ဒါပေမဲ့ ဒီအတိုင်းဆို အိပ်ရာနေရာမရှိ ဘာမရှိနဲ့ ခြင်ကလည်း သိပ်ကိုက်တယ် မဟုတ်လား"

"အေးဗျာ . . . ကျုပ်တို့ကလည်း ခင်ဗျားအတွက် စိတ်တပူပူနဲ့ စောင့်နေတာပဲ" "တင်း"

မောင်သိုက်ကျော်သည် သက်ပြင်းချလိုက်လေသည်။ ယခု ဓားပြများ စခန်းချရာသို့ လိုက်ရန် သူတို့ကို လာခေါ်ခြင်းဖြစ်ကြောင်း၊ ပုလိပ်အဖွဲ့တွင် တသင်လုပ်နေသည့် မောင်ပြူးက ရိပ်မိသည်။

"ဒီတော့ ဆရာက ကျုပ်တို့ကို ကောင်းကောင်းအိပ်ရအောင် ညှိနှိုင်းပြီးလာခေါ်တာဆိုပါတော့"

မောင်ပြူးက ဝင်ပြောလိုက်သော စကားဖြစ်သည်။

"မှန်တာပေါ့ တသင်ကြီးရာ။ ကဲ ဓားပြတွေကလည်း ပုလိပ်ဆိုတော့ သူတို့ ဖမ်းမှာစိုးရိမ်တာပေါ့။ ဒါပေမဲ့ သူတို့က မျိုးချစ်စိတ်ရှိတဲ့ ဓားပြပြေးသူပုန်တွေဆိုတော့ အခြားဓားပြတွေ သူပုန်တွေလိုတော့ သိပ်ရက်စက်ယုတ်မာတဲ့ အလုပ်တွေကို လုပ်မှာ မဟုတ်ဘူးဆိုတာ ကျုပ် အာမခံတယ်"

"ကဲ ကိုသိုက်ကျော် အာမခံရင်တော့ ဘာကျုပ်တို့မလိုက်ရဲစရာရှိမလဲဗျာ။ ဗိုက်ကလည်း တော်တော်ဆာနေပြီ"

"ကဲ ဒါဆိုလည်း လိုက်သာလိုက်ခဲ့ပါဗျာ။ ခင်ဗျားတို့နှစ်ယောက်အတွက်တော့ သူတို့ဆီမှာ စားစရာတစ်ခုခုရှိနိုင်ပါတယ်။ လက်နက်တွေတော့ သူတို့က တစ်ညသိမ်းထားလိမ့်မယ်ဗျာ"

"သိမ်းချင်လည်း သိမ်းပါစေဗျာ။ ကျုပ်တို့ ပြန်တော့ ပြန်ပေးရင်လည်း ပြီးတာပါပဲ"

ဆွေးနွေး၍ ပြေလည်တော့မှပင် မောင်သိုက်ကျော်လည်း သူတို့နှစ်ဦးကို ခေါ်ဆောင်လာရဲပေတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

ကျားကြီးဘထိုက်ဆိုသူမှာ တဲပေါ်မှ မီးအိမ်အရောင်ဖြင့် အနီးကပ်ကြည့်တော့မှပင် စိုပြေသော အသားအရေနှင့် မျက်နှာပြည့်ပြည့် သဘောကောင်းသည့်လက္ခဏာပျိုးရှိသူဖြစ်ကြောင်း၊ ရာဇဝတ်အုပ်လေး အောင်တင့်မှာ အကဲခတ်မိတော့၏။

တစ်ဦးနှင့်တစ်ဦး မွှေဖက်ကာ အားရပါးရ နှုတ်ဆက်လိုက်ကြ၏။

"ကျုပ်မှန်တာ ပြောမယ်ဗျာ။ ကျုပ်တောထဲကို ပြေးလာလိုက်၊ မြို့ပေါ်ကို ရုပ်ဖျက်ပြီး ဘက်နေလိုက်လုပ်ပြီးမှ၊ ပထမဆုံး တရင်းတနှီး ဆက်ဆံတာ ခင်ဗျားပဲ ရှိသေးတယ် ကိုအောင်တင့်"

"ကျုပ်ကလည်း ခင်ဗျားကို အင်္ဂလိပ်အစိုးရအမှုထမ်း ပုလိပ်ဖြစ်နေရပေမယ့် ယုံယုံကြည်ကြည်နဲ့တွေ့တွေ့ချင်း ခင်မင်မိတာ အမှန်ပဲလို့ ပြောပါရစေ"





"ကျုပ် သိပါတယ်ဗျာ။ ကျုပ်ကိုသာ ခင်ဗျားမယုံရင် ခင်ဗျားရဲ့ချိုင်းကြားက သေနတ်နဲ့ ခင်ဗျားတပ်ည္ဟ့ စာသင်မောင်းပြူးရဲ့သေနတ်ကို ဘယ်သိမ်းခွင့်ပေးပါ့မလဲ"

သူတို့စကားပြောနေစဉ်မှာပင် မြလေးနှင့် ဖိုးကျွဲတို့က တဲတန်းလျားရှေ့သို့ တက်ပေါင်ခြမ်းကြီး တစ်ခြမ်းကို ထမ်း၍ ယူလာကြသည်။ သူတို့နှစ်ဦး မနေ့က လိုက်ထားသော တက်ကြီးကို လေးပိုင်းပိုင်းကာ ကြပ်တင်၍ထားခြင်းပင် ဖြစ်သည်။

ရက်ရှည်လများသောက်ရန် တောရွာများမှ သူတို့ဆရာ ကျားကြီးဘထိုက်အတွက် ဝယ်ထားသည့် မီးတောက်အရက်ပုလင်းခြောက်လုံးကိုပါ ယူလာခဲ့လေသည်။

"မြလေးရေ မင်းကတော့ ငါ့အရက်တွေ အကုန်သယ်လာပြီထင်တယ်"

ကျားကြီးဘထိုက်စကားကြောင့် တဲလေးရှေ့တွင် ရှိသူများအားလုံး ဝါးခနဲ ပွဲကျသွားတော့၏။

×××



www.burmeseclassic.com

www.burmeseclassic.com

နင်းများက တပွဲပွဲကျလျက်ရှိသည်။ တောင်ပေါ်လေသည် အရိုးထဲအထိ စိမ့်နေအောင် အေး၍နေသောကြောင့် တဲတန်းလျားပေါ်မှ စောင်ကြမ်းများကို ယူကာ ခြုံသွားအောင်ရသည်။ မြူနေမြင်ကွင်းများကိုသာ အမြဲခံစားနေရသော သူဇာလှိုင်သည် နှင်းမှုန်ကြားမှ လရောင်နှင့် အေးမြမြခံစားမှုကို ဆန်းသစ်သည်ဟုထင်ကာ ပြုံးရွှင်နေ၏။

ကျားကြီးဘထိုက်က တောင်ပေါ်တွင် နေသားကျနေပြီဖြစ်၍ အနွေးအင်္ကျီ ခပ်ပါးပါးဖြင့်ပင် တဲရှေ့ မီးပုံဘေးတွင် ထိုင်နေသည်။

မီးပုံပေါ်တွင်ကား ဝက်ပေါင်ခြမ်းတစ်ခြမ်းကို တန်းထိုး၍ ချိတ်ဆွဲကာ ကင်ထားသည်။ မီးဖိုလေးဘေးတွင် ထန်းချော ဖျာကို ချကာ ခင်း၍ ကျားကြီးဘထိုက်၊





မောင်သိုက်ကျော်၊ ရာဇဝတ်အုပ်လေး အောင်တင့်၊ တာသင်မောင်ပြူးတို့ ထိုင်နေကြသည်။

သူဇာလှိုင်ကိုယ်ပေါ်တွင် အဖြူရောင် အမွေးပွသိုးမွေးစောင်ကြီးတစ်ထည် ရောက်ရှိနေသည်။ သူမသည် မီးပုံဘေးတွင် မတ်တတ်ရပ်ကာ မီးလှုံနေ၏။ မီးဖိုမှ တလူလူတောက်လောင်လှုပ်ရှားနေသော မီးရောင်ကြောင့် သူဇာလှိုင်က ခြုံထားသည့် သိုးမွေးအဖြူရောင် ခြုံစောင်မှာ လင်းလက် တောက်ပနေသည်။

သူဇာလှိုင်သည် ကိုယ်အပေါ်ပိုင်းကို ခြုံစောင်ဖြင့် လွှမ်းကာ ရှေ့ဘက်နှင့် ကျောဘက်ကို လှည့်ကာ မီးလှုံနေသည်။

"ဒီအတိုင်းပဲဗျ၊ ညဉ့်နက်လေ ဒီတောင်ပေါ်မှာတော့ ပိုအေးလေပဲ"

ကျားကြီးဘထိုက်က သူ့ရှေ့မှ လူများကို ကြည့်ကာ ပြုံး၍ပြောလိုက်သည်။

"ရိုးမပေါ်မှာတော့ ဒီလိုပဲပေါ့ဗျား၊ အင်္ဂလိပ်အွေဆီမှာ တာဝန်ထမ်းဆောင်နေရပေမယ့် ကိုယ့်ပြည်မှာ ကိုယ့်လူမျိုးအုပ်ချုပ်တာကို ကျွန်တော် မြင်ချင်တာပေါ့။ ကိုသိုက်ကျော်ကို ကတိပေးခဲ့သလိုပါပဲ ကိုဘထိုက်။ ကျွန်တော်တို့ကို ပုလိပ်အဖွဲ့ကဆိုပြီး စိုးရိမ်မှုမဖြစ်ပါနဲ့ဗျာ၊ ဒီနေရာကို ရောက်ခဲ့တာရယ်၊ ခင်ဗျား ညွှန်ခဲ့တာရယ်ကို ကျွန်တော်တို့ ဒိပ်မက်တစ်ခုလို သဘောထားပြီး မေ့ပစ်လိုက်ပါ့မယ်"

ကျားကြီးဘထိုက်က တဟားဟား ရယ်မောလိုက်သည်။

"ကျုပ်ရဲ့ဘဝမှာ သေခြင်းတရားဆိုတာကိုတောင် ငဲ့ကွက်စိုးရိမ်တာမရှိတော့ ကျန်တဲ့ကိစ္စတွေပေါ်မှာ ဘာမှစိုးရိမ်စရာ မရှိတော့ပါဘူး ကိုအောင်တင့်။ ကျုပ်ဖြစ်သင့်ဖြစ်ထိုက်တာတွေအကုန်ဖြစ်ပြီးရင် သေသွားတာတောင် သိုပ်စိုးရိမ်စရာ မရှိတော့ဘူးလို့ ထင်မိတာပဲ"

"ဒီလိုလဲ ဘယ်ဟုတ်မလဲဗျား၊ လူဆိုတာ အသက်ရှင်သန်မှုရဲ့ဇာတ်ကောင်ပဲ မဟုတ်လား။ ကျွန်တော်တို့အားလုံး အဓိပ္ပါယ်ရှိနေတာဟာ ကျွန်တော်ဆိုတဲ့ အောင်တင့် ဒီနေရာမှာ အသက်ရှင်နေသေးလို့။ ကျွန်တော်သာ သေသွားမယ်ဆိုရင် ခင်ဗျားတို့အခုလို အေးစက်တဲ့ညမီးဖိုတစ်ခုဘေးမှာ ဝိုင်းပြီး အနွေးဓာတ်ရအောင်နေနေကြတာဟာ ကျွန်တော့်အတွက်တော့ အဓိပ္ပါယ်မရှိတော့ဘဲ ခင်ဗျားတို့အတွက်ပဲအဓိပ္ပါယ်ရှိမယ်"

ရာဇဝတ်အုပ်လေးအောင်တင့် လူတစ်ဦး၏ ရှင်သန်မှုအဓိပ္ပါယ်ကို ဖွင့်ဆို



www.burmeseclassic.com

www.burmeseclassic.com



လိုက်သောကြောင့် မောင်သိုက်ကျော်က‥

"ဟုတ်ပါ့ ကိုအောင်တင့်ရေ။ ခင်ဗျား ပြောတာမှန်ပါတယ်။ ဒါပေမဲ့ ကိုဘဆိုက်ပြောတာကိုက ပိုပြီးလေးနက်တယ်ဗျ"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ မှန်တာကောင်းတာ သင့်လျော်တာတွေ လုပ်ထားတဲ့လူ လုပ်ခဲ့တဲ့သူဟာ သေခြင်းတရားကို ကြောက်စရာမလိုဘူး။ သေခြင်းတရားရဲ့ နောက်ကွယ်မှာ သူဟာ ပိုပြီးတော့ လေးနက်တဲ့ သဘာဝတရားတွေနဲ့ ပြည့်စုံနိုင်တယ်။ အသက်ရှင်တာတွေ အသက်သေတာတွေရဲ့ အပြင်ဘက်မှာတောင် သူက ရှိတယ်လို့ ပြောနိုင်တယ် ကိုအောင်တင့်ရဲ့"

ရာဇဝတ်မှုများကို ဖော်ထုတ်ရာ၌ ဦးစားတွေးခေါ်ရာ၌ သူ့ကို အမြဲတမ်း ကူညီနေသော မောင်သိုက်ကျော်၏စကားကြောင့် ကိုအောင်တင့်က ဖျံ့အားသင့်သွားလေသည်။

လူတစ်ဦး၏ဘဝတွင် သေဆုံးခြင်းဟူသည်မှာ ဘဝ၏နိဂုံးပင် မဟုတ်ပါလော။ ထိုဘဝနိဂုံးထက် အရေးကြီးသောအရာ ရှိပါသေးသလားဟု တစ်ကြိမ်မျှပင် ရာဇဝတ်အုပ်လေးအောင်တင့်သည် မတွေးတောခဲ့ဖူးပေ။

"အသက်ရှင်တယ်ဆိုတာ ဒီခန္ဓာဆိုတဲ့ ရုပ်နာမ်ကြီး အဆင်ပြေနေတာ ကိုအောင်တင့်ရဲ့။ မဟုတ်ဘူးလား၊ ကိုဘဆိုက်"

မောင်သိုက်ကျော်မှာ ကျားကြီးဘဆိုက်နှင့် ပတ်သက်၍ လုံးချင်းယုံခင်တရင်းနှီးစွာမဆက်ဆံဘူးသော်လည်း ယခု တွေ့ဆုံသည့် ခဏတွင်းအချိန်အတွင်းမှာပင် အတွင်းစိတ်ကို နိုက်ဖော်ကာ နားလည်သဘောပေါက်မိသည်ဟု ထင်၍ ထောက်ခံချက်တောင်းလိုက်ခြင်း ဖြစ်ပေသည်။

ကျားကြီးဘဆိုက်က မီးတောက်အရက်ပုလင်းကို ဖွင့်ကာ ဖန်ခွက်ခွက်လေးများထဲတွင် ထည့်ပေးနေသည်။ မီးပုံ၌ ကင်ထားသော ဝက်ပေါင်မှ ဝက်ကင်နံ့က ခရီးဝေးမှလာသော ဆာလောင်နေသည့် တသင်မောင်ဖြူတို့ ဆရာတပည့်အတွက်၊ နှိုးဆွနေသလိုဖြစ်၏။

"ဟုတ်ပါတယ် ကိုသိုက်ကျော်။ ခင်ဗျားက နားလည်လွယ်တဲ့သူတစ်ယောက်ပဲ။ ကျုပ်ဟာ ဝရမ်းပြေးလူဆိုးတစ်ပြလို့ နာမည်ကြီးနေပေမယ့် ဒီနေ့ထိ လူသတ်မှုလုယက်မှု တစ်ကြိမ်တောင် မကျူးလွန်ဘူးသေးပါဘူးဗျာ"

ထိုစကားကြောင့် မောင်သိုက်ကျော်နှင့် ရာဇဝတ်အုပ်လေး အောင်တင့်တို့ စိတ်မကောင်းဖြစ်သွားကြသည်။

***



ညဥ့်သည် တဖြည်းဖြည်းပို၍ နက်လာသည်။ ဖေဗိန်းနှင့် ကျော်ရှိန်သည် မီးပုံ၏ တစ်ဘက်တစ်ချက်တွင် သေနတ်များကို ကိုင်ကာ သူ့ဆရာကျားကြီးဘဆိုက် မှာကြားသည့်အတိုင်း စောင့်ကြပ်နေ၏။ အရက်ဝိုင်းမှာ ပြောကြ ဆိုကြ ရယ်ကြ မောကြ ဖြစ်လာသည်။

အရက်သောက်လေ့မရှိသော မောင်သိုက်ကျော်က မီးပုံဘေးရှိ အရက်ဝိုင်းက ထလိုက်သည်။

"ကျုပ်ကိုတော့ ‥ ဘယ်လိုမှ သဘောမထားနဲ့ဗျာ။ အရက်သောက်တာ တစ်ခုတော့ ပျင်းလွန်းလို့ လုပ်လေ့မရှိလို့ပါ"

ကျားကြီးဘဆိုက်က တဟားဟားရယ်မောကာ ခေါင်းညိတ်လိုက်သည်။

"လူဆိုတာ ကိုယ့်ဝါသနာနဲ့ ကိုယ်ဒီလိုပဲပေါ့ဗျာ။ လွတ်လွတ်လပ်လပ် နေပါ ကိုသိုက်ကျော်။ ဒီစခန်းကနေ ကျုပ်တို့ ခင်ဗျားတို့ ခရီးတစ်ခု သွားကြရဦးမယ် မဟုတ်လား"

"အင်း ‥ ခင်ဗျားနဲ့ကျုပ်နဲ့ကတော့ နားလည်မှု အဆင့်တစ်ဆင့်ကို လွယ်လွယ် ရောက်ခဲ့ကြတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးသည်နှင့် မောင်သိုက်ကျော်က ထကာ သိုးမွေးခွံယံတာအမြဲ ရောင်ဝတ်ဆင်ထားသော သူဇာလှိုင်ရှိရာသို့ လျှောက်လှမ်းလာ၏။

"ကျွန်မတို့ ဒီအထိလိုက်လာတာ မှားများမှားပြီလား ကိုသိုက်ကျော်"

သူဇာလှိုင်က ခပ်တိုးတိုး ပြောလိုက်လေသည်။

"သူဇာက လိုက်လာတာ မဟုတ်ပါဘူး။ သူတို့က ဖမ်းလာတာမဟုတ်လား။ ဒါမှားတယ် မှန်တယ် ဘယ်ပြောလို့ရတော့မှာလဲ သူဇာ"

မောင်သိုက်ကျော်ကလည်း ခပ်တိုးတိုး ပြန်ပြောလိုက်သည်။

"သူတို့ အရက်တွေသောက်နေကြတယ်။ တော်ကြာ သိပ်မူးလာကြလိမ့်မယ် ထင်တယ် ကိုသိုက်ကျော်။ ရှင် ကျွန်မကို ပစ်မထားပါနဲ့နော်"

ထိုစဉ်မှာပင် ငှက်ပျောဖက်နှင့် ထည့်ထားသော အသားကင်နှင့် ထမင်းများကို အစားအသောက်လိုက်ဝေနေသော မြလေးက လာ၍ပေးသည်။ မီးပုံ၏တစ်ဘက်တွင် ကျားကြီးဘထိုက်နှင့် အောင်တင့်တို့ နှစ်ဦးကထိုင်နေသည်။ အလယ်တွင် တဖြိုက်ဖြိုက်လောင်နေသော မီးတောက်သည် မီးပုံရှိ၍ အခြားတစ်ဘက်တွင် မောင်သိုက်ကျော်နှင့် သူဇာလှိုင်တို့က ထန်းချောမြ တစ်ချပ်နှင့်ထိုင်နေသည်။

ထမင်းပူပူ ဟင်းပူပူနှင့် ငှက်ပျောညွှန့်တစ်ညွှန့်တွင် ပုံကာ စားကြရသည်မှာ တောထဲတောင်ထဲမှ ထူးဆန်းသော ညစာစားရသည့်ပွဲပင် ဖြစ်သည်။ မီးပုံမှ မီးရောင်ကြောင့် မနီးမဝေးမှာရှိသော တဲအန်းရှည်ကြီးနှင့် စိမ်းမြည့်မှောင်သော တောရိပ်တောင်ရိပ်မှ သစ်ပင်ကြီးများကို ထင်ဟပ်တွေ့မြင်နေရသည်။

သစ်ပင်ထိပ်ဖျားများသည် ညဉ့်နက်လေကြောင့် လှုပ်ယိမ်းကာ နှင်းများက စိုတိုစိုထိုင်း သစ်ရွက်နှင့် မြက်ခင်းများပေါ် ကျနေကြသည်။

"သူဇာ"

"ရှင်"

"သိုးမွေးခြုံလွှာကို ခေါင်းတို့ စောင်းထား"

"ဟုတ်တယ်. . . နှင်းတွေက ကျနေတယ်နော်"

"ကျတာကို မမြင်ရဘူး။ ဒါပေမဲ့ ကြာလို့ ခေါင်းကိုစမ်းကြည့်တော့မှ စိုရွှဲနေတာ"

မြလေးလာပေးသော ငှက်ပျောညွှန့်တစ်ညွှန့်ထဲမှာ ထမင်းနှစ်ပုံက အလယ်မှ ဝက်သားကင်ကို ဖဲ့ကာ စားကြသည်။





"ကိုသိုက်ကျော် စားလေ"

"သူဇာ စားပါ"

"ကိုသိုက်ကျော်က အရက်မသောက်ဘူးလား"

"အင်း မသောက်ဘူး"

ထမင်းစားရင်း စကားပြောနေကြသည်။

"ဟိုမှာ ကိုဘထိုက်တို့ ကိုအောင်တင့်တို့ဆိုရင် သောက်ကြတာပဲ။ ယောက်ျားလေး အတော်များများ အရက်သောက်ကြတာပဲ ကိုသိုက်ကျော်"

"ကျွန်တော်တော့ မသောက်ဘူး သူဇာ။ နောက်လည်း သောက်မှာ မဟုတ်ဘူး"

"ဆုံးဖြတ်ချက်က ခိုင်မာလှချည်လား"

"ဟုတ်တယ် ခိုင်မာတယ်"

"ဘာဖြစ်လို့လဲ"

"ကျွန်တော့်အဖေလည်း အရက်မသောက်ဘူး။ ကျွန်တော့်ကို စာသင်ပေးတဲ့ ကျောင်းထိုင်ဆရာတော်ကလည်း အရက်သောက်တာဟာ လူ့လောကမှာ လူဖြစ်ပြီး လုပ်ကိုင်ဆောင်ရွက်တဲ့ အလုပ်တွေထဲမှာ ဘာအကျိုးမှ မရှိတဲ့အလုပ်တဲ့"

"ဦးပမာနဲ့ပြောပါလား"

သူဇာလှိုင်ကလည်း တစ်ဘက်မှ အရက်ဝိုင်းက ရယ်သံမောသံများကြောင့် သူမနှင့် မောင်သိုက်ကျော်တို့သာ စကားပြောဖော်ရှိနေ၍ စကားထောက်လိုက်သည်။

"ဦးပမာဗျာ. . . လူ့ဘဝရောက်လာတဲ့ လူတစ်ယောက်ဟာ သူနိုးဖြစ်သွားတယ်ဆိုပါတော့ ယုတ်စွအဆုံး သူနဲ့အတူနေတဲ့ လူတွေရယ် သူရယ် စားရသောက်ရ ခန္ဓာကိုယ်ကြီးထွားမှုဖြစ်ရသေးတယ်၊ အကုသိုလ်တော့ ဖြစ်တာပေါ့နော်"

"အရက်ကျတော့ရော"

***



www.burmeseclassic.com

www.burmeseclassic.com

"အရက်ကတော့ သီလပျက်ရုံ သက်သက်တင်မကဘူး။ ခန္ဓာကိုယ်ပါ ပျက်စီးအောင် ဖျက်သေးတယ်။ မိသားစုလည်း ဒုက္ခပေးတယ်။ ဒီတော့ ကံငါးပါးမှာ ခိုးတာနဲ့ အရက်သောက်တာဆိုရင် ခိုးတာ၊ သတ်တာ စတဲ့ ကံလေးပါးထက် ယုတ်မာတဲ့ ကိစ္စဟာ အရက်သောက်တဲ့ကိစ္စပဲ။ ပြီးတော့ အရက်သောက်ရတာဟာ အကျိုးမရှိတဲ့ စကားတွေပြောနေ ဧွးနေပြီး၊ အချိန်ကုန်ရတာများတော့ ပျင်းဖို့ကောင်းတယ်လို့ ကျွန်တော် ထင်တယ်"

"ကိုသိုက်ကျော်က တစ်မျိုးပဲ"

"ဘာလဲ သူတာရဲ့"

"ကိုသိုက်ကျော်ရဲ့အတွေးတွေက





သူများနဲ့ သိပ်မတူဘူးနော်"

"ဘာလဲ ကျွန်တော်ရူးနေတယ်လို့ သူတာက ဆိုချင်တာလား"

"ဒီလိုတော့ မဟုတ်ဘူး။ ကိစ္စ တစ်ခုကို ပြီးစလွယ် ပေါ့ပေါ့တန်တန်မစဉ်းစားဘူးဆိုတာ ပြောတာပါ။ ကိုဘထိုက် ဖို့ လိုက်တဲ့ ထိုးစက်စာကိုလည်း ကိုသိုက်ကျော်ဟာ ဓါကြောင့် ဖော်နိုင်တာကိုး"

"ကျွန်တော်က ကိုဘထိုက်မိုက်ထဲကို ဝင်ကြည့်ဖို့ ကြိုးစားတာ အောင်မြင်သွားပါပြီ။ ဒါပေမဲ့ သူတာ့ကို ပြောစရာစကားတွေ အများကြီးရှိသေးတယ်"

"ရှင်"

"ဟုတ်တယ် ဒီစခန်းကနေ ကျွန်တော်တို့ ခရီးထွက်ရလိမ့်မယ်။ သူတာတို့ မိသားစုဆီမှာ ရှိနေတယ်လို့ ကိုဘထိုက် ထင်တဲ့ပစ္စည်းက တကယ်ရှိနေမယ် မရှိနေဘူးဆိုတာတော့ နသွားတဲ့ခရီးစဉ်က သက်သေခံမှာပါပဲ"

"ကိုသိုက်ကျော် ကျွန်မကို ပွင့်ပွင့်လင်းလင်း ပြောလို့ရရင် ပြောပါ"

မောင်သိုက်ကျော်က ခေါင်းကို ခါယမ်းလိုက်သည်။

"ဒီကိစ္စကတော့ ပြောရခက်သေးတယ် သူတာ"

"ကျိုက်ထိုက်ကို ကျွန်တော်ရောက်တော့ ရသေ့မကြီး ဒေါ်ယုဝန္နာနဲ့ တွေ့ခဲ့တယ်။ ဒေါ်ယုဝန္နာဆိုတာက ရသေ့မဘဝမှာ ခေါ်တွင်တဲ့နာမည်ပေါ့နော်။ အရင်ကတော့ ဒေါ်ယုဝန္နာရဲ့အမည်ဟာ မရွှေတင်ရယ်လို့ နာမည်တွင်တဲ့ မုပ္ပလင်က ရွာသူကြီးသမီးလေးတစ်ယောက်ပေါ့"

သိုးမွေးခြုံထည်ကို ခေါင်းကိုအုပ်ကာ သူတာလှိုင်မှာ ငြိမ်သက်စွာပင် ထမင်းစားပြီးသော လက်ကို ဝါးဆစ်ပိုင်းထဲမှ ရေဖြင့် လောင်းဆေးကာ မြလေးလာပေးသည့် တဘက်ဖြင့် လက်သုတ်နေ၏။

ဒေါ်ရွှေတင်အကြောင်း ပြောနေရာမှ မောင်သိုက်ကျော်က စကားကို ရပ်နားထားလိုက်သည်။

သူတာလှိုင်သည်လည်း ချမ်းရှိတုန်နေသည့်သဘောဖြင့် အင်းမလှုပ် အဲမလှုပ် ငြိမ်သက်နေလေပြီ။

"သူတာ"

"ရှင်"

"သူတာ့မှာ ကျုပ်ကို တစ်ခုခု ပြန်ပြောဖို့ စကားမရှိတော့ဘူးလား"

"ကျွန်မ ဘာပြောရမှာလဲ ကိုသိုက်ကျော်။ ကျွန်မ ဘာမှမသိဘဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် ကျားကြီးဘထိုက်တို့ဝိုင်းမှာ အရက်မူးလာသောသူများက လက်ခုပ်လက်ဝါးတီးကာ သီချင်းများသီဆိုကြသည်။ သူတို့သီဆိုသော သီချင်းမှာလည်း မြန်မာနန်းတွင်းမှ ဇာတ်မင်းသားဇာတ်မင်းသမီးများဆိုသော စိန်ခြူးကြာညောင် သီချင်းဖြစ်နေသည်။

နန်းတော်ထဲတွင် ခေတ်စားခဲ့သော သီချင်းဖြစ်သောကြောင့် ကျားကြီးဘထိုက်နှင့် ရာဇဝတ်အုပ်လေး အောင်တင့်တို့မှာ စိတ်ပါလက်ပါပင် ဆိုနေကြလေရာ . . .

"စိန်ခြူးကြာညောင် ×× လရောင်လင်းပါလို့×× မှန်ရွှေပြတင်းရယ်က ×× မယ်ခုဖျော် နန်းမပျက် သုံးချက်စည်တော်ရိုက်ဆော်ညှင်းတယ်လေး ×× လင်းပြန်ပွနော်" ဟု ဆိုကြသော မြန်မာသုံးဦးတို့မှာ ဇာတိမာန်တက်ကြသော စိတ်များပင် ဖြစ်လာကြသည်။

အနည်းငယ်ကြာလာသောအခါတွင် ဒေဝိန်းနှင့် ကျော့ရှိန်တို့ရော မြလေးတို့ပါ အော်ဆိုလာကြရာ မီးပွဲပွဲမှာ ပျော်စရာကောင်းလာလေသည်။ ကျားကြီးဘထိုက်က ထ၍ ရပ်လိုက်သည်။

"ကျုပ်တို့ မြန်မာလူမျိုးတွေ မဟုတ်လား ကိုအောင်တင့်"

"ဟုတ်ပါတယ် ကိုဘထိုက်"

"ကျုပ်တို့ဟာ သူများရဲ့ကျွန်လုပ်တာ မခံနိုင်ဘူးဗျ။ ဒီတော့ ကိုအောင်တင့်တို့ ကျုပ်တို့ ကိုယ့်ခေါင်းပေါ်တက်နင်းနေတဲ့ နယ်ချဲ့ ဘယ်လူမျိုးကိုမဆို တိုက်ထုတ်ဖို့ အသက်စွန့်ဖို့ သတ္တိရှိကြရမယ်။ ဟုတ်တယ်မဟုတ်လား"

ညာလက်သီးကို ဆုပ်ကာ ပြောလိုက်သည်။ သူဇာလှိုင်က ထ၍ရပ်ကာ မောင်သိုက်ကျော်၏ လက်မောင်းကို ဆုပ်ကိုင်လိုက်တော့၏။

"ကိုသိုက်ကျော်"

"ဗျာ"

"ရန်များဖြစ်ကြဦးမလား"

"မဖြစ်ပါဘူးဗျာ။ သူတို့ဟာ မြန်မာ့ဇာတိသွေးတွေ ပွမွှေးလာကြတာပါ"

"အင်္ဂလိပ်မျက်နှာဖြူတွေ မြန်မာ့မြေပေါ်က ထွက်ကြ" ဟူသော ကျားကြီးဘထိုက်၏ တိုင်ပေးသော အသံကို သံပြိုင်အော်လိုက်ကြလေတော့သည်။

×××



ညနက်လာပြီဖြစ်၍ အစောင့်ချထားသော ဒေဝိန်နှင့် ကျော့ရှိန်တို့သာ တဲတန်းဆောက်တစ်ဝက်မြိတ်တွင် ရပ်ကာနေခဲ့ကြပြီး ကျားကြီးဘထိုက်၊ ရာဇဝတ်အုပ်လေးအောင်တင့်၊ စာသင်မောင်မြူ၊ မောင်သိုက်ကျော်နှင့် သူဇာလှိုင်တို့အတွက် ပြင်ဆင်ထားသော အိပ်ရာများရှိရာ တဲပေါ်သို့ တက်လာကြလေသည်။

ကျားကြီးဘထိုက်က မောင်သိုက်ကျော်နှင့် နံနက်မိုးသောက်မှသာ တိုင်ပင်ဆွေးနွေးစရာရှိသည့်ကိစ္စများကို တိုင်ပင်မည်ဟု ဆိုထား၍ အသီးသီးအိပ်ရာများရှိရာသို့ ဝင်လာလေသည်။ မိန်းမသားတစ်ဦးတည်းဖြစ်နေနေသော သူဇာလှိုင်မှာ မောင်သိုက်ကျော်၏အရိပ်အခြေကို ကြည့်နေလေသည်။

ကျားကြီးဘထိုက်မှာ အရက်ပင်မူးနေသော်လည်း အခြေအနေကို ရိပ်မိသည်။

"အခု ဒီမှာအခန်းနှစ်ခန်း ညီသည်တွေအတွက် ပြင်ထားတယ်။ ကိုအောင်တင့်က တစ်ခန်းအိပ်ပေါ့ဗျာ။ ဟိုတစ်ခန်းကိုတော့ အရက်မသောက်တဲ့လူနှစ်ဦးကို ပေးရမှာပဲ။ ကျုပ်တို့ မြန်မာလူမျိုးချင်းတွေပဲ။ ဘာမှမယုံသင်္ကာစရာမဖြစ်ပါဘူး။ သူဇာ သဘောကျရဲ့လား"

"ကောင်းပါတယ်ရှင်။ ကျွန်မကလည်း အရက်နံ့ကိုရနေရင် အိပ်မပျော်တတ်ဘူး။ အဖေ သောက်တုန်းကလည်း ဒီလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြော် . . . သူတူ အဖေ ဦးနေ့အောင်ကလည်း အရက်သောက်တတ်သလား"

သူဇာလှိုင်မှာ စကားမှာသွားမှန်း သိသောကြောင့် ခေါင်းငုံ့ကာ အခန်းထဲသို့သာ ဝင်ဖို့စိတ်ကူးနေသည်။ မောင်သိုက်ကျော်က . . .

"ကဲ ကျေပ်လည်း အိပ်ချင်နေပြီ မှား ခွင့်ပြုပါဦး ကိုဘတိုက်"

ဟုပြောလိုက်သည်။

"ကောင်းပါပြီမှာ"

ကျားကြီးဘတိုက်ကလည်း သူ၏ အခန်းထဲသို့ ဝင်သွားလေသည်။ အိပ်ခန်းမှာ အတော်ပင် ကျယ်သောကြောင့် လူ နှစ်ဦး လွတ်လပ်စွာ အိပ်စက်နိုင်သည်။ သူဇာလှိုင်သည် ယောကျာ်းသားတစ်ဦးနှင့် ဤကဲ့သို့ အခန်းတစ်ခန်းထဲတွင် မအိပ်စက်ဘူးချေ။

"ရှူး"

"ဘာလဲ သူဇာ"

"အိပ်တော့မှာလား ကိုသိုက်ကျော်"

"အေးဗျာ . . . မျက်လုံး မဖွင့်ချင်ဘူး"

"သတိတော့ နည်းနည်းထားပါနော်။ ကျွန်မကတော့ တော်တော်နဲ့ အိပ်ပျော်မှာမဟုတ်ဘူး"

"ကျွန်တော် သိပါတယ်"

သူဇာလှိုင်က ပေါ့ဆယ်ငါးပေ ရှိသော အခန်းထောင့်တွင် ကပ်အိပ်၍ မောင်သိုက်ကျော်က အခန်းထဲဝင်သည့်အပေါက်ဝကို ခေါင်းတိုက်ကာ အိပ်လေသည်။

သူသည် လယ်စဉ်ကတည်းက နီးနီးကြားကြား အိပ်လေ့ရှိသူဖြစ်သည်။ ကိုရင်ဘဝကတည်းက ဆရာတော်က လေ့ကျင့်ပေးသောကြောင့် မည်မျှပင် အိပ်ပျော်နေစဉ်ကာမူ ချုတ်ခနဲအသံကြားသည်နှင့် ဖျတ်ခနဲ နိုးသောအကျင့်ရနေတတ်သည်။

နိုးလာသည်နှင့်ပင် ပတ်ဝန်းကျင်ကိုလည်း သတိထားကာ ရုတ်တရက် မလှုပ်ဘဲ မည်သည့်နေရာက မည်သည့်အသံဆိုသည်ကို သိရှိနေတတ်လေသည်။

မောင်သိုက်ကျော် နေခဲ့ရသည့် ကျောင်းမှာ ပွဲကျောင်းဟုခေါ်သော သိုင်းပညာသင်ကြားပေးသည့် ကျောင်းဖြစ်ရာ မောင်သိုက်ကျော်မှာလည်း ကိုယ်ဟန်ခွန့်ခွန့် အသားဖြူဖြူနှင့်ပင် ဖြစ်သော်လည်း မြန်မာ့ သိုင်းပညာနည်းအမျိုးမျိုးကို စုံလင်အောင်





ပွဲကျောင်းဆရာဆီမှ သင်ကြားထားခဲ့သူ ဖြစ်လေသည်။

မောင်သိုက်ကျော် ရှိသည်ဆို၍ သူဇာလှိုင်သည် စိတ်ချလက်ချ အိပ်လျက်ရှိနေရာ၊ ညသန်းခေါင်ကျော်၍ နံနက် နှစ်နာရီနီးပါးရှိသောအခါတွင် အခန်းဝမှ ဝါးပိုးခင်းသော ကြမ်းကို နင်းသံပေါ်လာသည်။

"ကျွီ"

"ဟင်"

အခန်းထဲမှာ မှောင်မိုက်နေသည်။

မောင်သိုက်ကျော်သည် အခန်းဝမှာ လူတစ်ယောက်ရောက်ရှိလာကြောင်း သိရှိလိုက်လေသည်။ အတွင်းမှနေသောကြောင့် အပြင်မှလူကို မြင်နိုင်ရန် အသာစောင့်ကာ ကြည့်လိုက်သည်။

အရပ်မြင့်မြင့် လူတစ်ယောက် အခန်းအနီးသို့ ကပ်သည်ဖြစ်၍

"ဘယ်သူလဲ"

ဟု မောင်သိုက်ကျော်က ခပ်တည်တည်ဖြင့် မေးလိုက်သည်။

"ကျုပ်ပါ ဗေဇိန်းပါ"

ဗေဇိန်းကလည်း အသံကို ပြန်ပေးလိုက်သည်။ ထိုအခါမှပင် ဗေဇိန်းက သေနတ်ကို ခါးကြားမှ ထုတ်ကိုင်သည်ကို တွေ့လိုက်ရ၏။ ဗေဇိန်း မည်သို့လှုပ်ရှားမည်ကို ထရံနားသို့ ကပ်ကာ ရပ်၍ မောင်သိုက်ကျော်က ကြည့်နေလိုက်သည်။ ဗေဇိန်းက အခန်းတွင်းသို့ သေနတ်ကို ထိုးချိန်ကာ ဝင်လိုက်ပြီး "အပြင်ကို ထွက်ခဲ့ပါ ကိုသိုက်ကျော်" ဟု ခပ်တိုးတိုး ကပ်၍ခေါ်လိုက်သည်။

မောင်သိုက်ကျော်က အသံပြန်၍ မပေးဘဲ သေနတ်ကိုင်ထားသော ညာလက်ကောက်ဝတ်ကို လက်ဝါးစောင်းဖြင့် ဖြင်းထန်စွာ ခုတ်ချလိုက်တော့သည်။

***

www.burmeseclassic.com

www.burmeseclassic.com

"ပျောင်း"

"ဖို့"

အခန်းထဲမှာ မှောင်နေ၍ လူရိပ်ကို မမြင်ရဘဲ အပြင်ကဝင်လာသူကို အတွင်းမှ ကြိုမြင်ရမှုကြောင့် လက်ကောက်ဝတ်မှနာကျင်မှုဖြင့် လွတ်ကျသောသေနတ်ကို ခြေဖြင့်နင်းထားလိုက်သည်။

"ခင်ဗျာ၊ ကျုပ်တို့အခန်းထဲက ပြန်ထွက်သွားပါ ဒေဝိန်။ ကျုပ်တို့ကို ဘာကိစ္စရှိလို့ သေနတ်နဲ့ချိန်ရတာလဲ"

ဒေဝိန်း၏ရင်ဝကို ခပ်ကြမ်းကြမ်း တွန်းထုတ်လိုက်ကာ မောင်သိုက်ကျော်က သေနတ်ကို ကောက်ယူလိုက်လေ၏။

"ဘာဖြစ်ထားလဲဟေ့ ဒေဝိန်း။ အောက်ကို ဆင်းစမ်း"

ကျားကြီးဘထိုက် အိပ်ရာက နိုးလာ၍ အော်သံကြားလိုက်ရသည်။

အိပ်ပျော်နေသော သူတလိုင်သည်လည်း နိုးလာကာ ရင်တထိတ်ထိတ်ဖြစ်၍ ကြောက်နေ၏။ သေနတ်ကို အောက်ဖိုက်ကိုင်ရင်း မောင်သိုက်ကျော်က အပြင်သို့ ထွက်လာလေသည်။

"ကိုဘထိုက်"





"ဗျာ"

"ခင်ဗျားတသည့် ဒေဝိန်းကို ခင်ဗျား ကျုပ်တို့အခန်းထဲမှာ ဝင်စစ်ဖို့ ညကတည်းက မှာထားသလား"

မောင်သိုက်ကျော်၏ အမေးကြောင့် ကျားကြီးဘထိုက်သည် သူ့အခန်းဖြင့် အောက်ဆင်းကာ ရပ်နေသော ဒေဝိန်းကိုကြည့်လိုက်သည်။ လရောင်က အနောက်ဘက် တောင်စွယ်ထဲသို့ ငုပ်ပြီဖြစ်ရာ မီးအိမ်ကို ထွန်းညှိလိုက်ရတော့သည်။

"ကျုပ်က အပြင်မှာစောင့်ဖို့ပဲ မှာကြားခဲ့တယ်။ တဲအိမ်ထဲကို ဝင်ဖို့တောင် မမှာဘူး။ ဒါ ဗိုကောင့်အမှားပဲ"

ကျားကြီးဘထိုက်က ပြတ်သားစွာ ပင်မှတ်ချက်ချလိုက်လေသည်။

စကားဆုံးသည်နှင့် ကျားကြီး ဘထိုက်က တဲအပြင်သို့ ထွက်သွားလေသည်။ မီးအိမ်ကို တဲအပြင်အမိုးတံစက်မြိတ်တွင် ချိတ်လိုက်၍ အလင်းရောင်က ထင်ရှားနေသည်။

မောင်သိုက်ကျော်က သေနတ်ကို ကိုင်ရင်းဖြင့် ကျားကြီးဘထိုက်နောက်မှ လိုက်လာသည်။ ရာဇဝတ်အုပ်လေးအောင်တင်က တသင်မောင်ပြူကို . . .

"ကြားတယ်မဟုတ်လား" ဟု မေးသည်။

"ကြားပါတယ်။ ပြဿနာတော့ ဖြစ်နေပြီထင်တယ်"

သူတို့သည် အခန်းထဲမှ မထွက်ရဲ။ တစ်ဦးနှင့်တစ်ဦး ပစ်ကြခတ်ကြသည် အထိ ဖြစ်မည်ကို စိုးရိမ်သောကြောင့် အပြင် မထွက်ဘဲ အခန်းထဲမှာပင် ငြိမ်နေသည်။ မီးအလင်းရောင်က အခန်းထဲသို့ ခွဲဖြာလာသောကြောင့် သူတလိုင်လည်း ထရံထိုင်ကာ အပြင်မှ အခြေအနေကို အကဲခတ်ကြည့်ရှုနေလေသည်။

"ဒေဝိန်း ဒါ မင်းဘာလုပ်တာလဲ"

". . . ."

ဒေဝိန်းက ရုတ်တရက် စကား ပြန်မပြောနိုင်။ အမှန်တော့ အစွန်ဆုံးရှိ အခန်းထဲတွင် မိန်းမပျိုတစ်ဦးရှိနေသည်ကို သိ၍ လူအများအိပ်မောကျသောအချိန်တွင် မကောင်းသောအကြံအစည်ဖြင့် တဲပေါ်သို့ တက်လာခြင်းပင် ဖြစ်လေသည်။

တစ်ဘက်တဲတန်းလျားဆောင်တွင် ရှိသော ကျော်ရိုန်က

"ဒီကောင့်အကျင့်ကိုက အရက်မူးလာရင် မတော်တာ လုပ်ချင်တဲ့စိတ်ပေါ်လာတာ ဆရာဘထိုက်သိပါတယ်။ ဒီပဲ ကျွန်တော် တားနေတဲ့ကြားထဲ ဒီပေါ်ကို တက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု တိုတိုနှင့် ပြောလိုက်သည်။

ထိုအခါ တဲပေါ်မှ သေနတ်ကိုင်ကာ ဆင်းလာသော မောင်သိုက်ကျော်ဘက်သို့ ကျားကြီးဘထိုက်က လှည့်ကြည့်လိုက်သည်။ မောင်သိုက်ကျော်က ရာဇဝတ်အုပ်အောင်တင့်၏ သေနတ်ကို ညာဘက်မှကိုင်ကာ မြေကြီးသို့ စိုက်ချထား၏။

"ကဲ - ကိုသိုက်ကျော် အပြစ်ကတော့ ခင်များကြားတဲ့အတိုင်းပါပဲ။ ခင်များ အခန်းထဲမှာရှိတဲ့ မိန်းကလေးကို ခင်များ မနိုးခဲ့ရင် သူလက်နက်နဲ့ခြိမ်းခြောက်ပြီး မတရားကြံဖို့ လာခဲ့တာပဲ။ ဒီတော့ ကျုပ်က သူ့ကို ယုံလို့ခင်များတို့ကို စောင့်ကြည့်ဖို့ လက်နက်အပ်ခဲ့တယ်။ ခင်များသာ မနခံနိုင်ရင် ဒီထက်ဆိုးတာ ထပ်ဖြစ်မှာပဲ။

"သူလည်း အမှုကျူးလွန်သေးတာ မဟုတ်ပါဘူး ကိုဘထိုက်။ ဒီတစ်ခါတော့ ခင်များဒီကောင့်ကို သေနတ်နဲ့ပစ်သတ်ရင်တောင် ကျုပ် ဘာမှ မပြောစရာမလိုတော့ဘူး ကိုသိုက်ကျော် ကြိုက်သလို ဆုံးမပါ"

ကျားကြီးဘထိုက်၏ အသံကြောင့် ရာဇဝတ်အုပ်လေးအောင်တင့်က အခြေအနေ ရိပ်မိကာ ထလာသည်။ ဒေဝိန်းကို မောင်သိုက်ကျော်က သေနတ်နှင့်ပစ်သတ်ကာ ရာဇဝတ်မှု ကျူးလွန်လိုက်မှာ စိုးသည်။

မောင်သိုက်ကျော်က ခေါင်းခါလိုက်သည်။

သူ့ကို ခွင့်လွှတ်လိုက်ပါတယ်ဗျာ"

***

မောင်သိုက်ကျော်က ခွင့်လွှတ်လိုက်သော်လည်း ကျားကြီးဘထိုက်မှာ ဒေဝိန်းက သူ့၏အရက်ကို ခွဲသကဲ့သို့ ဖြစ်နေသောကြောင့်

"ကိုသိုက်ကျော် ခင်များ ခွင့်လွှတ်ပေမယ့် ကျုပ် ခွင့်မလွှတ်နိုင်ဘူးဗျ။ ကျုပ်ရဲ့တပည့်တွေထဲမှာ ဒီလို အကျင့်ယုတ်တဲ့ သူမျိုးရှိနေတာ ဘယ်လောက်ရှက်စရာကောင်းသလဲ"

ဟု ရေရွတ်ပြောဆိုလိုက်၏။

"ဒေဝိန်း"

"ဗျာ"

"မင်းရဲ့အသက်ကို ငါ ဘယ်နှစ်ခါ ကယ်ခဲ့လဲဆိုတာ မှတ်မိလား"

"မှတ်မိပါတယ် ဆရာဘထိုက်။ နှစ်ကြိမ်ရှိပါပြီ။ ပဲခူးမှာတုန်းက စားပြမှုမိလို့ ပုလိပ်(ရဲ)တွေက ဖမ်းဆီးတဲ့ကြားထဲက ဝင်ကယ်တဲ့ တစ်ကြိမ်ပါ။ နောက်တစ်ကြိမ်က အင်္ဂလိပ်တွေ သစ်တောဝန်ထောက်ခန့်တာကို တောထဲကနေပြီး စောင့် ဖြတ်တိုက်မိလို့ပါ"





www.burmeseclassic.com

www.burmeseclassic.com



"အေး . . မင်း ဒီတစ်ကြိမ်မှာတော့ ကိုသိုက်ကျော်လို လူမျိုးလက်ထဲ အသက်ရောက်သွားလို့ ငါပြန်ပြီး ကယ်လိုက်နိုင်တာပေါ့။ ဒါပေမဲ့"

ကျားကြီးဘထိုက်က စကားကို အဆုံးမပြောဘဲ ရပ်ထားလိုက်သည်။

"ဒါပေမဲ့ ဆရာဘထိုက် ကျွန်တော့်မျက်နှာကို မကြည့်ချင်တော့ဘူး မဟုတ်လား"

ဒေဝိန်းက ခေါင်းငုံ့ကာ လေသံ ခပ်တိုးတိုးဖြင့် ပြောသည်။

"အင်း၊ မင်းလည်း ငါ့စိတ်ကို သိနေတာပဲ။ မင်း ငါ့ရှေ့မှာနေရင် တစ်ချိန်မဟုတ် တစ်ချိန် ငါ့ဒေါသကို ထိန်းနိုင်မှာ မဟုတ်ဘူး။ ဒီတော့ ဒီမနက်ကနေစပြီး မင်း ငါ့စခန်းက ထွက်သွားပေတော့"

ဒေဝိန်းက ခေါင်းညိတ်ကာ တဲ တန်းလျားပေါ်သို့ တက်သွားလေသည်။ မောင်သိုက်ကျော်က ကျားကြီးဘထိုက်၏ လက်ထဲသို့ သေနတ်ကို လှမ်းပေးလိုက်သည်။ ထိုအချိန်တွင် ကြက်တွန်သံများ ကြားနေရပြီဖြစ်သောကြောင့် နံနက်မိုးသောက်လုနီးပြီဖြစ်၏။

"ဒါ ကိုအောင်တင့်ရဲ့သေနတ်ပဲ ကိုအောင်တင့်ကိုသာ ပေးလိုက်ပါတော့ဗျာ"

အောင်တင့်သည် စကားသံများကို အခန်းထဲမှ သဲသဲကွဲကွဲ ကြားရသောကြောင့် ဆက်မအိပ်တော့ဘဲ အိပ်ရာမှထ၍ထာကြ၏။ လူများထ၍ မီးတိုင်ခွက်များ ထွန်းသည်ကို မြင်ရတော့မှပင် သူဇာလှိုင်လည်း ထကာ သိုးမွေးခြုံထည်ခြုံလျက် မျက်နှာ သစ်ရန် တဲပေါ်မှ ဆင်းလာလေသည်။

မောင်သိုက်ကျော်က သူ့လက်ထဲမှ သေနတ်ကို ရာဇဝတ်အုပ်လေး အောင်တင့်အားပေးလိုက်ပြီးနောက် ကျော်ရှိန်ကလည်း သူ့လက်ထဲမှ သေနတ်ကို တာသင် မောင်ပြုံးအား အပ်လိုက်တော့သည်။ မျက်နှာသစ်၍ မီးဖိုကာ မီးလှုံနေကြစဉ်မှာပင် တောကြက်တွန်သံများကို ကြားလာရလေသည်။ အရှေ့အရပ်တွင်လည်း ရောင်နီ ပေါ်ထွန်းလာလေပြီ။

သူတို့ရောက်လာသောကြောင့် ကျားကြီးဘထိုက်သည် တပည့်တစ်ဦး ဆုံးရှုံးရပြီဟု ရာဇဝတ်အုပ်လေးအောင်တင့်နှင့် မောင်သိုက်ကျော်တို့က ထင်မိကြသည်။

"ဘယ်ဟုတ်မလဲဗျာ။ ခြေမ ကောင်း၊ ခြေမ၊ လက်မ မကောင်း၊ လက် ပေါ့။ အကျင့်မကောင်းတဲ့လူကို လက်ခံ ပေါင်းနေရင် ကိုယ့်ဒုက္ခကိုယ်ရှာသလို ဖြစ် နေမှာပေါ့"





ကျားကြီးဘထိုက်ကတော့ တောင်ပေါ်မှ ဆင်းသွားသော ဒေဝိန်း၏ကျောပြင်ကို ကြည့်ရင်း ပြောလိုက်သည်။ မိုးထိန်ထိန်လင်း၍ ခရီးထွက်ရန် သူတို့ပြင်ဆင်ကြသောအခါတွင် ဖိုးကျွဲပါ မရှိတော့ကြောင်း ကျားကြီးဘထိုက်က သိလိုက်ရလေသည်။

"ဒီကောင်တွေရဲ့ ဇကိုက ဒီလိုပါပဲဗျာ။ လူသတ်ချင်တယ်။ မကောင်းမှု မတရားမှုကို ငွတ်တိုးလုပ်ချင်တယ်။ ဖိုးကျွဲနဲ့ ဒေဝိန်းနဲ့က ဓားပြစိတ်၊ လူဆိုးစိတ် အမြဲ မွေးတဲ့ကောင်တွေပါ။ နယ်ချဲ့မျက်နှာဖြူကို တိုင်းပြည်ထဲက နှင်ထုတ်ချင်တဲ့ သူပုန်စိတ် သိပ်မရှိပါဘူး"

ကျန်ရှိသူများ အားလုံးသည်လည်း ခရီးထွက်စရာ ကိစ္စတစ်ခုရှိသောကြောင့် သူတို့နှင့် အမြဲတွဲ၍ မလိုက်နိုင်သော တာသင် မောင်ပြုံးနှင့် ရာဇဝတ်အုပ်လေးအောင်တင့်တို့ကို ရွှေပျံလွှားလှေကြီးဆိုက်ကပ်ထားရာ လှေဆိပ်သို့ လိုက်ပို့ကြသည်။

ထိုလှေကြီးမှာ မြစ်ကြောင်းအတိုင်း မြန်၍စုန်သွားမည်ဖြစ်ရာ ရာဇဝတ်အုပ်လေး အောင်တင့်နှင့်တာသင်မောင်ပြုံးတို့သည် ရန်ကုန်မြို့သို့ မြန်၍ရောက်ရှိကာ သူတို့ထွက်ခဲ့သော ခရီးစဉ်အတွက် ပုလိပ်မင်းကြီးထံသို့ အစီရင်ခံစာတင်ကြရဦးမည်ဖြစ်ပေသည်။

ထို့ကြောင့်လည်း ကျားကြီးဘထိုက်သည် သူ့တပည့်နှစ်ဦးဖြစ်သော မြလေးနှင့် ကျော်ရှိန်တို့ကို တောင်နီတောင်ရှိ လျှို့ဝှက်စခန်းတစ်ခုသို့ ပြောင်းရွှေ့နေရန် မှာကြားခဲ့လေသည်။

xxx



www.burmeseclassic.com

www.burmeseclassic.com

ရာဇဝတ်အုပ်လေးအောင်တင့် နှင့် တသင်မောင်ပြူးတို့ကို လှေကြီးပေါ်သို့ တင်ပေးပြီးနောက် သူတို့သည် တောင်နီတောင်ခြေရှိ ရွာကလေးမှ ထူးကြီးကို ဖြတ်၍ ဧရာဝတီမြစ်ကမ်းသို့ အရောက် နွားလှည်းဖြင့် လာခဲ့ကြသည်။ ဧရာဝတီမြစ်သို့ရောက်သောအခါတွင် ရန်ကုန်သို့မဝင်တော့ဘဲ ဖြတ်သန်း၍သွားနိုင်ရန် ပေါင်းမိုးပါသည့် လှေကြီးတစ်စီးကို ငှားရမ်းလိုက်တော့၏။

ငှားရမ်းခြင်းထက် လှေပိုင်ရှင်က ဝေးလံသော ခရီးသို့မလိုက်လို စင်းလုံးရောင်းလိုကြောင်း ပြောကြားနေသောသည်။ မောင်သိုက်ကျော်က လှေကြီးကို ငှားခထက် ပို၍ ပေးလိုက်တော့မှပင် သဘောတူသွားလေတော့သည်။ မောင်သိုက်ကျော်မှာဘိုကလေးတွင် မွေးဖွားသူဖြစ်သောကြောင့် လှေလှော်ခြင်း၊ ရွက်တိုက်၍သွားခြင်းတို့ကို ကောင်းစွာ ကျွမ်းကျင်သည်။





ကျားကြီးဘဆိုက်သည်လည်း ပင်လယ်နှင့် နီးသော မရမ်းကုန်းနှင့် ကော့ကဒွတ်တို့တွင် နေခဲ့ဖူးသူဖြစ်ရာ ရေကြောင်းကျွမ်းကျင်လေသည်။ လှေကြီးပေါ်တွင် ရွက်လွှင့်ကာ ရေစုန်မျောလာကြရင်း . . .

"ကဲ သူဇာ . . . သူဇာမှာ ကိုဘဆိုက်နဲ့ ကျွန်တော့်ကို ပြောစရာရှိတဲ့စကားတွေ ကျန်သေးတယ် မဟုတ်လား"

ဟု မေးလိုက်၏။

မြစ်ကမ်းကိုကြည့်ကာ လိုက်ပါလာသော သူဇာလှိုင်သည် ဆံပင်များကို သပ်ရင်း . . .

"ရှင်တို့နှစ်ယောက်ကို ပထမတော့ ကျွန်မ ပြောမပြတော့ဘဲ ကျွန်မဘာသာ ကျွန်မအဖေနဲ့ အစ်ကိုနှစ်ယောက်ကို လိုက်ရှာတော့မယ်လို့ စိတ်ကူးထားတာ"

ဟု ပြောလိုက်၏။

တစ်ခန်းထဲအတူအိပ်ခဲ့သည့်တိုင် မောင်နှမအရင်းလို စောင့်ရှောက်ခဲ့သော မောင်သိုက်ကျော်နှင့် ယောကျ်ားပီသကာ တရားမျှတစွာ ဆုံးဖြတ်တတ်သော ကျားကြီးဘဆိုက်တို့ကို ဂုဏ်သိထား၍မရကြောင်း နားလည်လိုက်၍ ဖြစ်သည်။

"အမှန်တော့ ကျွန်မရဲ့ဖေဖေဟာ ယယ်စဉ်က ဆင်းရဲတယ်ဆိုတာ အမှန်ပါပဲ။ သူဟာ သူ့မိဘတွေနဲ့ ငယ်စဉ်က နံ့သမိရွာမှာနေခဲ့ရတဲ့အကြောင်းကို မမှတ်မိဘူးလို့ ပြောလေ့ရှိပြီး နံ့သမိရွာကြီးဟာ နယ်ချဲ့မှုက်နာပြူးတွေကို အသေခံပြီး တွန်းလှန်ခဲ့တဲ့ရွာလို့ ပြောပြခဲ့ပါတယ်"

လှေပေါ်တွင်ဖြစ်၍ မြစ်လယ်၌ လှေမျောရင်း တက်မချိန်ကာ လိုက်ပါလာသော မောင်သိုက်ကျော်က လှေကြီးဘေးတွင် ရပ်နေသော ကျားကြီးဘဆိုက်ပါ ကြားအောင် ပြောဆိုလိုက်လေသည်။

"အင်း အမှန်တော့ သူဇာတို့ရဲ့ အဘိုး ဦးအောင်ပွင့်ဟာ မျိုးချစ်[illegible]ကောင်းပဲ။ လှေသင်းအတွင်းဝန်တို့လို သတ္တိရှိတဲ့ စိတ်မျိုးရှိတဲ့သူပါ"

"ရှင် . . . ကျွန်မအဘိုးရဲ့နာမည်ကို ကိုသိုက်ကျော်က သိနေသလား"

"သိတာပေါ့ဗျာ။ ကျွန်တော်ဟာလည်း သမိုင်းပြတိုက်ဝန်းကျင်မှာရှိတဲ့ ထုံးကျောက်ဂူတွေကို လိုက်ပြီး ရှာဖွေနေတဲ့သူထဲမှာ ပါတာကိုး။ ဒါပေမဲ့ ထုံးကျောက်ဂူတွေဟာ နှစ်ကာလကြာတာရယ်၊ ရတနာသိုက် ရှာတဲ့သူတွေက မိုင်းခွဲတာရယ်ကြောင့် အစရှာလို့ မရတော့ဘူး"

"ဒါပေမဲ့ ဘုရင့်ညီနောင်[illegible]ကတော့ ခုထိ ရှိသေးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူတာလှိုင်က သထုံမှဆက်၍ သွားသောလမ်းပေါ်တွင်ရှိသည့် ဘုရင်ညီနောင်ဂူကို သက်သေထားကာ ပြောလိုက်သည်။

"ဟုတ်တယ် ထုံးကျောက်ဂူရဲ့ မူလအမှတ်အသားဖြစ်တဲ့ ယုန်နားရွက်လိုထောင်ပြီးနေတာရော၊ ပြီးတော့ လှိုဏ်ခေါင်း၀ဆိပ်အမှတ်အသားရောပါ မရှိတော့ ပျောက်သွားပြီပေါ့"

သူတို့အဘိုးများ လက်ထက်က အမှတ်အသားပြုခဲ့သည့် အရာများ၊ ပျောက်ကွယ်သွားသောကြောင့် ရတနာများ မြှုပ်နှံသည့် ဂူကို ရှာဖွေ၍မလွယ်တော့ကြောင်း ပြောပြလိုက်သည်။

တစ်ချိန်လုံး စကားဝင်မပြောတဲ့ လေ့နံ့ကို ကိုင်ကာရပ်နေသော ကျားကြီးဘဆိုက်က...

"ကျုပ်သိသလောက်ကတော့ နိုင်းနမိုက်နဲ့ ထုံးကျောက်ဂူကို ခွဲဖို့ မြို့ရိုင်ဆာဗိုးကကြီးတို့ခေါ်ပြီးလာတဲ့သူဟာ ဦးနော်အောင်တဲ့။ ဦးနော်အောင်ဆိုတာ ဘယ်သူလဲ"

ဟု မေးလိုက်၏။

"ဦးနော်အောင်ဆိုတာ သူတာတို့ရဲ့ အဖေပါရှင်။ မိသတင်းကို ဘယ်ကကြားရတာလဲ"

"သထုံဘက်က ကြားရတာပေါ့။ ဒါကြောင့် အဲဒီပြန်သွားတာ။ နိုင်းနမိုက်နဲ့ ခွဲတဲ့သူရယ်၊ ဖားလှုပ်သမားနှစ်ယောက်ရယ်ဟာ ရှူးတစ်မျိုးဆူးပြီး သေဆုံးသွားတယ် ပြောတယ်။ ရတနာသေတ္တာကိုတော့ ရသွားလားမရလား၊ သတင်းအတိအကျမသိရဘူး"

"ရသွားဖို့မျှော်မှာပေါ့ ကိုဘဆိုက်။ ဘာဖြစ်လို့လဲဆိုတော့ နေရာကို သိနေပြီပဲဟာချာ။ ဒါပေမဲ့ တစ်နှစ်တောင် မပြည့်သေးဘူးဆိုတော့ အဲဒီရတနာသေတ္တာတဲ့ကအဖိုးအတန်ဆုံး ရတနာဖြစ်တဲ့ မနုသီဟကျောက်စိမ်းရုပ်ဟာ သထုံမြို့ငလေးနဲ့ ငင်းကျိုက်တောင် ပတ်ဝန်းကျင်မှာပဲ ရှိလိမ့်မယ်"

"ဒါကြောင့် ကိုဘဆိုက်ကို ရှင်က ဒီနေရာကို သွားဖို့ အကြံပေးခဲ့တာကိုး"

"ဟုတ်ပါတယ် သူတာ။ ကဲ သူတာမှာ အစ်ကိုနှစ်ယောက်ရှိသေးတယ်။ သူတို့ရော အိမ်ကထွက်သွားတာ ဘယ်လောက်ကြာသွားပြီလဲ"

"ဪ...ရှင်က ဒါတွေပါ သိနေတော့တာပဲကိုး"

"သိနေတာပေါ့ သူတာ။ တကယ်တော့ သူတာတို့ရဲ့အဖေ ဦးနော်အောင်ဟာ ဒီရတနာပစ္စည်းတွေကို ဘယ်လိုသုံးရမယ်ဆိုတာ သေချာမသိဘူး။ အမှန်မှာကတော့ သူ့အဖေရဲ့ဆန္ဒ၊ ခင်ဗျားတို့အဘိုးသဘောကအမြန်မာလူမျိုးတွေရဲ့ ဘာသာသာသနာအတွက်မှာ တိုးတက်အောင် ကူညီထောက်ပံ့ဖို့ စိတ်ကူးရှိခဲ့တာ။ ကျွန်တော့်အဘိုး သူ့အဘိုးလည်း ဒီလိုပေါ့ဗျာ"

မောင်သိုက်ကျော်၏ စကားကို သူတာလှိုင်က ငုံ၍ မလှုပ်မယှက် နားထောင်နေခဲ့လေသည်။



xxx

www.burmeseclassic.com

လှုံ့မိုက်သည် "မိုက်သည်၏အပြစ်ကြောင့်"
အများက လှုံ့မိုက်ဟု သိပြီးဖြစ်၍
ဆန်းပြားသောအပြစ်ဆိုစရာမရှိ။
လှလိမ့်မှာသည်ကား၊
လိမ္မာသည်ဟုသာ အများက အစဉ်သိသဖြင့်
တစ်ခါတစ်ရံ မိုက်ခဲ့သော်
အများက "ဆန်းပြားစွာ မိုက်လေခြင်း" ဟု
အပြစ်ဆိုစရာ ထင်ရှားရှိလေသည်။

လှေကြီးငှားရန်အတွက် ငွေကို
မောင်သိုက်ကျော်နှင့် ကျားကြီးဘထိုက်တို့
နှစ်ဦးက ခွဲ၍ကျသင့်ငွေကို ခံခဲ့ကြခြင်း ဖြစ်
သည်။ ထိုမျှသာမက ထွက်ခွာကြရမည့်
ခရီးမှာ ဝေးသောကြောင့် မောင်နှစ်ဦးက
နမယ်ကို စောင့်ရှောက်သကဲ့သို့ လိုအပ်
သော အဝတ်အစားများ၊ မိန်းမဝတ်များကို
ပါ လမ်းခရီး ဘူတာဈေး၊ သဘော်ဆိပ်ဈေး
တို့မှာ ဝယ်ရန်လိုက်ပါပို့ဆောင်ခဲ့ကြသော
ကြောင့် သူဇာလှိုင်မှာ အလွန်ကျေးဇူးတင်
ရှိတော့သည်။





လှေကြီးပေါ်မှာ ထမင်းစားသည့်
အခါ တား လှေဆိုက်၍ရသော မြစ်ဆိပ်ရှိ
ထမင်းဆိုင်တွင် ထမင်းစားသည့်အခါတားဖြင့်
သူဇာလှိုင်သည် အစစအရာရာ စိတ်ချရ
သော အစ်ကိုကြီးနှစ်ဦးနှင့် ဘုရားဖူးထွက်
လာရသကဲ့သို့ ဖြစ်နေသည်။

စင်စစ် သူဇာလှိုင်တွင် လျှို့ဝှက်
၍ထားခဲ့သော အကြောင်းအရာများကတော့
ရှိခဲ့သည်။ ထိုလျှို့ဝှက်ထားသည့်ကိစ္စမှာ
သူမ၏ပခင်ကြီး ဦးနော်အောင်က မှာကြား
ခဲ့သောကြောင့် ဖြစ်၏။

ဦးနော်အောင်သည် လွန်ခဲ့သော
နှစ်နှစ်ခန့်က အိမ်သို့ တစ်ခေါက်ပြန်လာပြီး
နောက် သူထံသို့ သူမ၏အစ်ကိုနှစ်ဦးဖြစ်
သော စိုးနောင်နှင့် ဝင်းနောင်တို့ကို ခေါ်
ဆောင်ကာ ပြန်ထွက်သွားခဲ့ပြန်သည်။ ဤ
သို့ ထွက်ခွာခြင်းအတွက် မည်သည့်အရပ်
ဒေသသို့သွားသည်ဟု မည်သူက မေးမေး
မပြောကြားရန် မှာကြားခဲ့၏။

ဖြူပြာနိုင်နှင့် သူဇာလှိုင်တို့ကို
မိန်းမသားများသာဖြစ်သောကြောင့် နတ်
မောက်လမ်းအိမ်မှာပင် ငွေကြေးအပြည့်
အစုံနှင့် ထားကာ အေးအေးချမ်းချမ်းနေစေ
ချင်သည်။ သည်မှာပင် ဖြူပြာနိုင်က စိန့်
ဗိလိုမီနာ ကျောင်းတွင် ကျောင်းအိပ်
ကျောင်းစား စာပေသင်ကြားနေသောကြောင့်
နတ်မောက်လမ်းအိမ်တွင် သူဇာလှိုင်တစ်ဦး
သာ ကျန်ရှိခဲ့လေသည်။

ကျားကြီးဘထိုက် စေလွှတ်လိုက်
သော မေဝိန်နှင့်ကျော်ရှိန်သည် သူဇာလှိုင်
တစ်ဦးတည်းရှိစဉ်မှာပင် ရောက်ရှိလာခဲ့ခြင်း
ဖြစ်၏။ သူဇာလှိုင်က သမီးအကြီးဖြစ်၍
ဦးနော်အောင်က လိပ်စာကို ပြောပြကာ
လျှို့ဝှက်မှာကြားခဲ့ခြင်းပင် ဖြစ်သည်။

မောင်သိုက်ကျော်သည် ယခင်က
လမ်းခရီးတစ်လျှောက်လုံး သူဇာလှိုင့်အနီး
တွင် စကားပြောလာသော်လည်း သူဇာလှိုင်
၏ မျက်လုံးများကို စိုက်ကြည့်မိရာမှ တိုး
မြစ်ဝသို့အရောက်တွင် ချာခနဲလှည့်ကာ
ထွက်ခွာသွားတော့သည်။ သူတို့လှေကြီး
သည် ရန်ကုန်မြစ်ဝနှင့် မိုးပြတိုက်ကို လွှတ်
စေရန် ပင်လယ်ပြင်ကို ဖြတ်၍ မုတ္တမ
ပင်လယ်ကွေ့ကို ကျော်ရမည်ဖြစ်သည်။

"ကိုဘထိုက် ပွဲကို သတိထားဗျား။
ရွက်ကြီးတွေကို ကျုံ့ဆင်လိုက်ဦးမယ်"

ရွက်တိုင်တွင် အောက်သို့ချထား
သော ရွက်ကို လေရှိန်ဖြင့် မိမိ ဦးတည်လို
ရာသို့ ရောက်အောင် ဆင်ရန် ကြိုးစနက်ကို
ဆွဲ၍လှေဝဲဘောင်တွင် ချည်နှောင်လိုက်လေ
သည်။ သူတို့၏ ရွက်လှေကြီးမှာ အဝေးမှ

www.burmeseclassic.com



ကြည့်လျှင် အဟာအစပ်များနှင့်မို့ ငါးဖမ်းတံငါလှေနှင့် တူနေလေသည်။

ဘက်လားပင်လယ်အော်မှ တိုက်ခတ်သော မုတ်သုန်လေ မဝင်မီ၊ နွေဦးရာသီမို့ ပင်လယ်ပြင်တွင် လှိုင်းများက ထကြွလှုပ်ရှားမှု မရှိလှသေး။ သို့သော် သေးငယ်သော ရွက်လှေကလေးမှာမူ ပင်လယ်ပြင်တွင် အမှုန်လေးတစ်မှုန်သကဲ့သို့ပင် တရိပ်ရိပ် လွင့်နေပေသည်။ မောင်သိုက်ကျော်သည် သူ၏အိတ်ထဲမှ သံလိုက်အိမ်မြှောင်ကို ထုတ်ကာ ကြည့်လိုက်သည်။

မှတ္တမပင်လယ်ကွေ့ကို ရွက်လှေဖြင့် ဖြတ်သန်းရခြင်းကြောင့် သူတို့သုံးဦးလုံး၏ မျက်နှာမှာ စိုးရိမ်မှုများ ဖုံးလွှမ်းလျက်ရှိသည်။

"ကိုသိုက်ကျော်"

"ဗျာ"

"ဒီ အရှေ့ဘက်တည့်တည့် ခရီးပဲ မဟုတ်လား"

"ဟုတ်တယ်။ ကိုဘထိုက် အရှေ့မြောက်ပေါ့။ အရှေ့မြောက်ကိုသွားရင်တော့ ခရီးက နည်းနည်းရှည်တယ်။ ဒါပေမဲ့ ရေမိုင်ဆယ်တိုင်လောက်ရောက်မှ အရှေ့တည့်တည့်ကို ဖြတ်ရင် ပေါင်မြို့နားက ပင်လယ်ကမ်းစပ်ကို မြင်နေရတဲ့ တောင်ကြီးတစ်တောင်ကို ရောက်မယ်"

"ကိုသိုက်ကျော်က အဲဒီကို ရောက်ဖူးလို့လား"

"ပထမတစ်ခေါက်တော့ ရောက်ဖူးတယ်ဗျာ။ အဲဒီမုတ္တမမြို့နားက တောင်ကြီးက ပေပေါင်း သုံးထောင်နဲ့နှစ်ဆယ်မြင့်တယ်။ ပုန်းအောင်းလျှို့ဝှက်နေတဲ့ မျက်နှာဖြူ ဆန့်ကျင်ရေးသမားတွေ အရင်က ရှိတာပေါ့။ ခုတော့လဲ အင်္ဂလိပ်အစိုးရက ရက်ရက်စက်စက် ချေမှုန်းလိုက်လို့ မရှိသလောက် ဖြစ်သွားပါပြီ"

ပင်လယ်ပြင်မှလေသည် တဟူးဟူးတိုက်ခိုက်နေ၏။ သူတာလှိုင်သည် လှေဦးမှ ရပ်ကာ တလူလူလွင့်နေသော ဆံပင်များကို သပ်ရင်း ပင်လယ်ပြင်ကို ငေးမောလိုက်လာလေသည်။ ပြာလွင်သော ပင်လယ်ပြင်ကြီးသည် အနားသတ်မျဉ်းတစ်ကြောင်းတွင် ဆုံးလျက် လှိုင်းများက တလှုပ်လှုပ်ရွေ့လျားနေကြသည်။

သူတာလှိုင်သည် သူမ မလိုက်ချင်သော ခရီးစဉ်ကို လိုက်ပါလာရခြင်းပင် ဖြစ်သည်။ တတ်နိုင်ပါက တစ်နေရာရာမှပင် လှည့်ပြန်ချင်နေသည်။ သို့သော် ထိုသို့ပြုလုပ်၍ ရမည်မဟုတ်ကြောင်း သိရှိနေ၏။ သူမအစ်ကိုနှင့်ဖခင်တို့၏ အခြေအနေနှင့် ပတ်သက်၍ ကိုဘထိုက်နှင့်မောင်သိုက်





ကျော်တို့ မည်မျှအထိသိထားသည်ကို ခန့်မှန်း၍ မရပေ။

မောင်သိုက်ကျော်မှာ ဉာဏ်ကောင်း၍ ပညာဖြင့် ဆင်ခြင်နိုင်သကဲ့သို့ ကိုဘထိုက်မှာလည်း ထက်မြက်၍ မိမိဘက်က မှန်ကန်ဖြင့်မြတ်သောနည်းဖြင့် အရာရာကို ရင်ဆိုင်နေသည့် မျိုးချစ်သူရဲကောင်းတစ်ဦးဖြစ်ကြောင်း၊ သူတာလှိုင် နားလည်သဘောပေါက်လာသည်။

နှစ်ဦးလုံးသည်ကား၊ သာမန်ယောကျ်ားတို့တွင်ရှိနိုင်ခဲသော အရည်အချင်းများနှင့် ပြည့်စုံသူများဖြစ်ကြောင်း၊ တောထဲမှာကတည်းက သိရှိခဲ့ရပြီးဖြစ်သည်။

ကျားကြီးဘထိုက်သည် သူမမြို့ပေါ်တွင် သတင်းကြားနေရသလို ဝရမ်းပြေးတားပြမဟုတ်ဘဲ မြန်မာအမျိုးသမီးနှင့် သင်းရဲသားဗျားများအပေါ် မိုလ်ကျအနိုင်ယူသော အင်္ဂလိပ်မျက်နှာဖြူ လက်ပါးစေတိုက်သူကြီးရှာသူကြီး။ မြို့အုပ်စာရေးတို့ကို ဆုံးမတတ်သူဖြစ်ကြောင်း၊ သူတာလှိုင် သိရှိလာရ၏။

အသက်အရွယ်အားဖြင့်တော့ မောင်သိုက်ကျော်နှင့် ကိုဘထိုက်တို့မှာ မတိမ်းမယိမ်းသာ ရှိမည်ဖြစ်ပြီး၊ သူတို့နှစ်ဦးကလည်း တွေ့သည့်အချိန်မှစ၍ ညီအစ်ကိုအရင်းလို ခင်မင်သွားကြသည်။

တစ်ဦးနှင့်တစ်ဦး ယုံကြည်စိတ်ချသွားကြသည်။ လေကြောင်းမှန်နေပြီဖြစ်သောကြောင့် လှေပဲ့ရှိ မီးဖိုခန်းထဲတွင် ချက်ပြုတ်ထားသော အစာများကို ပြင်ဆင်ရန် သူတာလှိုင် လှေဦးမှ ပြန်လာခဲ့သည်။

x x x



www.burmeseclassic.com

www.burmeseclassic.com

"ကိုဘထိုက် … ကိုသိုက်ကျော် ထမင်းစားကြမယ်။ လေငြိမ်တန်းကိုလေ"

ကျားကြီးဘထိုက်က မောင်သိုက်ကျော်ကို လှည့်ကြည့်လိုက်သည်။ မောင်သိုက်ကျော်က မေးငေါ့ပြလိုက်၏။

သဘောက ကိုဘထိုက်စားနှင့် ကျုပ်မဆာသေးဘူးဟု ပြောကြောင်း နားလည်သွားသည်။ ပွဲပိုင်းတွင် ထမင်းစားခန်းအဖြစ် ၁၀ ပေခန်းလေးတစ်ခန်းကို လေကြီးတွင် ပြုလုပ်ထားရာ သူဇာလှိုင်သည် ထမင်းပန်းကန်သုံးသန်းကန်နှင့် နံနက်က သူမ ချက်ထားသော ဘူးသီးနှင့်ငါးခြောက်ဟင်း၊ ငါးပိကြော်နှင့် ကြာရှည်စားနိုင်ရန် ချက်ခဲ့သော ချဉ်ပေါင်ကြော်တို့ကို ပြင်ဆင်ထားလိုက်၏။ ထမင်းစားတိုင်း သူတို့သုံးယောက်တွင် အသက်အကြီးဆုံးဖြစ်သော ကျားကြီးဘထိုက်ကို ဦးချပြီးမှ မောင်သိုက်ကျော်နှင့် သူဇာလှိုင်က စားလေ့ရှိသည်။





"ကိုသိုက်ကျော်ရော"

"သူက မဆာသေးဘူးပြောတယ်"

"ဟင် မဆာသေးဘူးတဲ့လား။ တစ်မနက်လုံးလည်း ပုံစင်ပေါ်က မဆင်းဘဲနဲ့"

ကျားကြီးဘထိုက်က ဘာမှမပြော။ သူဇာလှိုင်က ထည့်ပေးသော ငါးပိကြော်၊ ချဉ်ပေါင်ကြော်နှင့် ဘူးသီးဟင်းတို့ကို နယ်ကာ စားနေသည်။ သူဇာလှိုင်သည် ခေါင်းငုံ့ကာ စိတ်မပါသလို ထမင်းကို စားနေလေသည်။

"သူဇာ ကိုသိုက်ကျော်နဲ့ ဘာတွေများ အဆင်မပြေဖြစ်ထားလဲ"

"ဘာမှတော့ အဆင်မပြေမှုဖြစ်ပါဘူး ကိုဘထိုက်။ ကိုသိုက်ကျော်က ကျွန်မကို ကျွန်မအဖေရဲ့အကြောင်းမေးတယ်။ သထုံမှာလား ဒါမှမဟုတ်ရင် ပေါင်မှာလားတဲ့"

"သူဇာက ဘာပြန်ပြောလိုက်လဲ"

"ကျွန်မ ဘာမှမသိဘူးလို့ပြောလိုက်တယ်"

သူဇာလှိုင်က ခေါင်းမမော့ဘဲ ငုံ့နေရာမှ ပြောလိုက်သည်။

"ဒါကတော့ ဟုတ်မှမဟုတ်ဘဲ ရှင်"

သူဇာလှိုင်ကိုင်ထားသည့် ထမင်းလုပ်ကို ပန်းစပ်ထဲသို့ မထည့်ဘဲ အုံအား သင့်သွားသည်။

"ဘာဖြစ်လို့ ကျုပ်တို့နှစ်ယောက်ကို လှည့်စားချင်ရတာလဲ သူဇာ"

"ကျွန်မ … ကျွန်မ ဘာလှည့်စားလို့လဲရှင်"

"ကိုသိုက်ကျော်က သိပ်ပြီးတော့ ထက်မြက်တဲ့ အတွေးဉာဏ်ရှိတယ်။ ဒါကြောင့် ကျုပ်ရေးတဲ့စာကို သူက ဘာအဓိပ္ပာယ်ဆိုတာ ဖော်ပြနိုင်ခဲ့တာ မဟုတ်လား။ အခုလည်း သူဟာ ကျုပ်ကို မေးခွန်းတွေ တော်တော်များများ မေးပြီးပြီ"

"ကျွန်မကို မေးတာမျိုးတွေလား"

ကျားကြီးဘထိုက်က ခေါင်းညိတ်ပြလိုက်လေသည်။

"ကျုပ်ဟာ ရစ်ဖျက်ပြီးတော့ ဦးနောအောင်ရဲ့နောက်ကို နောက်ယောင်ခံလိုက်ခဲ့တယ်။ သထုံကနေပြီးတော့ ကျိုက်ထိုရောက်တဲ့အထိ၊ ကျိုက်ထိုကျတော့မှ ခင်မျှားရဲ့အဖေ ဦးနောအောင်ဟာ ဦးသာစိုးနောင်နဲ့လက်ပြောင်းလက်လွှဲပြီးတော့ မနုဿဘာကျောက်စိမ်းရုပ်ကို သထုံဘက် ဒါမှမဟုတ်ရင်လည်း ပေါင်မြို့ကနေ တစ်



www.burmeseclassic.com

www.burmeseclassic.com



ဆင့်သွားရတဲ့ ပင်လယ်ကမ်းစပ်ကတောင်ကြီး တစ်တောင်ပေါ်မှာသွားပြီး ဝုက်နိုင်းခဲ့တယ်ဆိုတာကိုပဲ သူက ရိပ်မိနေတယ်"

သူဇာလှိုင်မှာ ကျားကြီးအသိုက်၏ စကားကြောင့် ကွက်ခနဲ မျက်နှာပျက်သွားသည်။

"ကိုအသိုက် ကျွန်မအမေနဲ့ တွေ့ရင် ဘာလုပ်မှာလဲ"

သူဇာလှိုင်က စိတ်လှုပ်ရှားသော အသံဖြင့် မေးလိုက်သည်။

"သူတို့ကို ခုခရီးစဉ်မှာ မောင်နှမ လို့ပဲ သဘောထားပြီး , ခေါင်ရောက်လာတဲ့ အတွက် စိတ်ထဲမှာရှိတဲ့အတိုင်းပဲ ပြောပြီ မယ်။ ဒါဟာ ကိုသိုက်ကျော်ရဲ့သဘောနဲ့ လည်း ညှိနှိုင်းဖို့လိုအပ်တာပေါ့နော်။ ကျွန် ကတော့ ဓိရုတ်နာတွေကို သူတို့အမေဆီမှာ အကုန်ရှိတယ်ဆိုရင်တော့ အမျိုးဘာသာ သာသနာအတွက် အသုံးပြုဖို့ပဲ အကြံပေး ပြောကြားပါမယ်။ သူဇာလိုက်လျှောမယ်ဆို ရင်တော့ ဘာပြဿနာမှ မရှိပါဘူး"

"အမေကလည်း ဘာသာရေးကို ကြည့်ညိုပါတယ်။ အမျိုးကိုချစ်တဲ့စိတ်လည်း ရှိပါတယ်ရှင်။ ပြီးတော့ ဝယ်ငယ်ကတည်းက သူ့အမေနဲ့မတွေ့ခဲ့ရတော့ သူ့အမေကို လည်း ဂုဏ်ပြုပြီးတော့ လှူချင်တန်းချင်ပါ တယ်။ ကိုသိုက်ကျော်ကို ပြောပြပါဦးနော်"

"သူဇာပဲ ပြောပြလိုက်ပါ။ ကို သိုက်ကျော်က သူဇာ ဒီလိုပြောရင် ဘာမှ ရှောင်ပြီးတော့နေတော့မှာ မဟုတ်ပါဘူး"

"ကျွန်မကို ခွင့်လွှတ်ပါ ကိုအ သိုက်"

ကျားကြီးအသိုက်က ပြုံး၍ခေါင်း ညိတ်ပြလိုက်၏။

***



သူဇာလှိုင်ပြောပြသမျှကို ခေါင်း တညိတ်ညိတ်နှင့် နားထောင်ပြီး သထုံမှာ ဦးနေအောင်ရှိသည်ဟူသော ကိစ္စကို ယုံ ကြည်လက်ခံသည့်သဘော မောင်သိုက် ကျော်က အသိအမှတ်ပြု၏။

"ကဲ ဒါဆိုရင် ကိုသိုက်ကျော် ကျွန်မကို မေးစရာ ဘာရှိသေးလဲ"

ကျားကြီးအသိုက်က မောင်သိုက် ကျော်နှင့် သူဇာလှိုင်တို့မျက်နှာချင်းဆိုင် ရပ်၍ ပြောနေသည်ကို ကြည့်လျက်ရှိ၏။

ခပ်ဝေးဝေးတွင် မုတ္တမပင်လယ် ကွေ့ကို ကျော်၍ ရောက်ရှိလာသော ဘီလူး ကျွန်းအထက်ရှိ ပေါင်မြို့ကမ်းခြေသို့ ရောက် ရှိလာသည်။ မေသုံးထောင်ကျော်မြင့်သော ပင်လယ်နှင့်နီးသည့် တောင်တန်းစိမ်းညို့ညို့ ကြီးကို မြင်နေရသည်။

"ကဲ ကိုအသိုက် သူ့က မေးစရာ ဘာရှိသေးလဲတဲ့။ ခင်ဗျားပဲ မေးလိုက်ပါတော့ဗျာ"

မောင်သိုက်ကျော်က ပုံကိုထိန်း၍ ခပ်ဝေးဝေးမှ မြင်နေရသော ကမ်းခြေသို့ ကပ်နိုင်ရန် ပြင်ဆင်ဖို့ ပဲ့စင်ပေါ်တက်လိုက် သည်။

"ဘာလဲရှင့် ကိုအသိုက်ရဲ့"

"သူဇာပဲ ပြောတာကောင်းပါ တယ်။ သူဇာကို ကျုပ်တို့ မယုံလို့မေးမှ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ပေါ်လာရတာက သိပ်ပြီးတော့ မိတ်ဆွေကောင်း၊ ဂုဏ်အင်္ဂါနဲ့မညီဘူးလေ။ ဘာကိုချန်ထားသလဲ"

သူဇာလှိုင်သည် မေးကလေး ထောက်ကာ စဉ်းစားသည်။

ကျားကြီးဘထိုက်က မနီတရိ အမူအရာဖြင့် သူ့ရှေ့တွင်စိုက်ရပ်နေသော သူဇာလှိုင်ကို ကြည့်လိုက်ရာ မျက်လုံးချင်းဆုံတွေ့မိသွား၏။ သူဇာလှိုင် ရင်ထဲတွင် ဖိုလိုက်သွားသကဲ့သို့ ကျားကြီးဘထိုက်သည်လည်း မျက်လုံးများကို လွှဲလိုက်ရသည်။ ထို အဖြစ်အပျက်လေးမှာ ဘာမျှကြာလှသည် မဟုတ်။ စက္ကန့်ပိုင်းလေးအတွင်းမှာပင် ဖြစ်လာသည်။ သို့သော် ပုံစံပေါ်မှ ရုက်ကို ထိန်းရင်း လေကြောင်းပြောင်းကာ ပင်လယ်ဆိပ်ကမ်းသို့ ကပ်ရန်ကြိုးစားနေသော မောင်သိုက်ကျော်မှာ ဖျတ်ခနဲ မြင်လိုက်လေသည်။

အရောင်တောက်ပသော သူဇာလှိုင်၏ မျက်လုံးများမှာ မိမိရင်ထဲမှ လှစ်ရှားခံစားမှုနှင့်အတူ အားကိုးစိတ် မြတ်နိုးစိတ်ဖြင့် ယောက်ျားတစ်ဦးပေါ်တွင် ခင်တွယ်သောစိတ်ဖြစ်ကြောင်းကို ပြောပြနေကြောင်း မောင်သိုက်ကျော် ရိပ်မိလိုက်သည်။

"စဉ်းစားပါဦး သူဇာ။ ကိုယ်ဟာ ကိုယ် စဉ်းစားကြည့်ပါ"

သူဇာလှိုင်သည်လည်း သူမရင်ထဲမှ ခံစားမှုကို မျက်လုံးမှတစ်ဆင့် ကျားကြီးဘထိုက် နားလည်သွားကြောင်း ရိပ်မိ၍ မျက်လွှာချကာ…

"ဪ… ကျွန်မသိပြီ။ ကျွန်မ ညီမလေး မြှုပြာနိုင်ပါ။ သထုံကို ရောက်နေတာကို ကိုသိုက်ကျော်က ပြောတာဝင် တယ်"

"ဟုတ်တယ် သူဇာ သူကဒီတစ်ခါတော့ အတင်းမေ့မြန်းမနေရတော့ဘူး။ မြှုပြာနိုင်က ကက်သလစ်အင်္ဂလိပ်ကျောင်းက နေ နုတ်ထွက်ပြီးတော့ ဘာဖြစ်လို့ သထုံကို ပြောင်းလာရတာလဲ"

"မေမေ့ကျွန်မှာရေးကြောင့်ပါ။ ပြီးတော့လည်း မော်လမြိုင်မက်သဒစ်မှာ မြှုပြာနိုင်က ကျောင်းဆရာမလုပ်ပြီး မေမေ့ကို ပြုစုတော့မယ်ဆိုတဲ့ သဘောပေါ့"

"အင်း… ဒါဆိုရင် ရန်ကုန်မှာ မနေဘဲ မိသားစုတစ်ခုလုံး သထုံကိုရွှေ့တဲ့ သဘောပဲမို့လား"

"ဟုတ်တယ်"

အကြည့်ချင်း မဆုံရဲတော့သောကြောင့် သူဇာလှိုင်သည် ခေါင်းငုံ့ထား လိုက်လေသည်။

"ဒီလိုပြောပြလိုက်ရင်လည်း ပြီးတာပဲ။ ပင်လယ်ပြင်ထဲမှာတုန်းကတော့





မပြောဘူး။ ဗိုကမ်းစပ်နားရောက်မှပဲ အကုန်ပြောတော့တယ်"

"အို… ဒါကတော့ အစ်ကိုတို့က မပြောလည်း ကျွန်မမိသားစုတွေကို တနင်္သာရီကမ်းမြောင်ဒေသတစ်ခုလုံး အိတ်သွန်ဖာမှောက်ရှာတော့မှာပဲ မဟုတ်လား"

သူဇာလှိုင်က ယောက်ျားနှစ်ဦး၏ စိတ်သဘောထား၊ ဉာဏ်ပညာထက်မြက်မှုတို့ကို သိသောကြောင့် နှုတ်ခမ်းလေးစူကာ ပြောလိုက်သည်။

"သူဇာတို့အဖေဟာ အစ်ကိုတို့ကို ခေါ်လာတာ စိတ်ဆိုးဦးမှာလားဟင်"

"အကြောင်းမသိရင်တော့ စိတ်ဆိုးချင်ဆိုးမှာပေါ့၊ ပြီးတော့လဲ သမီးမိန်းကလေးတစ်ယောက်ဟာ အစ်ကိုတို့ယောက်ျားကြီး နှစ်ယောက်နဲ့ ပင်လယ်ခရီးကို ကူးပြီးလာတာ အဖေက ဘယ်လိုကြည့်ပါ့မလဲ"

"အင်း… အဲဒါ ခက်တာပဲ။ မယုံကြည်ရင်တော့ တော်ကြာ အထင်လွဲပြီး တိုက်နေခိုက်နေရမလား မသိဘူး၊ သူဇာရယ်"

သူဇာလှိုင်မှာလည်း ထိုကဲ့သို့ ကျားကြီးဘထိုက်ပြောလိုက်သောကြောင့် ထိတ်လန့်သွားလေတော့သည်။

"ကိုဘထိုက်"

"ဘာလဲ သူဇာ"

"သူဇာ တောင်းပန်ပါတယ်နော်။ သူဇာရဲ့မိသားစုတွေကိုတော့ အနှောင့်အယှက် မပေးပါနဲ့ ကိုဘထိုက်ရယ်။ ကိုဘထိုက် သူတို့ကို သတ်မယ်ဆိုရင် သူ့ဇာကို အရင် သတ်လိုက်ပါနော်"

ကျားကြီးဘထိုက်က ခေါင်းခါ လိုက်သည်။

"မဟုတ်တာဘဲ သူဇာရယ်။ ဒီကိစ္စက ကိုသိုက်ကျော်နဲ့ဆွေးနွေးရဦးမယ်။ သူဇာလည်း 'ခေါင်းအေးအေးထားပါနော်'"

ပင်လယ်ကမ်းစပ်သို့ လှေကြီးသည် တဖြည်းဖြည်းကပ်လာသည်။ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သောကြောင့် ငါးဖမ်းလှေနှင့် ကုန်တင်လှေကြီးများ၊ အစ်နရာ ဆိပ်ကမ်းဖြစ်နေရာ မောင်သိုက်ကျော်သည် ပေါင်မြို့မှ သူ့အသိမိတ်ဆွေမြို့အုပ်တစ်ဦးအကြောင်း ပြောပြရာ သူတို့လှေကို စိတ်ချလက်ချ အပ်နှံပါရန် ပြောကြားလတ်ခံလိုက်လေသည်။

ပင်လယ်ဆိပ်ကမ်းမှ စောင့်နေသော ပုလိပ်(ရဲ)များမှာလည်း ခရီးသည်လှေဟု ဂိုဏ်မှအချက်ပြ၍ လက်နက်ပါ မပါ စစ်ဆေးကာ လွှတ်လိုက်ကြလေတော့သည်။

***



www.burmeseclassic.com

www.burmeseclassic.com

ပေါင်မြို့သို့ ရောက်ရှိသောအခါတွင် သူတို့သည် မော်လမြိုင်မှ မုတ္တမသို့ကူးကာ ဘုရားဖူးပြန်လာသည့် လူသုံးဦးအသွင်ပြောင်းကာ မြင်းလှည်းတစ်စီးကို ငှားရမ်းလိုက်သည်။ ကျွဲကြီးဘထိုက်မှာ ထားဝယ်ဆေးဆရာကြီးတစ်ဦးအသွင်ဖြင့် လိုက်ပါလာပြီး မောင်သိုက်ကျော်နှင့် သူတာလှိုင်တို့ကမူ ငယ်ရွယ်သောဝန်းမောင်နှမများအဖြစ်သို့ ဟန်ဆောင်ခဲ့ကြလေ၏။

ဤသို့ဖြင့် သထုံမြို့သို့ မရောက်မီ ဝင်းကျိုက်၌ ခရီးတစ်ထောက်နားကာ ထမင်းစားသောက်ကြပြီး ဝင်းကျိုက်မှတစ်ဆင့် ရင်ငြိမ်မြို့လေးသို့ ဆက်တက်လာခဲ့သည်။ ရင်ငြိမ်မှအထက်သို့ သွားလျှင်ကား "သထုံမြို့" သာရှိပေတော့သည်။ ရင်ငြိမ်မြို့တည်းခိုခန်းတွင် တည်းကြရင်း၊ သထုံမြို့သို့ဝင်ရောက်မည့်ခရီးစဉ်ကို အသေးစိတ်တိုင်ပင်ညှိနှိုင်းကြလေသည်။





"ကျွန်မတစ်ယောက်တည်း သထုံမြို့ထဲက အိမ်ကို သွားခွင့်ရမယ်ဆိုရင်တော့ သိပ်ကောင်းမှာပဲရှင်"

မောင်သိုက်ကျော် ထင်မှတ်သည့်အတိုင်း သူတာလှိုင်က သထုံနှင့်နီးလာသည်နှင့် တောင်းဆိုလာသည်။ မှန်လည်း မှန်သည်။ မိန်းမပျိုတစ်ဦးဖြစ်သော သူတာလှိုင်သည် သူမပခင်နေသော အိမ်ကို ယောကျ်ားပျိုနှစ်ဦးနှင့်တော့ ဝင်၍ မကောင်းပေ။

"သူတာ ပြောတာ ကျွန်တော်သဘောတူပါတယ်။ ကျွန်တော်တို့ဟာ မိတ်ဆွေရင်းတွေ ဖြစ်နေပြီပဲ။ ပြီးတော့ အဘိုးတွေလက်ထက်ကတည်းက မိတ်ဆွေအစဉ်ဆင်းသက်လာတာဆိုတော့ ဘာမှ မယုံကြည်စရာ မရှိဘူး။ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ ကိုသိုက်ကျော်"

"ကျွန်တော်တို့ကိုတော့ သူတာတို့အိမ်ရဲ့အနီးဆုံးနေရာ လှမ်းမြင်နိုင်တဲ့နေရာ ဆိုပါတော့ဗျာ။ အဲဒီနေရာမှာ ထားတာ အကောင်းဆုံးပဲ"

သူတာလှိုင် ငိုင်သွားသည်။ သူမတို့အိမ်အနီးတွင် မြင်းလှည်းဂိတ်ရှိသည်။ ပြီးတော့ ထမင်းဆိုင်နှင့် ဈေးလည်းရှိနေသည်။

ကျွဲကြီးဘထိုက်ကတော့ မည်သို့မျှ ဝင်၍မပြောဘဲ သူတာလှိုင်ကိုသာ အကဲခတ်ကြည့်ရှုနေလေသည်။

"ကိုဘထိုက်"

"ဟင်"

"ကျွန်မကို ယုံတယ် မဟုတ်လား"

"ယုံပါတယ် သူတာ"

"ကဲဗျာ ကိုဘထိုက် သဘောတူနေမှတော့ ကျွန်တော်ပြောသလို သွားကြတာပေါ့"

မြင်းလှည်းငှားကာ သထုံမြို့သို့လာခဲ့သည်။ သထုံမြို့ဈေးနားသို့ ရောက်သောအခါ သူတာလှိုင်က မြင်းလှည်းကို ရပ်ခိုင်းလိုက်သည်။

"ကဲ အဲဒီထမင်းဆိုင်လေးမှာ စောင့်ပေါ့"

သူတာလှိုင်က သူမလက်လစ်းမှ ဝယ်လာသော အဝတ်အိတ်ကို လွယ်ကာ မြင်းလှည်းပေါ်မှ ဆင်းသွားသည်။

သူတာလှိုင်သည် သံစွာဖောက်၍ သွားပြီလားဆိုသည်ကို စိတ်မချသေး၍ ကိုဘထိုက်နှင့် မောင်သိုက်ကျော်တို့သည် ထမင်းဆိုင်ရှေ့မှ ရပ်ကြည့်နေသည်။ မကြာမီမှာပင် ခြံဝင်းကျယ်ကြီးတစ်ခု၏ သံတံခါးကြီးပွင့်လာကာ သူတာလှိုင်က တိုက်ကြီးထဲသို့ ဝင်သွားသည်ကို မြင်ရသည်။

www.burmeseclassic.com



ခြံကြီးမှာ ဝိန္ဒပင်၊ ဖူးရင်းပင်များနှင့် အုံ့ဆိုင်းနေပြီး ပေနစ်ရာခန့်ကျယ်ဝန်းကာ ရှေးအုတ်တိုက်ကြီးတစ်ခုအတွင်းတွင် ဆောက်လုပ်ထားသည်ကို တွေ့ရသည်။

ယခင်က အိန္ဒိယအထည်ကုန်သည်ကြီးတစ်ဦး၏ တိုက်အိမ်ဖြစ်ပြီး ဦးနော်အောင်က ထိုကုလားကြီးထံမှ ပြန်ဝယ်ထားလိုက်ခြင်း ဖြစ်သည်။ နှစ်ထပ်အိမ်ကြီးရှိရာ ခြံဝင်းထဲသို့ သုဇာလှိုင် ဝင်သွားသည်ကို တွေ့တော့မှပင် ကိုဘထိုက်နှင့် မောင်သိုက်ကျော်တို့သည် ထမင်းဆိုင်ထဲသို့ ဝင်ကာ ထိုင်လိုက်ကြသည်။

ထမင်းဆိုင်ထဲတွင် လူရှင်းနေပေသည်။ သို့သော် ခပ်လေးလေးမှ မြင်းလှည်းသမားတစ်ဦးက သူတို့နှစ်ဦးကို ကြည့်နေသည်ကိုတော့ သတိမပြုမိကြပေ။ သုဇာလှိုင် ဝင်ရောက်သွားပြီးနောက် ဝင်းတံခါးကြီးမှာ ပြန်ပိတ်သွားခဲ့သည်။

သို့သော် နာရီဝက်မျှကြာသည်အထိ သူတို့နှစ်ဦး ကော်ဖီတစ်ခွက် မှာသောက်၍ ကုန်သည့်တိုင် လှုပ်ရှားမှု၍ မမြင်ရပေ။

"ခြံရဲ့ရှေ့ပေါက်ကဝင်ပြီး နောက်ပေါက်ကနေ ထွက်၊ တဲ့ခြားလမ်းကနေ တစ်ဆင့် ထွက်ပြေးသွားရင် ဘယ်လိုလုပ်မလဲ ကိုသိုက်ကျော်"

"သူမှာ အဲသလိုလုပ်ဖို့ စိတ်အင်အားမရှိပါဘူး ကိုဘထိုက်"

"ခင်ဗျား ဘယ်လိုလုပ်သိလဲ"

"ခင်ဗျားကို ငြီတွယ်နေတဲ့ သုဇာလှိုင်ရဲ့မျက်လုံးတွေကို ကျွန်တော်ဖတ်ကြည့်ပြီးပါပြီဗျာ"

"ဟာဗျာ ကိုသိုက်ကျော်"

***

မကြာမီ ခြံတံခါးပွင့်ကာ သုဇာလှိုင် ပြန်ထွက်လာသည်။ အပေါ်မှ အဝါနုရောင်နှင့် အောက်မှ ဖိုးလုံချည်ရွှေဝါရောင် ဝတ်လာသည်။

"တွေ့လား . . . ကိုဘထိုက်၊ မိန်းကလေးများဟာ ချစ်သူရှေ့မှာ သိပ်လှချင်တာ"

"ဟာဗျာ"

သုဇာလှိုင်က သူတို့စားပွဲသို့ ရောက်လာကာ . . .

"သွားကြမယ်ရှင့်"

ဟု ပြောသည်။ အသံက အနည်းငယ်မာသည်။

"ဟာ . . . သုဇာ အဆင်ပြေခဲ့ရဲ့လား"

"အဆင်မပြေလို့ မေးနိုင်းလိုက်တာပေါ့။ ကျွန်မ နာမည်က သုဇာလှိုင်မဟုတ်ဘူး၊ မြမြပြာနိုင်ရှင့်"

"ဗြော်"

သုဇာလှိုင်ကဲ့သို့ ရှုံးတိုးရှုံ့ထင့်အမူအရာမျိုး မဟုတ်တဲ့ ရဲရဲတင်းတင်း အမူအရာရှိသော မြမြပြာနိုင်ကို မောင်သိုက်ကျော် ကွဲပြားစွာ သိလိုက်ရသည်။ သူမ၏မျက်လုံးများမှာလည်း တောက်ပဝင်းလက်နေသည်။

စကားဆုံးသည်နှင့် သူတို့အိမ်ရှိရာသို့ ဆက်ခနဲပြန်လှည့်သွား၍ မောင်သိုက်ကျော်နှင့် ကိုဘထိုက်တို့ လိုက်သွား





www.burmeseclassic.com

www.burmeseclassic.com



လေသည်။ မြင်းလှည်းမောင်းသမားသည်လည်း ရှာတစ်ဦးကို လှမ်း၍ အချက်ပြလိုက်သည်ကို တွေ့ရလေတော့၏။

ခြံဝင်းကြီးထဲသို့ ရောက်သောအခါ အိမ်ကြီးမှာ ရှေးဟောင်းပုံစံ ကြီးဖြစ်၍ ထူထဲခိုင်ခန့်လှသည်။ အဝတွင် သူဌေးလိုင်တို့နှင့် ရုပ်ချင်းဆင်သော လူရွယ်တစ်ဦးကို တွေ့၍ စိုးနောင် သို့မဟုတ် ဝင်းနောင်ဖြစ်ရမည်ဟု သတိထားမိသည်။

"ဝင်သွားကြပါ။ မေမေ အပေါ်ထပ်မှာ ရှိပါတယ်"

အပေါ်ထပ်သို့ ထူထဲကာ ကွေ့ဝိုက်သော လှေကားမှ တက်သွားကြသည်။ အပေါ်ထပ်ခန်းကျယ်ကြီးတွင် စောစောက ခြံဝမှ လူရွယ်နှင့် မျက်နှာပေါက်ဆင်သော လူရွယ်နှင့် ခုတင်ပေါ်၌ ထိုင်ကာ သူ့မအေကို ချွေးသုတ်ပေးနေသော သူဌေးလိုင်ကို တွေ့ရသည်။

ခုတင်ဘေးတွင် ခွေးခြေပုလေး ချထားလေသည်။ ခုတင်ခေါင်းရင်း၌ ဘီရိုကြီးနှစ်လုံးရှိသည်။

"မြေး...ရောက်လာပြီကိုး သမီး သူဇာ ပြောတာ သူတို့နှစ်ယောက်လား"

"ဟုတ်ပါတယ် မေမေ။ ဒီဟာက ဦးမုတ်ကြီးရဲ့ မြေး ကိုထိုက်တဲ့။ ဟိုဘက်ကတော့ ဦးတုတ်ကြီးရဲ့သား မောင်သိုက်ကျော်တဲ့"

"အင်း တို့နန်းတွင်းရဲ့သစ္စာရှိ မျိုးဆက်တွေ ပြန်တွေ့ရတာ ဝမ်းသာပါတယ် လာကြပါဦး"

ခုတင်နားအထိသွားကာ ဦးနောအောင်၏ လက်ကို နွေးထွေးစွာ ဆုပ်ကိုင်လိုက်သည်။

"ကဲ သားလတ် ဝင်းနောင် ညာဘက်ဘီရိုထဲက ရွှေဒင်္ဂါးနဲ့လက်ဝတ်ရတနာတွေ ထည့်ထားတဲ့ သေတ္တာယူခဲ့ပါတော့"

ဘီရိုကို ဖွင့်ကာ သေတ္တာတစ်လုံးကို ယူလာကာ ခုတင်ဘေးမှ ခုံမြင့်ပေါ် တင်ပေးသည်။

"ဘိုးဘွားအမွေဆိုတော့ သမီးတို့ သားတို့ တစ်ပုံဆိုင်သလို သူတို့နှစ်ယောက်ကလည်း တစ်ပုံစီ ဆိုင်တယ်။ ကဲ ကဲ မေမေ ခွဲပြီးသားပဲ မျှမမျှ ကြည့်ပါဦး"

မောင်သိုက်ကျော်က ခေါင်းခါလိုက်သည်။

"ကျွန်တော်တို့က ဒီရတနာတွေကို ကိုယ်ကျိုးအတွက် အသုံးပြုဖို့ လိုချင်လို့ လာကြတာ မဟုတ်ပါဘူးခင်ဗျာ"

"ဟုတ်ပါတယ် ဦးကြီး"

ကိုထိုက်ကပါ ဝင်၍ ပြောလိုက်





သည်။

"ဒါဟာ..မြန်မာ့နန်းတွင်းက ရတနာတွေပဲ။ အင်္ဂလိပ်မျက်နှာဖြူတွေကတောင် အိန္ဒိယမှာ တချို့နဲ့ အင်္ဂလန်တချို့ ယူသွားကြပြီ။ မောင်ရင်တို့က ဘယ်လို အသုံးပြုချင်ကြလို့လဲ"

"ဆင်းရဲတဲ့ တောင်သူလယ်လုပ်တားမခုတ်တွေနဲ့ ရပ်ရွာဖွားများက သက်ကြီးရွယ်အိုတွေကို ပေးဝေတဲ့သဘောနဲ့ ဘုန်းတော်ကြီးကျောင်းတွေ၊ ဇရပ်တွေ၊ သိမ်တွေကို ပြုပြင်လိုပါတယ် ခင်ဗျာ"

မောင်သိုက်ကျော်က ပြောလိုက်ခြင်းဖြစ်ရာ အားလုံး သဘောတူလိုက်သည်။

"ဒါဆိုလဲ ကိုယ့်အစီအစဉ်နဲ့ ကိုယ့်သဘောနဲ့ ရှိုင်းနှင့်ကို ကြိုက်ရာလှူကြ။ သုံးလိုရာလည်း သုံးကြ။ ဓါတ်တော်နဲ့ဘာဝရေရေးလည်း အရင်းအနှီးရှိသေးတယ် မဟုတ်လား။ ကဲ...သားဝင်းနောင် အရေးကြီး ရတနာပစ္စည်းကို ထုတ်လိုက်ပါ"

ဒုတိယဘီရိုရှိ ကတ္တီပါအဝတ်ဖြင့် အုပ်ထားသော မနုဿီဟာကျောက်စိမ်းရုပ်ထုကို ထုတ်လိုက်သည်။

"ဟာ"

"ဟင်"

ကျောက်စိမ်းမှာ အရည်အသွေးအား ကောင်းလှပြီး မျက်လုံးနှင့်ခြေသည်းများမှာ ပတ္တမြားကို မြုပ်နှံထားခြင်းဖြစ်သည်။ ထိုပတ္တမြားလုံးများမှာလည်း ဂဝရတ်ကျော်သည်ဆိုသော ငမောက်ပတ္တမြားကြီး။ ပြီးလျှင် အဖိုးတန်လှသော နန်းတွင်းပစ္စည်းပင်ဖြစ်သည်။

"ဒီမနုဿီဟာရုပ်ထုကိုတော့ ဘုရားတစ်ဆူဆူမှာ ဌာပနာချင်တယ်။ ခေတ်အဆက်ဆက် အဖိုးမဖြတ်နိုင်တဲ့ပစ္စည်းမို့လို့ပါပဲ"

မောင်သိုက်ကျော် တစ်လှည့် ကိုထိုက်တစ်လှည့် ကိုင်ကြည့်ကြသည်။

"သဘောတူပါတယ် ဦးကြီး"

"ဒါ အကောင်းဆုံးပါပဲ"

ထိုအခိုက်မှာပင် မောင်သိုက်ကျော်သည် လှေကားမှ လှုပ်ရှားသံတစ်သံ ကြားသောကြောင့် ကြမ်းပေါ်တွင် လိုက်ကာ တံခါးကြားသို့ ကပ်လိုက်သည်။

"မေမေ သမီးကို ကယ်ပါဦး"

"ဟင်"

လှေကားပေါ်သို့ တက်လာသော မြပြာနိုင်၏ ခါးကိုဝိုက်ကာ မေးကို သေနတ်နှင့်တေ့၍ ခေါ်လာခြင်းဖြစ်သည်။

***



www.burmeseclassic.com

www.burmeseclassic.com

သေနတ်နှင့်ချိန်လာသူမှာ ကျားကြီးဘထိုက်၏ တပည့်ဒေဝိန်းပင် ဖြစ်သည်။ သူ့အောက်တွင် ဗိုးကျွဲဆိုသော လူဆိုးကြီးပါ ပါလာသည်။

"ဒေဝိန်၊ မင်း ဒါဘာလုပ်တာလဲ"

ကျားကြီးဘထိုက်က မေးလိုက်သည်။

"ဆရာဘထိုက်မြင်တဲ့အတိုင်းပဲလေ။ ဟင်း ဟင်း နည်းနည်းနေရာရွှေ့တာနဲ့ ဟောဒီ မိန်းမလှလေးရဲ့ မေးစိထဲကို ကျုပ်သေနတ်ထဲက ကျည်ဆံတွေ ပစ်သွင်းလိုက်မယ်"

"ကျွန်မ ... ကျွန်မညီမကို မလုပ်ပါနဲ့ ကိုဒေဝိန်း"

သူဇာလှိုင်က တောင်းပန်လိုက်သည်။

"နေရာမှာ ပြန်ထိုင်နေပါ သူဇာလှိုင်။ ကဲ ... ဗိုးကျွဲ ရတနာတွေကို မင်းသွားပြီး သေတ္တာထဲကို ထည့်"

သေနတ်မှာတစ်လက်တည်း ဖြစ်၍ ဖြူပြာနိုင်ကို ခါးမှချုပ်နှောင်ထားရင်း သေနတ်ကို ကျားကြီးဘထိုက်ရှိရာသို့ ချိန်ထားသည်။





မောင်သိုက်ကျော်က သူ့အားတံခါးကြားမှ ကျော်ကာ ရှေ့သို့ ချိန်ထားသော ဒေဝိန်း၏သေနတ်ကို ကြည့်နေကာ အာရုံက ရှေ့ရောက်နေမှန်းသိသည်နှင့် ဖမ်းကာ ဆွဲယူလိုက်တော့သည်။

"ဗိုး"

"ဒုတ်"

"အား"

ဒေဝိန်းမှာ သေနတ်ကိုင်သော လက်ကို ဆောင့်ဆွဲချကာ သူ့ခါးကို ဒူးနှင့် အတိုက်ခံလိုက်ရ၍ ခွေကျသွားသည်။

ပါးနပ်သော ဖြူပြာနိုင်ကလည်း ဆတ်ခနဲရုန်းထွက်လိုက်သောကြောင့် လွတ်သွားပြီ ဖြစ်လေသည်။ ကျားကြီးဘထိုက်မှာ မောင်သိုက်ကျော်က ထိုသို့တိုက်ခိုက်သည်ကို တွေ့သည်နှင့် ဗိုးကျွဲ၏ မျက်နှာကို လှမ်းကန်လိုက်လေတော့သည်။

ရတနာတွေကို အာရုံစိုက်ကာ ငုံ့ကောက်နေသော ဗိုးကျွဲမှာ နောက်သို့လန်ကျသွားသည်။ သေနတ်ကို ဆုပ်ကိုင်ကာ မလွှတ်သေး၍ သေနတ်ပြောင်းကို အပေါ်ထောင်ကာ မောင်သိုက်ကျော်နှင့်ဒေဝိန်းမှာ လုနေကြရလေသည်။

လက်မြန်လှသော ဖြူပြာနိုင်က သူ့မကို ပိုင်စိုးပိုင်နင်း ချုပ်ကာ အပေါ်ထပ်ဒေါ်လာသော ဒေဝိန်းကို တံခါးကြားမှ မင်းတုပ်ကိုယူကာ နောက်မှရိုက်ချလိုက်၏။

"ဒုတ်"

"အား"

ဒေဝိန်းမှောက်ကျသွားလေတော့သည်။ ကျွဲကြီးမှာလည်း ပြန်ထဖို့ပြင်ရာမှ နောက်တစ်ချက်ဆင့်ကာ ဖနောင့်နှင့်ပေါက်လိုက်သော ကျားကြီးဘထိုက်၏ လက်ချက်ကြောင့် မေ့လဲသွားလေတော့သည်။

နစ်ယောက်လုံးအား လက်မြန်ကြိုးတုပ်ကာ ပါးစပ်ကို အဝတ်နှင့်ဆို့ထားလိုက်သည်။

"ဒီကောင်နစ်ကောင်ကိုတော့ ကျုပ်တာဝန်ထားပါ။ သူတို့ဟာ တကယ့်လူဆိုးတွေပဲ။ ကျွန်တော် ပြီးတော့ ရာဝဝတ်အုပ်လက်ထဲ ထည့်ပြီး မော်လမြိုင်ထောင်ကို ပို့နိုင်းလိုက်ပါ့မယ်"

အောက်ထပ်မှ တက်လာသည့် ဗိုးနောင်က ပြောလိုက်လေသည်။ စားပြလူသတ်စာရင်းတွင်ရှိနေသော ဒေဝိန်းနှင့် ဗိုးကျွဲတို့မှာ မကြာမီ မြင်းလှည်းဖြင့် တင်ကာ ပုလိပ်ဌာနသို့ ခေါ်ဆောင်သွားခြင်းခံရလေတော့သည်။

ဖြူပြာနိုင်သည် မောင်သိုက်ကျော်ကို ပြုံး၍ ကြည့်လိုက်ရင်း

"ရှင်က တော်တော် စွန့်စားရဲတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူပဲ"

ဟု ပြောလိုက်သည်။

အောက်ထပ်တွင် သူတို့ နစ်ယောက်တည်းရှိနေသောကြောင့် . . .

"တခြားကြောင့် မဟုတ်ပါဘူး ဖြူပြာ။ ကျွန်တော်က ဖြူပြာ့လို မိန်းမလှလေးတစ်ယောက် သောကကြီးက ပျောက်သွားမှာစိုးလို့ ကျွန်တော့်အသက်ပါ မနှမြောတော့တာပါ"

"ဗိုဒ္ဓြ"

"တကယ်ပြောတာပါဗျာ"

ဖြူပြာနိုင်၏ မနိုတရှိအကြည့်က မောင်သိုက်ကျော်၏ ရင်ထဲတွင် နွေးထွေးသွားစေသကဲ့သို့ အပေါ်ထပ်တွင်လည်း ကျိုက္ကမီ ရေလည်ဘုရားတွင် ဖြစ်စေ၊ မော်လမြိုင်ကျောက်တစ်လုံးဘုရားတွင်ဖြစ်စေ မန္တသီးပါကျောက်စိမ်းရုပ်ကို လှူရန်နှင့် မြန်မာပြည်တစ်ဝှမ်းရှိ ဗုဒ္ဓရုပ်တုတော်များ ပြင်ဆင်ရန် သူဇာလှိုင်နှင့် ကိုဘထိုက်တို့ ဆွေးနွေးချက် ရှိကြလေတော့၏။

အိမ်ကြာသိုက်



BURMESE CLASSIC .com

www.burmeseclassic.com